www.burmeseclassic.com



BURMESE CLASSIC .com

ရွှေဥဒေါင်း

# ဂဝင
# သူတော်စိန်

1999.GRAPHIC DESIGN : KYAW M[illegible]UNG

www.burmeseclassic.com

www.burmeseclassic.com

# ရွှေဥဒေါင်း (၁၈၈၉–၁၉၇၃)

မန္တလေးမြို့ ဝါးတန်းရပ်ကွက်တွင် အဖ ဦးဇရာ၊ အမိ ဒေါ်ရွှေတို့မှ ၁၈၈၉ ခုနှစ် အောက်တိုဘာလ ၂၄ ရက် ကြာသပတေးနေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးဖေသိန်း ဖြစ်သည်။

လေးနှစ်သားအရွယ်တွင် မန္တလေးမြို့ ဗုဒ္ဓဘာသာ သီလရှင်ကျောင်း၌ စတင် ပညာသင်ကြားသည်။ ထို့နောက် လူကျောင်း၊ ဘုန်းကြီးကျောင်း၊ အေဘီအမ် ကျောင်းတို့သို့ အဆင့်ဆင့် ပြောင်းရွှေ့ ပညာသင်သည်။ ၁၉၀၈ ခုနှစ်တွင် ကာလကတ္တားတက္ကသိုလ် အသိအမှတ်ပြု အင်းထရင့်စာမေးပွဲကို အောင်မြင်သည်။

မန္တလေး ဗုဒ္ဓဘာသာကျောင်း၊ အေဘီအမ်ကျောင်းနှင့် ကန္နီရှာ အင်္ဂလိပ်ကျောင်းတို့တွင် ကျောင်းဆရာ၊ ရွှေဘိုအရေးပိုင်ရုံး သစ်တောစာရေး၊ မန္တလေး လယ်ယာ စိုက်ပျိုးခြင်းနှင့် သမဝါယမ မင်းကြီးရုံး၌ တောလိုက်စာရေး၊ 'သူရိယမဂ္ဂဇင်း' အယ်ဒီတာ၊ 'မြန်မာ့ဗျူဟာဂျာနယ်' တွဲဖက် ထုတ်ဝေသူ၊ 'နယူးဘားမား သတင်းစာ'တိုက် စက္ကရီတေရီ(၁၉၂၆)၊ ပဲခူးမြို့ ခရစ်ယာန်စာပေအသင်း ဘာသာပြန်ဆရာ(၁၉၃၀)၊'သူရိယသတင်းစာ'အယ်ဒီတာ(၁၉၃၆)၊ 'လူထု သတင်းစာ' အယ်ဒီတာချုပ်၊ 'လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ' အယ်ဒီတာ ချုပ် စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာ နိုင်ငံ) ကိုယ်စားလှယ်အဖြစ် တရုတ်နိုင်ငံ၊ ဆိုဗီယက်နိုင်ငံများသို့ ရောက်ရှိခဲ့သည်။

၁၉၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့ညတွင် **ရန်ကြီးအောင်**ဝတ္ထုကို ပထမဆုံး ရေးသည်။ ဝတ္ထုရှည် (၅၀)ကျော်၊ ဝတ္ထုတို(၃၀၀)ကျော်ကို ဆီလျော်အောင် မှီငြမ်းပြု၍ လည်းကောင်း၊ တိုက်ရိုက်မြန်မာပြန်၍ လည်းကောင်း ရေးသားခဲ့သည်။ **စုံထောက်မောင်စံရှား၊ ဂျူမဒါကိုကိုကြီး၊ ရုပ်နန္ဒီ၊ ရှုပကလျာဏီ၊ ပထမဲ ဆရာသိန်း၊ ဇော်ဟိတ်၊ သူတော်စိန်** စသည်တို့မှာ ထင်ရှားသော အမှီးဝတ္ထုများ ဖြစ်သည်။ **ရတနာ့သိုက်၊ မျှော်တလင့်လင့်၊ ဘုရားကောင်းသုံးယောက်၊ သွေးစုပ်မြေ** စသည်တို့မှာ တိုက်ရိုက် ဘာသာပြန်ဝတ္ထုများ ဖြစ်သည်။ ပင်ကိုရေး ဝတ္ထုရှည် (၅)အုပ်တွင် **ရန်ကြီးအောင်**မှာ ထင်ရှား၏။ ဘာသာရေး၊ အတွေ့တွေ့ဗဟုသုတ၊ ခရီးသွားမှတ်တမ်း၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ၊ ကျန်းမာရေးနှင့် ကြီးပွားရေး စာအုပ်များကိုလည်း ပြုစုခဲ့သည်။ **မျှော်တလင့်လင့်** ဖြင့် ၁၉၅၂ ခု စာပေဗိမာန် ဘာသာပြန်ဆု၊ **သွေးစုပ်မြေ**ဖြင့် ၁၉၅၅ ခု စာပေဗိမာန် ဘာသာပြန်ဆု၊ **တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ**ဖြင့် ၁၉၆၁ ခုနှစ် စာပေဗိမာန် သုတပဒေသာဆု ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၉ ထုတ်
ရာပြည့်စာအုပ်များ

၈၄။ တက်တိုး၏ အာဇာနည်စိတ်နှင့် အညွန့်တလူလူ
၈၅။ ခင်မာလာကြာဖြူ၏ နှလုံးသား အလှဗေဒ
၈၆။ ဒေါက်တာနန်းဥမ္မာ၏ ဆယ်ကျော်သက် အမျိုးသမီးလမ်းညွှန်
၈၇။ ပါရဂူ၏ တမ္ဗပဏ္ဏိ
၈၈။ မောင်ပေါ်ထွန်း၏ ကိုယ်စွမ်းကိုယ်စဖြင့် ကြီးပွားရေး
၈၉။ ဒဂုန်ဦးထွန်းမြင့်၏ ဗုဒ္ဓ၏ ဩဝါဒအမြုတေ
၉၀။ ဦးသာညွှန့်၏ မှတ်ဉာဏ် ထက်သန်စေလိုသော်
၉၁။ စာရေးဆရာများ၏ ပုဂံ
၉၂။ ပါရဂူ၏ ဇရက
၉၃။ ဇော်ဂျီ၏ ဝတ္ထုတိုပေါင်းချုပ်
၉၄။ ညွှန့်ကြိုး၏ ဖန်မီးအိမ် နှန်းချည်ကျွမ်းအောင်မှင့် မှစ်ဆယ်ရာစု နိုင်ငံရပ်ခြား ဝတ္ထုတိုများ
၉၅။ Harmony of Head and Heart by Moe Hein

၁၉၉၉ ဩဂုတ်နှင့် စက်တင်ဘာတွင် ထုတ်ဝေမည့် စာအုပ်များ

၉၈။ မြေနှင့် နိုင်ငံတကာ ဝတ္ထုတိုများ
၉၉။ ဒေါက်တာဇော်သန်း၏ ဖန်ရှမ်းပင် ဒိုင်ယာရီ
၁၀၀။ နွယ်သစ်၏ ကမ္ဘာကျော် စာအုပ် ၁၀၀
၁၀၁။ မောင်ပေါ်ထွန်း၏ စွန့်စားမှ အောင်မြင်မည်
၁၀၂။ နိုတ်နွယ်၏ မိမိနှင့် စာရေးဆရာများ

BURMESE CLASSIC .com

ရာပြည့်စာအုပ် ၉၆

ရွှေဥဒေါင်း

# သူတော်စိန်

ရာပြည့်စာအုပ်တိုက်
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁၊ ၂၉၆၆၇၁

[ ၁၊ ဇူလိုင်၊ ၁၉၉၉ ]

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် [ ၉ /၉၉ (၁) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၂၄၉/၉၉ ( ၄) ]

❑

**စီစဉ်ထုတ်လုပ်မှု**
ရာပြည့် ဦးစိုးညွန့်

❑

**ပုံနှိပ်ခြင်း**
ပထမအကြိမ်
ဘုပ်ဇရ [၁၀၀၀]

❑

**မျက်နှာဖုံးရိုက်**
ဦးမြသိန်း [၀၁၄၂၇]၊ သိန်းမြင့်ဝင်း အော့ဖ်ဆက်
အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

❑

**ပုံနှိပ်သူ**
ဦးတင်မောင်ဝင်း [၀၅၉၄၆]၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်
အမှတ် ၁၊ မိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**
ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ
အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

❑

**စာအုပ်ချုပ်**
ကိုမြင့်

❑

**မျက်နှာဖုံး ပန်းချီ**
ကျော်မင်းမောင်

❑

**တန်ဖိုး**
၇၅၀ ကျပ်


BURMESE CLASSIC .com

## မာတိကာ


| | |
|---|---|
| – စာရေးသူ၏ အမှာ | ၆ |
| ၁။ နဂါးတော်ဘွား၏ သရဖူ | ၉ |
| ၂။ ခေါင်းတုံးပေါ် ထိပ်ကွက် (၁) | ၃၀ |
| ၃။ ဓားဘိုးထွန်းနှင့် ရင်ဆိုင်ရခြင်း | ၅၇ |
| ၄။ ဒုတိယ စံရှားလော | ၈၀ |
| ၅။ သုံးသောင်းတန် ပုရပိုက် | ၉၇ |
| ၆။ ရှယ်ယာဈေး ကစားခြင်း | ၁၁၇ |
| ၇။ ကပြားညီနောင်ကို တစ်ပတ်ရိုက်ခြင်း | ၁၄၂ |
| ၈။ ခေါင်းတုံးပေါ် ထိပ်ကွက် (၂) | ၁၆၆ |
| ၉။ ကျွန်းသစ် စိုက်ပျိုးရေးကုမ္ပဏီ လီမိတက် | ၁၉၃ |
| ၁၀။ ကိုယ်ချင်းမစာတတ်သူကို ဆုံးမခြင်း | ၂၁၇ |


www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ အမှာ

အချို့သော စာပေဝေဖန်ရေးသမားများက ဝတ္ထုဇာတ်လိုက် သို့လျှင် အကျင့်စာရိတ္တအရာ၌ ဘုန်းကြီးရဟန်းများ သဖွယ် "ခြောက်ပြစ်ကင်း သဲလဲစင်" ရှိတိုက်သကဲ့သို့ ယူဆကြ၏။ ၎င်းအယူအဆကို ကျွန်ုပ် သဘောမတူနိုင်ချေ။

ရဟန်းတော်များအဖို့ကား ကောင်းချင်တိုင်းကောင်း၊ ဖြူစင်ချင်တိုင်း ဖြူစင်ကာ လူပရိသတ်က ကြည်ညိုကြဖို့သာ ရှိ၏။ လူပုဂ္ဂိုလ်များအဖို့မှာ၊ အထူးသဖြင့် "ဇာတ်လိုက်များ" အဖို့မှာ သဘာဝကျအောင် ရေးသားတင်ပြရခြင်း ဖြစ်သောကြောင့် "ကောင်းလွန်း အားကြီးသည်" သို့မဟုတ် "ဖြူစင်လွန်း အားကြီးသည်" ယုံနိုင်ဖွယ်ရာ မရှိဟု ပြောဆိုခြင်း ခံရတတ်ပေသည်။

ဤနေရာတွင် ကျွန်ုပ်၏ အဘိုးဖြစ်သူက ပြောဖူးသော စကားတစ်လုံးကို တင်ပြလို၏။ 'မြင်းများမှာ သန္ဓေ

ရာပြည့်စာအုပ်တိုက်



ကောင်းလှတယ်ဆိုလျှင် အီးဘောသော ဖြစ်တတ်တာပဲ ကွယ့်၊ သတ္တိကောင်းပြီး တကယ် "စွန့်" တဲ့ မြင်းဆိုလျှင် အပြစ်ကလေး တစ်ချက်တလေတော့ ပါတတ်တာချည်းပဲ။ လူမှာလည်း ဒီလိုပဲ ငါ့မြေးရဲ့၊ ကောင်းလွန်းလျှင် မစွံဘူး။ ဘုန်းကြီး လူထွက်တွေ ကြည့်ပါလားကွယ့်' ဟု အဘိုးဖြစ်သူက ပြောဖူးလေသည်။

ဤဝတ္ထု၌ ပါရှိသော ဇာတ်လိုက် သူတော်စိန်မှာ အချို့သော ဝေဖန်ရေးသမားများ၏ အကြိုက် မဟုတ်ဘဲ၊ ချွတ်ယွင်းချက် ပါရှိသည် မှန်၏။

သို့သော် သူ၏ ချွတ်ယွင်းချက်မှာ ညစ်ပတ်ယုတ်မာခြင်း မဟုတ်သည့်ပြင် သူ၏စွန့်စားသော စိတ်နေ သဘောထားသည် သူ၏ချွတ်ယွင်းချက်ကို ပြေပျောက်စေနိုင်မည်ဟု ကျွန်ုပ် ယူဆသည့်အတွက်ကြောင့် သူတော်စိန်၏ အကျင့်စာရိတ္တကို စာဖတ်ပရိသတ်သို့ ရဲရဲကြီး တင်ပြလိုက်ရခြင်း ဖြစ်ပါကြောင်း။

၂၃-၇-၆၅

www.burmeseclassic.com

www.burmeseclassic.com

## နဂါးစော်ဘွား၏ သရဖူ

အသက် ၄၀ ကျော်ခန့်ရှိသော စုံထောက် အင်စပိတ်တော် ဦးသန်းဖေ၏ ဦးခေါင်း၌ ဆံပင်ဖြူ အနည်းငယ် ပေါက်ရောက်လျက်ရှိရာ၊ ဆံပင်ဖြူ တစ်ပင်လျှင် သူတော်စိန် ခေါ် ဘကျော်လှ၏ အမှုတစ်ခုအတွက် ပေါက် ရောက်ရသည် ဖြစ်သည်ဟု ပုလိပ်ဘက်ဆိုင်ရာနှင့် လူဆိုး ဂိုဏ်းသားများ အနက်တွင် စွပ်စွဲ ပြောဆိုလျက်ရှိရာ၊ အောက်တွင် ဖော်ပြလတ္တံ့သော အမှု မှာ စုံထောက် အင်စပိတ်တော် ဦးသန်းဖေအား ၄၁ ပင်မြောက် ဆံပင်ဖြူ ကို ပေါ်ပေါက်စေသည် ဟူ၍လည်း ပြောကြ၏။ ဤသို့ ဆိုခြင်းအားဖြင့် ဘကျော်လှသည် ရန်ကုန်မြို့နယ် တစ်ဝိုက်တွင် အင်စပိတ်တော် ဦးသန်းဖေ အား အမှုပေါင်း ၄၀ နှင့် အကြိမ်ပေါင်း လေးဆယ်မျှ ဦးခေါင်းရှုပ်စေအောင် ဒုက္ခပေးခဲ့ဖူးပြီ ဟူ၍ နားလည်ကြရပေမည်။

ယခုခေတ်၌ ချင်းလူမျိုးတို့၏ အကြီးအကဲဖြစ်သော ဒူးဝါးနောင် သည် ရန်ကုန်သို့ ဆင်းလာသည့်အခါ မြန်မာတစ်ပြည်လုံးက အသိအမှတ် ပြုကာ ဥက္ကောင္ဒေယျ ဖြစ်ကြရသော်လည်း လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့် အချိန်ကမူကား နဂါးလူမျိုးတို့၏ အကြီးအကဲဖြစ်သော သြရိဘောသည် ရန်ကုန်မြို့သို့ ဆိုက်ရောက်လာစဉ်က ထိုမျှလောက် အသိအမှတ်ပြုခြင်း မရှိကြဘဲ သတင်းစာတိုက် နှစ်တိုက်မှ သတင်းထောက်များ လာရောက် တွေ့ဆုံသည်မှ တစ်ပါး၊ မြို့သူမြို့သားတို့မှာ 'စော်ဘွားတစ်ယောက် ဆိုက် ရောက်လာသည်' ဟူ၍ ပြောသံဆိုသံ ကြားလိုက်ရရုံမျှသာ ရှိပေ၏။

ရာပြည့်စာအုပ်တိုက်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထိုအခါက သူရိယနှင့် မြန်မာ့အလင်း သတင်းထောက်တို့သည် ဩရိဘော တည်းခိုလျက်ရှိသော မင်တိုမင်ရှင်-ဟိုတယ်သို့ လာရောက်၍ နဂါးစော်ဘွားနှင့် တွေ့ဆုံကြပြီးလျှင် အများပြည်သူတို့ သိလိုကြသော သတင်းများကို စုံစမ်းမေးမြန်းကြရာ၊ နောက်တစ်နေ့နံနက် သူရိယ သတင်းစာ၌ ဖော်ပြပါရှိသည်မှာ အောက်ပါအတိုင်း ဖြစ်လေ၏။

## နဂါးစော်ဘွား ဆိုက်ရောက်လာခြင်း

နဂါးလူမျိုးတို့၏ အကြီးအကဲဖြစ်သော ဩရိဘောသည် ရန်ကုန်သို့ ယမန်နေ့က ဆိုက်ရောက်လာ၍ မင်တိုမင်ရှင် ဟိုတယ်တွင် တည်းခိုလျက်ရှိကြောင်း၊ လာရောက်သောကိစ္စမှာ ပီအော ကုမ္ပဏီတွင် အဖိုးငွေ ၅၀၀၀ဝိ တန် သရဖူတစ်ခု မှာထားခဲ့ရာ၊ ယခုအခါ ပြီးစီးပြီဖြစ်၍ စော်ဘွားကိုယ်တိုင် အဖိုးငွေ ပေးချေ၍ ထိုကုမ္ပဏီမှ သရဖူကို ဆောင်ယူသွားရန် ဖြစ်ကြောင်း၊ သရဖူမှာ မိုးကုတ် ပတ္တမြားများနှင့် နီလာတို့ဖြင့် ခြယ်လှယ်ထားလျက်ရှိရာ အောက်ထပ်မှာ ငွေသားဖြင့် ပြုလုပ်၍ အထွတ်မှာ ရွှေသားဖြင့် ပြုလုပ်ထားကြောင်း၊ ပီအော ကုမ္ပဏီသည် ရက်ချိန်း ပေးထားသည့်အတိုင်း သရဖူကို လုပ်ကိုင်ပြီးစီးပြီဖြစ်၍ နဂါးစော်ဘွားသည် ထိုသရဖူကို ပီအောကုမ္ပဏီတိုက်မှ မင်တိုမင့်ရှင် ဟိုတယ်သို့ ရွှေ့ပြောင်းထားကြောင်း၊ နဂါးစော်ဘွားမှာ အသက်သုံးဆယ် အရွယ်ခန့်ရှိ၍၊ အရပ်ခပ်မြင့်မြင့် ရှိသည့်ပြင် နဂါးလူမျိုးပင် ဆိုရသော်လည်း မွန်ရည်သပ်ရပ်သော ရုပ်လက္ခဏာရှိသည်ကို တွေ့ရကြောင်း၊ မျက်ခုံးတုတ်တုတ်၊ နှုတ်ခမ်းမွေးကောင်းကောင်းနှင့် ပန်ချာပီကဲ့သို့ ထူထဲသော မုတ်ဆိတ်ကြီး ရှိရာ၊ စင်စစ်မှာ လူချော





လူလှတစ်ယောက်ဖြစ်ဟန် လက္ခဏာ ရှိသော်လည်း၊ မုတ်ဆိတ်ကြီး ဖုံးကွယ်သည်အတွက်ကြောင့် လူအိုတစ်ယောက်၏ ပုံသဏ္ဌာန် ရှိနေသည်ကို တွေ့ရကြောင်း၊ စော်ဘွားသည် သိက်မြိုက်သော အမူအရာနှင့် ကျွန်ုပ်တို့ သတင်းထောက်အား စကားလက်ခံ ပြောဆို၍ မိမိလူမျိုး၏ ဓလေ့ထုံးစံများကို စိတ်ရှည်လက်ရှည် ပြောပြကြောင်း။

ထူးဆန်းသော ထုံးစံတစ်ခုမှာ သူ၏နယ်မှ မိန်းမများသည် အိမ်ထောင်ပြုခါနီး ‌ ‌အချိန်တွင် စော်ဘွားနှင့်အတူ သုံးရက်မျှ လာရောက် နေထိုင်ရသည်ဖြစ်ရာ၊ ထိုကဲ့သို့ နေထိုင်ရခြင်းသည် မိန်းမများအဖို့ ဂုဏ်ထူးတစ်ခုကဲ့သို့ မှတ်ယူခဲ့သည်ဖြစ်၍၊ မိန်းမ၏ ဂုဏ် အဆင့်အတန်းအလိုက် စော်ဘွားအား လာဘ်သပ်ပကာ ပေးကြရသည် ဆိုကြောင်း၊ ငွေတစ်ရာ ပေးနိုင်သော မိန်းမသည် တစ်ယောင် နှစ်ယောင် ပေးနိုင်သော မိန်းမများအထိ အဆင့် အတန်း အမျိုးမျိုး ရှိကြလေရာ၊ ငွေတစ်ရာ မတတ်နိုင်သဖြင့် စော်ဘွားထံသို့ လာရောက်နေထိုင်ခြင်း မပြုနိုင်သော မိန်းမများ မှာ တစ်သက်ပတ်လုံး ဂုဏ်သိန်နိမ့်ကျ၍၊ အခြားသူတို့က အဖက် မလုပ်ဘဲ ရှိတတ်ကြသည် ဆိုကြောင်း၊ စော်ဘွားသည် မိမိ နယ်သားများထံမှ အခြားသော အခွန်အကောက်များကို ယူသည် မရှိဘဲ၊ ဤနည်းအားဖြင့် ရရှိသော အခွန်တော်သည်ပင်လျှင် နှစ်စဉ် တစ်သောင်းကျော် နှစ်သောင်းမျှ ရရှိသည်ဆိုကြောင်း၊ နဂါးစော်ဘွားသည် ရန်ကုန်မြို့တွင် ရက်သတ္တတစ်ပတ်ခန့် တည်းခို၍ ဘိုင်စကုတ် ဓာတ်ကားများ ရှုစားပြီးနောက် သူ၏ နယ်သို့ ပြန်သွားလိမ့်မည်ဟု သိရှိရကြောင်း။

*

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် နဂါးစော်ဘွားသည် စာတိုက်မှ ပို့စကတ်တစ်ခု ရရှိလေရာ၊ ထိုပို့စကတ်တွင် စော်ဘွား၏ လိပ်စာမှတစ်ပါး အခြားသော စာလုံးများ မပါဘဲ၊ ခဲတန်ဖြင့် အကြမ်း ရေးခြစ်ထားသည့် ဖိုးသူတော်ရုပ် တစ်ခုသာလျှင် ပါရှိလေရာ၊ ထိုဖိုးသူတော်ရုပ်မှာ ကြပ်ကို လွယ်ကာ တောင်ဝှေးတစ်ချောင်း ကိုင်လျက် ရှိလေ၏။ စော်ဘွားသည် ထိုပို့စကတ်၏ အဓိပ္ပာယ်ကို နားမလည်သဖြင့် ဟိုတယ် မန်နေဂျာအား ပြလေရာ၊ မန်နေဂျာသည် စုံထောက်မင်းထံသို့ ချက်ချင်းပင် တယ်လီဖုန်း ဆက်လိုက်လေ၏။ မကြာမီအတွင်း စုံထောက်မင်းကြီး၏ လူယုံတော်ဖြစ်၍ စုံထောက်ဘက်ဌာနတွင် အလွန်ဇာရာ နာမည်ကြီးလှသော စုံထောက်အင်စပိတ်တော် ဦးသန်းဖေသည် မင်တိုမင်ရှင် ဟိုတယ်သို့ ဆိုက်ရောက်လာ၍ နဂါးစော်ဘွားနှင့် တိုင်ပင်ဆွေးနွေးကြလေ၏။

ဦးသန်းဖေသည် ဖိုးသူတော်ရုပ်ပါသော ပို့စကတ်ကို မြင်သည်နှင့် တစ်ပြိုင်နက်၊ မိမိအား ကြိမ်ဖန်များစွာ ဒုက္ခပေးခဲ့၍ ဦးခေါင်းရှုပ်အောင် ပြုလုပ်ခဲ့ဖူးသော သူတော်စိန် ခေါ် ဘကျော်လှ၏ လက်ချက်ပင် ဖြစ်ရမည်ဟု ချက်ချင်းပင် ယူဆ၍၊ ပို့စကတ်၏ ထောင့်စွန်းတွင် သေချာစွာ ကြည့်လိုက်သောအခါ ကြာသပတေးနေ့ (Thursday) ဟူသော စာလုံးများကို အင်္ဂလိပ်အက္ခရာဖြင့် ရေးထားသည်ကို တွေ့ရလေ၏။

ထိုအချင်းအရာကို မြင်သည်နှင့် တစ်ပြိုင်နက် နာမည်ကျော် လူဆိုးကြီး ဘကျော်လှသည် ကြာသပတေးနေ့တွင် စော်ဘွား၏ သရဖူကို ရအောင် ယူမည်ဟူ၍ အချက်ပေးလိုက်ခြင်း ဖြစ်သည်ဟု ဦးသန်းဖေက အဓိပ္ပာယ်ကောက်ယူသည်ဖြစ်၍ မျက်လုံးများ ပြူးသွားလေ၏။

စော်ဘွား။ ။'ဘာဖြစ်သွားတာလဲ ခင်ဗျာ'

ဦးသန်းဖေ။ ။'ဘာဖြစ်ရမလဲ စော်ဘွား၊ ခင်ဗျားရဲ့ သရဖူကို လူဆိုးက ယူမလို့တဲ့'





ဘွား။ ။'သူ ယူချင်တိုင်း ဖြစ်ရမှာတဲ့လားဗျ'

ဖေ။ ။'အဲလေ .... သူ ယူချင်တိုင်း ဖြစ်ရမယ်လို့ ကျွန်တော် မဆိုလိုပါဘူး။ သို့သော် မရ ရအောင် ယူမယ်လို့ သူက ဆိုထားတယ်'

ဘွား။ ။'ယူကြည့်စမ်းပါ ခင်ဗျာ။ ကျုပ်မှာလည်း တပည့်တွေ၊ လက်နက်တွေ ပါပါတယ်။ ကျုပ် မကြောက်ပါဘူး'

ဖေ။ ။(ဦးခေါင်း ယမ်းလျက်) 'စော်ဘွားက ဒီအကောင် အကြောင်းကို မသိသေးပဲကိုး။ ကျွန်တော့်ကို သူ ဒုက္ခပေးတာ များလှပြီ။ စော်ဘွားမှာ တပည့်တွေ၊ လက်နက်တွေ ရှိပေမယ့် ကျွန်တော် စိတ်မချဘူး။ ကျွန်တော်နဲ့ ကျွန်တော့်လူများ လာပြီး စောင့်ရှောက်ပါရစေ'

ဘွား။ ။(စိတ်ရှုပ်ဟန် လက္ခဏာဖြင့်) 'ခင်ဗျားတို့ ရန်ကုန်က တယ်ရှုပ်တယ်ဗျာ၊ ကျုပ်တို့ဆီမှာ လူဆိုးဖမ်းတာ အလွယ်ကလေးပဲ။ ဒီအကောင် ဆိုးတယ်ထင်ရင် သူ့ ဖမ်းပြီး ခေါင်းဖြတ်ပစ်လိုက်ရင် အေးတာပဲ'

ဖေ။ ။'ကျွန်တော်တို့ဆီက ဥပဒေနဲ့ ဘာနဲ့ ဆိုတော့ ခင်ဗျားတို့ဆီမှာလို လုပ်ချင်တိုင်းလုပ်လို့ မဖြစ်ဘူး စော်ဘွားရဲ့။ လူဆိုးမှန်း သိပေမယ့် ရုံးတင်၊ တရားစွဲပြီး တရားသူကြီးက အပြစ်ရှိတယ်လို့ အမိန့်မချ မချင်း ကျွန်တော်တို့ ပုလိပ်က လက်ဖျားနဲ့တောင် မတို့နိုင်ဘူး စော်ဘွားရဲ့'

ဘွား။ ။'ဟာ .... ခင်ဗျားတို့ ဥပဒေ သိပ်ရှုပ်တယ်ဗျာ။ ဒါနဲ့ နေစမ်းပါဦး၊ ဒီလူဆိုးဟာ ဘယ်သူလဲလို့ ခင်ဗျား သိတယ်ဆို'

ဖေ။ ။'ဖိုးသူတော်ရုပ် ပါလေတော့ သူတော်စိန် ဆိုတဲ့ ဘကျော်လှပဲ ဖြစ်ရမှာပဲ။ ဒီလူက လူဆန်းခင်ဗျာ၊ လူမြင်တိုင်းကို သူ မတိုက်ဘူး။ ခင်ဗျားက မိန်းမပျိုကလေးများဆီက "ခြေတော်တင်ခ" တစ်ရာ၊ နှစ်ရာ အခွန်ကောက်တယ် ဆိုလို့ မခံချင်တဲ့စိတ် ဖြစ်ပြီး ခင်ဗျားသရဖူကို လုယူမယ်လို့ ကြံစည်ဟန်တူတယ်'

ဘွား။ ။'ခြေတော်တင်ခဆိုတာ ဘာလဲဗျ'



www.burmeseclassic.com

www.burmeseclassic.com



ဖေ။ ။'ခင်ဗျားနဲ့အတူ သုံးလေးရက် လာနေတဲ့အတွက် မိန်းကလေးများက ငွေပေးရတယ်ဆို မဟုတ်လား'

ဘွား။ ။'ဒါ ဘာဖြစ်သလဲဗျ'

ဖေ။ ။'ခင်ဗျားကတော့ ဘာမှ မဖြစ်ဘူး။ သူ့စိတ်ထဲမှာတော့ ခင်ဗျားဟာ မိန်းကလေးနဲ့လည်း အတူနေသေးရဲ့၊ ငွေလည်း ယူသေးရဲ့။ အဲဒါကို သူက မခံချင်ဘူးဗျ'

ဘွား။ ။'ဒါ ဘာဖြစ်သလဲဗျ၊ ခင်ဗျားတို့ မြန်မာပြည်မှာ ကျုပ်နေရင် ဒီလိုလုပ်လို့ မရဘူးလား'

ဖေ။ ။'ဟာ ....ကြံကြံဖန်ဖန်ဗျာ၊ ခင်ဗျားနယ်နဲ့ ခင်ဗျားမို့ ဒီနည်းနဲ့ရတာ။ ကျွန်တော်တို့ဆီဆိုရင် ခင်ဗျား ငွေမရတဲ့အပြင် ဝိုင်းရိုက်ကြပါမှမယ်'

ဘွား။ ။'ဪ .... ဟုတ်လား၊ ခင်ဗျားတို့လူတွေ အားကြီးနှာ မလည်သေးဘူး'

ဖေ။ ။'ရှိပါစေတော့ဗျာ၊ နှာမလည်ဘူး ထားလိုက်ပါတော့။ ဒါထက် ပို့စကတ်ပေါ်မှာ "ကြာသပတေးနေ့"လို့ ရေးထားတယ်ဗျ၊ ဒီကနေ့ ဗုဒ္ဓဟူးရှိပြီ။ ဒီတော့ကာ ဒီကနေ့ည သန်းခေါင် ၁၂ နာရီ အချိန်က နက်ဖြန် သန်းခေါင် ၁၂ နာရီအတွင်း ကြာသပတေးနေ့ ဖြစ်တယ်။ ဒီအချိန်အတွင်းမှာ ခင်ဗျားသရဖူကို သူ ယူမယ် ဆိုထားတယ်'

ဘွား။ ။'ဟုတ်လား၊ တယ်ရဲတဲ့ သူပါလား။ သူ လာမယ်ဆိုတာကို ရက်ချိန်း ပေးလိုက်သေးတယ်လား'

ဖေ။ ။'အစစ်ပဲ စော်ဘွား၊ ဘကျော်လှဆိုတဲ့ လူဆိုးက ဒီပြင် လူဆိုးနဲ့ မတူဘူး စော်ဘွား၊ သူလုပ်မယ်ဆိုရင် ဖြစ်အောင် လုပ်တာပဲ။ ကျွန်တော် သူ့ကို မိအောင် ဖမ်းဖို့ ကြိုးစားတာ များလှပြီ။ တစ်ခါမှ မမိဘူး'





ဘွား။ ။'ဪ...ဟုတ်လား။ ကောင်းပြီ၊ ဒီတစ်ခါမိအောင် ဖမ်းလိုက်ဗျာ'

ဖေ။ ။'ကြိုးစားပါ့မယ်၊ ဒါကြောင့် ကျွန်တော်နှင့်တကွ ကျွန်တော့်လူများကို ဒီအခန်းမှာ စောင့်ရှောက်ဖို့ ခွင့်ပြုပါ စော်ဘွား'

ဘွား။ ။'ကောင်းပါပြီ၊ ခင်ဗျား သဘောရှိ လုပ်ပါ'

*

မင်တိုမင်ရှင် ဟိုတယ်၌ စုံထောက် အင်စပိတ်တော် ဦးသန်းဖေနှင့်အတူ၊ သူ၏တပည့် စုံထောက်များ စောင့်ရှောက်လျက် ရှိသည့်အကြောင်းကို သတင်းစာများ၌ ထည့်သွင်းဖော်ပြလေရာ၊ ဘကျော်လှသည် ထိုအကြောင်းအရာများ ပါရှိသော သတင်းစာကို မိမိ၏ လက်ထောက် ခင်ခင်စိန်နှင့်အတူ ဘုံဘေ ပျော်ပွဲစားရုံအတွင်းရှိ အခန်းငယ်ကလေးတစ်ခုအတွင်း ဖတ်နေကြလေ၏။ ဘကျော်လှသည် အသက် ၂၀ ကျော် အရွယ်ရှိ၍ ရုပ်ရည်ချောမောသော ခေတ်ပညာတတ် မိန်းမပျိုကလေးကို သူ၏လက်ထောက်အဖြစ် အသုံးပြုလေ့ရှိလေရာ ထိုမိန်းကလေးသည် အချို့သော အလုပ်တိုက်များတွင် စာရေးမကလေးအဖြစ် အလုပ်လုပ်ခြင်းအားဖြင့် လျှို့ဝှက်သော သတင်းများကို ဘကျော်လှထံသို့ ပေးပို့နိုင်လေ၏။ မိန်းကလေး၏ ရုပ်ရည်နှင့် ပြောရေးဆိုစကို တွေ့မြင်ရသော အလုပ်ရှင်တိုင်း အလုပ်ပေးလိုကြသည်သာဖြစ်၍၊ ဘကျော်လှသည် တစ်ခုသော အလုပ်တိုက်မှ လျှို့ဝှက်သော သတင်းများကို သိလိုသည့်အခါ၊ ခင်ခင်စိန်အား ထိုတိုက်တွင် အလုပ်လျှောက်ခိုင်းလေ့ရှိ၏။ သို့ရာတွင် ခင်ခင်စိန်သည် ကြာရှည်စွာ အလုပ်မလုပ်ဘဲ သိလိုသော သတင်းကို ရရှိသည်နှင့် တစ်ပြိုင်နက် အလုပ်မှ နုတ်ထွက်သွားလေ့ရှိ၏။

စိန်။ ။'ဘယ့်နှယ်လဲ ကိုလှ၊ နဂါးစော်ဘွားအကြောင်း ဖတ်လိုက်ရတာနဲ့ ရှင့်စိတ်ထဲမှာ သူ့သရဖူကို ရအောင် ယူမယ်ဆိုတဲ့စိတ် ဖြစ်လာတယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



လှ။ ။'မဖြစ်ဘဲ ခံနိုင်ပါ့မလား စိန်ရယ်၊ မိန်းကလေးတွေလည်း ခေါ်အိပ်သေးရဲ့၊ ငွေလည်း ယူသေးရဲ့တဲ့။ ပြီးတော့ ဒီငွေနဲ့ သူက သရုပ်မှု လုပ်သတဲ့၊ ဒီသရုပ်မှုကို ကျုပ် ယူလို့ ငရဲကြီးနိုင်ပါ့မလား စိန်ရယ်'

စိန်။ ။'ဟုတ်ပါတယ်လေ၊ ရှင့်ဥပဒေနဲ့ရှင် လုပ်ချင်တာ လုပ်နိုင်ပါတယ်။ သြရိုဘော ဇော်ဘွားအကြောင်း ဖတ်လိုက်ရကတည်းက ကိုယ့်လူတော့ လက်တည့်စမ်းတော့မှာပဲလို့ ကျွန်မ ရိပ်မိပြီးပါ ကိုလှရဲ့'

လှ။ ။(ခင်ခင်စိန်၏ ပါးကလေးကို လက်ဖြင့် ဖြည်းညင်းစွာ တို့လျက်) 'ဒီလိုတော့ ကိုယ်တို့ စိန်က ပါးရည်နပ်ရည် ရှိပေသားပဲ'

စိန်။ ။'မပါးဘဲ ခံနိုင်ရိုးလား ကိုလှရယ်၊ အလုပ်အတူတူ လုပ်လာကြတာ သုံးလေးနှစ် ရှိမှကိုး။ ဒါထက် သတိထားနော် ကိုလှ၊ အင်စပိတ်တော် ဦးသန်းဖေက ရှင့်ကို ထောင်ဖမ်းချင်တဲ့ အကြံနဲ့ စုံထောက်တစ်ယောက်ကို ဇော်ဘွားယောင် ဆောင်ခိုင်းထားပြီး ဒီသတင်းတွေ လွှင့်နေတာ ဖြစ်နေပါဦးမယ်'

လှ။ ။'မဟုတ်နိုင်ပါဘူး စိန်ရယ်၊ ဦးသန်းဖေ ကိုယ်တိုင် ဒီသရုပ်မှုအတွက် ဗျာများပြီး မင်းတိုမင်းရှင် ဟိုဘယ်နဲ့ သူ့ရုံးနဲ့ အနေခါက်ခေါက်ကူးလိုက်ရတော လမ်းမှာ ရောက်နေပြီ ဆိုဟာပဲ။ သရုပ်မှုက သရုပ်မှုအစစ်ပါ စိန်ရဲ့၊ ပီအော ကုမ္ပဏီက ဒီသရုပ်မှုကိုလုပ်ပြီး စိတ်မချတာနဲ့ ဆန်းလိုက်အာမခံကုမ္ပဏီမှာ ငွေ ၅၀၀၀၀ဝိ နဲ့ အာမခံလုပ်ထားသတဲ့။ စိတ်ချပါ စိန်၊ သရုပ်မှုကတော့ သရုပ်မှုအစစ်ပါ၊ ဒီသရုပ်မှု ကျုပ်လက်ထဲ ရောက်ဖို့လည်း သေချာပါတယ်။ ဘယ့်နှယ်လဲ ကိုသောင်းတင်၊ ဟုတ်ဘူးလား ဗျာ'

ကိုသောင်းတင် ဆိုသူမှာ ဘကျော်လှတို့နှင့်အတူ ထိုအခန်းငယ်အတွင်း ဘီယာပုလင်း များနှင့် တစ်ခွက်စီ သောက်နေသူဖြစ်ရာ၊ ခင်ခင်စိန်မှာမူ ဘီယာကို ခါးသည်ဆို၍ ပို့ဝိုင် အရက်ချိုကို ခြေထောက်ရှည်သော ဖန်ခွက်ကလေးထဲမှ တစ်ကျိုက်ချင်း သောက်လျက် ရှိလေ၏။





တင်။ ။'သေချာတာတော့ ဟုတ်ပါပြီ ဆရာကြီး၊ ယူပုံ ယူနည်းကလေး တစ်ဆိတ်လောက် လင်းစမ်းပါဦး'

လှ။ ။(ပြုံးစိစိ မျက်နှာထားဖြင့် သောင်းတင်ကို လှမ်းကြည့်လျက်) 'မလုပ်နဲ့လေ ဆရာ၊ ယူပုံယူနည်း ပြောလိုက်ရင် ခင်ဗျားက ဦးအောင်နဲ့သွားရင် ဘယ့်နှယ်လုပ်မလဲ'

တင်။ ။'ကျုပ်အကြောင်းကို သိထားပြီ မဟုတ်လား ဗျာ၊ ဒီလိုသစ္စာမဖောက်တတ်ပါဘူးဗျာ'

လှ။ ။'သိပါတယ်ဗျာ၊ ကျုပ်က ကျီစားတာပါ။ ဒါထက် ကိုယ့်လူဒီအလုပ်မှာ ခင်ဗျား ကူညီဖို့ လိုတယ်ဗျို့ ကိုသောင်းတင်'

တင်။ ။'ထားရာက နေပါတယ် ဆရာကြီး၊ စိတ်ချပါ'

စိန်။ ။'နေကြစမ်းပါဦး၊ ရှင်တို့က ဘယ်လိုလုပ်မှာလဲ'

လှ။ ။'ဘယ်လို လုပ်ရမှာလဲ စိန်ရဲ့၊ ကျုပ်က ကိုယ်ဖျောက်ပြီး အခန်းထဲ ဝင်ယူမှာပေါ့'

စိန်။ ။'ဟောက်ဝီ ဟောက်တဲ့ ပြောမနေစမ်းပါနဲ့၊ လုပ်ပုံလုပ်နည်း သိရအောင် မေးတာပါ'

ထိုအခါ ဘကျော်လှက မိမိနှင့် ကိုသောင်းတင်တို့သည် "မင်းတိုမင်းရှင်" ဟိုတယ်သို့ ၂ ရက်ခန့် သွားရောက် တည်းခို နေထိုင်ကြ၍ သရုပ်မှုကို ရအောင်ယူမည်ဟူသော အကြောင်း အရာမှတစ်ပါး မိမိ၏ အကြံအစည်ကို အသေးစိတ်၍ မပြောပြဘဲ လှစ့်ခွဲလိုက်ကြလေ၏။

ခင်ခင်စိန်ကမူ လုပ်ဆောင်ပုံဖော်များကိုပင် အသေးစိတ်၍ မတိုင်ပင်ဘဲ၊ နောက်ဆုံးအချိန်တွင်မှ အလန့်တကြားဖြစ်အောင် ပြုလုပ်တတ်သော ဘကျော်လှ၏ ပါသနာကို ရိပ်မိသည်ဖြစ်၍ အတင်းအကျပ် မေးမြန်း ခြင်းမပြုဘဲ မိမိကသာ အလျှော့ပေးကာ စိတ်ကူးလျက် ရှိလေ၏။

*

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးနေ့ ညနေ၌ စုံထောက် အင်စပိတ်တော် ဦးသန်းဖေသည် မင်တိုမင်ရှင် ဟိုတယ်သို့ တပည့် လေးယောက်နှင့်အတူ လာရောက်၍ သူတော်စိန်ခေါ် ဘကျော်လှအား လက်ပူးလက်ကြပ် ဖမ်းဆီးရန် ကိစ္စကို စီမံလျက်ရှိလေ၏။ ပို့စကတ်တွင် ဖော်ပြထားသည့်အတိုင်း ကြာသပတေးနေ့၌ သရဖူကို လုယူရန် ကြံစည်မည်ဆိုခဲ့လျှင် ဗုဒ္ဓဟူးနေ့ ညသန်းခေါင်မှ ကြာသပတေးနေ့ ညသန်းခေါင်အတွင်း လုယူရမည်ဖြစ်ရာ ဘကျော်လှ၏ ဝါသနာမှာ လာမည်ဟု ချိန်းဆိုခဲ့လျှင် ချိန်းဆိုသည့် အချိန်နာရီအတွင်း ရောက်အောင် လာခဲ့သည်သာ ဖြစ်၏။ သို့ဖြစ်၍ ဦးသန်းဖေသည် တပည့် စုံထောက်လေးယောက်နှင့်အတူ မင်တိုမင်ရှင် ဟိုတယ်၌ ၂၄ နာရီ စောင့်ခဲ့လျှင် ဘကျော်လှနှင့် ဆုံမိရမည်ဟု စိတ်ချလျက် ရှိ၏။ ဦးသန်းဖေ၏စိတ်၌ ထိုကဲ့သို့ ကြိုတင်သတိပေးထား၍ ချိန်းဆိုထားသည့် အချိန်အတွင်း လာရောက်ပြီးလျှင် သရဖူ လုယူခြင်းကိစ္စကို ထမြောက်အောင် ဆောင်ရွက်နိုင်ပါမူကား ဘကျော်လှကို ဆလံသထိုက်ပါပေသည်ဟု အောက်မေ့မိ၏။ (အချို့သော ဝတ္ထုများ၌ လူဆိုးသည် စုံထောက်ယောင်ဆောင်၍ အလိုရှိသော ပစ္စည်းကို ဆွဲယူသွားသည်ဟု ဖော်ပြလေ့ရှိရာ၊ ဖော်ပြလတ္တံ့သော အဖြစ်အပျက်များမှာ စာဖတ်ပရိသတ်ကို ထိုနည်းအားဖြင့် ညာဖြန်းလိုသောဆန္ဒ မရှိသောကြောင့် မဖြစ်နိုင်သော အခြင်းအရာကို ယုတ္တိ ယုတ္တာ ဆင်၍ ရေးသားရန် အလိုမရှိပေ။)

ဗုဒ္ဓဟူးနေ့ ည၌ အင်စပိတ်တော် ဦးသန်းဖေသည် မင်တိုမင်ရှင် ဟိုတယ်ကို ကင်းစောင့်များ ချထား၍ စောင့်ကြပ်လျက်ရှိစဉ် ထိုအရာရှိ၏ အပြုအမူမှာ ဓော်ဘွားတစ်ယောက်၏ သရဖူကို ကာကွယ်ရန်နှင့် မတူဘဲ၊ တိုင်းပြည်၏ နန်းရင်းဝန် တစ်ယောက်ကို သေကြောင်းကြံစည်သော အမှုမျိုးအတွက် ဆောင်ရွက်နေဘိသကဲ့သို့ ထို့အတူ ဂရုစိုက်၍ ပြင်ဆင်ထားလေ၏။ ဟိုတယ်အဝင်ဝ၌ အောက်တန်းစား စုံထောက်တစ်ယောက်ကို လည်း





ကောင်း၊ လှေကား အဆင်းအတက်များ၌ အလတ်တန်းစား စုံထောက်များကို လည်းကောင်း အစောင့်ထားသည့်ပြင် အရေးအကြောင်းရှိလျှင် အမြန်ဆုံး အသုံးချနိုင်ရန်အတွက် ပုလိပ်ကားတစ်စင်းကိုလည်း အစောင့်ထားသေး၏။ ထို့ပြင် လာမည့် ၂၄ နာရီအတွင်း ဩရိဘောစော်ဘွား အခန်း၌ အမှုထမ်းကြရမည့် ဟိုတယ် အစေခံများကိုလည်း တစ်ယောက်စီ စစ်ကြော မေးမြန်းသေး၏။ စော်ဘွား၏ အခန်းဝ၌ အထက်တန်း စုံထောက်တစ်ယောက် စောင့်ရှောက်လျက် ရှိရာ၊ အခန်းတွင်း၌လည်း အလားတူ စုံထောက်နှစ်ယောက်ကို အစောင့်ချထားသေး၏။ ထိုနှစ်ယောက်အနက် ဦးသန်းဖေမှာ တစ်ယောက်အပါအဝင် ဖြစ်၏။ ငါးသောင်းတန် သရဖူမှာကား စော်ဘွား၏ ခြည်ခန်းအလယ်ရှိ စားပွဲတစ်ခုပေါ်တွင် ကတ္တီပါ ဖုံးအုပ်ထားသော သေတ္တာငယ်တစ်လုံး အတွင်း၌ ထည့်ထားလေရာ ဦးသန်းဖေသည် စော်ဘွားအား ထိုသရဖူကို ဘဏ်တိုက်သို့ ဖြစ်စေ၊ ပုလိပ်ဌာနမှသို့ ဖြစ်စေ ပြောင်းရွှေ့ထားရန် တိုက်တွန်းသော်လည်း စော်ဘွား နားမထောင်ဘဲ ငြင်းပယ်လျက် ရှိ၏။

'ဘာကြောင့် ဒါလောက်တောင် စိုးရိမ်ရတာလဲဗျ။ ခင်ဗျားတို့ လူစုတွေ အနှံ့အပြား စောင့်ရှောက်နေတဲ့ အထဲက ခင်ဗျား လူဆိုးက ကျုပ်သရဖူကို လုယူသွားမှာ စိုးရိမ်နေသေးသလား ဦးသန်းဖေရဲ့' ဟု စော်ဘွားက ပြောသောအခါ ဦးသန်းဖေမှာ အဖြေပေးရန် မတတ်နိုင်သဖြင့် သရဖူကို ပြောင်းရွှေ့ထားရန် မတိုက်တွန်းနိုင်ဘဲ ရှိနေလေ၏။

စင်စစ်သော်ကား ဦးသန်းဖေ၏ စိတ်ထဲ၌ သူတော်စိန်သည် မိမိတို့ စီမံထားသည့် အစီအစဉ်များကို သိပြီးဖြစ်၍ ဤလူစုထဲမှာ သရဖူကို ထုတ်ယူရန် အကြံတစ်ခုခု ရှိရမည်ဟု ယုံကြည်လျက် ရှိ၏။ သို့ဖြစ်ရကား ဦးသန်းဖေမှာ လုံခြုံအောင် မည်မျှလောက် စီမံသည်ဖြစ်စေ၊ သူတော်စိန်ခေါ် ဘကျော်လှသည် တစ်နည်းနည်းနှင့် ဖြစ်အောင် ခိုးယူလိမ့်မည်ဟု ယုံကြည်လျက်ပင် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးနေ့ညဉ့် သရဖူကို အဖိုးငွေ ငါးသောင်းမျှ ပြုလုပ်ထားသော ဆန်းလိုက် အာမခံကုမ္ပဏီကလည်း စိုးရိမ်မကင်း ရှိသည့်အတွက် အထူးစုံထောက်တစ်ယောက်ကို စော်ဘွား၏ ဧည့်ခန်း၌ စောင့်ရှောက်ရန် ချထားသေးသည် ဖြစ်ရာ၊ ထိုသူသည် ဆိုဖာတစ်ခုပေါ်တွင် နှုတ်ခမ်းမွေးသပ်ကာ ထိုင်လျက် ရှိလေ၏။ အာမခံကုမ္ပဏီ၏ အထူးစုံထောက်မှာ နှာရောင်ကောက်ကောက်၊ နဖူးမောက်မောက်နှင့် ဘိုင်စကယ် လက်ကိုင်ပုံသဏ္ဌာန်ရှိသော နှုတ်ခမ်းမွေးကြီး ရှိလေရာ၊ အင်စပိတ်တော် ဦးသန်းဖေသည် ထိုသူ၏ မျက်နှာကို စေ့စေ့ကြည့်ကာ အကဲခတ်လျက်ရှိစဉ် ဘကျော်လှသည် လည်းကောင်း၊ ထိုသူ၏ ဂိုဏ်းသား တစ်ယောက်ယောက်သည် လည်းကောင်း ရုပ်အဆင်းကိုဖျက်၍ အထူး စုံထောက်ယောင် ဆောင်နေခြင်း ဖြစ်လေသလောဟု စဉ်းစားစိတ်ကူးလျက် ရှိလေ၏။ နောက်ဆုံး၌ ဘကျော်လှသည် လည်းကောင်း၊ ထိုသူ၏ ဂိုဏ်းသားများအနက် မိမိ သိကျွမ်းဖူးသူများသည် လည်းကောင်း မည်သည့်နည်းနှင့်မျှ ဤမျှလောက် နဖူးမောက်၍ နှာယောင်ကောက်အောင် ဖန်တီးရန် ဖြစ်နိုင်မည် မဟုတ်ဟု စိတ်ချပြီးလျှင် အထူးစုံထောက်အား အကဲခတ်ခြင်း အလုပ်ကို လက်လျှော့လိုက်လေ၏။

နောက်များမကြာမီ ဦးသန်းဖေသည် စော်ဘွားနှင့် တွေ့ဆုံသည်တွင် စော်ဘွားက 'ကဲ ....နေစမ်းပါဦး အင်စပိတ်တော်မင်း၊ ခင်ဗျားက လူဆိုးတစ်ယောက် မသင်္ကာလို့ရှိရင် မသင်္ကာတဲ့ လူဆိုး သွားတာ၊ လာတာကို စောင့်ပြီး မကြည့်နိုင်ဘူးလားဗျ' ဟု မေးရာ ဦးသန်းဖေက 'စောင့်မကြည့်ဘဲ နေမလား စော်ဘွား၊ ဘကျော်လှဆိုတဲ့ လူကို ကျွန်တော် မသင်္ကာလို့ ဘကျော်လှကို ကျွန်တော် စောင့်ကြည့်တယ်။ ကျွန်တော်ကလည်း တပည့်ကို လွှတ်လိုက်ကရော သူကလည်း မရှိဘူး၊ စုံစမ်းကြည့်တော့ အဆန်စာပို့ရထားနဲ့ မန္တလေး လိုက်သွားသလိုလို ပြောတယ် စော်ဘွားရဲ့' ဟု ပြန်ပြောလေ၏။





ထိုနောက် ဦးသန်းဖေသည် ထိုည သန်းခေါင် အချိန်မှစ၍ နက်ဖြန်သန်းခေါင်အထိ ၂၄ နာရီ အတွင်းတွင် မိမိ၏ တပည့်များကို တစ်လှည့်စီ လဲလှယ်စောင့်ရှောက်ရန် စီမံလျက်ရှိရာ ဦးသန်းဖေ၏ စိတ်ထဲ၌ကား ၂၄ နာရီ ဆိုသော်လည်း ဘကျော်လှသည် စောစောပိုင်းတွင် မလာဘဲ စောင့်ကြပ်သူများ ပင်ပန်းသွားသည့်တိုင်အောင် ချောင်းနေ၍ နောက်ဆုံးအချိန်ပိုင်းတွင်မှ အကြံအစည် ပြုလိမ့်မည်ဟု တွက်ကိန်းထုတ်လျက် ရှိလေ၏။

ထိုည ၁၀ နာရီ ခွဲလတ်သော် စော်ဘွားသည် ဦးသန်းဖေနှင့် အတူထိုင်လျက် စကားပြောနေရာမှ သမ်းဝေလာပြီးလျှင် 'ကိုင်း ဦးသန်းဖေ၊ ကျုပ်တော့ အိပ်ချင်ပြီဗျာ၊ ကိစ္စထူးရင် ကျုပ်ကို နှိုးတာပေါ့' ဟု ပြော၍ အိပ်ခန်းသို့ ဝင်သွားသောအခါ ဦးသန်းဖေသည် များစွာ ပူပန်သောကဖြစ်ဟန်မရှိသော စော်ဘွား၏ အမူအရာကို မြင်သဖြင့် "ဥစ္စာရှင်ကတော့ အိပ်နိုင်တယ်နော်၊ ငါ့မှာတော့ ဒီအကောင်ကို ဖမ်းပြီး နာမည်ရချင်တဲ့အတွက် ဒုက္ခခံရတော့တာပဲ" ဟု စိတ်ထဲ၌ အောက်မေ့မိသေး၏။

ထိုအချိန်အခါ၌ ဦးသန်းဖေ၏ တပည့် စုံထောက်တစ်ယောက်သည် သရဖူတင်ထားသော စားပွဲအနီးရှိ ဆိုဖာကြီး တစ်ခုပေါ်တွင် ပက်လက်လှန်လျက်ရှိရာ သရဖူ၏ အခြားဘက်ရှိ ဆိုဖာတစ်ခုပေါ်၌ကား အာမခံကုမ္ပဏီမှ စေလွှတ်ထားသော အထူးစုံထောက်သည် ဆေးပြင်းလိပ် ကိုက်မှိန်းရင်း ဖွာရာမှ အောက်သို့ လွှတ်ကျသွား၍ တခေါခေါနှင့် ဟောက်လျက် ရှိလေ၏။

ဦးသန်းဖေမှာကား အခန်းတွင်း၌ စကြံလျှောက်ခါ ဆေးပြင်းလိပ်များကို တစ်လိပ်ပြီးတစ်လိပ် ဖွာလျက်ရှိစဉ် ဘကျော်လှ၏ မျက်နှာသည် ထိုသူ၏ မျက်စိထဲ၌ တရေးရေး ထင်မြင်လျက် ရှိပေသည်။ ဘကျော်လှဆိုသူမှာ အသက် ၃၀ အရွယ်ခန့်ရှိ ရခိုင်စပ် တစ်ယောက် ဖြစ်လေရာ နက်မှောင်ကြည်လင်သော မျက်လုံးများ၊ လူတစ်ဖက်သားကို လှောင်တောင်တောင် ပြုံးတတ်သော အမူအရာနှင့် အသံခပ်တိုးတိုးဖြင့် ခနဲ့တဲ့တဲ့ ပြောတတ်



www.burmeseclassic.com

www.burmeseclassic.com



သော ဝါသနာရှိသူတစ်ယောက် ဖြစ်လေရာ ကျစ်လျစ်မြင့်မတ်သော ကိုယ်ကာယနှင့် ကြည်လင်သော အသားအရေတို့အပြင် အလွန်တရာ လူရည်သန့်လှသော ရုပ်လက္ခဏာလည်း ရှိပေရကား၊ ဥရောပ တိုက်သားကဲ့သို့ ဖြစ်စေ၊ ပုဆိုးရှည်၊ ခေါင်းပေါင်း အုပ်ပေါင်း၊ ရင်ဖုံးအင်္ကျီ စသည်တို့နှင့် ဖြစ်စေ ဟိုတယ် ဧည့်ခန်း၌ ထိုင်လျက်ရှိသည်ကို မြင်သူများသည် (ICS) အိုင်-စီ-အက်စ် အရာရှိကလေး တစ်ယောက်ဟူ၍ ထင်မှတ်လောက်ပေ၏။ တစ်ကြိမ်တစ်ခါပင် ဆုံစည်းရသော အသိအကျွမ်းပင် ဖြစ်စေကာမူ 'ဘာသောက်မလဲ မိတ်ဆွေ' ဟူသော လောကွတ်စကား အပြင်၊ ငွေရောင်တွင် ရွှေမြုပ်ထားသော စီးကရက်ဘူးကို ဖွင့်၍တည့်ရန် ဦးမလေးခြင်းတို့ကို ကြုံရဖူးသော သူတို့သည် အလွန်လက်ဖွာ၍၊ ယောကျ်ားကောင်းလှသော လူတစ်ယောက် ဟူ၍ အကဲခတ်ကြရပေ၏။ ဦးခေါင်းမှစ၍ ခြေဖျားသို့တိုင်အောင် အကောင်းဆုံး အမျိုးအစား အဝတ်များနှင့် ဖိနပ်တို့ကိုသာ ဝတ်ဆင်တတ်သည့်ပြင်၊ ပလက်တီနန် လက်ပတ်နာရီနှင့် ရွှေစာလုံးထိုးထားသော စီးကရက်ဘူးတို့သည်လည်း ထိုသူ၏ အဆင့်အတန်းကို မြှောက်ပင့်ကြွေးကြော်၍ နေဘိသကဲ့သို့ ရှိလေတော့၏။ ဤသူသည် အခြားလူတစ်ယောက်၏ ပစ္စည်းကို မတရားသောနည်းနှင့် ယူတတ်သည်ဟု ပြောပါမူကား ကြားရသော လူများသည် ရယ်စရာပြောခြင်းမျှသာ ဖြစ်သည်ဟု မှတ်ယူတတ်ကြပေ၏။

ဗုဒ္ဓဟူးနေ့ တစ်ညလုံး တစ်လှည့်စီ စောင့်ကြ၍ နေအရဏ် တက်လတ်သော် ဆိုဖာတစ်ခုပေါ် အိပ်သော အထူးစုံထောက်သည် တခေါ်ခေါ် ဟောက်ရာမှ ရုတ်တရက် တန့်ရပ်၍ ဆိုဖာပေါ်၌ ထထိုင်ပြီးလျှင် မျက်လုံးများကို ပွတ်လျက်ရှိရာ တစ်ညပတ်လုံး တစ်ကြိမ်မျှ မအိပ်ခဲ့ရသော ဦးသန်းဖေသည် "တော်ပါပေ့ကွာ ....အထူးစုံထောက်တဲ့၊ တစ်ည ဘယ်နှစ်ဆယ် ရတယ် မဆိုနိုင်ဘူး၊ တယ် နေရာကျတဲ့ အလုပ်ပဲ" စသည်ဖြင့် ပြောင်လှောင်ချင်သော စိတ်မျိုးနှင့် လှမ်းကြည့်လိုက်မိသေး၏။





၈ နာရီ ထိုးလတ်သော စော်ဘွားသည် သူ၏ အိပ်ခန်းမှ အပြင်သို့ ထွက်လာလေရာ ဘိုင်ကုလားသည် စော်ဘွားအတွက် ကော်ဖီနှင့် မုန့်တို့ကို လင်ပန်းဖြင့် ဆောင်ယူကာ စားပွဲတစ်ခုပေါ်၌ ခင်းကျင်းပြင်ဆင်လေ၏။ စားစရာများကိုစားရန် ထိုင်မည်အပြုတွင် စော်ဘွားသည် ကတ္တီပါဖုံးထားသော သေတ္တာကလေးကို လှမ်းကြည့်လျက် 'တော်ပါသေးရဲ့ဗျာ၊ ဒီညတော့ မခိုးသေးဘူး။ ဘယ့်နှယ်လဲ အင်စပိတ်တော်၊ ခင်ဗျားလူတော့ ရက်ချိန်းပျက်ပြီ ထင်တယ်' ဟု ပြောဆိုကာ ကော်ဖီကိုင်၍ မှော့်လေ၏။

ဦးသန်းဖေသည် စော်ဘွား၏ ဖိတ်ခေါ်ချက်အရ စားပွဲ၏ အခြားဘက်တွင် ထိုင်လျက် ပေါင်မုန့်ကို ဝါးလျက်ရှိစဉ် 'ရက်ချိန်း ပျက်တယ်လို့ မဆိုနိုင်သေးဘူး စော်ဘွား၊ ကြာသပတေးနေ့ ဆိုတော့ ဒီကနေ့ည သန်းခေါင် ထိအောင် ဆိုင်နေသေးတယ်။ ကျွန်တော်ဖြင့် တစ်ညလုံး မအိပ်ရဘူး၊ ဒီကနေ့ည သန်းခေါင်ကျော်ပါစေလို့သာ ဆုတောင်းနေမိတာပဲ' ဟု ပြောရာတွင် စော်ဘွားကြီးက 'အလကားပါ အင်စပိတ်တော်၊ ရက်ချိန်းပေးပြီး လုပ်မှုကဲ့မှားပြုရယ်လို့ ဘယ်မှာ ကြားဖူးသလဲဗျ' ဟု ပြန်ပြော၏။ ဦးသန်းဖေက 'စော်ဘွားကြီး မသိဘူးနော်၊ ဒီလူက သူများနဲ့ မတူဘူးဗျ။ မြန်မာထဲမှာ သာမက တစ်ကမ္ဘာလုံးမှာ ဒီလိုလူ တစ်ယောက်မှ မပေါ်သေးဘူးလို့ ကျွန်တော် ပြောချင်တော့တာပဲ။ နေဦးဗျာ .... ကြုံဖူးတော့ သိလိမ့်မပေါ့' ဟု ပြန်ပြောလေ၏။

*

ထိုအချိန်အခါ၌ ဦးသန်းဖေ ဆရာဘပည့်နှင့် အထူးစုံထောက်ကြီးသည် ဟိုတယ် ဧည့်ခန်းတွင် စော်ဘွားနှင့်အတူ ရှိနေကြလေရာ ဘိုင်ကုလားသည် စားစရာများကို စားပွဲမှ သိမ်းယူ ထွက်သွားပြီးသည့်နောက် များမကြာမီအတွင်း ထူးဆန်းသော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာလေ၏။

သြရိဘောစော်ဘွား တည်းခိုလျက်ရှိသော အခန်း၏ အထက်ထပ်သည့်

www.burmeseclassic.com



တည့်၌ ရှိသည့် အခန်းတစ်ခန်း၏ ပြတင်းပေါက်ဝတွင် ဘကျော်လှ၏ တပည့် မောင်သောင်းတင်သည် ကြက်ဥ ပမာဏခန့်ရှိ အရာဝတ္ထုတစ်ခုကို အပ်ချည်ကြိုးတစ်ခုဖြင့် အောက်သို့ လျှော့ချလျက် ရှိလေ၏။ ကြက်ဥအရွယ်ရှိသော အရာဝတ္ထုသည် စော်ဘွားရှိသော အခန်း၏ ပြတင်းအထက်နားဆီသို့ ရောက်လာသောအခါ မောင်သောင်းတင်သည် ကြိုးစကို ကိုင်ကာ လှုပ်ယမ်းလိုက်သည်တွင် ထိုအရာဝတ္ထုသည် နံရံမှခွာ၍ အပြင်သို့ ယိမ်းထွက်သွားလေ၏။ ထိုအရာဝတ္ထုသည် အရှိန်ကုန်သဖြင့် နံရံဘက်သို့တစ်ဖန် ပြန်၍ကပ်မည် အပြုတွင် မောင်သောင်းတင်သည် အပ်ချည်ကြိုးကို ရုတ်တရက် လျှော့ပေး လိုက်ရကား ထိုအရာဝတ္ထုသည် စော်ဘွား၏ ပြတင်းပေါက်မှ အခန်းထဲသို့ ပြေးဝင်သွားသည်နှင့် တစ်ပြိုင်နက် မောင်သောင်းတင်သည် အပ်ချည်ကြိုးကို ဖြတ်ချလိုက်သဖြင့် ထိုအရာဝတ္ထုသည် ကြမ်း ပေါ်သို့ ထောက်ခနဲ ကျသွားလေ၏။

အခန်းလယ်၌ ထိုင်ကာ စကားပြောလျက် ရှိကြသော ဦးသန်းဖေတို့ လူစုသည် ထိုအခြင်းအရာကို မမြင်ဘဲ ရှိကြရာ ဒေါက်ခနဲ အသံကြားသော အခါမှ လှည့်ကြည့်လိုက်သည်တွင် ကြမ်းပေါ်၌ ကွဲကြေလျက်ရှိသော ဖန်ကွဲ အစအနများ၊ ဖြူတူတူ အရောင်ရှိသော အရည်များ ပြန့်ကြဲလျက်ရှိသည်ကို တွေ့မြင်ကြရလေ၏။ အလွန်ဖျတ်လတ်သော ဦးသန်းဖေသည် အနည်းငယ်မျှ ဆုတ်ဆိုင်းခြင်း မရှိဘဲ အဖြူရည်များ ရှိရာသို့ ဦးခေါင်းထိုးကာ ငုံ့ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် အဖြူရည်ထဲမှ ရုတ်တရက် ယိုးတက်သော မီးခိုးမှိုင်းများသည် ဦးသန်းဖေ၏ မျက်နှာသို့ ဟပ်မိလေ၏။ ထိုအခါ ဦးသန်းဖေမှာ ရုတ်တရက် အသက်ရှုကျပ်သွား၍ မျက်လုံးများ မိုက်ခနဲ ဖြစ်သွားသည်တွင် အခန်းတစ်ခုလုံးမှာ မည်းနက်သော မီးခိုးလုံးများဖြင့် မှောင်လျက် ရှိလေ၏။

အခန်းတွင်းရှိ အခြားသူတို့သည်လည်း 'အလိုလေး၊ အမယ်လေး'





သည်ဖြင့် ယောင်ယမ်းအော်ဟစ်ကာ ဆူညံစွာ ရှိနေကြစဉ် ဦးသန်းဖေသည် သတိကောင်းသူတစ်ယောက် ဖြစ်သည့်အတိုင်း သရဖူတင်ထားသော စားပွဲရှိရာသို့ လက်ဖြင့်စမ်းသပ်ကာ တွား၍ သွားလေ၏။ နောက်ဆုံး၌ ဦးသန်းဖေသည် စားပွဲကလေးကို လက်ဖြင့် စမ်းမိ၏။ သို့ရာတွင် ကတ္တီပါဖုံးထားသည့် သေတ္တာကလေးမှုကား မရှိတော့ချေ။ ထိုအခါ ဦးသန်းဖေသည် ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွား၍ စားပွဲကို တိုက်မိသဖြင့် လွင့်စဉ်ကျသွားလေသလောဟု အောက်မေ့ကာ ကြမ်းပေါ်တွင် ဒူးထောက်လျက် သေတ္တာကလေးကို စမ်းသပ်ရှာဖွေလေ၏။

ထိုအတောအတွင်း၌ ဦးသန်းဖေမှာ မီးခိုးမှိုင်းများကြောင့် အသက်မရှုနိုင်ဘဲ တချွီချွီ တဟူးဟူး ဖြစ်နေလေရာ နောက်ဆုံးတွင် သေတ္တာကို မစမ်းမိဘဲ အသက်ရှူကျပ်လှသည်နှင့် တံခါးပေါက်ရှိရာသို့ ပြေးသွားရလေတော့၏။ အခန်းပြင်ဘက်ရှိ ဆောင်ကူးလမ်းကြားတွင်လည်း မီးခိုးများဖြင့် ပိတ်ဖုံးမည်းမှောင်လျက်ရှိရာ ဦးသန်းဖေသည် မှောင်ကြီးထဲ၌ပင် လူတစ်ယောက်နှင့် တိုးမိသဖြင့် ထိုသူ၏လက်ကို ရုတ်တရက် ကိုင်ဖမ်းကာ 'ဘယ်သူလဲ ပြောစမ်း' ဟု မေးလိုက်၏။

'ကျွန်တော်ပါ ဆရာ၊ ဘဦးပါ' ဟု ပြန်ပြောသည်တွင်မှ ဦးသန်းဖေသည် တံခါးဝတွင် မိမိ အစောင့်ထားသော တပည့်တစ်ယောက်၏ အသံဖြစ်ကြောင်းကို မှတ်မိလေ၏။

'ဘာဖြစ်တာလဲဟေ့'

'မပြောတတ်ဘူး ဆရာ၊ မီးခိုးဗုံးဆိုတာ ဒါမျိုးပဲ ထင်ပါရဲ့။ ကျွန်တော်ဖြင့် ဘာမှ မမြင်လိုက်ရဘူး ဆရာ'

'လာဟေ့၊ ငါ့နောက် လိုက်ခဲ့'

ဦးသန်းဖေနှင့် ဆရာတပည့် နှစ်ယောက်တို့သည် ဆောင်ကူးလမ်းကြား တစ်လျှောက် လျှောက်လာကြ၍ မီးခိုးများ အတန်ငယ် ပါးသွားသော



www.burmeseclassic.com

www.burmeseclassic.com



နေရာသို့ ရောက်ကြသောအခါမှ ရပ်တန့်ကြ၍ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ရှိုက်ကြီးတငင် ရှိနေကြလေ၏။ ဦးသန်းဖေကမူကား 'ပါသွားပြီ .... ပါသွားပြီ၊ ခွေးမသားလက်ထဲ ပါသွားပြီ' စသည်ဖြင့် ကြိမ်ဖန်များစွာ ရေရွတ်မြည်တမ်းလျက် ရှိပေ၏။ ဦးသန်းဖေ၏ စိတ်ထဲ၌ စော်ဘွား၏ သရုပ်သည် ဘကျော်လှ၏ လက်ထဲသို့ ပါသွားချေပြီဟု အတတ်ပင် တွေးထင်လျက်ရှိရာ စုံစမ်းရှာဖွေသော အခါ၌လည်း တွေးထင်သည့်အတိုင်းပင် ပါသွားခဲ့လေသည်။

ထိုခဏ၌ ကျန်ရစ်သော လူများတွင်လည်း စော်ဘွား၏ အခန်းဘက်မှ မီးခိုးများထဲ၌ ပြေးထွက်လာကြရာ ရှေ့ဆုံးမှ ဩရိဘော စော်ဘွားသည် ဦးသန်းဖေ နားမလည်နိုင်သော ဘာသာစကားဖြင့် ရေရွတ်ဆဲဆိုလာ၍ သူ၏နောက်မှ အထူးစုံထောက်ဆိုသူသည် ကပ်လျက် လိုက်ပါလာလေ၏။ စုံထောက် ဦးသန်းဖေသည် မျက်ရည် တရွှဲရွှဲရှိနေသော မျက်လုံးများဖြင့် အထူးစုံထောက်ဆိုသူကို စိုက်ကြည့်နေရင်း ရုတ်တရက် အကြံတစ်ခု ဖြစ်ပေါ်လာသည်နှင့်၊ ဘာမပြော ညာမပြောနှင့် ရုတ်တရက် ရှေ့သို့လှမ်းကာ အထူးစုံထောက်၏ ဘိုင်စကယ်လက်ကိုင်နှင့်တူသော နှုတ်ခမ်းမွေးကြီးကို တစ်ဖက်တစ်ချက်စီကိုင်ကာ ဆွဲဆောင့်လိုက်လေတော့၏။

*

ကုန်သည်လမ်းရှိ ရှိုင်ရယ်ဟိုတယ် တတိယထပ်ရှိ အခန်းတစ်ခန်း တစ်ခုအတွင်း၌ သူတော်စိန်ခေါ် ဘကျော်လှနှင့် သူ၏တပည့်များဖြစ်သော မောင်သောင်းတင်နှင့် ခင်ခင်စိန်တို့သည် ရေခဲစိမ် ဘီယာများကို ဓိမ်ယူကာ သောက်သုံးလျက် ရှိကြ၏။ ခင်ခင်စိန်နှင့် မောင်သောင်းတင်တို့မှာ ရှေးဦးစွာ ရောက်နှင့်ကြ၍ ဘကျော်လှမှာမူကား သားရေသေတ္တာကြီးတစ်လုံးကို လက်ဆွဲကာ နောက်ဆုံးမှ ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

ခင်ခင်စိန်က 'တော်လည်းတော်တဲ့ ကျွန်မတို့ ဆရာကြီးပါပေပဲ။





လုပ်မယ်ဆို ဖြစ်အောင် လုပ်တာပဲ၊ ဒီလို လူမျိုးကို မကိုးကွယ်ရင် ဘယ်လိုလူကို ကျွန်မတို့ ကိုးကွယ်ရဦးမလဲ။ မဟုတ်လားရှင် ကိုသောင်းတင်၊ ကိုင်း ဒါထက် လုပ်ပုံလုပ်နည်းလေး ရှင်းလင်းပြစမ်းပါဦး ကိုလှရယ်' ဟု ပြောသည်တွင် ဘကျော်လှသည် သားရေ သေတ္တာကြီးအတွင်းမှ ခေါက်စားပွဲကလေးတစ်ခုကို ထုတ်ယူကာ တည်ခင်း၍ ကတ္တီပါအုပ်ထားသော သေတ္တာငယ်တစ်လုံးကို စားပွဲပေါ်သို့ တင်လိုက်လေ၏။ ထိုစားပွဲကလေးမှာ အထက်ပိုင်းတွင် ခပ်ထုထု ရှိနေသည်ဖြစ်၍ အံဆွဲပါရှိသည်ဟု မှတ်ထင်ရသော်လည်း ခင်ခင်စိန်သည် မည်သည့်အံဆွဲကိုမျှ စမ်းသပ်ရှာဖွေ၍ မတွေ့နိုင်ဘဲ ရှိနေလေ၏။

ထိုအခါ ဘကျော်လှက 'ကြည့်နေကြနော်' ဟု ပြောလျက် စားပွဲနံဘေး၌ ထားရှိသော ခလုတ်တစ်ခုကို နှိပ်လိုက်သည်နှင့် တစ်ပြိုင်နက် ကတ္တီပါ အုပ်ထားသော သေတ္တာကလေးသည် တစ်ခါတည်း ပျောက်ကွယ်သွားလေ၏။ ခင်ခင်စိန်နှင့် မောင်သောင်းတင်တို့သည် သေချာစွာ စိုက်ကြည့်နေကြသည်ဖြစ်၍ သေတ္တာကလေးသည် စားပွဲအောက်သို့ ကျသွားသည်ကို မြင်လိုက်ကြရသော်လည်း ယခင်က သေတ္တာရှိသော နေရာတွင် ဟောင်းလောင်း မကျန်ရစ်ဘဲ စားပွဲမျက်နှာပြင်သည် ချောမော ညီညာစွာ ရှိနေသည်ကို တွေ့မြင်ရလေ၏။ စင်စစ်မှာ သေတ္တာကလေးသည် စားပွဲမျက်နှာပြင်အောက်ရှိ အံဖုံးထဲသို့ ရောက်သွား၍ ပျဉ်တစ်ချပ်သည် ကွက်လပ်ဖြစ်သွားသော နေရာတွင် စပရင်ဖြင့် အစားထိုး ဝင်လာခြင်း ဖြစ်လေ၏။ ခင်ခင်စိန်နှင့် မောင်သောင်းတင်တို့သည် စားပွဲမျက်နှာပြင်ကို သေချာစွာ ကြည့်ရာတွင် ဆက်စပ်ထားသော အရာကိုလည်း မမြင်၊ တစ်ပြင်တည်း ရှိနေသော မျက်နှာပြင်ကိုသာလျှင် တွေ့မြင်ကြရလေ၏။ ခင်ခင်စိန်က စားပွဲကိုကိုင်၍ လှုပ်သော်လည်း ဂိုးဂိုး ဂေါက်ဂေါက် မြည်သော အသံကိုမျှ မကြားရချေ။ ထိုအခါမှ–



www.burmeseclassic.com

www.burmeseclassic.com



လှ။ ။'လွယ်လွယ်ကလေးပါ ကိုယ့်လူတို့ရဲ့၊ သရဖူဟာ အခန်းထဲက ဘယ်မှ ရောက်မသွားဘဲ ယူချိန်တန်တော့မှ ကျုပ်က ယူလာခဲ့တာပဲ'

စိန်။ ။'နေရာကျပါပေ့ ကိုလှရယ်၊ ဦးသန်းဖေ ဆိုတဲ့ လူကြီးက ရှင့်နှုတ်ခမ်းမွေးကို ဆွဲယမ်းသေးတယ်ဆို'

လှ။ ။'မှို ....ကြံကြံဖန်ဖန် စိန်ရ၊ ဒီလူကလား ကိုယ့်နှုတ်ခမ်းမွေး ကိုင်ဝံ့မှာ။ ခါထက် ပြောရဦးမယ်၊ နှုတ်ခမ်းမွေး ဆွဲယမ်းပြီး ဦးသန်းဖေ ဖြစ်သွားလိုက်ပုံ မျက်နှာထားကို ကျုပ်တော့ သေတောင် မေ့မယ်မထင်ဘူး။ ဒါထက် သရဖူဖိုးအတွက် ငွေငါးသောင်းကို စော်ဘွားက ပီအောကုမ္ပဏီကို မချေရသေးလို့ တော်ပါသေးရဲ့၊ နို့မို့ရင် တော်တော် အလုပ်ပို လုပ်နေရဦးမယ်'

စိန်။ ။'ဒီလိုဆိုရင် ဒီသရဖူကို ဘယ်သူက ဆုံးတာတုံး ကိုလှရဲ့'

လှ။ ။'ပီအောကုမ္ပဏီကလည်း မဆုံးဘူး၊ စော်ဘွားကလည်း မဆုံးဘူး၊ ဆန်းလိုက် အာမခံကုမ္ပဏီက ဆုံးတာပေါ့။ ဒီကုမ္ပဏီက တစ်ခါတုန်းက ကျုပ်လူတစ်ယောက်ကို တစ်ပတ်ရိုက်ဖူးလေတော့ လက်စားချေချင်နေတာ ကြာလှပြီ။ အခုတော့ နေရာကျလိုက်တာ၊ ကုမ္ပဏီကိုလည်း လက်စားချေလေသေးရဲ့၊ ငါးသောင်းတန် သရဖူကြီးလည်း ရလိုက်သေးရဲ့ .... မှတ်ကရော တစ်ခါ'

စိန်။ ။'သရဖူမှာ ရွှေဘယ်လောက်သား ရှိမလဲ ကိုလှ'

လှ။ ။'ငွေသားက တစ်ပိဿာ၊ ရွှေသားက ငါးဆယ်သား၊ ပတ္တမြားနှင့် နီလာတွေက လုံးရေ တစ်ရာထက် မနည်းပါဘူး'

စိန်။ ။'ကျွန်မဖို့ လက်ကောက်တစ်ရန်စာလောက် ချန်ထားပါ ကိုလှ'

လှ။ ။'စိတ်ချဗျား၊ ကြိုက်တာရွေးယူ၊ ပထမတန်း ကျောက်ချည်းပဲ'





ထိုနောက် ဘကျော်လှသည် လက်ဆွဲသားရေအိတ်ထဲမှ နှုတ်ခမ်းမွေးတု တစ်ခုနှင့် မှတ်ဆိတ်တုတို့ကို (ယင်းတို့မှာ အမေရိကန်မှ ဒေါ်လာ ၁၀၀ စီနှင့် ဝယ်ယူထားခြင်း ဖြစ်သည်။) ထုတ်လိုက်သည်တွင် ခင်ခင်စိန်သည် ထိုကိရိယာ တန်ဆာများကို မြင်လိုက်ရသဖြင့် မျက်လုံးများ ဝိုင်းသွားလေ၏။

စိန်။ ။'အလိုလေ ဘုရားရေ့ .... ကိုလှက ဩရိဘောကို နိုးထုတ်သွားပြီး ဩရိဘောယောင် ဆောင်နေတာပေါ့လေ'

လှ။ ။'ဘယ်က ဟုတ်လိမ့်မှာလဲ စိန်ရယ်၊ အစကတည်းကိုက နဂါးစော်ဘွား ဩရိဘောဆိုတာ ကျုပ်ပဲဗျ' ဟု ရှင်းလင်း ပြောပြလိုက်သော အခါတွင်မှ ခင်ခင်စိန်နှင့် မောင်သောင်းတင်တို့သည် ဘကျော်လှ၏ ညာဏ်စွမ်းကို ချီးမွမ်းကာ လက်ခုပ်လက်ဝါး တီးလျက် ရယ်မောကြလေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းတုံးပေါ် ထိပ်ကွက် [၁]

ရန်ကုန်မြို့သည် လူပေါ်တွင် လူညွှန့်ရူးသော လူပါးလူနပ်တို့ စုံမြန်းရာဖြစ်သော ဌာနကြီး ဖြစ်သည်ဟု ခေါ်ဆိုနိုင်ပေရာ၊ ယင်းတို့အနက် ဤသူတော်စိန်မှာ ပိုလ်ကျလျက် ရှိသည်ဟု လူပါးလူနပ်တိုင်းက သမုတ်ခြင်းခံရသူ ဖြစ်လေသည်။ နဂိုအားဖြင့် ပါးရည်နပ်ရည်ရှိသော ရန်ကုန်သားဇာတိတစ်ယောက်ဖြစ်၍ ကောလိပ်ကျောင်း၌ စိနီယာအိုင်အေ အထက်တန်းသို့ ရောက်အောင် နှစ်နှစ်မျှ ပညာသင်ကြားခဲ့သဖြင့် ကောင်းမွန်စွာ အလုပ်လုပ်ခဲ့၍ ကြီးပွားနိုင်သော အခြေခံ ပါရမီ ရှိခဲ့သော်လည်း အလုပ် လုပ်၍ရသော ငွေ ၁၀၀ိ ထက် လူညွှန့်ရူး၍ ရသော ငွေ ၅ိ ကို ပိုမိုနှစ်သက်သည်ဟု သူကိုယ်တိုင် ထုတ်ဖော်ပြောဆိုလေ့ ရှိသည်အလျောက် သူတော်စိန်သည် ရေဝန်ရုံး၌ တစ်နှစ်ခန့် အလုပ်လုပ်ပြီးခဲ့သည့် အချိန်မှစ၍ လူပေါ်ကြော့အဖြစ်နှင့် ခပ်ပေါ့ပေါ့ နေထိုင်လာခဲ့လေသည်။

ငွေကြေး လက်ကိုင်ပြတ်သော အခါမျိုး၌ သူတော်စိန်သည် သိမ်ဖျင်းသော လိမ်လည်မှုများကို ကျူးလွန်ခဲ့မိသော်လည်း သူ၏ ဝါဒမှာ "လူလည်" လုပ်သူများ အပေါ်မှ ခေါင်းပုံဖြတ်၍ "ခေါင်းတုံးပေါ် ထိပ်ကွက်" ရခြင်း အလုပ်ကို ပိုမိုနှစ်သက်သူတစ်ယောက် ဖြစ်လေသည်။ မိမိက အညွှန့်ရူးလိုက်သည့်အတွက် တစ်ဖက်သား လူရိုးလူကောင်းများ၌ ထိခိုက်နစ်နာသွားမည်





ဆိုလျှင် ရှောင်ကြဉ်ဖို့ သတိပြုတတ်ပေရာ၊ အထူးသဖြင့် နိုင်ငံခြားကုမ္ပဏီများ၊ ဆင်းရဲသားများကို မညှာတာသော မနရှင်များနှင့် အညွှန့်ရူးသမားအချင်းချင်းသည်ပင်လျှင် သူတော်စိန်သည် မြိန်ရေရှက်ရေ အညွှန့်ရူးတတ်လေသည်။

ကျွန်ုပ် ရေးသားဖော်ပြလျက်ရှိသော အချိန်၌မူကား သူတော်စိန်မှာ မော်တော်ကား အလဲလဲ၊ ဗန်ကောက်တောင်ရှည် အမျိုးမျိုး၊ စိန်လက်စွပ် ဘဝင့်ဝင့် နေနိုင်လောက်သော အခြေအနေသည် ဆိုက်ရောက်နေပြီဖြစ်ရာ ပုလိပ် အမှုထမ်းများသည် သူ၏အကြောင်းကို အတော်အတန် ရိပ်မိကြသော်လည်း လက်ပူးလက်ကြပ် ဖမ်းဆီးနိုင်ခြင်း မရှိသဖြင့် အလွန်တရာ မင်ကောင်းသူတစ်ယောက် ဖြစ်သောကြောင့် ယီးတီးယားတား မလုပ်ပုံကြချေ။

သူတော်စိန်သည် အစိုးရအမှုထမ်းများ၏ ကလပ်၊ ပုလိပ်အရာရှိများ၏ ကလပ် စသည်တို့ကို မင်းဘားအဖြစ်နှင့် ပါဝင်ထား၍၊ ဝန်ကြီးဝန်ကလေးဆိုသူများ၏ အထင်အမြင်ကြီးခြင်း ခံရစေရန် လက်မှာမှာနှင့် ရက်ရောစွာ ပေါင်းသင်းထားခဲ့သူ တစ်ယောက်လည်း ဖြစ်ပေ၏။

တစ်နေ့သ၌ သူတော်စိန်သည် ဗန်ကောက်လုံချည်၊ ပေတောင်ရှူး၊ ခေါင်းပေါင်း အုပ်ပေါင်း၊ တာဖတာ ရင်ဖုံးအင်္ကျီ စသည်တို့ဖြင့် သပ်ရပ်စွာ ဝတ်ဆင်လျက် တုတ်ကောက်ကိုင်ကာ ဆူးလေဘုရား လမ်းတစ်လျှောက် စတိုင်ပါပါနှင့် လျှောက်လာခဲ့ ဂေဇက်ဝင် အရာရှိတစ်ယောက်ပေလော၊ သို့မဟုတ် မြေပိုင်ရှင် သူဌေးသားတစ်ယောက်ပေလောဟု မှတ်ထင်လောက်ပေ၏။ သို့ရာတွင် ရွှေလက်ပတ်ကြိုးနှင့် မြကို စီနံ့ရုံထားသည့် လက်စွပ်ကြီးကို ဝတ်ထားခြင်းအားဖြင့် အရာရှိ မဟုတ်တန်ရာ၊ သူဌေးသား အမှုအရာနှင့် တူသည်ဟု ခန့်မှန်းကြရပေလိမ့်မည်။

သူတော်စိန်သည် ဆူးလေဘုရားလမ်းတစ်လျှောက် တောင်မှမြောက်သို့ လျှောက်လာ၍ ဖရေဇာ (အနော်ရထာ) လမ်းကို ရောက်မိရာတွင်

www.burmeseclassic.com



ဘိုင်စကုတ်ရုံမှ ထွက်လာကြသော ပရိသတ်များနှင့် ရင်ဆိုင်တိုးဝေ့မိသဖြင့် လူချင်းမတိုက်မိအောင် ရှောင်တိမ်းသော အလုပ်ကို မျက်စိရှင်စွာနှင့် ကြိုးစား၍ လုပ်နေရလေ၏။ ယင်းသို့ရှိစဉ် နှုတ်ခမ်းမွေးကောင်းကောင်းနှင့် ပုဆိုးရှည်ဝတ်ထားသော လူကြီးတစ်ယောက်သည် တစ်စုံတစ်ခုသော အရာကို မြေကြီးပေါ်မှ ငုံ့ကောက်၍ ထိုအဲရာကို လက်ကိုင်ပဝါနှင့် ပွတ်တိုက်နေဆဲတွင် သူတော်စိန်နှင့် ရင်ဆိုင် တိုးဝေ့မိလေ၏။ ထိုအခါ နှုတ်ခမ်းမွေးနှင့် လူကြီးသည် 'အလိုလေးဗျ' ဟု ဆိုကာ လက်ထဲမှ လွင့်စင်ကျသွားသော အရာဝတ္ထုကို ကပျာကယာ ကောက်ယူ၍ သူတော်စိန်ဘက်သို့ လှည့်ပြီးလျှင် 'ကြည့်စမ်းပါဦး မိတ်ဆွေ၊ ကံကောင်းလို့ပါလားဗျာ။ မြောင်းနှုတ်ခမ်းကလေးမှာ တင်နေပေလို့သာပေါ့။ နောက်ထပ်ပြီး တစ်လိမ့်တည်း လိမ့်လိုက်ရင် မြောင်းကြီးထဲကျသွားတော့မှာပဲ' ဟု ပြောကာ လက်ကိုင်ပဝါနှင့် ပွတ်တိုက်နေလေ၏။

စိန်။ ။'အဲဒါက ဘာကလေးလဲ ခင်ဗျ'

လူ။ ။'စိန် အရိုင်းခင်ဗျာ။ ကြည့်လိုက်တော့ ဖန်လိုနှင့်၊ စိန်အစစ်ခင်ဗျာ'

စိန်။ ။'ဟုတ်လားခင်ဗျာ၊ ကံကောင်းပေလို့သာပေါ့။ နို့မို့ဖြင့်....'

လူ။ ။'ကျုပ်လားဗျာ ကံကောင်းတာ၊ ကျုပ်လောက် ကံဆိုးတဲ့လူ ကမ္ဘာမှာ ရှိတယ်တောင် မထင်ဘူး'

စိန်။ ။'ဖြစ်ရလေဗျာ ဟုတ်ကဲ့လား'

လူ။ ။'ဟုတ်ပါသော်ကော မိတ်ဆွေ။ ဘတ်(စ်)ကား စီးလာတယ်။ ခါးပိုက်နှိုက်ခံရရင် ဘယ်သူလဲ၊ ကျုပ်ပဲ။ ပွဲကြည့်နေလို့ ခဲကျလာတယ်။ ဘယ်သူ့မှန်သလဲ၊ ကျုပ်ခေါင်း မှန်တယ်။ ဘိုင်စကုတ်ကြည့်နေတုန်း ကုလားထိုင် ကျိုးကျတယ်။ ဘယ်သူ့ကုလားထိုင်လဲ၊ ကျုပ်ကုလားထိုင်ပဲ။ ဘယ်နေရာ ဘာဖြစ်ဖြစ် ထိစရာရှိ ကျုပ်ထိတာချည်းပဲဗျ'

စိန်။ ။'ဖြစ်မှ ဖြစ်ရပလေဗျာ၊ ဒီလောက်ပဲလား။ ဟုတ်တော့





ဟုတ်ပါရဲ့လေ။ လူဆိုတာမျိုးဟာ ကံမကောင်းပြီဆိုမှဖြင့် ဘယ်နေရာမှာမှ အပေါက်မတည့်ချင်ဘူး။ ကျွန်တော့်ဦးလေးတစ်ယောက် ရှိတယ်'

လူ။ ။(သူတစ်ပါး၏ အဖြစ်အပျက်ကို နားမထောင်လိုသော လက္ခဏာဖြင့်) 'ကျုပ်လောက် ကံဆိုးတဲ့လူ ကျုပ်တစ်ယောက်ပဲ ရှိတယ်ဗျ။ တစ်သက်လုံးလည်း ကံဆိုးတယ်၊ အခုလည်း ကံဆိုးတုန်းပဲ။ ဒါနဲ့ စကားပြောလက်စနဲ့ ပြောစမ်းချင်သေးတယ်ဗျာ။ ခင်ဗျား ခဏလောက် မအားဘူးလား၊ ဘာအလုပ်များ အရေးကြီးတာ ရှိသလဲ။ ခင်ဗျား ကြည့်ရတာ စိတ်ကူးစိတ်သန်းရှိတဲ့ လူတစ်ယောက်နဲ့ တူတယ်။ လာစမ်းပါဦးဗျာ၊ ဟောဟိုကဂလုတ်ဘားမှာ တစ်ခွက်စီလောက် သောက်ပြီး တိုင်ပင်စရာကလေးရှိတာ တိုင်ပင်ပါရစေဦး။ မိတ်ဆွေက အရက်တွေ ဘာတွေ ရှောင်တဲ့ လူပေါ်ထဲက မဟုတ်ဘူး မဟုတ်လား'

သူတော်စိန်မှာ မိမိက တိုက်ရသည်ဖြစ်စေ၊ သူတစ်ပါး တိုက်သည်ကို သောက်ရသည်ဖြစ်စေ အရက်အမျိုးကောင်းကို သောက်ရန် ဘယ်အခါမှ ဝန်လေးသူ မဟုတ်ပေရကား ဖိတ်ခေါ်သည့်အတိုင်း ဦးခေါင်းကို ညိတ်ကာ ဂလုတ်ဘားဆီသို့ နှစ်ယောက်သား အတူတကွ လျှောက်သွားကြလေ၏။

ဟိုတယ်တွင်းသို့ ရောက်ကြသောအခါ ထိုလူသည် ချောင်ကျသော စားပွဲတစ်ခုဆီသို့ သူတော်စိန်ကို ခေါ်သွားပြီးနောက် ကုလားထိုင်တစ်လုံးစီ ထိုင်ကြပြီးမှ 'ဘာသောက်မလဲ' ဟု မေးရာ သူတော်စိန်က 'ဒီအချိန်ဆိုတော့ ဝီစကီပဲ ကောင်း ထင်ပါတယ်' ဟု ပြောသဖြင့် ဘိုင်ကုလားအား ဝီစကီနှစ်ခွက် ယူခဲ့ရန် အမိန့်ပေးလေ၏။ ဘိုင်ကုလားသည် ဝီစကီ တစ်ခွက်စီကို ထိုသူ၏ ရှေ့တွင် တည်ခင်း၍ ဖောက်ပြီးသော ဆိုဒါပုလင်းကို ချထားခဲ့ပြီးနောက် စားပွဲမှ ခွာသွားလေရာ ထိုလူသည် မိမိ၏ ဖန်ခွက်နှင့် သူတော်စိန်၏ ဖန်ခွက်တို့တွင် ဆိုဒါများ ငှဲ့ပေး၍ မိတ်ဆွေနှစ်ယောက်တို့သည် တစ်ကျိုက်နှစ်ကျိုက်စီ သောက်ကြပြီးသောအခါတွင်–



www.burmeseclassic.com

www.burmeseclassic.com



လူ။ ။ 'ဟုတ်တယ်ဗျ၊ ကျုပ် ခုနင်က ပြောတဲ့အတိုင်းပဲ၊ လောကကြီးမှာ ကျုပ်လောက် ကံဆိုးတဲ့ လူတစ်ယောက် ထမင်းထုပ်နဲ့ ခင်ဗျား လိုက်ရှာရင် ထမင်းထုပ် သိုးရင်သာ သိုးမယ်၊ ခင်ဗျား တွေ့မှာ မဟုတ်ဘူး။ ဒါထက် နေပါဦးဗျာ၊ ခင်ဗျားနာမည် ဘယ့်နှယ်ခေါ်သလဲ။ ကျုပ် နာမည်ကတော့ ဦးပေါလုံလို့ ခေါ်ပါတယ်'

စိန်။ ။ 'နာမည်ကဖြင့် ရိုးပါပေ့ဗျာ။ ဦးပေါလုံဆိုရင် ဘယ်သူကမှ ပလီဆန်းပြားတတ်တယ်လို့ ထင်ကြမှာ မဟုတ်ဘူး။ မခုတ်တတ်တဲ့ကြောင် ဆိုတာမျိုးလို လူရိုးလူကောင်းကြီးတစ်ယောက်လို့ လူတိုင်းက ယုံကြည်ကြမှာပဲ။ ကျွန်တော့်နာမည်ကတော့ ဘကျော်လှတဲ့ ခင်ဗျ။ ခင်ဗျားလို သိပ်တော့ မရိုးလှဘူး'

လုံ။ ။ 'ကိုဘကျော်လှတဲ့လား၊ မြန်မာ ဟုတ်ရဲ့လား ခင်ဗျာ ....'

လှ။ ။ 'ရခိုင်သွေးတော့ နည်းနည်းပါ ထင်ပါ့ဗျာ'

လုံ။ ။ 'အဲဒါကြောင့် ကျုပ် ထင်သားပဲ။ ကျုပ်တို့ မြန်မာလူမျိုးက နာမည်ကို သုံးလုံး အင်မတန် မှည့်ခဲတယ်ဗျ။ နှစ်လုံး အလွန်ပဲ။ တစ်လုံးတည်း မှည့်တဲ့ လူတွေတောင် အပုံပဲ။ ဒါထက် ခုနင်တုန်းက ကျုပ်လက်ထဲက လွတ်ကျသွားတဲ့ စိန်ကို ခင်ဗျား မြင်လိုက်တယ် မဟုတ်လား'

လှ။ ။ 'သြော် အဲဒါ စိန်လားဗျ'

လုံ။ ။ 'စိန်မှ စိန်အစစ်ပဲဗျာ။ ခင်ဗျားက မသွေးရသေးတဲ့ စိန်ရိုင်းကို မမြင်ဖူးဘူး မှတ်တယ်။ တွင်းထဲက ထွက်တဲ့အတိုင်း စိန်ရိုင်းဆိုတာမျိုးက အကွက်တွေ ဘာတွေ မဖော်ရသေးလေတော့ သိပ်ပြီး အရောင်မထွက်ဘူးဗျ။ သို့သော် အကွက်ဖော်လိုက်တဲ့အခါမှာ ပထမတန်းဆို ဆိုသလောက် မီးကောင်းပြီး အရောင်တဖျတ်ဖျတ် ထွက်လာတာမျိုးကိုးဗျာ။ သြော် ခင်ဗျားက စိန်အရိုင်းအတိုင်း မမြင်ဖူးသေးပဲ ဟာကိုး။ ရော့ ဒါဖြင့် ကြည့်စမ်းပါဦး' ဟု ဆိုကာ ဦးပေါလုံသည် သားရေအိတ်ကလေးထဲ၌ ထည့်ထားသော စိန်ရိုင်းကို ဘကျော်လှအား ပြလေ၏။





ဘကျော်လှသည် စိန်ရိုင်းကို မမြင်ဖူးသည့်အလျောက် အတော် အတန် အံ့သြသော မျက်နှာထားဖြင့် ထိုဝတ္ထုကို အထက်အောက် လှန်ကာ ကြည့်ရှုပြီးနောက် ကျောက်စားပွဲပေါ်သို့ တင်ထားလိုက်လေ၏။

လုံ။ ။ 'မိတ်ဆွေက စိန်အရိုင်းအတိုင်း မမြင်ဖူးတော့ ဒီဥစ္စာ စိန်အစစ်ပါပဲ ဆိုတာ မယုံကြည်နိုင်ဘူး မှတ်တယ်။ ခင်ဗျား မယုံရင် မဂို (ရွှေဘုံသာ) လမ်းက စိန်ဘာဘူတွေကို သွားပြချေ။ တစ်ထောင်မပေးဘူးဆိုတော့ ကျုပ်ပါး လာရိုက်လှည့်ဗျာ'

လှ။ ။ 'ယုံပါတယ်ခင်ဗျာ၊ စိန်စစ် မဟုတ်တာကို စိန်စစ်လုပ်ပြီး ခင်ဗျားက ကြွားပြောနေစရာ ဘာအကြောင်း ရှိလို့လဲဗျ။ ကျွန်တော့်ကို ကြွားပြောလို့လည်း ခင်ဗျားမှာ ဘာအကျိုးရှိမှာလဲ'

လုံ။ ။ 'ဟုတ်သေးရဲ့လားဗျာ၊ စိန် စစ် မစစ်ကို ခင်ဗျား သွားပြီး ခုံစမ်းကြည့်စေချင်တယ်'

လှ။ ။ 'ယုံပါပြီ ထားလိုက်ပါတော့ ခင်ဗျာ။ စိန်ဆိုမှပဲ ပြီးရောပေါ့ ....'

လုံ။ ။ 'ဒါဖြင့် ခင်ဗျား ကောင်းကောင်းကြီး ယုံပြီနော်'

လှ။ ။ 'ယုံပါပြီ ခင်ဗျာ'

လုံ။ ။ 'ကိုင်း .... ယုံလို့ရှိရင် ကျုပ် ပြောပြဦးမယ်။ ဟောဒီစိန်ဟာ ကျုပ်ကိုယ်တိုင် လုပ်ယူတဲ့ စိန်ဗျ'

ထိုအခါ ဘကျော်လှသည် စိန်ရိုင်းနှင့် ဦးပေါလုံ၏ မျက်နှာကို တစ်လှည့်စီကြည့်ကာ အလွန်ဇာရာ အံ့သြသော မျက်နှာထား ရှိနေလေ၏။

လှ။ ။ 'ဘယ်လို ပြောလိုက်တာလဲဗျ၊ ဒီစိန်ကို ခင်ဗျား လုပ်တယ်လား'

လုံ။ ။ 'ကျုပ်ကိုယ်တိုင် လုပ်ထားတဲ့ စိန်ရိုင်းဗျ၊ တယ်ကြီးလည်း မခဲယဉ်းပါဘူး။ အချိန်က နာရီဝက်နဲ့၊ ကိရိယာတန်ဆာဖိုး သုံးကျပ်ခွဲ ရှိရင်



www.burmeseclassic.com

www.burmeseclassic.com



ဒီစိန်မျိုး တစ်လုံးဖြစ်အောင် ကျုပ် လုပ်နိုင်တာပဲ။ ပြချင်တဲ့ ဘာဘူကို ခင်ဗျား သွားပြချေ။ စိန်စစ် မဟုတ်ပါဘူးလို့ ဆိုခဲ့လို့ရှိရင် ခင်ဗျားကို ကျုပ်က ငွေတစ်ထောင် အလကား ပေးမယ်ဗျာ'

လှ။ ။'ဒါဖြင့် ခင်ဗျားက ဓာတုဗေဒစိန်လို့ ဆိုချင်တာပေါ့လေ'

လုံ။ ။'ဘယ်ကလာ ဓာတုဗေဒရမှာလဲ။ ဓာတုဗေဒ ဆိုလိုက်တော့ စိန်အစစ် မဟုတ်ဘူးလို့ အဓိပ္ပာယ် ရောက်နေတာပေါ့ဗျ။ ဒီဟာက ဘယ် ဆိုင်က စိန်ဘာဘူမဆို ငွေတစ်ထောင်ပေးပြီး သွက်သွက်ကြီး ဝယ်ယူမယ့် စိန်အစစ်ဗျ။ ခင်ဗျား ဓာတုဗေဒကို ဘယ်သူက တစ်ထောင် ပေးဝယ်မှာလဲ။ ဒီဟာက ကျုပ်ကိုယ်တိုင် လုပ်ထားတဲ့ စိန်အစစ်ဗျ။

'ဒါထက် နေစမ်းပါဦး၊ လောကဓာတ်ပညာအကြောင်း ခင်ဗျား သင်ခဲ့ဖူးတယ် မဟုတ်လား'

လှ။ ။'ဟုတ်ကဲ့၊ အိုက်အက်စီ အတန်းမှာ နှစ်နှစ်လောက် ကျွန်တော် သင်ခဲ့ဖူးပါတယ်'

လုံ။ ။'ဒါဖြင့်ရင် ကမ္ဘာမြေကြီးထဲမှာ စိန်များဟာ ဘယ်လို ဖြစ်ပေါ်လာတယ်ဆိုတဲ့ အကြောင်းကို နည်းနည်းပါးပါး သင်ခဲ့ဖူးမှာပေါ့'

လှ။ ။'သင်တော့ သင်ခဲ့ဖူးတာပဲ ခင်ဗျား၊ ကောင်းကောင်း မမှတ်မိတော့ပါဘူး'

စင်စစ်မှာ ဘကျော်လှသည် ကမ္ဘာမြေကြီးအတွင်း၌ သတ္တုများ ဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်း အနည်းငယ်မျှ သင်ခဲ့ရဖူးသည့်အလျောက် အတော်အတန် ခေါက်မိသော်လည်း ဦးပေါလုံဆိုသူ၏ အသားယူကာ ရှင်းလင်းပြောပြလိုခြင်း တည်းဟူသော ဆန္ဒကို ရိပ်မိသည်ဖြစ်၍ မိမိက တစ်ပြားတစ်ချပ် မကုန်ကျရဘဲနှင့် လူတစ်ယောက် အသားရသွားမည်ဆိုလျှင် ယူချင်သလောက် ယူပါစေဆိုသော ဝါသနာမျိုးလည်း ရှိသည်ဖြစ်သောကြောင့် မသိနားမလည်ဟန် ပြုနေခဲ့ခြင်း ဖြစ်လေ၏။ သို့ဖြစ်၍ ....





လှ။ ။'ကျွန်တော် ထင်တာကတော့ စိန်ဆိုတာမျိုးဟာ ဘာသာဘာဝအလျောက် ဖြစ်ပေါ်လာတယ်လို့ ထင်မိတာကိုး ခင်ဗျာ'

လုံ။ ။'ဖြစ်ဆို ဒီလိုလေ၊ ဖြစ်ပုံ ကျုပ် ပြောပြဦးမယ်။ ခင်ဗျားက ကောလိပ်ကျောင်း နေခဲ့ဖူးတော့ နားနီးမှာပါပဲ။ စိန်ဆိုတာ ဓာတုဗေဒနည်းနဲ့ ခွဲခြမ်းဆန်းစစ်ကြည့်လိုက်တော့ ဘာမှ မဟုတ်ဘူးဗျ၊ ကာဗွန်ဓာတ်ပဲ။ မီးသွေးတို့၊ ကျပ်ခိုးတို့ ဆိုတာမျိုးတွေလိုပေါ့ဗျာ'

လှ။ ။'မီးသွေးကတော့ မည်းတယ်၊ အရောင်လည်း မထွက်ဘူး။ စိန်ကတော့ ဖြူပြီး အရောင်တလက်လက် ထွက်ပါကလားဗျာ ....'

လုံ။ ။'အို .... ဒါက မဆိုင်ပါဘူး။ ဓာတ်သဘာဝ တူပေမယ့် အသွေးအရောင် ကွဲတာ၊ အနံ့ အရသာ ကွဲတာ အကုန်ပေါ့ဗျာ။ သို့သော် ခင်ဗျား နားလည်အောင် ကျုပ် ပြောဦးမယ်။ ကြံရည်ကို ခင်ဗျား ကြည့်စမ်း၊ သူ့အတိုင်းကြည့်ရင် ဖြူလည်း မဖြူဘူး၊ အရောင်လည်း မရှိဘူး၊ သို့သော် .... အဲဒီ ကြံရည်ဟာ အပူနဲ့ တွေ့တဲ့အခါမှာ သကြားဖြစ်လာပြီး အသွေးကလည်း ဖြူတယ်၊ အရောင်ကလည်း ရှိတယ်။ အဲဒီလိုပေါ့ဗျာ။ နေဦး၊ ကျုပ် ပြောဦးမယ်။ ကျုပ်တို့ ကမ္ဘာမြေကြီးဟာ သစ်ပင်တွေ မပေါက်ခင်၊ လူတွေ ဘာတွေ မနေခင် ဟို .... ပဌမတုန်းကတော့ အင်မတန်ပူပြင်းတဲ့ ဓာတ်ခိုး၊ ဓာတ်ငွေ့တွေ စုပေါင်းဖွဲ့စည်းနေတဲ့ ဧရာမ ဟာကြီး ပေါ့ဗျာ။ အဲဒီ ဓာတ်ခိုး၊ ဓာတ်ငွေ့တွေ အမျိုးမျိုးထဲမှာ ကာဗွန်ဆိုတဲ့ ဓာတ်လည်း ပါတယ်။ အင်မတန် ပူပြင်းပြီဆိုမှဖြင့် ဘယ်ဝတ္ထု ပစ္စည်းမျိုးမဆို လောင်ကျွမ်းရတယ် မဟုတ်လားဗျ။ လောင်ကျွမ်းပြီးတဲ့နောက် မည်းမည်းကြီး မီးသွေးလို ကျန်နေရစ်တယ် မဟုတ်လား။ အဲဒီ မီးသွေးဟာ ကာဗွန်ဓာတ်ပဲဗျ။ ဒါနဲ့ ဧရာမ အခိုးအငွေ့လုံးကြီးဟာ ကာလအတန်ကြာတော့ တဖြည်းဖြည်း အေးလာရတယ် မဟုတ်လား။ အဲဒီလို အေးလာတဲ့ အခါကျတော့ နဂိုအရွယ်လောက် မကြီးတော့ဘဲ ကျုံ့ဝင်သွားရတဲ့ သဘာဝ ရှိတယ်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



လှ။ ။'အဝတ်များ ရေလျှော်လိုက်တော့ ကျုံ့ဝင်သွားတာမျိုး လိုလား;'

လုံ။ ။'ကဲ .... ထားပါတော့ဗျာ၊ အဲဒီလိုပဲ ဆိုပါတော့။ အဲဒီလို ကျုံ့ဝင်သွားတဲ့ အခါကျတော့ ဘယ့်နှယ် ဖြစ်သလဲ သိလား ....'

လှ။ ။'ကျုံ့ဝင်သွားတော့ သေးသွားတာပေါ့ဗျ'

လုံ။ ။'ကျုံ့ဝင်သွားတဲ့ အခါကျတော့ ဓာတုဗေဒ စကားနဲ့ ပြောရရင် ဖိနှိပ်ခြင်းဆိုတဲ့ ခွန်အားတွေ ဖြစ်ပေါ်လာတယ်ဗျ။ ခင်ဗျား စဉ်းစား ကြည့်လေ၊ တန်ချိန်ပေါင်း အသင်္ချေ၊ အသင်္ချာ အလေးချိန်ရှိတဲ့ ကမ္ဘာမြေကြီး လောင်းဖြစ်တဲ့ အခိုးအငွေ့လုံးကြီးဟာ တဖြည်းဖြည်း အေးလာလို့ တောင် ကြီးတွေ၊ ကျောက်ဆောင်ကြီးတွေအဖြစ် ရောက်အောင် မာမာကြီး ဖြစ်လာတဲ့ အခါမှာ အဲဒီ ကျောက်တောင်ကြီးတွေ အကြိုအကြားမှာ ကပ်ကပ်သပ်သပ် ညပ်ဝင်နေတဲ့ ကာဗွန်ဓာတ်တွေဟာ ကျောက်တောင်ကြီးများရဲ့ ကြောက် ခမန်း၊ လန့်ခမန်း ဖိနှိပ်ခြင်းကို ခံရတာကိုးဗျ။ အဲဒီတော့ ဘာဖြစ်သလဲ သိလား' ဟု မေးလျက် ရုတ်တရက် ဆက်လက်၍ မပြောသေးဘဲ တန့်ရပ် နေလေရာ .... ဘကျော်လှကမူ မည်ကဲ့သို့သော အဖြေမျိုး ပေးစေလိုသည်ဟု အကဲမခတ်နိုင်သဖြင့် 'ဒီတော့ ဘာဖြစ်သလဲ' ဟူ၍သာ ပြန်၍ မေးရလေ၏။

လုံ။ ။(ဘကျော်လှ၏ ပခုံးကို ပုတ်လျက် အဓိပ္ပာယ် လေးနက် စေလိုသော သဘောနှင့် မိမိ၏မျက်နှာကို ဘကျော်လှ၏ မျက်နှာအနီးသို့ ချဉ်းကပ်၍) 'ဒီတော့ ဘာဖြစ်တယ် မှတ်သလဲ၊ စိန်တွေ ဖြစ်လာတယ်ဗျ .... စိန်တွေ' ဟု ပြောဆိုပြီးလျှင် ဦးပေါလုံသည် ထိုကဲ့သို့ ဖြစ်ပေါ်လာသော စိန်များမှာ မိမိ၏ လုံ့လပယောဂ အစွမ်းဖြင့် ဖြစ်လာရတော့သည့် အလား ကဲ့သို့ အသားယူသော မျက်နှာထားမျိုးဖြင့် ပြုံးပြုံးကြီးလုပ်ကာ ကြည့်နေ လေတော့၏။

ထိုအခါ ဘကျော်လှမှာ လူပြိန်း လူအ တစ်ယောက်၏ မျက်နှာထား





မျိုးကို ဟန်ဆောင်ခြင်း အရာဌာန၌ ပထမတန်း ကျွမ်းကျင်သူတစ်ယောက် ဖြစ်လေရကား၊ အကြီးအကျယ် အံ့သြသောကြောင့် အာခေါက်လာတော့ သည့် အမူအရာမျိုးဖြင့် အရက်ဖန်ခွက်မှ တစ်ကျိုက်နှစ်ကျိုက်မျှ ကျိုက်ချပြီး လျှင် ဦးပေါလုံ၏ ပညာဗဟုသုတကို အံ့သြချီးကျူးသော အနေမျိုးဖြင့် ဦးပေါလုံ၏ မျက်နှာကို ငေးကြည့်နေလေ၏။ သူ့မျက်နှာထားကို တွေ့မြင် ရသော ဦးပေါလုံမှာ အကျေနပ်ကြီး ကျေနပ်လှ၍ အရက်များ ကုန်လုဆဲဆဲ ရှိနေသော ဖန်ခွက်များထဲသို့ ဝီစကီထပ်၍ ဖြည့်ထည့်စေရန် ဘွိုင်ကုလား အား အော်ဟစ်ကာ အမိန့်ပေးလိုက်သေး၏။

ဦးပေါလုံသည် ဘကျော်လှအား အံ့သြခြင်း တည်းဟူသော အရသာ ကို အားရအောင် ခံစားစေလိုသော ရည်ရွယ်ချက်နှင့် ဆက်လက်၍ စကား မပြောသေးဘဲ အတန်ကြာသည့်တိုင်အောင် ဆိုင်းငံ့နေရင်း မိမိဖန်ခွက်မှ ဝီစကီအနည်းငယ်ကို မော့ချ၍ ဤသို့ ပြောပြန်လေ၏။

လုံ။ ။'ဟုတ်တယ် မိတ်ဆွေ၊ မှနင်က ကျုပ်ပြောခဲ့တဲ့ အတိုင်းပဲ။ ကျောက်တောင်တွေ ကြားထဲမှာ ကာဗွန်ဓာတ်တွေ ညပ်ပြီး စိန်ဆိုတာတွေ ဖြစ်လာပါရောဗျာ။ အဲ .... ကျုပ်ကလည်းပဲ အဲဒီနည်းအတိုင်း လုပ်တာပဲဗျ။ နို့ပေမယ့် ကမ္ဘာမြေကြီးကို ပုအောင်လုပ်ပြီး အေးအောင် ကျုပ် ပြန်လုပ်တယ် လို့တော့ မဆိုလိုဘူးပါဗျာ။ သူ့ဟာက သဘာဝနည်းကိုးဗျ။ အဲ .... ကျုပ် ကလည်း အဲဒီနည်းအတိုင်းလိုက်ပြီး အသေးစားကလေး သဘောနဲ့ လုပ်ယူ တာပေါ့ဗျ'

ဘကျော်လှသည် အပြင်းအထန် စဉ်းစား စိတ်ကူးနေသည့် သဘော မျိုးနှင့် (နဖူးရေကို တွန့်ကာ မျက်မှောင်ကြုတ်လျက် စိုက်ငေးနေလေ၏။) ထိုနောက်မှ ....

လှ။ ။'သြော် ....ခင်ဗျားပြောတော့မှ စိန်များ ဖြစ်ပုံဖြစ်နည်းကို ကျောင်းမှာ သင်ခဲ့ရတုန်းက ဟာတွေ ပြန်ပေါ်လာတယ်ဗျို့။ ဒါထက် နေဦး



www.burmeseclassic.com

www.burmeseclassic.com



ပါဦးဗျာ။ ဂျာမန် ပရော်ဖက်ဆာကြီး တစ်ယောက်ဟာလည်း သံတုံး သံခဲတွေကို အပြင်းအထန် ပူရာကနေပြီး ရုတ်တရက် ချက်ချင်း အေးသွားအောင် လုပ်တဲ့နည်းနဲ့ စိန်ဖြစ်အောင် လုပ်နိုင်တယ်လို့ ကျွန်တော် ဖတ်လိုက်ရဖူးတယ် မှတ်ပါတယ်'

လုံ။ ။'ကျုပ်လည်း ကြားလိုက်ရပါတယ်။ ဒါပေမယ့် သူ လုပ်နိုင်တာက ဆယ်လုံး၊ ဆယ့်နှစ်လုံး၊ တစ်ရတီရှိတဲ့ စိန်အသေးအမွှားကလေးတွေလောက်သာ ဖြစ်တာကိုးဗျ။ ပြီးတော့လည်း သူ့နည်းက တကယ့် တွင်းထွက်စိန်ထက် ဆယ်ဆလောက် စရိတ်ကြီးနေသတဲ့။ ဖြစ်ရန်တော့ ဖြစ်ကဲ့၊ နို့ပေမယ့် ဈေးမကိုက်လို့ ခင်ဗျာ့လူစု လက်လျှော့နေရပါပကောဗျ။ ကျုပ်နည်းက သုံးရတီမှ သုံးကျပ်ခွဲလောက် ကုန်တဲ့ပြင်၊ သူတို့လို ကြီးကြီးကျယ်ကျယ် ဓာတ်ရုံကြီးတွေ ဘာတွေ တည်ဆောက်နေဖို့ မလိုဘူးဗျ။ ဘယ်နေရာ ထိုင်လုပ်လုပ် ဖြစ်တာပဲ။ တော်တဲ့ ရေချိုးခန်း တစ်ခုရရင် ကျုပ်နည်းက လုပ်ဖြစ်တော့တာပဲဗျ' ဟု ပြောပြီးနောက် ဖန်ခွက်မှ အရက် တစ်ကျိုက်နှစ်ကျိုက်သောက်၍ နှုတ်ခမ်းများကို လက်ကိုင်ပဝါဖြင့် သုတ်လျက် ဘကျော်လှ၏ မျက်နှာကို အကဲခတ်နေလေ၏။ ထို့နောက်မှ ....

လုံ။ ။'ဘယ့်နှယ်လဲ၊ ခင်ဗျားက ကျုပ်ကို မယုံဘူးလား'

လှ။ ။'မယုံတော့ မရှိပေါင်ဗျာ .... ဒါပေမယ့် မေးပါရစေဦး။ ခင်ဗျားက ကျောင်းမှာ ပညာ ဘယ်လောက်သင်ခဲ့လို့လဲ'

လုံ။ ။'ကျုပ်လား .... ကျုပ်က ကာလကတ္တား ယူနီဗာစီတီသွားပြီး ဘီအက်(စ)စီ သင်ခဲ့ပြီးတဲ့နောက်၊ ဓာတုဗေဒအလုပ်ကို ဝါသနာထုံတာနဲ့ ဆယ်နှစ်လုံးလုံး စိန်လုပ်တဲ့နည်းကို လက်တွေ့ စုံစမ်းလာလိုက်တာ အမွေရထားတဲ့ ငွေနှစ်သောင်းကျော် သုံးသောင်း ပြုတ်ပြုတ် ပြုန်းခဲ့ပါရောလားဗျ'

**(မှတ်ချက်–ထိုစကားမှာမူ အမှန်တိုင်း ဖြစ်၏။)**

လှ။ ။'သြော် .... တော်တော်ကြီး ငွေကုန် ကြေးကျခံပြီး လိုက်စားထားခဲ့တာကိုး'





လုံ။ ။'ဘာပဲပြောပြော၊ ခင်ဗျားက မယုံနိုင်ဘူး မဟုတ်လား။ မယုံနိုင်ဘူးဆိုရင်လည်း ခင်ဗျားကို ကျုပ်က အပြစ်မဆိုသင့်ပါပေဘူး။ ယုံနိုင်စရာ မရှိဘူးဆိုတာကိုလည်း ကျုပ် သိပါတယ်။ ဒါပေမယ့် ကျုပ်ဟာ ...သားသုံးတဲ့ လူတစ်ယောက် မဟုတ်ပါဘူးဗျ'

လှ။ ။'မှန်ပါတယ် .... မှန်ပါတယ်'

လုံ။ ။'ကျုပ်က ဘယ်တော့မှ လိမ်ပြောတဲ့ လူတစ်ယောက် မဟုတ်ဘူး ....နားလည်လား။ သို့သော် ယုံကြည်ဖို့ ခဲယဉ်းတယ် ဆိုတာကိုတော့ ကျုပ် နားလည်တယ်။ ကိုင်း .... စကားရှည်ရှည် ပြောမနေဘူးဗျာ။ ခင်ဗျား ယုံကြည်လောက်အောင် ကျုပ် လုပ်ပြမယ်။ ခင်ဗျားနဲ့ ကျုပ်နဲ့ ခုနကမှ စ တွေ့ကြပေမယ့် ခင်ဗျား လူပုံလူပန်း ကြည့်ရတာ ကျုပ်နဲ့ နေရာကျလိမ့်မယ် ထင်တယ်။ "ကိုင်း ကျွန်းမှီ၊ ကျွန်း ကိုင်းမှီ" ဆိုတာလို ခင်ဗျားနဲ့ ကျုပ်နဲ့၊ တစ်ယောက်တစ်ယောက် အပြန့်အလှန် ကျေးဇူးပြုနိုင်ကြလိမ့်မယ် ထင်တယ်။ ဘယ့်နှယ်လဲဗျ၊ ဘာပြောချင်သလဲ'

လှ။ ။(လူရိုးကလေး၏ မျက်နှာထားမျိုးဖြင့်) 'ဘာမှ မပြောချင်ပေါင်ဗျာ'

လုံ။ ။'ဒီလိုလေ မိတ်ဆွေ၊ ခင်ဗျား ယုံကြည်လောက်အောင် ခင်ဗျား မျက်စိအောက်မှာ ကျုပ် လုပ်ပြမယ်၊ နာရီတစ်ဝက်လောက် ခင်ဗျား အားဘူးလား၊ ဘယ့်နှယ်လဲ'

လူတကာကို အမဲဖမ်းလာခဲ့သော ဘကျော်လှသည် မိမိအား အမဲဖမ်းရန် အကြံဖြင့် နူးနပ်လျက်ရှိသော ဦးပေါလုံ၏ စကားများကို နားထောင်လျက်ရှိစဉ်၊ တစ်ခါတစ်ရံ ဝမ်းထဲ၌ ယားကျိကျိ ဖြစ်လာ၍ မရယ်မောမိစေရန် အထူးသတိပြု၍ နေရလေတော့၏။

နောက်ဆုံး၌ ဘကျော်လှက အားလပ်ပါသည် ဆိုသဖြင့် လူနှစ်ယောက်တို့သည် ဂလုပ်ရုံမှ ထွက်လာခဲ့ကြ၍ ဦးပေါလုံသည် ဘကျော်လှ



www.burmeseclassic.com

www.burmeseclassic.com



ကို ဘရကင်းလမ်း (ဘိုကလေးဈေးလမ်း) ၌ရှိသော သူ၏နေအိမ် တိုက်ခန်းသို့ ခေါ်သွားလေ၏။

*

ဦးပေါလုံ၏ အိမ်ထောင်မှုပစ္စည်းများ အတော်ပင် သားသားနားနား ရှိသည့်အဖြစ်ကို တွေ့ရသဖြင့်၊ အချို့သော ဥရောပ တိုက်သားများကဲ့သို့ တိုက်ခန်းကိုသာမက အိမ်ထောင်မှု ပစ္စည်းများပါ တပါတည်း ငှားရမ်းထားဟန်တူသည်ဟု ဘကျော်လှ အကဲခတ်မိလေ၏။ ဦးပေါလုံ၏ အခန်းမှာ သုံးထပ်တိုက် တစ်တိုက်တွင် အပေါ်ဆုံးထပ်၌ တည်ရှိလေရာ ဦးပေါလုံသည် ဘကျော်လှအား သူ၏ ဧည့်ခန်းတွင် ဝီစကီ၊ ဆိုဒါများနှင့် ဧည့်ခံသေး၏။ တစ်ခွက်စီ သောက်ကြပြီးနောက် ဦးပေါလုံက 'ကိုင်း ....လာ၊ လုပ်ပြမယ်ဆိုတဲ့ စကားအတိုင်း ခင်ဗျား မျက်စိအောက်တွင် လုပ်ပြမယ်။ လာခဲ့' ဟု ဆို၍ နောက်ဖေးဆောင်သို့ ခေါ်သွားလေရာ ထိုအခန်း၌ကား ကျောက်စားပွဲတစ်လုံး၊ တံဆိပ်များ ကပ်ထားသော ဆေးရည်ပုလင်းများသည် နေရာတကျ သပ်ရပ်စွာ စီတန်းလျက် ရှိကြလေ၏။ ထို့ပြင် ဖန်ဘူး၊ ဖန်ချောင်း၊ ဖန်ပြွန် အစရှိသည့် ဓာတုဗေဒဆရာများ အသုံးပြုသော ဝတ္ထုပစ္စည်းများမှာလည်း ကြွက်လှျောက်ပေါ်တွင် သပ်ရပ်စွာ စီတန်းလျက် ရှိကြလေ၏။

ဦးပေါလုံသည် လိုအပ်သော ကိရိယာတန်ဆာများကို လှမ်းယူရင်း 'ကိုင်း .... ဗျား၊ ကျေနပ်လောက်အောင် ကြည့်သွားစမ်းပါ။ ခင်ဗျား မျက်စိအောက်တွင် ရှင်းရှင်းကြီး လုပ်ပြလိုက်ပါမယ်' ဟု ပြော၍ ပုလင်းတစ်လုံးကို ကိုင်မြှောက်၍ 'ဟောဒါက မဂ္ဂနီစီယမ်ဓာတ်ဗျ' ဟု ဆို၍ အမှုန့်အနည်းငယ်ကို ကျောက်စားပွဲပေါ်သို့ သွန်ထည့်လေ၏။ ၎င်းနောက် အခြားပုလင်းတစ်လုံးကို လှမ်းယူလျက် 'ဟောဒါက သံမှုန့်ဗျ' ဟုဆိုကာ ထိုနည်းအတူ ကျောက်စားပွဲပေါ်သို့ အနည်းငယ် သွန်ထည့်လေ၏။ ထိုနောက်မှ တံဆိပ်မပါသော တတိယပုလင်းတစ်လုံးကို လှမ်းယူ၍ မဲတဲတဲအရောင်ရှိသော





အမှုန့်များကို အပေါ်ဆုံးမှ သွန်ထည့်ပြီးလျှင် သုံးမျိုးလုံးကို ဒန်ဇွန်းကလေးတစ်ဇွန်းဖြင့် မွှေနှောက်ရောစပ်လေ၏။

'ဟို နှစ်မျိုးကိုတော့ ခင်ဗျား သိတယ်၊ တတိယ အမှုန့်ကိုတော့ ကျုပ် မပြောနိုင်ဘူး။ စိန်လုပ်တဲ့နေရာမှာ ဒီဆေးမှုန့်ဟာ အခရာပဲ' ဟု ပြောသေး၏။

ထို့နောက် ဦးပေါလုံသည် သံပုရာသီးခန့် ပမာဏရှိသော လုံးတစ်လုံးကို ယူ၍ ကျောက်စားပွဲပေါ်၌ ရောစပ်ထားသော အမှုန့်များကို လုံးထဲသို့ သေချာစွာ ယက်ထည့်ပြီးမှ ဘကျော်လှဘက်သို့ လှည့်၍ 'ဒီလိုဗျ မိတ်ဆွေ၊ ခင်ဗျားနားလည်အောင် ကျုပ် ရှင်းပြဦးမယ်။ မဂ္ဂနီစီယမ်ဆိုတဲ့ဓာတ်ကို သံမှုန့်နဲ့ရောပြီး ကျိုလိုက်တဲ့အခါကျရင် ဒီဂရီ သုံး လေး ထောင် ပူပြင်းတဲ့ တေဇောဓာတ် ဖြစ်လာတယ်။ ဒီတေဇောဓာတ်ဟာ ဟိုတုန်းက ကမ္ဘာကြီး အရည်ပျော်နေစဉ်က တေဇောဓာတ်မျိုးလောက်တော့ မပြင်းထန်လှဘူးပေါ့ဗျာ၊ သို့သော် အဲဒီလောက်နီးနီး ပူပြင်းတာပဲ။ အဲဒီ တေဇောဓာတ်ကြောင့် သံမှုန့်ကလေးတွေဟာ အရည်ပျော်သွားရော၊ အဲဒီအခါမှာ ကျုပ် ခုနင်က ထည့်လိုက်တဲ့ မဲ့တဲတဲ အမှုန့်ဟာလည်း သံမှုန့်နဲ့အတူ သမသွားရောဗျ။ အဲဒီ မဲ့မဲ့တဲတဲ အမှုန့်ဟာက သူ့သဘာဝရင်းမှာ စိန်နဲ့ အတူတူပဲဗျ'

ဘကျော်လှသည် ပရော်ဖက်ဆာ ဆရာကြီး၏ စကားကို ကျောင်းသား တစ်ယောက်က နားထောင်လျက်ရှိသည့် မူးက်နှာထားမျိုးဖြင့် ဦးပေါလုံ၏ စကားကို နားထောင်လျက်ရှိစဉ် ဦးပေါလုံသည် မီးခြစ်ဆံတစ်ချောင်းကို ခြစ်၍ ဆေးမှုန့်များ ထည့်ထားသောလုံးကို မီးရှို့လိုက်လေ၏။ ထိုအခါ မျက်လုံးများကို ဖောက်ထွင်းသွားမတတ် တောက်လင်းလှသော မီးတောက်တစ်ခု ရုတ်တရက် ပေါ်ထွက်လာ၍ တရှူးရှူးမြည်သော အသံနှင့် တကွ ဖြစ်ပေါ်လာလေ၏။ ဘကျော်လှမှာ လုံထားသော နေရာနှင့် ၇ တောင်၊ ၈ တောင်ခန့် ကွာလှမ်းသော်လည်း မီးတောက်မှ အပူငွေ့သည် သူ၏ပါးပြင်



www.burmeseclassic.com

www.burmeseclassic.com



ကို ဟပ်လေသေး၏။ ဘကျော်လှသည် လုံကလေးကို စိုက်၍ကြည့်နေစဉ် လုံမှာ ပထမ၌ နီလာ၍ ပန်းရောင်သို့ ကူးပြောင်းပြီးလျှင် နောက်ဆုံးတွင် ဖွေးဖွေးဖြူသောအရောင် ဖြစ်လာ၍ လုံပါ တောက်လောင်လျက် ရှိလေတော့၏။

လုံ။ ။'ကိုင်း မြင်လား မိတ်ဆွေ၊ ဘယ်လောက် ပူပြင်းတယ်ဆိုတာ ခင်ဗျား တွေ့ပြီ မဟုတ်လား။ ခုနေအခါမှာ ကျုပ် ထည့်ထားတဲ့ ကာဗွန်ဓာတ် ဟာ သံရည်အတွင်းမှာ တစ်မျိုးတစ်မည် သဘာဝပြောင်းနေရော့မယ်ဗျ။ ကျုပ်တို့ အခုမြင်ရတဲ့ အပူဓာတ်ဟာ ဟိုတုန်းက ကမ္ဘာမြေကြီး အရည်ပျော် စဉ်က အပူဓာတ်လောက်တော့ မပြင်းဘူးပေါ့ဗျာ၊ အဲဒီလောက် ပြင်းအောင် ကိုလည်း ဘယ်လောကဓာတ်ဆရာမှ လုပ်မယူနိုင်ဘူးပေါ့ဗျာ။ သို့သော် အဲဒီချို့ယွင်းချက်ကို ကျုပ်က ဘယ်လိုလုပ် ယူသလဲဆိုတော့ ဟိုတုန်းကတော့ ကမ္ဘာမြေကြီးဟာ သူ့ဟာနဲ့သူ တဖြည်းဖြည်းကလေး အေးသွားတယ်၊ ကျုပ် ကတော့ ဒီဟာကို စက္ကန့်တစ်မတ်အတွင်း ရုတ်ခနဲအေးအောင် လုပ်နိုင်တယ်။ ဒီတော့ကာ ကျုပ်လုပ်ထားတဲ့ တေဇောဓာတ်က သဘာဝလောက် မပြင်း သော်လည်း ရုတ်ခနဲအေးအောင် လုပ်တဲ့အတွက် ဥတု အပြောင်းအလဲဟာ အင်မတန် ပြင်းထန်တယ်ဗျ။ အဲဒီလို ရုတ်တရက် ဥတုပြောင်းလဲခြင်းအတွက် ကြောင့် လောကဓာတ် စကားအားဖြင့် ဖိနှိပ်ခြင်းဆိုတဲ့ ခွန်အား ဖြစ်ပေါ် လာတယ်ဗျ၊ အဲဒီ ခွန်အားအတွက်ကြောင့် ကျုပ်ထည့်ထားတဲ့ ကာဗွန်မှုန့်ဟာ စိန်ဖြစ်သွားရတာပဲ။ သို့သော် အနောက်နိုင်ငံက ဂျာမန်လောကဓာတ် ဆရာ တွေက ဒီဂရီ ၃-၄ ထောင် ပူပြင်းနေတဲ့လုံကို စက္ကန့်တစ်မတ်အတွင်း ရုတ်ခနဲ အေးစေနိုင်တဲ့နည်းကို သူတို့ မတွေ့သေးဘူး၊ ကျုပ်က တွေ့ထား တယ်။ သူတို့နဲ့ ကျုပ်နဲ့ အဲဒါ ကွာတာပဲ။ စိန်ဆိုတာ တခြားမဟုတ်၊ ကာဗွန်ဓာတ် ဖြစ်တယ် ဆိုတာကတော့ လောကဓာတ်ပညာမှာ က ကြီး၊ ခ ခွေး ရှိသေးလို့ လူတိုင်း သိကြတာပဲ'





ထိုနောက် ဦးပေါလုံသည် စားပွဲအောက်၌ထားသော ကိရိယာ ကလေးတစ်ခုကို ဆွဲယူလိုက်ရာ ထိုကိရိယာမှာ စက်ဆီဘူးနှစ်လုံးကို မာတ် ကြိုးများဖြင့် သွယ်ထားသကဲ့သို့ ရှိနေ၍ အကြောင်းကို မသိသော သူတို့မှာ မည်သည့်အတွက် အသုံးပြုသည်ဟု ရိပ်မိနိုင်မည် မဟုတ်ချေ။ ဦးပေါလုံကမူ ထိုကိရိယာကလေးကို တရိုတသေနှင့် ဖြည်းညင်းစွာ ကိုယ်တွယ်သည်ကို ထောက်သဖြင့် သူ့အဖို့ အလွန်တရာ အရေးကြီးဟန် တူသည်ဟု ခန့်မှန်း နိုင်လောက်ပေ၏။

လုံ။ ။'ဟောဒီ ကိရိယာကလေးဟာ ဓာတ်လုံးတစ်ခုကို အမြန်ဆုံး အေးအောင် လုပ်နိုင်တဲ့ အစွမ်းသတ္တိ ရှိတာယ်ဗျ၊ ဘယ်လိုက ဘယ့်နှယ် အလုပ် လုပ်တယ် ဆိုတာကိုတော့ ခင်ဗျားကို ပြောပြလို့ နားလည်မှာ မဟုတ်ပါဘူး။ သို့သော် သိပ်ပြီး သဘာဝကျတဲ့ ကိရိယာကလေးဗျ၊ ဟောဒီလုံထဲက ဓာတ် ရည်ကို ဒီကိရိယာကလေးထဲ ထည့်ပေးလိုက်ရင် လက်ဖျစ်တစ်တွက်အတွင်း အေးသွားနိုင်တယ်ဗျ။ အပူချိန်ဒီဂရီ (၄၁၀၀) လောက်ကနေပြီး သုညဒီဂရီ အောက် တစ်ရာလောက် ရောက်သွားအောင် စက္ကန့်တစ်မတ်တိတိပဲ ကြာ တယ်။ ဒီတော့ ဘာဖြစ်လဲ၊ ခင်ဗျား သိလား'

လှ။ ။'ဒီတော့ကာ .... ဒီတော့ကာ ....'

လုံ။ ။'ဒီတော့ကာ ရုတ်ခနဲ အပြင်းအထန် ဥတုပြောင်းသွားတဲ့ အတွက် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ဖိနှိပ်ခြင်းဆိုတဲ့ ဓာတ်အား ဖြစ်ပေါ်တယ်ဗျ။ အဲဒီဓာတ်အားဟာ ဘယ်လောက် ကြီးမားပြင်းထန်သလဲ ဆိုရင် ဒုတစ်မိုင်၊ အနံတစ်မိုင်၊ အလျားတစ်မိုင်ရှိတဲ့ သံမဏိတုံးကြီးနဲ့ ဖိချလိုက်တာနဲ့ အတူတူပဲ'

ဦးပေါလုံသည် ထိုကိရိယာကလေး၏ အဖုံးကို ဖွင့်၍ လုံကလေးကို ညှပ်ရှည်ကြီးတစ်ချောင်းဖြင့် ညှပ်ယူပြီးလျှင် ဆီးကင်းခုန့် ပမာဏရှိသော ဓာတ်ရည်ကို လောင်းထည့်လိုက်လေ၏။ ထိုအခါ မီးရထားစက်ခေါင်းမှ



www.burmeseclassic.com

www.burmeseclassic.com



အခိုးထုတ်သကဲ့သို့ ရှုးခနဲမြည်သော အသံကြီး ဖြစ်ပေါ်လာသည့်အတူ ဒင်းကိရိယာကလေး၏ အဝမှ မီးရထားစက်ခေါင်းမှ လွှတ်ထုတ်သော ရေနွေးငွေ့များကဲ့သို့ပင် ဖြောက်မြားစွာသော ရေနွေးငွေ့များသည် ရုတ်တရက် ပန်းထွက်လာ၍ အခန်းကလေးတစ်ခုလုံး ပိတ်ဖုံးသွားမတတ် ရှိလေတော့၏။

လုံ။ ။'မြင်ရတော့မယ်၊ မကြာခင် ခင်ဗျားမျက်စိနဲ့ မြင်ရတော့မယ်' ဟု ပြောလျက်ရှိစဉ် ဘကျော်လှမှာမူ မိမိ၏ မိလ္လာစီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို ထုတ်၍ လက်သည်းခွံပေါ်တွင် ဆောင့်ကာ စဉ်းစားနေသော မျက်နှာထားနှင့် ငေးကြည့်နေလေ၏။ ထိုနောက်မှ ....

လှ။ ။'ကြံကြံစည်စည်ဗျာ၊ ဒီစိတ်ကူးကို ခင်ဗျား ဘယ်နည်းရတာလဲ'

လုံ။ ။'ကျုပ် ပြောခဲ့တဲ့အတိုင်း ဘီအက်စီအောင်ပြီး ၁၀ နှစ်လုံးလုံး အနောက်တိုင်းနည်းနဲ့ အင်္ဂရိတ်နောက် လိုက်ပြီး ငွေ နှစ်သောင်းကျော် သုံးသောင်း အကုန်ခံ စမ်းခဲ့တဲ့ အကောင်ဗျ။ ကျုပ်ဝါသနာက ငယ်ငယ်ကလေးကတည်းက ရတဲ့ မုန့်ဖိုးကလေးနဲ့ ဆေးဆိုင်ဝင်ပြီး ဟိုဓာတ်ဝယ်၊ ဒီဓာတ်ဝယ်။ ဟိုဟာနဲ့ရော၊ ဒီဟာနဲ့ရော။ ဟိုဓာတ်နဲ့ သည်ဓာတ်နဲ့စပ်။ တစ်ခါတုန်းက ဆေးမှုန့်ထောင်းနေတဲ့ ငရုတ်ဆုံက ဟုန်းဆို မီး ထတောက်လိုက်တာ မျက်ခုံးမွေးရော၊ မျက်တောင်မွေးရော အားလုံး လောင်သွားပြီး ပြောင်တင်းကြီးနဲ့ အကြာကြီး နေခဲ့ရပါသေးလားဗျာ့။ တော်တော်ကြီးလာတော့ လောကဓာတ်စာတွေ ဖတ်၊ အင်္ဂရိတ်ကျမ်းတွေ ဖတ်။ သူတို့အင်္ဂရိတ်က ရွှေလောက်သာ ဖြစ်နိုင်တယ်၊ အနောက်တိုင်း အင်္ဂရိတ်က စိန် ဖြစ်နိုင်တယ်။ ရွှေထက် စိန်က အဖိုးတန်တယ်ဆိုပြီး နောက်ဆုံးတော့ စိန်ဘက် မဲလိုက်သွားတာကိုး'

စင်စစ်မှာ ဦးပေါလုံသည် ငွေဖြောက်မြားစွာ အကုန်အကျခံ၍





အင်္ဂရိတ်ထိုးဖူးသည်ဆိုခြင်းကား အမှန်အတိုင်းပင် ဖြစ်၏။ အင်္ဂရိတ် ထိုးသူများနှင့် လောင်းကစားသူများသည် အလုပ်မလုပ်ဘဲနှင့် ငွေအဖြောက်အမြားရလိုသော သဘာဝ ဓာတ်ရင်းခံ ရှိသူများ ဖြစ်ကြလေရာ၊ အကြံအစည်အထ မမြောက်၍ လူများကို လိမ်ချဖို့ ဦးပေါလုံ၏ လုံ့လပြုခြင်းမှာလည်း အဆိုပါ သဘာဝမှ ဖြစ်ပေါ်လာသော အပြုအမူပင် ဖြစ်လေ၏။

ထိုနောက် ဦးပေါလုံသည် အင်္ကျီလက်ကို ပင့်၍ ကိရိယာကလေးထဲသို့ ကုန်းနှိုက်ပြီးလျှင် တစ်ဖန် စန့်စန့် ရပ်လိုက်သောအခါ၌ မွဲတဲတဲ အဆင်းရှိသော ကျောက်လုံးကလေးတစ်ခုသည် လက်ထဲ၌ ပါလာလေတော့၏။

လုံ။ ။(ကျောက်လုံးကလေးကို လက်ညှိုးနှင့် လက်မအကြား၌ ညှပ်ကာ လှမ်းပေးလျက်) 'ကိုင်းဗျာ ဟောဒီမှာ စိန်ရိုင်းကလေးပါပဲ။ မဂို (ရွှေဘုံသာ) လမ်းက ဘယ်စိန်ပွဲစားကိုမဆို ခင်ဗျား သွားပြရှေ့။ မဟုတ်ဘူးဆိုတော့ ကျုပ်ခေါင်းကို လာဖြတ်လှည့်'

ဘကျော်လှသည် အလွန်အံ့ဩဟန်ဖြင့် ကျောက်လုံးကလေးကို ကိုင်တွယ်ကြည့်ရှုလျက် ရှိစဉ်–

လုံ။ ။'ကျုပ်လောက် ကံဆိုးတဲ့လူဟာ လောကကြီးမှာ မရှိပါဘူးဗျာ'

လှ။ ။'ဘယ့်နှယ်လဲ ဆရာကြီးရယ်။ ငါးရာတန်၊ တစ်ထောင်တန် စိန်တွေကို လုပ်တတ်နိုင်ပါလျက်နှင့် ကံဆိုးတယ်ဆိုလို့ ဟုတ်နိုင်ပါ့မလား ခင်ဗျာ'

လုံ။ ။'လုပ်တော့ လုပ်တတ်ကဲ့၊ သုံးလောက် ၄ လောက်အောင် အစွဲထုတ်ရောင်းဖို့က ရှိသေးတာကိုးဗျ။ လာပါဗျာ ကျုပ် ပြောပါဦးမယ်'

ဦးပေါလုံသည် ဘကျော်လှကို အိမ်ရှေ့ဧည့်ခန်းသို့ ခေါ်သွား၍ ကုလားထိုင်၌ ထိုင်ကြပြီးလျှင် ဝီစကီနှင့် ဆိုဒါများကို ငှဲ့ပေးပြန်လေ၏။ တစ်ခွက်စီ သောက်ကြပြီးနောက် ....



www.burmeseclassic.com

www.burmeseclassic.com



လုံ။ ။ 'ဒီလို မိတ်ဆွေရဲ့၊ ဒီအလုပ်မျိုးဆိုတာက အရောင်းအဝယ် လုပ်တဲ့နေရာမှာ ပိပိရိရိ စီမံနိုင်မှ ဟန်ကြမှာကိုးဗျ။ ဒီဟာလို စိန်ကလေး တစ်လုံးချင်း လုပ်ရောင်းနေရင်တော့ အလွယ်သားပေါ့ဗျ၊ သူဌေးလို သုံးပြီး သူဌေးလို နေချင်လို့ စိန်တစ်ပြည်သားလောက် ကျုပ် ယူသွားစမ်းပါလား။ စိန်ကုန်သည် ဘာဘူတွေက ကျုပ် ဘယ်က တိုက်ယူလာသလဲလို့ မယုံသင်္ကာ မဖြစ်ပေဘူးလားဗျ။ ဒီတော့ကာ ပုလိပ်ကို တိုင်လား တန်းလားနဲ့ လုပ်ရင် ကျုပ်က မှန်တဲ့အတိုင်း ပြောရင်လည်း ပြောရမယ်၊ မပြောဘဲ မြဲနေရင်လည်း နေရမယ်။ ပြန်ပြောလို့ရှိရင် လူတစ်ယောက်ဟာ စိန်တွေ လုပ်တတ်နေပြီဆိုတဲ့ သတင်းကို ကမ္ဘာက သိသွားရင် စိန်ဈေးတွေ အားလုံး ကျပြီး ကျုပ်မှာလည်း မျှော်လင့်သလောက် အကျိုးမရှိပေဘူး။ ဒီလို ဖြစ်မှာစိုးလို့ ကျုပ်က မပြောဘဲ နေပြန်ရင်လည်း ကျုပ်ကို အချုပ်ထဲထားပြီး ဘယ်တော့မှ လွှတ်မယ် မဆိုနိုင်ဘူး'

ထိုအခါ ဘကျော်လှသည် ဦးပေါလုံ၏စကားမှာ ပတိပါစဉ် ညီပါပေသည်ဟု ဦးခေါင်းညိတ်ခါ နားထောင်နေရာမှ ဦးပေါလုံ၏ ရှေ့စကားကိုသာ စောင့်မျှော်နေလေ၏။

လုံ။ ။ 'အဲဒါကြောင့် ဒီအလုပ်ကို ပိပိရိရိ သေသေဝပ်ဝပ် အလုပ်လုပ်ပေးမယ့် လူတစ်ယောက် လိုတယ်ဗျ။ တစ်ယောက်ယောက်က အာဖရိက တောင်ပိုင်းလို၊ တောင်အမေရိကဘက်လို စိန်ထွက်တဲ့ နေရာတစ်ခုခုကို သွားပြီး စိန်တွင်းတူးတဲ့ အလုပ်ကို လုပ်ချင်ယောင် ဆောင်ရမယ်။ ဟန်နဲ့ပန်နဲ့ စက်ကိရိယာနဲ့ ဝတ်ကျေဝတ်ကုန် တူးတာပေါ့ဗျာ။ အတန်ကလေး ကြာတော့မှ စိန်တွေ တွေ့တယ်လို့ သတင်းလွှင့်ရမယ်ဗျ။ အဲဒီအခါမှာ ကုမ္ပဏီဖွဲ့ပြီး အစုရှယ်ယာတွေကို ရောင်းရမယ်။ နောက်ပြီး အတန်ကလေး ကြာတော့မှ အဲဒီက စိန်တွေ ရောက်လာတယ်ဆိုပြီး ပြောင်ပြောင်ကြီး ရောင်းစားနိုင်တာပေါ့ဗျ'





လှ။ ။ 'ဒါဖြင့် ခင်ဗျား ဘာကြောင့် အဲဒီလို မလုပ်သလဲ'

လုံ။ ။ 'ကျုပ်က အဲဒီလို စွမ်းစွမ်းတမန် လုပ်မနေချင်တော့ဘူးဗျ။ လူကလည်း၊ အရွယ်ကလည်း သိပ်မငယ်တော့ဘူး။ အမှန်ပြောရရင် ကျုပ်က စိန်လုပ်တဲ့အခါ လုပ်၊ မလုပ်တဲ့ အခါမှာသာ သောက်သောက် စားစားနဲ့ အေးအေးလူလူ ဓိမ်နဲ့ နေချင်တော့တာပဲ။ ကုမ္ပဏီဖွဲ့လား၊ အစုရှယ်ယာ ခေါ်လား၊ ဘာလားနဲ့ ခေါင်းရှုပ်တဲ့ အလုပ်မျိုးတွေကို ကျုပ်က ဝါသနာလည်း မပါဘူး။ ပြီးတော့ ခင်ဗျားမို့ ပြောရဦးမယ်။ ကျုပ်မှာ အဆုတ်နာ ရှိတယ်လို့ ဆရာဝန်များက ပြောထားလေတော့ လူ့ပြည်မှာ ကြာကြာနေရဖို့ မျှော်လင့်စရာလည်း မရှိဘူး။ နေရတဲ့ အခိုက်ကလေးမှာ ဟိုသွား ဒီသွား၊ ဟိုမြို့လည် ဒီမြို့ပတ်နဲ့ ခပ်ချောင်ချောင် ခပ်ပေါ့ပေါ့ နေချင်တော့တာပဲ။ ဒါကြောင့် ခင်ဗျားလို ဖျတ်ဖျတ်လတ်လတ်နဲ့ လူခပ်ရွယ်ရွယ်တစ်ယောက်က ကျုပ်ကို ကူညီမယ်ဆိုရင် ကျုပ် အကြံအစည် အထမြောက်မှာပဲ။ ကျုပ်က ဘယ်လိုလူကို လိုချင်သလဲဆိုတော့ ငွေများများရရင် နှုတ်လုံလုံနဲ့ ဘာအလုပ်မျိုးမဆို လုပ်မယ်ဆိုတဲ့ လူတစ်ယောက်ကို လိုချင်တယ်။ ကျုပ်က ဟိုသွား ဒီသွားနဲ့ လည်ပတ်နေတုန်းမှာ သူ့အလုပ်က ဘာလဲဆိုတော့ ခုနင်က ကျုပ်ပြောခဲ့တဲ့ အလုပ်တွေကို ဖြစ်အောင် လုပ်ထားနှင့်ရမယ်။ အဲဒီ ကုမ္ပဏီမှာ အရင်းအနှီးထည့်ဖို့လည်း သူ့မှာ ငွေ အတော်အတန် ရှိရမယ်။ အဲဒီလို တစ်နှစ်စ နှစ်နှစ်စ လုပ်ပြီးတဲ့နောက်မှာ သူ့အဖို့တော့ မော်တော်ကား အလဲလဲ စီးပြီး ကန်တော်ကြီးစောင်းက ကြိုက်တဲ့အိမ်မှာ နေချင်သလို ဓိမ်နဲ့နေရုံ ရှိတော့တာပေါ့ဗျ။ ခုပြောသလို လုပ်ပေးမယ့် လူမျိုးကို ရအောင်ရှာဖို့ လွယ်တယ် ထင်သလား ခင်ဗျား၊ မလွယ်ဘူးခင်ဗျာ့။ ကျုပ်က လူမြင်တိုင်းလည်း သဘောမကျဘူး။ ဒီလောက်ကြီးမှ အလုပ်မျိုးမှာ တော်တော့လူကိုလည်း ကျုပ်က မယုံနိုင်ဘူး။ ခင်ဗျားတော့ မြင်မြင်ချင်း သဘောကျသွားတယ်။ (ဦးခေါင်းယမ်းလျက်) နို့ပေမဲ့ ဟန်ရမထင်ပါဘူးဗျာ။ ဖြစ်မှ ဖြစ်ရ ပလေဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်အဖိုးတန်တဲ့ အကြောင်းအရာကြီးကို သိထားရပြီးတဲ့နောက် အသုံးမချနိုင်လို့ ဒီအတိုင်း ငေးကြည့်နေရတာ။ ကျုပ်လောက် ကံဆိုးတဲ့လူ လောကကြီးမှာ ရှိနိုင်ပါဦးမလားဗျာ'

ဘကျော်လှ၏ စိတ်ထဲ၌ ဦးပေါလုံမှာ မကြာမီအတွင်း ဤမျှမက ကံဆိုးလိမ့်ဦးမည်ဟု အောက်မေ့မိသော်လည်း ထိုအခြင်းအရာကို ဖွင့်ဟ၍ မပြောချေ။ ဘကျော်လှသည် ဦးပေါလုံ မျှော်လင့်သည့်အတိုင်း လောဘစိတ် ဝင်လာသော မျက်နှာထားမျိုးဖြင့် သူ့အား ကြည့်နေပြီးနောက် မရဲတရဲ အမူအရာဖြင့် ....

လှ။ ။'ခင်ဗျားက ကျွန်တော့်ကို သဘောကျတယ်ဆိုရင် ကျွန်တော် က တတ်နိုင်တဲ့ နေရာက ကူညီလိုပါတယ်'

ဦးပေါလုံသည် မယုံကြည်နိုင်လောက်အောင် ဝမ်းသာသော မျက်နှာ ထားဖြင့် ဘကျော်လှအား ကြည့်နေသေး၏။

လုံ။ ။'ဟုတ် မထင်ပါဘူး မိတ်ဆွေ၊ ကျုပ်လောက် ကံဆိုးတဲ့ လူတစ်ယောက်ဟာ ချက်ချင်းလက်ငင်းကြီးတော့ ကံဇာတာ တက်လာနိုင် မထင်ပါဘူး။ ခင်ဗျားက ကျုပ်ကို ခုမှ တွေ့ရတာ၊ ဒါလောက်တော့ လုပ် ပေးချင် မထင်ပါဘူး'

ထိုနောက် လူနှစ်ယောက်တို့သည် အကျယ်တဝင့် ဆက်လက်၍ စကားပြောကြပြန်လေရာ ဘကျော်လှသည် ဦးပေါလုံ အလိုရှိသည့်အတိုင်း ဆောင်ရွက်ပေးရန် သဘောတူလေ၏။ အရက်ဖန်ခွက်ကို ရှံဖန်ရှံခါ သောက် ရင်း လူနှစ်ယောက်တို့သည် မိမိ၏ လုပ်ပုံကိုင်ပုံ အကြံအစည်များကို တစ်နာရီခန့်မျှ ဆက်လက်ဆွေးနွေးကြပြီးနောက် ဘုံဘေ ဟိုတယ်သို့ တစ်ယောက်ကိုတစ်ယောက် အထင်ကြီးစွာနှင့် ညစာစားရန် သွားရောက် ကြလေ၏။ ခွဲခါနီး၌ ဘကျော်လှသည် ဦးပေါလုံထံသို့ နောက်တစ်နေ့တွင် ငွေတစ်ထောင် ယူခဲ့၍ ဖွဲ့စည်းလတ္တံ့သော ကုမ္ပဏီတွင် အရင်းအနှီးအဖြစ်နှင့်





ထည့်သွင်းရန် ဝန်ခံကတိပေးခဲ့လေရာ ယင်းအတွက် ဦးပေါလုံကလည်း ဘကျော်လှအား မြတ်စွန်းသမျှသော ငွေများအပေါ်မှ ရာခိုင်နှုန်း ငါးဆယ် (ထက်ဝက်) ပေးရန် သဘော တူညီလေ၏။

နောက်ဆုံး၌ ဘကျော်လှသည် ဦးပေါလုံ၏စိန်ကို ယူသွား၍ မဂို (ရွှေဘုံသာ) လမ်းမှ စိန်ဘာဘူတစ်ယောက်အား ပြကြည့်ရာ စိန်အစစ်ဖြစ်၍ အဖိုးငွေ ရှစ်ရာမှ တစ်ထောင်အတွင်း တန်ပါသည်ဟု ပြောလိုက်၏။ စင်စစ် သော်ကား ၎င်းစိန်ရိုင်းမှာ စိန်စစ်ဖြစ်ရမည် ဟူ၍ ဘကျော်လှ တွက်ကိန်း ရပြီး ဖြစ်လေရာ သေချာသည်ထက် သေချာအောင်ဆို၍ ပြသခြင်းမျှသာ ဖြစ်လေသည်။

*

နောက်တစ်နေ့ ဦးပေါလုံသည် ဘကျော်လှအား တံခါးဖွင့်ပေးသောအခါ တွင် ဦးပေါလုံ၏ မျက်နှာမှာ ကံမကောင်းသော လူတစ်ယောက်ဆို၍ ညှိုးငယ်ခြင်း မရှိတော့ဘဲ ကံဇာတာ တက်လာပြီဟု ယုံကြည်ဟန် လက္ခဏာ ဖြင့် ရွှင်ပျစွာ ရှိနေလေ၏။ အခန်းတွင်း၌ကား အိမ်ထောင် ပစ္စည်းများမှာ အတန်ငယ် ဖရိုဖရဲ ရှိနေ၍ သားရေအိတ်ကြီး သုံးလုံးကိုလည်း ဘကျော်လှ တွေ့မြင်ရလေ၏။

လုံ။ ။'ကျွန်တော် သိပ်နောက်ကျနေ မထင်ပါဘူး ခင်ဗျာ'

လှ။ ။'နောက်မကျလှပါဘူး၊ အချိန် အတော်ပါပဲ။ ကျုပ်က ရထားမမီမှာစိုးလို့ ပျာလောင် ခတ်နေမိတာပါ။ ကျုပ်က မီးရထားမှာ နေရာ တွေ ဘာတွေတောင် ရီဇတ် လုပ်ထားပြီးပြီ။ ခင်ဗျားနဲ့ ဒီကိစ္စကလေး စီမံပြီးပြီးချင်း ကျုပ်ပြောထားတဲ့အတိုင်း အညာတစ်လျှောက် လျှောက်လည် ချေဦးမယ်'

ဘကျော်လှမှာ ကိစ္စပြီးသည်နှင့် တစ်ပြိုင်နက် ဦးပေါလုံသည် တတ်နိုင်သမျှ လျင်မြန်စွာ ရန်ကုန်မြို့မှ ထွက်ခွာသွားလိမ့်မည် အကြောင်းကို ရိပ်မိပြီး ဖြစ်၏။ သို့ရာတွင် ဘာမျှ မပြောဘဲ အခန်းထဲ ဝင်ထိုင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



လုံ။ ။(စာချုပ်ကြီးတစ်ခုကို ထုတ်ပြလျက်) 'ဟောဒီမှာ နှစ်ဦးသဘောတူ စာချုပ်ကိုတော့ အဆင်သင့် ရေးထားပြီးပါပြီ။ ဟောဒီနေရာမှာ ခင်ဗျား လက်မှတ်ထိုး၊ ခင်ဗျားအတွက် ရင်းငွေကို ထည့်ပြီးနောက် ရှေ့လျှောက်တော့ ခင်ဗျား စီမံရစ်ရုံပါပဲ။ ဒီနောက်တော့ ကျုပ် သုံးဖို့ စွဲဖို့အတွက် တစ်လ တစ်ထောင်၊ နှစ်ထောင်လောက် ပို့ပေးရင် ကျေနပ်ပါပြီ။ ကျန်တဲ့ ငွေတော့ ခင်ဗျား ဘာလုပ်လုပ်၊ လုံးလုံး ပုံထားခဲ့မှာပါပဲ'

ဘကျော်လှသည် ဦးပေါလုံ မျှော်လင့်သည့်အတိုင်း ရွှင်လန်းသော အမူအရာပြ၍ စာချုပ်ကို ကြည့်ပြီးလျှင် လိုအပ်သော နေရာတွင် လက်မှတ်ရေးထိုးလေ၏။ ထို့နောက် ဘကျော်လှသည် သားရေအိတ်ထဲမှ ငွေစက္ကူရာတန် အချပ်နှစ်ဆယ်ကို ထုတ်၍ ဦးပေါလုံသို့ ပေးအပ်လေရာ ဦးပေါလုံလည်း အနည်းငယ် တုန်ယင်သော လက်များဖြင့် စက္ကူများကို ရေတွက်ကြည့်သေး၏။ ထို့နောက် .....

လှ။ ။'ကိုင်း ကျွန်တော့်ဘက်က တာဝန်တော့ ပြီးသွားပြီ။ ခင်ဗျား စိန်လုပ်နည်းကိုသာ ကျွန်တော့်ကို ပြပါတော့'

လုံ။ ။'စိတ်သာချ၊ ကျုပ်က လုံးစေ့ ပတ်စေ့ ရေးထားခဲ့ပြီ'

လှ။ ။'ရေးတာလည်း ဟုတ်ပါရဲ့လေ၊ သို့သော် စနစ် ကျမကျကို သေသေချာချာ လက်ထပ်သင်ပြခဲ့ဦးပေါ့ခင်ဗျာ'

လုံ။ ။(အင်္ကျီလက်ကို ပင့်ကာ လက်ပတ်နာရီကို ကြည့်လျက်) 'ပြတာပေါ့ဗျာ ပြတာပေါ့၊ သို့သော် အစအဆုံး စောင့်ကြည့်နေဖို့တော့ အချိန်မရဘူး မှတ်တယ်။ ကိုင်း လာလေ ပြရတာပေါ့၊ ကျုပ်နည်းက မမှားနိုင်ပါဘူး'

လူနှစ်ယောက်တို့သည် နောက်ဖေးဆောင်သို့ ဝင်သွားကြ၍ ဘကျော်လှသည် မဂ္ဂနီစီယံဓာတ်မှုန့်နှင့် သံမှုန့်များကို ဦးပေါလုံ ပြုလုပ်သည့်အတိုင်း လုံထဲသို့ ထည့်လေ၏။ မွဲတဲတဲ အရောင်ရှိသော ကာဗွန်မှုန့်မှာမူ





အမှတ်အသား မပါသော ပုလင်း နှစ်လုံး၊ သုံးလုံးတို့မှ သူ့အချိုးနှင့်သူ ငုံ့ထည့်ရခြင်း ဖြစ်သောကြောင့် အတန်ငယ် ရှုပ်ထွေး၏။ ဤနေရာတွင် ဘကျော်လှသည် မကျင်လည်သော အမူအရာဖြင့် ဆေးမှုန့်များကို လောင်းထည့်သဖြင့် အချို့မှာ ကြမ်းပေါ်သို့ ဖိတ်သွားသေး၏။

လုံ။ ။'အို သတိထားကိုင်မှပေါ့ဗျ၊ သို့သော် သဘောကတော့ ဒီအတိုင်းပါပဲလေ၊ မမှားနိုင်ပါဘူး။ ဒါထက် ကျုပ်က ရထားနောက်ကျ....'

လှ။ ။'ဟုတ်ဟုတ် မဟုတ်ဟုတ် ပြီးအောင် စမ်းကြည့်စေချင်ပါသေးတယ်ဗျာ။ ကျွန်တော် မှားတာရှိရင်လည်း ပြင်ပေးရုံ ရှိတာပေါ့'

ဘကျော်လှသည် မီးတခြစ်ကိုခြစ်၍ လုံထဲမှ ဆေးမှုန့်များကို ရှို့လိုက်ရာ ဦးပေါလုံလည်း စောင့်ကြည့်နေလေ၏။

လုံ။ ။'ဒီတစ်ခါတော့ ခင်ဗျားလုပ်တာ ဟန်ရကောင်းမှ ရမယ်ဗျို့၊ သို့သော်လည်း အလေ့အကျင့်ရှိတော့ လက်လည်သွားလိမ့် မပေါ့ဗျာ' လုံတစ်ခုလုံး ဖွေးဖွေးဖြူအောင် ပူလာလာချင်း ....

ဦးပေါလုံသည် လုံထဲမှ ဓာတ်ရည်ကို ကိရိယာကလေးထဲသို့ ဘကျော်လှ လောင်းထည့်သည်ကို စောင့်ကြည့်နေသေး၏။ စိန် မဖြစ်သော အခါ၌ ဆေးစပ်ပုံ အချိုးအစား မကျသောကြောင့် ဟူ၍ ဆင်ခြေပေးနိုင်မည် ဖြစ်သောကြောင့် ဦးပေါလုံသည် တုန်လှုပ်ခြင်းမရှိဘဲ ဆေးပြင်းလိပ်ကိုခဲကာ စောင့်ကြည့်နေလေ၏။ ဘကျော်လှမှာမူ ကြမ်းပေါ် ဒူးထောက်လျက် ကိရိယာကလေးထဲသို့ လက်နှိုက်ကြည့်လိုက်ရာ ဦးပေါလုံမှာ ဘကျော်လှ၏ လက် ထွက်လာသည်ကို မြင်သောအခါ မျက်လုံးများ ပြူးသွားလေတော့၏။ အကြောင်းမူကား ဘကျော်လှ၏ လက်ဖဝါးထဲတွင် စိန်ရိုင်းကလေး သုံးလုံး ပါလာသည်ကို မြင်ရသောကြောင့်တည်း။

ဦးပေါလုံမှာ မျက်လုံးပြူးရာမှ နဖူးပေါ်တွင် ဆီးကင်းခန့် ပမာဏ ရှိသော ချွေးလုံးချွေးပေါက်များ ပေါ်ထွက်လာလေတော့၏။ မိမိကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ငွေပြောက်ကြားစွာ အကုန်အကျခံ၍၊ နှစ်ပေါင်းများစွာ စမ်းသပ်ခဲ့ပါလျက် စိန်မဖြစ်ဘဲ ဘကျော်လှအား မင်းတိုင်းကျေ ပြသရာတွင်မှ စိန် အကယ်ဖြစ်နေသည်ကို တွေ့ရသည့်ပြင် အကျိုးခံစားခွင့် ရှိသမျှကို ဘကျော်လှအား တစ်ဝက်ပေးပါမည်ဟု စာချုပ်မိလျက် ရှိသည့်အတွက် ဇောချွေးပြန်ရခြင်း ဖြစ်လေတော့၏။ ဖိုခနောက်ကို ဆားနှင့်လဲမိသော လူသည် အဖိုးတန်ကျောက်စိမ်းတုံးဖြစ်နေ၍ တစ်သောင်းဖြင့် ရောင်းစားရသည်ဟု ကြားရသော အခါ၌ တောက်တခေါက်ခေါက် ဖြစ်ရသည် ဆိုသည့်နည်းတူ ဦးပေါလုံမှာလည်း မရေမတွက်နိုင်အောင် အကျိုးခံစားရမည့်နည်းကို ငွေနှစ်ထောင်မျှနှင့် အကျိုးတစ်ဝက် ခံစားခွင့် ပြုမိသည့်အတွက် ယူကြုံးမရ ဖြစ်ရလေတော့၏။ ဦးပေါလုံ၏ စိတ်ထဲ၌ မိမိ အကုန်ခံခဲ့ရသော ငွေများ၊ အပင်ပန်းခံခဲ့ရသော အချိန်ကာလများသည် ကွင်းကွင်းကွက်ကွက် ပေါ်လာလေတော့၏။ မိမိကိုယ်ကို အရှုံးကဆိုးသည်ဟု ပြောမိခဲ့ခြင်းများမှာ အကယ်ပင် မှန်နေချေပြီဟူ၍လည်း အောက်မေ့မိ၏။ ဘကျော်လှက စိန်ကလေးများကို မြင်ရသဖြင့် ရွှင်ပျသောမျက်နှာ ဖြစ်ပေါ်လာခြင်းသည် ဦးပေါလုံအား ဆဲလျက်ရှိသကဲ့သို့ အောက်မေ့မိလေတော့၏။

ဦးပေါလုံသည် မျက်လုံးများကို ပွတ်လျက် စိန်ရိုင်းတစ်လုံးကို ဘကျော်လှ၏လက်မှ ကောက်ယူကြည့်ရာ အစစ်အမှန် ဖြစ်နေကြောင်း တွေ့ရ၏။ ယင်းတို့မှာ မိမိ၌ရှိသော စိန်ကဲ့သို့ မကြီးသော်လည်း တစ်လုံးလျှင် ရှစ်ဆယ်၊ တစ်ရာမျှ တန်သည်ဟု ခန့်မှန်းနိုင်လေ၏။

ဦးပေါလုံသည် ဦးခေါင်းကိုကုတ်လျက် ယခင်က အချိုးအစားအတိုင်း ဆေးမှုန့်များကို ဘကျော်လှအား ရောစပ်ရန် ခေါ်ခိုင်း၍ ဘကျော်လှလည်း ခိုင်းစေသည့်အတိုင်း ရောစပ်ကာ မီးရှို့ပြီးမှ ကိရိယာထဲသို့ ဓာတ်ရည်လောင်းထည့်လိုက်ရာ ထိုအခါတွင် ဦးပေါလုံကိုယ်တိုင် ကိရိယာထဲသို့ လက်နှင့် နှိုက်ကြည့်၍ စိန်ကလေးနှစ်လုံးကို တွေ့ခဲ့ရလေ၏။





ဦးပေါလုံမှာ စကားတစ်ခွန်းမျှ မပြောနိုင်ဘဲ အတန်ကြာ ငေးကြည့်နေသေး၏။ ထို့နောက် ဦးခေါင်းကိုပွတ်ကာ ဇက်ကြောလျှော့လျက် အ… နဲ ကြာမျှ အကြံထုတ်သေး၏။ ဤသူငယ်ကား တစ်သက်ပတ်လုံး မိမိကြံစည်ခဲ့သော အလုပ်ကို ကံအားလျော်စွာ အောင်မြင်သွားလေပြီတကားဟု အောက်မေ့မိ၏။ အကျိုးတစ်ဝက် ခံစားခွင့်ကို ငွေနှစ်ထောင်မျှနှင့် ရောင်းစားခဲ့မိသဖြင့် မည်သည့်နည်းနှင့်မဆို စာချုပ်ကို ပျက်အောင် ဖန်တီးရမည်ဟူ၍လည်း စဉ်းစားမိ၏။ နောက်ဆုံး၌ အကြံတစ်ခု ရလာ၍–

လုံ။ ။ 'ဒီမလေ မိတ်ဆွေ၊ ကျုပ်တို့အလုပ်က အင်မတန် ကြီးကျယ်တဲ့ အလုပ်ဗျ။ ဒါကြောင့်မို့လို့ ကျုပ် သွားလို့ မဖြစ်သေးဘူးလို့ စဉ်းစားမိပြန်တယ်'

လှ။ ။ 'ဪ ….ဟုတ်လား'

လုံ။ ။ 'ဒီလိုလေဗျာ၊ ကျုပ် တစ်ခုပြောမယ်။ ခုနင်က ကျုပ်တို့ချုပ်ထားတဲ့ စာချုပ်ကို ဆုတ်ပစ်လိုက်ပြီး ခင်ဗျားကို ကျုပ်က မန်နေဂျာအဖြစ်နဲ့ လခနဲ့ ငှားထားရင် မကောင်းပေဘူးလားဗျာ'

လှ။ ။ 'ဘာဆိုင်လို့လဲဗျာ၊ စာချုပ်ဆိုတာ လက်မှတ်ထိုးပြီးမှ ပြန်ဖျက်ပစ်လို့ ဘယ်ကလာ ဖြစ်နိုင်မှာလဲ'

ထိုအခါ ဦးပေါလုံသည် ထိုစာချုပ်စည်းကမ်းအတိုင်း အလုပ်လုပ်၍ ဖြစ်နိုင်မည် မဟုတ်ကြောင်းကို အင်ခြေ ဆင်လက်နှင့် ယုတ္တိယုတ္တာ ရှာဖွေကာ အနည်းနည်း ပြောပြလေရာ ငွေ ကောက်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် အမတ်လောင်းများ နည်းယူဖွယ်ပင် ဖြစ်နေလေတော့၏။

ဘကျော်လှကမူကား ငွေ အလုပ်ဖြစ်သည်ဆို၍ ငွေ လက်ဆုပ်လက်ကိုင် မရဘဲ စာချုပ်ကို လက်မလွှတ်နိုင်ဟု အတင်းတွယ်ကပ်လျက်ရှိလေ၏။ နောက်ဆုံး၌ ဦးပေါလုံက ဘကျော်လှပေးထားသော ငွေနှစ်ထောင်ကို ပြန်ပေးမည့်ပြင် အပို ငွေတစ်ထောင်ပေး၍ လခငါးရာနှင့် မန်နေဂျာ



www.burmeseclassic.com

www.burmeseclassic.com



ခန့် ါမည်ဟူ၍ပင် ပြောရုံသေးတော့၏။ ထိုအခါ ဘကျော်လှက လက်ထဲသို့ ငွေရောက်မှ စာချုပ်ကို လက်လွှတ်နိုင်မည် ဆိုသဖြင့် ဦးပေါလုံသည် မိမိ၌ ရှိသော စိန်တစ်လုံးကို အဆောတလျင် ရောင်းချ၍ ဘကျော်လှအား စုစုပေါင်း ငွေသုံးထောင် ပြန်ပေးသောအခါမှ ဘကျော်လှက စာချုပ်ကို လက်လွှတ် လေတော့၏။ စာချုပ်ပြန်ရပြီးသည့်နောက် ဦးပေါလုံက အလုပ်ကိစ္စ ရှိသေး သည်ဟု ပြောသဖြင့် ဘကျော်လှသည် မိမိအား နှင်လိုက်ခြင်း ဖြစ်ကြောင်းကို ရိပ်မိသည့်အလျောက် တိုက်ပေါ်မှ ဆင်းလာခဲ့လေ၏။

ဘကျော်လှ ဆင်းသွားသည်နှင့် တစ်ပြိုင်နက် ဦးပေါလုံသည် နောက် ဖေးဆောင်သို့ ဝင်၍ ဘကျော်လှ ဆေးစပ်စဉ်က မိမိ သတိပြု၍ မှတ်သား ထားလိုက်သော ဆေးမှုန့် အချိုးအစားအတိုင်း လုံထဲတွင်စပ်၍ မီးရှို့ပြီးနောက် ကိရိယာထဲသို့ လောင်းထည့်ရာ မည်သည့်စိန်ကိုမျှ မတွေ့ရချေ။ ၎င်းနောက် ဒုတိယတစ်ကြိမ် ဆက်ခါ ဆက်ခါ စမ်းသပ်ပါသော်လည်း ကိရိယာထဲတွင် စိန်ကြီးကိုလည်း မတွေ့၊ စိန်ကလေးကိုလည်း မတွေ့၊ ဘာစိန်ကိုမျှ မတွေ့ ရသော အခါတွင်မှ ဦးပေါလုံ၏စိတ်ထဲ၌ တရေးရေး ရိပ်မိလာလေတော့၏။ မိမိသည် ဘကျော်လှအား ကိရိယာထဲသို့ စိန်ရိုင်းတစ်လုံးကို ထည့်ကာ မျက်လှည့်ပြသည့်နည်းတူ ဘကျော်လှကလည်း မိမိအား နှစ်ကြိမ်တိုင်တိုင် ကျင်လည်စွာဖြင့် မျက်လှည့်ပြသွားသည့် အကြောင်းကို စဉ်းစားမိသည်တွင် မှ **'ကောင်းပေကွာ၊ ခေါင်းတုံးပေါ် ထိပ်ကွက် သွားပြီဟေ့'** ဟု ရင်ဘတ် စည်တီးနှင့် ငြီးတွားကာ သဘောပေါက်ရစ်လေတော့သတည်း။

[ ရှုမဝမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၄၉ ]

## မားဘိုးထွန်းနှင့် ရင်ဆိုင်ရခြင်း

ခေါင်းတုံးပေါ် ထိပ်ကွက်ခြင်း အလုပ်၌ ဝါသနာပါသော သူတော်စိန်သည် အင်္ဂလိပ်စာတတ် ခေတ်လူငယ်ဖြစ်သည့်အလျောက် ရော်ဘင်ဟုဒ်၊ အာစနီ လူပင်း အစရှိသော အင်္ဂလိပ်ဝတ္ထုများကို ဖတ်ရှုရပြီးနောက် တရားဥပဒေ ဖြင့် လက်လှမ်းမမီသော လူဆိုးလူမိုက်များကို ဖြစ်စေ၊ ဆင်းရဲသားများကို ညှဉ်းပန်းနှိပ်စက်သော ဓနရှင်များကို ဖြစ်စေ၊ အလုပ်သမားများအပေါ်၌ ခိုးပိုးသော အလုပ်ရှင်များကို ဖြစ်စေ တတ်နိုင်သမျှသော နည်းအားဖြင့် ဆုံးမခဲ့သော လူတစ်ယောက် ဖြစ်၏။ သူကိုယ်တိုင် တရားဥပဒေကို ဖောက် ဖျက်ရာဖြစ်သော်လည်း သူတော်စိန်သည် မိမိတစ်ယောက်တည်း အနေဖြင့် အပြစ်ရထိုက်သော သူများကို အပြစ်ပေးခြင်းမျှသာ ဖြစ်သည်ဆို၍ အနည်း ငယ်မျှ ဆုတ်ဆိုင်းနှောင့်နှေးခြင်း မရှိချေ။ အချို့ကိစ္စများ၌ သူ့အား မိလျှင် ထောင်တန်းကျဖို့ သေချာသော်လည်း သူတော်စိန်သည် မိမိ၏ ပါးရည်နပ် ရည်ကို အားကိုး၍ ထောင်ကိုလည်း မကြောက်၊ ဥပဒေကိုလည်း မရွံ့ဘဲ ပြု ထိုက် သည့်ထင်လျှင် ရဲဝံ့စွာ ပြုခဲ့သည်သာ ဖြစ်၏။ ပုလိပ်အရာရှိများသည် သူတော်စိန်၏ ကောင်းသောရည်ရွယ်ချက်နှင့် အပြစ်ကျူးလွန်ခြင်းများကို ရိပ်မိကြသော်လည်း တစ်ကြိမ်တစ်ခါမျှ လက်ပူးလက်ကြပ် မမိသဖြင့် ဖမ်း ဆီးရန် မတတ်နိုင်ဘဲ ရှိကြ၏။ သို့ရာတွင် ထိုကဲ့သို့ လက်ဆုပ်လက်ကိုင် မမိသည့်အတွက်လည်း ဝမ်းမြောက်သူများက ဝမ်းမြောက်ကြ၏။ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မှုကား သူတော်စိန်မှာ သာမန် လူဆိုးတစ်ယောက် မဟုတ်ဘဲ၊ ကောင်းသော ရည်ရွယ်ချက် တစ်ခုခုနှင့် အပြစ်ကျူးလွန်ခြင်းမျှသာ ဖြစ်ပေသောကြောင့် တည်း။

တစ်ခါတစ်ရံ သူတော်စိန်မှာ ဥပဒေကို ကျူးလွန်ရသည့်အတွက် ပိုက်ဆံတစ်ပြားမှ မရသည့်ပြင် စုံထောက်ကြီး ဦးစံရှားကဲ့သို့ သူ၏ အိတ်ထဲမှပင် စိုက်ထုတ်ကုန်ကျရသေး၏။ သို့ရာတွင် များသောအားဖြင့်မူကား အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ခေါင်းတုံးပေါ် ထိပ်ကွက်ရခြင်း ဖြစ်သောကြောင့် နှင့်လှအောင် ရလိုက်သည်သာ များပေ၏။

ရန်ကုန်မြို့ တာမွေတစ်ဝိုက်  ဓားဘိုးထွန်း ဆိုသူသည် လမ်းမတော်ဘိုးတုတ်၊ ပုဏ္ဏားဘထွန်း အစရှိသော ပုဂ္ဂိုလ်များကဲ့သို့ပင် နာမည် ကျော်ကြားသူတစ်ယောက် ဖြစ်လေရာ အနေအထိုင်မှာမူ ထိုလူများထက်ပင် သားနားတင့်တယ်စွာ တခမ်းတနား နေထိုင်နိုင်၏။ သူ၏ ၁ နံပါတ် အလုပ်ကြီး တစ်ခုမှာ ထိုနယ်တစ်ဝိုက်ရှိ ပိုက်ဆံဝါသောများထံမှ မိုက်ကြေးခွဲခြင်း အလုပ်ပင်ဖြစ်ရာ ဘွတ်ကီဒိုင်များမှာ ထိုသူအား ကာကွယ်ကြေး ဆို၍ လက်သိပ်ထိုး အခွန်ဆက်ကြရသည်သာ ဖြစ်လေသည်။ မကြာသေးမီက ဘိလပ်မှ ရောက်လာသော သွန်မဆင် အမည်ရှိ ဘွတ်ကီကလေးကမူ ဓားဘိုးထွန်း၏ မိုက်ကြေးခွဲခြင်းကို မပေးနိုင်ဆို၍ ငြင်းဆန်ခဲ့ရာ အတန်တန် သတိပေးသော်လည်း ခေါင်းမာလျက် ရှိသောကြောင့် ဘိုးထွန်းတို့လူစုသည် မြင်းပွဲမှအပြန်တွင် သွန်မဆင်ကို အဆုံးစီရင်လိုက်ကြ၏။ ထိုအခြင်းအရာကို သွန်မဆင်စာရေး ဂျော်ဂျီဆိုသူ ဘိုကပြားကလေးက မြင်လိုက်ရသည်တွင် ပုလိပ်အရာရှိများသည် ဓားဘိုးထွန်းကို ဖမ်းဆီး၍ အခြားလူများနှင့် ရောနှောကာ စီတန်းပြသလေ၏။ ဂျော်ဂျီသည် ဘိုးထွန်းကို လူအုပ်ထဲမှ ဆွဲထုတ်ပြလိုက်ရကား ပုလိပ်များသည် ဘိုးထွန်းကို မသင်္ကာမှုဖြင့် ရမန်ခံကာ ချုပ်နှောင်ထားကြ၏။ ထိုအတောအတွင်း၌ပင် ဂျော်ဂျီမှာ ကျောက်မြောင်း





ဘက် ညဈေးတန်း၌ အိုက်စကရင် စားနေစဉ် ဦးခေါင်းကို ရိုက်ခွဲခြင်းခံရသဖြင့် ဒဏ်ရာအပြင်းအထန်နှင့် ဆေးရုံသို့ တင်ပို့ထားရလေ၏။

သွန်မဆင် အသတ်ခံရသည်ကို ဂျော်ဂျီနှင့်အတူ မြင်လိုက်ရသော အညာသား စံမြင့်ဆိုသူ တစ်ယောက်လည်း ရှိသေး၏။ စံမြင့်သည် ရှေးယခင်က လူရှုပ်ကလေးတစ်ယောက် ဖြစ်သော်လည်း သွန်မဆင် လက်အောက်၌ ကောင်းမွန်စွာ လုပ်ကိုင်စားသောက်လျက် ရှိသည်ဖြစ်ရာ ဓားဘိုးထွန်းတို့ လူသိုက်အကြောင်းကို ကောင်းကောင်းသိသူတစ်ယောက် ဖြစ်၏။ ဂျော်ဂျီ၏ ဦးခေါင်းကို ရိုက်ခွဲသူမှာလည်း ဘိုးထွန်း၏ တပည့်များပင် ဖြစ်ရမည်ဟု ရိပ်မိ၏။

သို့ရာတွင် ဘွတ်ကီသွန်မဆင်အား ဘိုးထွန်းတို့လူစု သတ်သည်ကို မိမိမြင်လိုက်ပါသည်ဟု သက်သေခံခဲ့သော် မိမိ၏အသက်ကို ဖက်နှင့် ထုတ်ထားရမည့်အရေး တွေးမိသောကြောင့် သက်သေမခံလိုသဖြင့် တိမ်းရှောင်ပုန်းအောင်းလျက် ရှိ၏။ ပုလိပ်တို့က စံမြင့်ကို သက်သေထည့်လိုသဖြင့် အနှံ့အပြား လိုက်လံစုံစမ်းလျက်ရှိရာ ဘိုးထွန်း၏ တပည့်များကလည်း သက်သေခံမည်စိုးသဖြင့် စံမြင့်ကို လိုက်လံရှာဖွေလျက် ရှိကြ၏။ သို့ဖြစ်၍ စံမြင့်မှာ ပုလိပ်တို့ မတွေ့စေရန် လည်းကောင်း၊ ဘိုးထွန်းတို့လူစု မတွေ့စေရန် လည်းကောင်း ခက်ခဲစွာ ပုန်းအောင်းလျက် ရှိလေ၏။

ဓားဘိုးထွန်းမှာ ဖော်ပြခဲ့သည့်အတိုင်း အခြားလူဆိုးများနှင့် မတူဘဲ တဆောင်တယောင် နေနိုင်သည့်ပြင် ငွေဝင်မှန်သည့်အတွက်ကြောင့်၊ ဘဏ်၌ပင် အထိုက်အလျောက် ငွေများ အပ်နှံထားနိုင်သည် ဖြစ်သောကြောင့်၊ နာမည်ကျော် ဝတ်လုံများကို ငှားရမ်း၍ အာမခံရဖို့ ကြိုးစားလေရာ တစ်ဦးတည်းသော သက်သေမှာ စကားမေးမရ ရှိနေသော ဂျော်ဂျီမျှသာ ဖြစ်သောကြောင့်၊ ဝတ်လုံကြီးများ၏ ဥပဒေ အကိုအကားနှင့် လျှောက်လဲချက်ကြောင့် အာမခံ ရရှိလေ၏။ လူသတ်မှုပင် ဖြစ်စေကာမူ ဒိဋ္ဌမြင်သူ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းသာရှိ၍ ထိုတစ်ယောက်မှာလည်း တစ်ကြိမ်ပြင် နှစ်ကြိမ် စစ်ဆေးခြင်း ခံရန် မတတ်နိုင်သဖြင့် အမှုခပ်ပေါ့ပေါ့ ဖြစ်ရတော့မည်ကဲ့သို့ ရှိနေသည်တွင် အာမခံ ရခဲ့ခြင်း ဖြစ်လေသည်။

*

တစ်နေ့သ၌ သူတော်စိန်သည် သိမ်ကြီးဈေးအနီးရှိ ဆိုင်ကလေးတစ်ဆိုင်မှ ငါးသုံးလုံး စီးကရက်တစ်ဘူး ဝယ်ခဲ့၍ လောဟာ စီးကရက်ဘူးထဲသို့ ပြောင်းထည့်ကာ လျှောက်လာခဲ့စဉ် မီးရထားလက်မှတ်ရုံ ဆိုင်ခွဲအတွင်းမှ ထွက်လာသော မိန်းကလေးတစ်ယောက်ကို မြင်လိုက်ရသဖြင့် 'ဘယ်လဲကွယ့် ခင်ခင်အေး' ဟု နှုတ်ဆက်လိုက်၏။ ထိုမိန်းကလေးမှာ ရုပ်ရည်သနားကမား ရှိသော်လည်း ပိုးဖဲတို့ဖြင့် မဝတ်ဆင်ဘဲ တိုဘရာကိုး လုံချည်ကလေးနှင့် လည်စည်းကလေးကို ပန်းတင်ကာ ကပျာကသီ သွားလာနေသည်ကို ထောက်ခြင်းအားဖြင့် ငွေဝင်များသည့် အထက်တန်းစားကတော် တစ်ယောက် မဟုတ်ကြောင်း ထင်ရှား၏။ မိန်းကလေးသည် သူတော်စိန်အား အနည်းငယ် ထိတ်လန့်တုန်လှုပ်သော အမူအရာဖြင့် လှမ်းကြည့်ပြီးနောက် အသိအမှတ် မပြုဘဲ အတင်း ထွက်သွားမည် ပြုပြီးမှ သူတော်စိန်ကဲ့သို့သော လူတစ်ယောက်ကို ဤကဲ့သို့ပြုရန် မလျော်ကြောင်း စဉ်းစားမိသည့် လက္ခဏာဖြင့် 'အလို အစ်ကိုကြီးလား' ဟု ပြန်၍ နှုတ်ဆက်လိုက်၏။

စိန်။ ။'ဘယ်လဲကွယ့် ပျာယီးပျာယာနဲ့၊ မင်းတို့လင်မယားမတွေ့တာ အတော်ကြာသွားပါပြီ။ လာဦးလကွယ်၊ နို့အေးတစ်ခွက် သောက်သွားပါဦး'

အေး။ ။'ကျေးဇူးတင်ပါတယ် အကိုကြီးရှင်၊ ကျွန်မမှာ ကိစ္စကလေး အရေးကြီးနေလို့'

စိန်။ ။'ဘာကိစ္စလဲကွယ့်၊ ဘယ်သူနဲ့လဲ ဘိုးစံမြင့်နဲ့လား၊ လာပါဦးကွယ်။ မင့်ကိစ္စ ဒါလောက် အရေးမကြီးပါဘူး၊ ငါ သိပါတယ်'





သူတော်စိန်သည် ဟင်းသီးဟင်းရွက်ဈေးရှေ့တွင် ရပ်လျက်ရှိသော ဘက္ကစီတစ်စီးကို လှမ်းခေါ်၍ တံခါးကို ဖွင့်ပေးလိုက်ရာ သူတော်စိန့်ခေါ်ခြင်းကို ငြင်းပယ်နိုင်သော သူမှာ တစ်ဦးတစ်ယောက်မျှ မပေါ်ပေါက်ဖူးသေးသည်ဖြစ်၍ ခင်ခင်အေးသည် မငြင်းဆန်နိုင်တော့ဘဲ အင်တင်တင်နှင့်ပင် တက္ကစီပေါ်သို့ တက်ထိုင်လိုက်ရလေ၏။ သူတော်စိန်လည်း ကားပေါ်သို့ တက်ထိုင်၍ ဘုံဘေပျော်ပွဲစားရုံသို့ မောင်းရန် ဒရိုင်ဘာအား အမိန့်ပေးလိုက်သဖြင့် မောင်းလာခဲ့ကြရာ လမ်းခရီးတွင် ....

စိန်။ ။'ခင်ခင်အေး တကယ်ပဲ အရေးကြီးနေသလား'

အေး။ ။'အရေးကြီးလို့ပါ အစ်ကိုကြီးရှင်'

စိန်။ ။'ကိုင်း ဒါဖြင့် ဟိုတယ်ကို မသွားကြပါနဲ့စို့၊ ဘိုးစံမြင့်နဲ့တွေ့ရအောင် အိမ်ကို လိုက်ပို့ပါ့မယ်။ အိမ်က ဘယ်အရပ်မှာလဲ၊ ပြောစမ်း'

ခင်ခင်အေးသည် ရုတ်တရက် အဖြေမပေးသေးဘဲ စဉ်းစားဟန်ဖြင့် ဆိုင်းလင့်လျက် ရှိ၏။

စိန်။ ။'ဘာကြောင့်လဲ ခင်ခင်အေး၊ အစ်ကိုကြီးကို အိမ်မလိုက်စေချင်လို့လား'

အေး။ ။(စိတ်ပြောင်းလဲလာသည့် လက္ခဏာဖြင့်) 'အစ်ကိုကြီးကိုတော့ ယုံရတဲ့ လူပဲလေ။ ကိုင်း .... အစ်ကိုကြီးရယ်၊ ဒါဖြင့် ဟိုတယ် မသွားကြပါစို့နဲ့၊ အိမ်ကိုပဲ လိုက်ခဲ့ပါတော့။ ဟော့ ဒရိုင်ဘာ၊ ဗိုလ်တထောင်ဘက် မောင်းပေတော့'

မော်တော်ကားသည် ကမ်းနားလမ်းဘက်သို့ ချိုးပြီးနောက် ထိုလမ်းတစ်လျှောက် ဗိုလ်တထောင်ဘက်သို့ မောင်းနှင်လျက် ရှိစဉ် သူတော်စိန်သည် စီးကရက်ဘူးကို ခင်ခင်အေးအား ထုတ်တည့်၍ မိမိကိုယ်တိုင် တစ်လိပ်ညှိသောက်ရင်း မိန်းကလေး၏ မျက်နှာကို ကြည့်ရှုကာ အကဲခတ်လာလေ၏။ ထိုမိန်းကလေး၏ မျက်နှာ၌ အခြားသူများနှင့် မတူသော အချက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ရှိပါသည်ဟု အောက်မေ့မိ၏။ သို့ရာတွင် မည်သည့်အချက်ဟူ၍ကား ရုတ်တရက် ဖော်ထုတ်ရန် မတတ်နိုင်ဘဲ ရှိ၏။ ထို့နောက် ....

စိန်။ ။'ကိုင်း ခင်ခင်အေး၊ အစ်ကိုကြီးကို မှန်မှန်ဖွင့်ပြောမှာလား၊ ဒါမှ မဟုတ်ရင် အောက်ပြီး မေးနေရဦးမှာလား။ အခု ဘိုးစံမြင့် ဘာမှု ဖြစ်နေသလဲ ပြောစမ်း'

ထိုသို့ မေးရခြင်းမှာ ဘိုးစံမြင့်သည် အထက်တွင် အရိပ်အမြွက်မျှ ဖော်ပြခဲ့ပြီးသည့်အတိုင်း တရုတ်ကလပ်များ၊ မြင်းပွဲများနှင့် ကစားဝိုင်းများတွင် ကြမ်းပိုးထိုးခဲ့ဖူးသူတစ်ယောက် ဖြစ်၍ ယခုတလောတွင် ကောင်းမွန်စွာ အလုပ် လုပ်လျက် ရှိခဲ့ကြောင်းကို သူတော်စိန် မသိသေးသောကြောင့် ဖြစ်၏။ ဘိုးစံမြင့်သည် လူရုပ်ကလေးတစ်ယောက်ပင် ဖြစ်သော်လည်း သူတော်စိန်အား တစ်ခါက ကိစ္စတစ်ခုနှင့် ပတ်သက်၍ အကူအညီ ပေးခဲ့ဖူးသော ကျေးဇူးရှိသည့် အဖွက်ကြောင့် အဟုံ့အလှည့် သဘောဖြင့် မိမိ တတ်နိုင်ခဲ့လျှင် အကူအညီပေးရန် အကြံရှိသဖြင့် ထိုကဲ့သို့မေးမြန်းခြင်း ဖြစ်လေသည်။

အေး။ ။'အစ်ကိုကြီး ဘာပြုလို့ သိချင်တာလဲ'

စိန်။ ။'အစ်ကိုကြီးကို တစ်ခါတုန်းက ကျေးဇူးပြုဖူးလေတော့ တတ်နိုင်တဲ့ကိစ္စ ဖြစ်ရင် ကူညီချင်လို့ မေးတာပါ ခင်ခင်အေး'

အေး။ ။'ဒါဖြင့် အစ်ကိုကြီးကို ဖွင့်ပြောရတော့မှာပဲ။ ဓားဘိုးထွန်းကရော၊ ပုလိပ်တွေကရော ကိုစံမြင့်ကို လိုက်ရှာနေတယ် အစ်ကိုကြီးရဲ့'

စိန်။ ။'ဘာကြောင့်လဲကွယ့်၊ လက်မှတ်လိမ်ထိုးတဲ့ အမှု ဖြစ်နေလို့လား'

အေး။ ။'ဒီလိုမဟုတ်ပါဘူး အစ်ကိုကြီး၊ ဘွတ်ကီဒိုင် သွန်မဆင်ကို ဓားဘိုးထွန်းတို့ လူစုက သတ်တဲ့ကိစ္စမှာ ကိုစံမြင့် မြင်တယ်ဆိုပြီး နှစ်ဖက် စလုံးက လိုက်ရှာနေကြပါတယ်'

စိန်။ ။'နို့ နေပါဦးကွယ့်၊ မင့်လူက သက်သေ မခံချင်ဘူးတဲ့လား'





အေး။ ။'အစ်ကိုကြီးကလည်း သက်သေခံရင် သေမှာပေါ့၊ ဓားဘိုးထွန်းအကြောင်း အစ်ကိုကြီးလည်း သိသားနဲ့'

သူတော်စိန်သည် ထိုလူသတ်မှုနှင့် ပတ်သက်၍ သတင်းစာများတွင် ဖတ်ခဲ့ဖူးသည့် အခြင်းအရာများကို ပြန်လှန်စဉ်းစားလျက်ရှိစဉ် မိန်းကလေးကို မေးခြင်းထက် စံမြင့်ကိုယ်တိုင်ကို မေးခြင်းက သာ၍ကောင်းလိမ့်မည်ဟု သဘောရသဖြင့် ဆက်လက်၍ မမေးတော့ဘဲ ငြိမ်ဝပ်စွာ လိုက်လာခဲ့ရာ မကြာမီ ဗိုလ်တထောင်သို့ ရောက်လာကြလေ၏။

ခင်ခင်အေးသည် ကားကို လမ်းထောင့်တွင် ရပ်စေ၍၊ သူတော်စိန်က ကားခပေးလိုက်ပြီးနောက် အလွန်ရှုပ်ထွေးသော လမ်းကျဉ်းကလေး တစ်လျှောက် လျှောက်လာခဲ့ကြရာ တိုက်အိုကြီးတစ်ခုရှေ့သို့ ရောက်သောအခါ ရပ်တန့်ကြလေ၏။ လမ်းပေါ်၌ကား ကော်ရင်ဂျီကလေးများနှင့် မြန်မာကလေးများသည် ညစ်ပတ်စုတ်ပေသော အဝတ်အစားများနှင့် အဝတ်စုတ်ဘောလုံးကစားလျက်ရှိကြရာ ဤအိမ် ထိုအိမ်တို့မှ ကုလားဒိုတီများ၊ ဆာဒီများကို အမြင်မတော်သည့်နေရာတွင် ကိုးရိုးကားရား လှမ်းထားကြသည် ဖြစ်သောကြောင့် စုတ်ပဲ့သောလမ်းကို သာ၍စုတ်ပဲ့အောင် ဖန်တီးပေးနေသကဲ့သို့ ရှိလေ၏။

ဘိုးစံမြင့်မှာ အလွန်အဆောင်ကြိုက်၍ ခပ်ကြွားကြွားနေတတ်သော သူငယ်တစ်ယောက် ဖြစ်သောကြောင့် ဤကဲ့သို့ စုတ်ချာသော အရပ်တစ်ခု၌ နေထိုင်ခြင်းသည်ပင်လျှင် အတော်အရေးကြီးရမည် ဖြစ်ကြောင်း ရိပ်မိ၏။

နောက်ဆုံး၌ သုံးထပ် တိုက်အိုကြီးတစ်ခု၏ အပေါ်ထပ်သို့ အလွန်မှောင်မည်းသော လှေကားကြီးတစ်လျှောက် တက်သွားကြလေရာ ခင်ခင်အေးသည် အခန်းတံခါးကို ခေါက်လိုက်သောအခါတွင် သူငယ်ကလေးတစ်ယောက်သည် တံခါးကို ဖွင့်ပေးလေ၏။ ထိုနောက် ခင်ခင်အေးနှင့် သူတော်စိန်တို့သည် အခန်းတွင်းသို့ ဝင်ကြ၍ သူတော်စိန်သည် ကုလားထိုင်



www.burmeseclassic.com

www.burmeseclassic.com



အကျိုးတစ်လုံးနှင့် စားပွဲဟောင်းတစ်ခု ခင်းထားသည့် ဧည့်ခန်းကိုကြည့်ရင်း နှာခေါင်းရှုံ့နေစဉ် ခင်ခင်အေးက 'ကိုစံမြင့်၊ ဟောဒီမှာ မိတ်ဆွေတစ်ယောက် ပါလာတယ်' ဟု ပြောလိုက်၏။ ထိုအခါ လူတစ်ယောက်သည် လက်တစ်ဖက်ကို နောက်တွင်ဝှက်လျက် နောက်ဖေးဆောင်မှ အိမ်ရှေ့သို့ ထွက်လာလေရာ သူတော်စိန်ကို မြင်သည်တွင်မှ သွားကိုဖြဲလျက် 'အလို .... အစ်ကိုကြီးပါလား' ဟု နှုတ်ဆက်လိုက်၏။ ဘိုးစံမြင့်မှာ ရုပ်ရည်သနားကမား ရှိ၍ လုံ့ရည်သန့်ကလေးတစ်ယောက် ဖြစ်သည့်ပြင် ရွှေလက်ပတ်နာရီနှင့် ရွှေရုပ်ကြယ်သီးများ ဝတ်ထားသည်ကို ကြည့်ခြင်းအားဖြင့် ဝတ်ကောင်းစားကောင်း ခင်မင်၍ ဝင်ငွေ အတော်ကောင်းဖူးသူတစ်ယောက် ဖြစ်ကြောင်း သိနိုင်ပေ၏။

ထိုအခါမှ ဘိုးစံမြင့်သည် နောက်၌ ဝှက်ထားသောလက်ကို ရှေ့သို့ ထုတ်လိုက်၍ ကိုင်ထားသော ဓားမြှောင်ကို ကြွက်လျှောက်ပေါ်သို့ ပစ်တင်လိုက်လေ၏။

ထိုနောက် ဘိုးစံမြင့်သည် သူတော်စိန်အား တစ်ခုတည်းသော ကုလားထိုင်ကိုပေး၍ သူကိုယ်တိုင် စားပွဲကလေးပေါ်၌ ထိုင်ပြီးလျှင် စကားစမြည် ပြောကြလေ၏။

မြင့်။ ။'အစ်ကိုကြီးကို တွေ့ရတာ ဝမ်းသာတယ်ဗျာ။ ဘီယာကလေး ဘာကလေး အတူတူ မသောက်ရတာ ကြာလှပြီ။ ဟေ့ ....မခင်အေး၊ ရှိသေးမဟုတ်လားကွယ့်၊ တစ်လုံးလောက် ထုတ်ခဲ့ပါဦးကွယ်။ အစ်ကိုကြီး သောက်ရအောင်'

ထိုအခါ ခင်ခင်အေးသည် တီတံဆိပ် ဘီယာတစ်လုံးနှင့် ဖန်ခွက်နှစ်လုံးကို ထုတ်လာ၍ စားပွဲပေါ် တင်ထားလိုက်လေ၏။

အေး။ ။'ပြောသာ ပြောလိုက်ပါတော့ ကိုစံမြင့်၊ အစ်ကိုကြီးကို ကျွန်မ ပြောပြီးပါပြီ'





မြင့်။ ။(ဦးခေါင်းကို ပွတ်လျက်) 'ပြောပြီးရင် အဲဒါပါပဲ အစ်ကိုကြီး၊ ဘယ်လိုမျိုး အကြံပေးစရာ ရှိသေးသလဲ'

ဘိုးစံမြင့်သည် ဘီယာပုလင်းကိုဖွင့်၍ ဖန်ခွက်ထဲသို့ ငှဲ့ပေးပြီးနောက် စီးကရက်တိုတစ်ခုကို ပြာခွက်ထဲမှ ကောက်ယူ၍ မီးညှိလေ၏။ ၎င်းနောက်...

မြင့်။ ။'အစ်ကိုကြီး သိတဲ့အတိုင်းပဲ၊ ဟောဒီက မခင်အေးက ကြမ်းပိုးထိုးတဲ့ အလုပ်ဟာ မကောင်းပါဘူး၊ ပုလိပ်ကြောက်ရ၊ လူဆိုးကြောက်ရနဲ့။ အလုပ်ကောင်းကောင်းလုပ်ပါလို့ တကျည်ကျည် နားပူနေတော့ အလုပ်ကလေးတစ်ခု ဝင်လုပ်ကာရှိသေး ကျွန်တော့်ဆရာ အသတ်ခံရပြီး ဘိုးထွန်းတို့လူစုက ကျွန်တော့်နောက် လိုက်နေကြတယ် ဆရာရဲ့'

စိန်။ ။'ဒါတော့ ငါလည်း ကြားပြီးပါပြီ'

မြင့်။ ။'ဓားဘိုးထွန်းဆိုတာက ဆရာသိတဲ့အတိုင်း လူဆိုးတစ်ယောက် ဖြစ်ပေမယ့် ကျွန်တော်ကိုယ်တိုင်ကလည်း ဟိုတုန်းက ခပ်ရှုပ်ရှုပ် ဖြစ်လေတော့ နည်းနည်းပါးပါး ဆက်ဆံခဲ့ဖူးတယ် ဆရာရဲ့။ ဒီခွေးမသားက ဟောဒီ ခင်ခင်အေးကို အတင်း လူပျိုစကား ပြောနေလို့ ကျွန်တော်ကိုယ်တိုင် ဒေါသအလျောက် ရိုက်သတ်ဖို့ တစ်ခါ နှစ်ခါ ကြံစည်ခဲ့ဖူးသေးတယ်'

အေး။ ။'သူ ဘယ်လိုပိုးပေမယ့် ကျွန်မ မပါရင် ပြီးတာပဲ ကိုစံမြင့်'

မြင့်။ ။'အေးလေကွယ်၊ မင်းက မပါပေမယ့် ယောကျ်ားဆိုတာမျိုးဟာ ကိုယ့်မယားကို လူပျိုစကားပြောတော့ ဘယ်ခံချင်မလဲကွယ့်။ ဒီကောင်က ဘယ်လောက်ရိုင်းသလဲဆို ခင်ခင်အေးကသာ သူ့ကို ကြိုက်မယ်ဆိုရင် ကျွန်တော့်ကို သူက သတ်သင်ပစ်လိုက်ပါတယ်တဲ့ ဆရာ'

ဘိုးစံမြင့်သည် ပြောပြောဆိုဆို ရယ်လိုက်သေးသော်လည်း ရွှင်ပျသော ရယ်မောခြင်းမျိုးကား မဟုတ်ပေ။ ထိုနောက် ဆက်လက်၍–

မြင့်။ ။'ကျွန်တော့်ဆရာ သွန်မဆင်ကိုလည်း ကျွန်တော် ပြောပြပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဘိုးထွန်းတို့လူစုဟာ ဆိုးတယ်နော်၊ သူ တောင်းတာ ပေးလိုက်ရင် အေးလိမ့်မယ်လို့ ပြောပေမယ့် ကျွန်တော့်ဆရာက ဘီလပ်သားကလေး ဆိုတော့ တော်တော့်ခေါင်းမာတယ် ဆရာ။ မျက်နှာဖြူတစ်ယောက်က မျက်နှာညို တစ်ယောက်ကို မိုက်ကြေးပေးရတယ်ဆိုတာ ရာဇဝင် ရိုင်းသလေး ဘာလေးနဲ့ ဇွတ်ငြင်းနေတယ် ဆရာ၊ နောက်ဆုံးတော့ ဆရာသိတဲ့အတိုင်း သွန်မဆင်ကို သုတ်သင်ပစ်လိုက်ကြပါကောလား ဆရာ။ ဒီတုန်းက ကျွန်တော်လည်း ပါတယ်။ ကျွန်တော်မြင်တာ ပြောပြရင်တော့ ပုလိပ်တွေအပေါ်မှာ ကျွန်တော် မျက်နှာရမှာပေါ့ ဆရာ'

စိန်။ ။'မင်းကလည်း ခပ်ရှုပ်ရှုပ် လုပ်ခဲ့ဖူးလေတော့ ပုလိပ်အပေါ်မှာ မျက်နှာရရင် ကောင်းတာပဲ မဟုတ်လားကွယ့်'

မြင့်။ ။(သွားကို ဖြီလျက်) 'မျက်နှာရမှာက နောက်၊ နံကြားအောက် သံမဏိ အရှိခံရမှာက အရင် ဖြစ်နေလိမ့်မယ် ဆရာ။ ဂျော်ဂျီကို သူတို့လုပ်ထားတာ ဆရာ မကြားလိုက်ဘူးလား၊ ဂျော်ဂျီသာ မဟုတ်ဘူး၊ ဒီအမှုမှာ သက်သေလိုက်တဲ့လူ ဟူသမျှကို ဒီလိုလုပ်မှာချည့်ပဲဆိုတာ ကျွန်တော် သိပြီးသားပဲ။ ဒါကြောင့် ကျွန်တော်တို့လင်မယား ဒီချောင်လာပြီး အသာကုတ်နေရတယ်၊ ငွေဝင်ကလည်း မရှိတော့ ဆရာမြင်တဲ့အတိုင်း ခပ်နံ့နံ့နေရတာပဲ ဆရာ။ သို့သော် အသက်မသေ ဘော်သေးရဲ့လို့ အောက်မေ့ရတာပဲ'

ထိုအခါ သူတော်စိန်သည် အခန်းထဲရှိ ချိုကျိုး နားရွက်ပဲ့ ဖြစ်နေသော အိမ်ထောင်ပစ္စည်းများကို လှမ်း၍ ကြည့်လိုက်မိ၏။

စိန်။ ။'နေစမ်းပါဦးကွယ့်၊ ဒီလိုချည့်ပဲ မင်း နေနိုင်ပါ့မလား။ ဘယ်လိုများ အကြံအစည် ရှိသေးသလဲ'

မြင့်။ ။'ဒီလို ဆရာရေ၊ ကျွန်တော်က မြင်း ထရိန်နာကလေး ဘာလေး လုပ်ဖူးလေတော့ မန္တလေးမြို့က မိတ်ဆွေတစ်ယောက်က သူ့မြင်း





တွေကို လာလေ့ကျင့်ပေးရင် တစ်လ ၅၀ိ ပေးမတဲ့။ စာရေးဖူးလေတော့ မန္တလေးကို တိတ်တိတ်သွားဖို့ ခင်ခင်အေးကို လက်မှတ်အဝယ်ခိုင်းလိုက်တာပဲ။ ကျွန်တော်တော့ ဘာဖြစ်ဖြစ် ဒီမြို့က ထွက်သွားရရင် ကြိုက်ပါပြီ ဆရာ'

သူတော်စိန်မှာ တစ်လ ၅၀ိ မက သုံးဖြုန်းလာခဲ့သော ဘိုးစံမြင့်သည် လခ ၅၀ိ နှင့် အလုပ်လုပ်မည်ဆိုခြင်းမှာ မယားဖြစ်သူ ခင်ခင်အေး၏ ကောင်းမြတ်သော တိုက်တွန်းမှုကြောင့် ဖြစ်တန်ရာသည်ဟု အောက်မေ့၍ မိန်းကလေးအား စိတ်ထဲတွင် ချီးကျူးလျက် ရှိလေ၏။ မော်တော်ကားပေါ်၌ ရှိစဉ်က ခင်ခင်အေး၏ မျက်နှာ၌ ထူးခြားသော အချက်တစ်ခု ရှိသည်ဟု မိမိ အကဲခတ်မိခြင်းမှာ ထိုအခြင်းအရာပင် ဖြစ်သည်ဟု သူတော်စိန် စိတ်ထဲ၌ ကွက်ခနဲ သတိရမိပေ၏။ ဆိုလိုရင်းမှာ လူဆိုးလူရှုပ်တစ်ယောက်၏ သားမယားဖြစ်သော်လည်း ကောင်းချင်သောစိတ်ဓာတ် ကိန်းအောင်းလျက်ရှိသည်ဟု ဆိုလိုခြင်း ဖြစ်ပေ၏။

အထက် ဖော်ပြခဲ့သည့်အတိုင်း သူတော်စိန်သည် ကူညီထိုက်သည်ထင်သော မိတ်ဆွေတစ်ယောက်ကို ကူညီရန် အသင့်ရှိသည့်အပြင် ခင်ခင်အေးကို မြင်သဖြင့်လည်း သူ၏ခင်ပွန်းကို လူကောင်းတစ်ယောက်ဖြစ်အောင် တိုက်တွန်းသွေးဆောင်မှုတွင် အကူအညီ ပေးလိုသောဆန္ဒလည်း ရှိ၏။ သို့ဖြစ်၍ သူတော်စိန်သည် ဘိုးစံမြင့်နှင့် နာရီဝက်မျှ တိုင်ပင်ဆွေးနွေးကြပြီးလျှင် သူ၏ အကြံအစည်များကို ဘိုးစံမြင့်အား ရှင်းလင်းပြောပြလေရာ လင်မယားနှစ်ယောက်တို့မှာ ရွှင်လန်းအားရသော အမူအရာဖြင့် တပြုံးပြုံး ရှိနေကြလေ၏။

*

ဓားဘိုးထွန်းမှာ ဝတ်လုံများ၏ လျှောက်လဲချက်ဖြင့် အာမခံ ရသည်ဖြစ်၍ တာမွေရပ်ကွက်ရှိ သူ၏တိုက်ခံအိမ်ကြီးတွင် တပည့်တပန်းများနှင့် အတူ



www.burmeseclassic.com

www.burmeseclassic.com



တကွ နေထိုင်လျက်ရှိ၏။ ကျယ်ဝန်းသော ဝင်းခြံကြီး၏အလယ်၌ ငါးခန်းပတ်လည်ရှိ တိုက်ခံအိမ်ကြီးတွင် ဓာခန်းဆီးများနှင့်တကွ အရာရှိကြီးတစ်ယောက်သဖွယ် သားနားသိုက်မြိုက်စွာ နေထိုင်လျက်ရှိရာ သူ၏စိတ်ထဲ၌ကား လူသတ်မှုကို ရုံးတင်၍ စစ်ဆေးစေကာမူ သက်သေမလုံလောက်သဖြင့် ဧကန် လွတ်ရမည်ဟု ယုံကြည်လျက် ရှိ၏။ မျက်မြင်သက်သေနှစ်ယောက်အနက် တစ်ယောက်မှာ ဆေးရုံအတွင်း၌ စကားမေး မရသဖြင့် သက်သေခံနိုင်မည် မဟုတ်ပေရာ၊ ဘိုးစံမြင့်တစ်ယောက်အတွက်သာလျှင် စိတ်ထဲ၌ အနည်းငယ် စိုးရိမ်မကင်း ဖြစ်မိ၏။ ဓားဘိုးထွန်းဆိုသူမှာ ဝဝတုတ်တုတ်၊ အသားလတ်လတ်နှင့် နှုတ်ခမ်းမွေး ကောင်းသည်ဖြစ်၍ အတော်ကြည့်ကောင်းသည်ဟု ဆိုလောက်ပေရာ အဝတ်အစားမှာလည်း ပေါ်လွင်ထင်ရှားသည့် အဆင်ကြောင်များကို ဝတ်တတ်သဖြင့် ပရိသတ် ဆယ့်လေးငါးယောက် အလယ်တွင် ထင်းထင်းကြီး ပေါ်လွင်သော လူတစ်ယောက်ဖြစ်ပေ၏။ ထိုသူသည် မိမိ၏ရုပ်ရည်ကို ကျေနပ်အားရသည့် လက္ခဏာဖြင့် နှုတ်ခမ်းမွေး တသပ်သပ် ရှိနေတတ်ပေရာ မိန်းမနှင့် ပတ်သက်၍လည်း သူ့ပိုးရလျှင် မရဘဲ မနေနိုင်ဟု ဝင့်ဝါပြောဆိုတတ်၏။ ဓားဘိုးထွန်းသည် မိန်းမများနှင့် တွေ့သောအခါ၌ မျက်နှာချိုသွေးကာ ဖြဲပဲစပ် လုပ်တတ်သော်လည်း ယောကျ်ားအချင်းချင်းကား မျက်နှာထားကို တစ်မျိုးပြင်လျက် တင်းနိုင်သမျှ တင်းတင်းထားပြီးလျှင် နှုတ်ခမ်းမွေးကိုလည်း မကြာခဏ သပ်တတ်သည် ဖြစ်သောကြောင့် သာမန်ယောကျ်ားများသည် အနီးသို့ ကပ်ဖို့ပင် အတော် ရွံ့ကြောက်ကြ၏။ သို့ရာတွင် သူတော်စိန်မှုကား သာမန်ယောကျ်ားထဲတွင် အပါအဝင် မဟုတ်သောကြောင့် ထိုကဲ့သို့ ရွံ့ကြောက်ဟန် လက္ခဏာ မရှိချေ။

ထိုနေ့ညနေ၌ သူတော်စိန်သည် တာမွေဘက်သို့ ထရော်လီဘတ်စ်နှင့် လိုက်သွား၍ ဓားဘိုးထွန်းတို့ရပ်ကွက်သို့ ရောက်လာသောအခါ ကားပေါ်





မှဆင်း၍ ဘိုးထွန်း၏ဝင်းထဲသို့ ဝင်သွားလေ၏။ အိမ်နီးချင်းများသည် ဓားဘိုးထွန်းအကြောင်းကို သိကြသော်လည်း သူတော်စိန်ကို မသိကြသည် ဖြစ်သောကြောင့် နာမည်ကျော် လူဆိုးတစ်ယောက်၏ အိမ်တွင်းသို့ သားသားနားနား ဝတ်ဆင်ထားသည့် လူချောကလေးတစ်ယောက် ဝင်သွားရခြင်းမှာ အထူးအဆန်းတစ်ခုကဲ့သို့ မိမိတို့နေအိမ်များမှ မျှော်ကြည့်မိကြသေး၏။

သူတော်စိန်သည် ဦးထုပ် အပျော့ကလေးကို- ခပ်စောင်းစောင်း ဆောင်းလျက် ကြိမ်တုတ်ကလေးကို ဝှေ့ကာ ဝင်းထဲသို့ ဝင်သွား၍ အိမ်ရှေ့လှေကားမှ တက်သွားသည်တွင် လက်ဝှေ့သမားတစ်ယောက်ကဲ့သို့ ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်းသော လူတစ်ယောက်သည် အိမ်တံခါးကို ဖွင့်ပေး၍ သူတော်စိန်အား ကြောင်တောင်ငေးကြည့်နေစဉ် သူတော်စိန်က 'ဟေ့....ကိုယ့်လူ ဘယ်တုံးက လွတ်လာလဲကွ' ဟု အရောတဝင် မေးလိုက်၏။ ထိုသူသည် မပြုံးမရယ်ဘဲ သူတော်စိန်ကို ခြေဆုံးခေါင်းဆုံး ကြည့်လျက် 'ဘာကိစ္စလဲ' ဟု ရှုတင်းတင်း မေးလိုက်၏။

စိန်။ ။'ကိုဘိုးထွန်းနဲ့ တွေ့ချင်တယ်'

သူ။ ။'ကိုဘိုးထွန်း ဒီမှာ မရှိဘူး'

စိန်။ ။'ပြောလိုက်စမ်းပါ၊ ဘိုးစံမြင့်ကိစ္စနဲ့ လာတယ်လို့'

ထိုသူသည် မည်သို့မျှ မပြောဘဲ အတွင်းသို့ ဝင်သွားသဖြင့်၊ သူတော်စိန်လည်း၊ စီးကရက် တစ်လိပ်ကို မီးညှိကာ သောက်နေစဉ်၊ ထိုသူသည် တစ်ဖန် ပြန်ထွက်လာ၍ 'ဝင်ခဲ့ပါ' ဟု တစ်ခွန်းတည်း ပြောလေ၏။ သူတော်စိန်သည် အိမ်ထဲသို့ ဝင်သွားရာ တံခါးဖွင့်ပေးသောသူသည် တံခါးကို ပြန်ပိတ်၍ ကျောနှင့်မှီကာ ရပ်နေရစ်လေ၏။ သူတော်စိန်သည် ဆက်လက် လျှောက်သွား၍ အခန်းဝတွင် စောင့်နေသော လူတစ်ယောက်နှင့် တွေ့လေရာ ထိုသူမှာလည်း အလေးမ သော လူတစ်ယောက်ကဲ့သို့ ကြွက်သားကြီးများ ဖောင်းကြွလျက် ရှိသည့်ပြင် မျက်နှာမှာလည်း မှုန်တေတေ ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူ၏ ရေ့မှဖြတ်၍ အခန်းတွင်းသို့ ဝင်သွားသောအခါ ပြတင်းပေါက် တစ်ခု အနီးတွင် ရပ်လျက် ပုက္ကကွနှင့် မိုက်ရပ်ရှိသော လူတစ်ယောက်သည် စဉ်းစား စိတ်ကူးနေသော အမူအရာဖြင့် သွားကြားထိုးလျက်ရှိရာ ဓားဘိုးထွန်းမှုကား ဆိုဖာတစ်ခုပေါ်တွင် ထိုင်ကာ ဆေးပြင်းလိပ်ကြီးကိုခဲလျက် သူတော်စိန်ကို အကဲခတ်နေလေ၏။

သူတော်စိန်သည် ဓားဘိုးထွန်းရှေ့သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဦးထုပ်ကို လက်နှစ်ချောင်းဖြင့် ထိကာ ပြောင်ချော်ချော် အရိုအသေပြုသော အမူအရာမျိုးနှင့် ဆလံပေးပြီးမှ ဓားဘိုးထွန်းအား ပြုံးစိစိ မျက်နှာထားဖြင့် စိုက်ကြည့်နေလေရာ ဓားဘိုးထွန်းလည်း သူတော်စိန်ကို မရေမရာသော အမူအရာဖြင့် မော့ကြည့်နေလေ၏။

'ဘာလဲ ....ဘာကိစ္စလဲ'

သူတော်စိန်သည် လက်၌ကိုင်ထားသော စီးကရက်ကို ပါးစပ်သို့ တပ်ပြီးမှ 'ခင်ဗျား ချောလှတယ် ပြောကြလွန်းလို့ ပြောသလောက် ဟုတ်ပါလေစလို့ ကျုပ် ဝင်ကြည့်တာပဲ၊ လက်စသတ်တော့ ပြောသလောက် မဟုတ်ပါလား ကိုဘိုးထွန်းရယ်။ ဒါထက် ဘိုးစံမြင့် သတင်းကိုတော့ ခင်ဗျား ကြားချင်တယ်လို့ ကျုပ် ပြောသံကြားတယ်'

'သူ ဘယ်မှာလဲ'

သူတော်စိန်သည် ခပ်ပြုံးပြုံးဖြင့် ဟ ထားသော ပါးစပ်ကို တိုး၍ ကျယ်လာသည့်တိုင်အောင် ပြုံးလိုက်ပြီးနောက် 'ဒါကတော့ ကျုပ် ပြောချင်မှ ပြောမှာပေါ့ ဆရာကြီး'

ထိုအခါ ဓားဘိုးထွန်းသည် ခြေတင်ခုံကလေးပေါ်၌ တင်ထားသော မိမိခြေထောက်များကို ရုပ်သိမ်း၍ ကြမ်းပေါ်သို့ထောက်ကာ တဖြည်းဖြည်း ထ လိုက်ရာ သူ၏မျက်နှာသည် သူတော်စိန်၏ မျက်နှာအောက်တွင် ခြောက်လက်မခန့် နိမ့်ကျလျက် ရှိနေလေ၏။ ဓားဘိုးထွန်းသည် သူတော်စိန်၏ မျက်နှာနှင့် တတ်နိုင်သမျှ နီးကပ်အောင် မျက်နှာချင်း တေ့ထားပြီးနောက်–





'သူ ဘယ်မှာလဲ'

'ဗျို့ ကိုဘိုးထွန်း၊ ကျုပ် ဘယ်သူ ဘယ်ဝါဖြစ်တယ်၊ ဘာကိစ္စနဲ့ လာတယ်ဆိုတာ ခင်ဗျား သိဟန် မရှိဘူး။ ခင်ဗျားက ကိုယ့်ကိုယ်ကို ချောလှတယ်ထင်ပြီး ခင်ဗျားမျက်နှာကြီးကို ကျုပ်မျက်နှာနား တေ့ပြလိုက်ရုံနဲ့ ကျုပ်က ခွေလဲသွားပြီး ခင်ဗျား သိချင်တာတွေကို ပြောပြလိမ့်မယ် ထင်ခဲ့လို့ ရှိရင် ခင်ဗျား မှားနေပြီ'

ဓားဘိုးထွန်းသည် သူတော်စိန်၏ မျက်နှာကို တစ်ခဏမျှ စူးစိုက်ကာ ကြည့်ပြီးနောက် အလွန် တင်းမာသော အသံဖြင့် 'ခင်ဗျား ဘာကောင်လဲ' ဟု မေးလိုက်၏။

'ကျုပ် သူတော်စိန်လေ'

ထိုအခါ ပြတင်းပေါက်အနီး၌ သွားကြားထိုးလျက်ရှိသော လူသည် တုတ်တံကို ပါးစပ်မှ နုတ်ယူပြီးနောက် ပါးစပ်ကိုပိတ်ဖို့ သတိမရဘဲ ဟောင်းလောင်းကြီး ငေးကြည့်နေလေ၏။ တံခါးဝမှ စောင့်နေသော လူသည်လည်း ရေနွေးကရားမှ ပန်းထွက်နေသော ရေနွေးငွေ့၏ အသံကဲ့သို့ ရှူးခနဲ မြည်သွားလေ၏။ ဓားဘိုးထွန်းမှုကား ထူးခြားသော အမူအရာမျိုး မပြသော်လည်း သူ၏မျက်နှာမှာ အနည်းငယ် ဖျော့တော့သော အသွေးအရောင် ဖြစ်သွား၍ တောင့်ခနဲ ဖြစ်သွားလေ၏။

သူတော်စိန်သည် ထိုလူများအား အံ့သြစေဖို့ အချိန် လုံလောက်စွာ ပေးထားစဉ် စီးကရက်မီးခိုးများကို ပါးစပ်မှ တဖူးဖူးမှုတ်ကာ ခပ်အေးအေး အမူအရာဖြင့် မော့ကြည့်နေလေ၏။ သူတော်စိန်၏ အမူအရာမှာ အလွန် ငြိမ်သက်ခြင်း ရှိသည့်ပြင်၊ မပေါက်ကွဲသေးသော မီးတောင်ကဲ့သို့ အတွင်းဘက်၌ အလွန်ကြီးမားသော ခွန်အားမျိုး ရှိကြောင်းကို မြင်ရုံမျှနှင့် ရိပ်မိနိုင်လောက်သည်ဖြစ်၍ သူတော်စိန်ပဲ ဟု ပြောစေကာမူလည်း ထိုသူများသည် အတင်း ဗလက္ကာရ ပြုကျင့်ရန် မကြံ့ဝံ့ကြဘဲ ငြိမ်လျက်သာ ကြည့်နေကြ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ တစ်နည်းအားဖြင့် ဖော်ပြရသော် သူတော်စိန်၏ ရုပ်လက္ခဏာ အမူအရာနှင့် မျက်နှာထားတို့မှာ စစ်သဘော်ဦးတွင် တပ်ဆင်ထားသည့် ပြောင်လက်စွာ ပွတ်တိုက်ထားသော အမြောက်ကြီးသဖွယ် မလှုပ်မရှားဘဲနှင့် စိမ့်၍ ကြောက်ဖို့ ကောင်းလှ၏။

သူတော်စိန်သည် တည်ကြည် ငြိမ်သက်၍ မသိမသာကလေးမျှ သရော်တော်တော်ရှိသော မျက်လုံးများဖြင့် ဓားဘိုးထွန်းကို ကြည့်လျက်ရှိ၏။ ထို့နောက် .....

'သူတော်စိန်ဆိုတာ ကျုပ်ပဲ၊ ခင်ဗျားတို့ ကြားဖူးမှာပေါ့။ ဘိုးစံမြင့် ဘယ်မှာနေတယ်ဆိုတာ ကျုပ် သိတယ်။ ခင်ဗျားကို ကျုပ် တစ်ခုမေးချင်တာကတော့ ဘိုးစံမြင့်ဟာ ခင်ဗျားအဖို့ ဘယ်လောက် တန်သလဲ'

ဓားဘိုးထွန်းသည် ဆေးပြင်းလိပ်ကို ပါးစပ်တွင်းသို့ ပြန်သည့်ပြီးနောက် 'ထိုင်ပါဦး၊ ဒီကိစ္စ ဆွေးနွေးပါဦးစို့'

သူတော်စိန်သည် ဦးခေါင်းကို ယမ်းပြ၏။

'အချိန်မဖြုန်းပါနဲ့ ကိုဘိုးထွန်း၊ ဘိုးစံမြင့် ဘယ်လောက်တန်တယ်ဆိုတာ ခင်ဗျား သိပြီးသား ဖြစ်မှာပေါ့။ ဘိုးစံမြင့်က ခင်ဗျားကိုလည်း သိတယ်၊ ခင်ဗျား တပည့်ကျော်တွေကိုလည်း သိတယ်။ အစိုးရသက်သေဖြစ်သွားရင် အများကြီး ပြောစရာရှိတဲ့ လူတစ်ယောက်ပေါ့။ သူက သက်သေခံလို့ ခင်ဗျား ထောင်ကျသွားရင် ကျုပ်က မအိပ်နိုင် မစားနိုင်အောင် ပူလှလို့တော့ မဟုတ်ပါဘူး။ ခင်ဗျားလိုလူဟာ ဒီအမှုနဲ့ အပြစ်မရရင် နောက်တစ်မှုနဲ့ အပြစ်ရမှာပါပဲ။ နို့ပေမယ့် ဒီကိစ္စကလေးမှာတော့ ဘိုးစံမြင့်အပေါ်မှာ ကျုပ်က လက်တုံ့ပြန်စရာကလေး တစ်ချက် ရှိလေတော့ ကိုယ်တိုင်လုပ်မကောင်းလို့ ခင်ဗျားနဲ့ လွှဲလိုက်ရမှာပဲ။ ခင်ဗျားလက်ထဲ ဘိုးစံမြင့် ရောက်သွားလို့ ခင်ဗျားက ဘာလုပ်လုပ်၊ ကျုပ်က အရေးမကြီးပါဘူး။ တန်ရာတန်ဖိုး ရရင် ပြီးတာပါပဲ'





'တန်ဖိုးဆိုတာ ဘယ်လောက်လဲ'

'တန်ဖိုးဆိုတာ တစ်ထောင်လိုချင်တယ်'

ဓားဘိုးထွန်းလည်း ဒွါရပေါက်မှ ငယ်ထိပ်သို့တိုင်အောင် လုံဖြင့်ထိုးသွင်းလိုက်ဘိသကဲ့သို့ တစ်ကိုယ်လုံး တောင့်ခနဲ ဖြစ်သွားလေ၏။

'ဘယ်လောက်တဲ့'

'တစ်ထောင်ဗျ ....ငွေတစ်ထောင်၊ ပွန်းရင် မယူနိုင်ဘူး။ တစ်ထောင်ဆိုတဲ့ငွေဟာ ခင်ဗျားအဖို့ ဈေးချောင်တယ်လို့ တွက်ထားလိုက်ပါ။ အမှုဖြစ်ရင် ခင်ဗျား ၁၀ နှစ် အနည်းဆုံး ခံရမယ်။ ဒီတော့ ပျမ်းမျှခြင်း တွက်လိုက်ရင် တစ်နှစ်မှ ငွေ ၁၀၀ ကျတယ်၊ ဘယ်လောက် သက်သာသလဲ။ ဒီငွေကို ဒီကနေ့ည ၁၀ နာရီတိတိမှာ ကျုပ် လိုချင်တယ်'

ဓားဘိုးထွန်းသည် သူတော်စိန်၏ အေးအေးဆေးဆေး တောင်းခံခြင်းကို မယုံကြည်နိုင်မတတ် ရှိသော မျက်နှာထားဖြင့် သူတော်စိန်၏ မျက်နှာကို အံသြစွာ စိုက်ကြည့်နေလေ၏။ ဓားဘိုးထွန်းမှာ စကားရှည်ရှည်ပြော၍ ဈေးဆစ်တတ်သောအကျင့် မရှိသည့်ပြင် သူတော်စိန်မှာလည်း ဈေးဆစ်ခြင်းကို လက်မခံနိုင်သည့် အမူအရာမျိုးရှိ၍ ဓားဘိုးထွန်းကလည်း ထိုအကြောင်းကို ရိပ်မိ၏။ သူတော်စိန်သည် သူပြောသည့်အတိုင်း ဆောင်ရွက်နိုင်သော အခြေအနေ ရှိ မရှိကိုပင် ဓားဘိုးထွန်းက စစ်ဆေးမေးမြန်းရန် သတိမရချေ။ ဓားဘိုးထွန်းသည် သူတော်စိန်အကြောင်းကို ကောင်းကောင်းသိသဖြင့် ထိုကဲ့သို့ စစ်ဆေးရန် မလိုဟူ၍လည်း ယူဆပြီး ဖြစ်၏။ သို့သော် သူတော်စိန်ကို အကဲစမ်းနိုင်သော အချက်ကလေး တစ်ခုကား ရှိသေးသည်ဖြစ်၍ ဓားဘိုးထွန်းသည် အောက်ပါအတိုင်း အကဲစမ်းလိုက်သေး၏။

'နေပါဦး ဆရာကြီးရဲ့၊ ခင်ဗျားကို ကျုပ်က ဘာငွေမှ မပေးဘဲ ဘိုးစံမြင့် ဘယ်နေတယ် ဆိုတာကို မပြောမချင်း ပြန်မလွှတ်ဘဲထားရင် ဘယ့်နှယ်နေမလဲ'



www.burmeseclassic.com

www.burmeseclassic.com



သူတော်စိန်လည်း မချိတရိဖြင့် ပြုံးလိုက်၏။

'ဒါလည်း ကျုပ် ထည့်တွက်ပြီးသားပဲ' ဟု ပြော၍ လက်ပတ်နာရီကို မြှောက်ကြည့်လျက် 'ဟိုဘက်က လမ်းမှာ လူစောင့်ထားခဲ့တယ်။ နောက် ၃ မိနစ်အတွင်း ကျုပ် ပြန်ရောက်ရင်ရောက်၊ မရောက်လို့ရှိရင် ဌာနာကို မော်တော်ကားနဲ့ တရကြမ်းမောင်းပြီး ဘိုးစံမြင့်ကို ဌာနာက သိမ်းထားဖို့ စီစဉ်ခဲ့ပြီးပဲ။ စမ်းချင်လည်း စမ်းလေဗျာ၊ ဟော ....၂ မိနစ်ခွဲတော့ အချိန် ကျန်သေးတယ်။ ဒီ ၂ မိနစ်ခွဲအတွင်း ကျုပ်ကို မပြောပြောအောင် ခင်ဗျား လုပ်နိုင်ရင်တော့ တော်ပေတာပေါ့'

ဓားဘိုးထွန်းသည် ခဲထားသော ဆေးပြင်းလိပ်ကြီးကို ပါးစောင် တစ်ဖက်မှ တစ်ဖက်သို့ ပြောင်းရွှေ့ကာကိုက်ရင်း သူတော်စိန်၏ မျက်နှာကို စေ့စေ့ကြည့်နေလေ၏။

ထွန်း။ ။'ဒီငွေကို ဘယ်မှာ ပေးရမှာလဲ'

စိန်။ ။'စကော့ကိတ် (သိမ်ဖြူ) ကုန်းတံတားကြီးပေါ်မှာ မော်တော်ကားနဲ့ ကျုပ် စောင့်နေမယ်။ ခင်ဗျားလူ နှစ်ယောက်လောက် လွှတ်လိုက်။ ခင်ဗျားက မှန်မှန်ကန်ကန်ပေးရင် ဘိုးစံမြင့် တွေ့နိုင်တဲ့နေရာကို ကျုပ် ပြောပြလိုက်မယ်။ ဘယ့်နှယ်လဲ .... ရှင်းရဲ့လား'

ထွန်း။ ။(ဦးခေါင်းကို ဆတ်လျက်) 'ကောင်းပါပြီ၊ ပို့လိုက်ပါမယ် ....'

သူတော်စိန်လည်း ပြုံးလေ၏။

*

သူတော်စိန် ဆင်းသွားပြီးသည့်နောက် ဓားဘိုးထွန်းသည် ဆေးပြင်းလိပ်ကို ခဲကာ ဆိုဖာပေါ်တွင်ထိုင်လျက် စိတ်ကူးနေလေရာ အနီးရှိ လူမိုက်သည် လည်း သွားကြားထိုးရင်းပင် မိမိဆရာကို အကဲခတ်နေလေ၏။ အခန်းဝမှ လူမိုက်နှင့် အိမ်ရှေ့တံခါးမှ လူမိုက်တို့သည်လည်း တစ်ယောက်မျက်နှာကို





တစ်ယောက်ကြည့်ကာ စီးကရက်ကိုယ်စီဖြင့် ငေးနေကြလေ၏။ နောက်ဆုံး၌ ဓားဘိုးထွန်းသည် အနီး၌ရှိသော တပည့်တစ်ယောက်ကိုခေါ်၍ 'ဟေ့ .... ဘသိန်း၊ မင်းနဲ့ သန်းတင်နဲ့ သွားကြကွာ။ ဘိုးစံမြင့် လက်ထဲရောက်ရင် ချော်ဂျိတုန်းကလို မသေမရှင်တော့ လုပ်မထားကြနဲ့ဟေ့၊ တစ်ခါတည်း ကိစ္စတုံးအောင် စီရင်ခဲ့ကြ ....ကြားလား'

'ကျွန်တော်တို့ ငွေ ယူသွားရမှာလား ဆရာ'

'ယူရမှာပေါ့ကွ၊ သူ ပြောပြီးသွားတာ မင်း မကြားဘူးလား။ မင်းက သူ့ကို ငွေပေးလိုက်၊ သူက ဘိုးစံမြင့် ရှိတဲ့နေရာကို ပြောလိမ့်မယ်။ ကိုင်း၊ အချိန်ရှိတုန်း ဘဏ်သွားပြီး ငွေထုတ်ချေကွာ ....။ ချက်လက်မှတ် ရေးပေး လိုက်မယ်။ နို့ပေမယ့် ယိုးတိုးယားတားတော့ သွားမလုပ်နဲ့ ဟေ့နော်၊ ဟို .... အကောင်က လူပါးကွ။ ပုဏ္ဏားကလေး ဘအေးတို့ကို သူ စီရင်လိုက်တာ မင်းတို့ သိတယ် မဟုတ်လား ....'

'ငွေ ၁၀၀၀ိ ဆိုတော့ မများဘူးလား ဆရာ'

'ငွေ ၁၀၀၀ိ များပေမယ့် ဆယ်နှစ်ဆိုကာလည်း များတာပဲကွ။ ငွေတော့ ကိစ္စမရှိပါဘူးကွာ၊ လူမသေ ငွေမရှားပေါ့။ ဒါထက် ဘိုးစံမြင့် ကိုတော့ သေချာပေ့စေ ဟေ့ နော် ....'

ထိုည၌ ဘသိန်းနှင့် သန်းတင်တို့သည် ဓားဘိုးထွန်း ပေးလိုက်သော ငွေ ၁၀၀၀ိ ကိုယူ၍ စကော့ကိတ် (သိမ်ဖြူ) လမ်း တံတားကြီးသို့ သွားကြ လေရာ ဆယ်နာရီထိုးသည်နှင့် တစ်ပြိုင်နက် ပြတင်းပေါက် တစ်ခုတည်းသာ ဖွင့်ထားသော ဆီဒင်ကားတစ်စီးသည် ဖြည်းညင်းစွာ မောင်းလာ၍ လမ်း နံဘေးတွင် ရပ်လေ၏။

ဘသိန်းသည် ငွေစက္ကူထုပ်ကို လက်တစ်ဖက်တွင် ကိုင်လျက် အခြား လက်တစ်ဖက်ဖြင့် ခြောက်လုံးပြူးတစ်လက်ကို ခပ်ကွယ်ကွယ်ကိုင်ကာ ကားပြတင်းပေါက်အနီးသို့ ချဉ်းကပ်၍ သူတော်စိန်လက်သို့ ထည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ သူတော်စိန်သည် ကားမီးရောင်တွင် ငွေစက္ကူများကို ရေတွက်၍ တစ်ထောင်စေ့သည်ကို တွေ့ရသောအခါ ....

'တယ် နေရာကျကွာ၊ မင်းတို့ လူစုကတော့ ငွေတစ်ထောင် လက်လွှတ်ရမှာ နှမြောကြမှာပေါ့လေ။ ဒါထက်ကွာ၊ ဟော့ ဘသိန်း ဟိုဘက်လက်က မင်းသေနတ်ကြီးကို တကိုင်ကိုင် လုပ်မနေစမ်းပါနဲ့ကွ၊ မင်းကို ငါက ကားထဲက ချိန်ထားတယ်။ အပြင်လူနဲ့ အထဲကလူ၊ အထဲလူက ပစ်ဖို့ သာလွယ်တာပေါ့ကွ'

ဘသိန်းသည် သူတော်စိန်အား ငွေတစ်ထောင် ပေးရခြင်းကို အမှန် နှမြောသော်လည်း မားဘိုးထွန်း ပြောလိုက်သောစကားကို သတိရသည့်ပြင် သူတော်စိန်အကြောင်းကိုလည်း သူကိုယ်တိုင် သိပြီးဖြစ်သဖြင့် မကြဲစည် ဝံ့ဘဲ ရှိနေလေ၏။

'ကိုင်း .... ကျွန်တော်တို့ ဘယ်သွားရှာရမှာလဲ'

သူတော်စိန်သည် ဘိုမများ ကိုင်ဆောင်သည့် ကရကမာ လက်ကိုင်ရှိသော သေနတ်ကလေးကို ပြတင်းပေါက် အစွန်းပေါ်တွင် မေးတင်ကာ ညွှန်ကြားလေ၏။

'ဒီကနေပြီး ကြည့်မြင်တိုင်ဘက်ကိုသွား၊ ဟုမ်း (ပန်းလှိုင်) လမ်းရောက်လိမ့်မယ်။ တံတားကြီးပေါ် ရောက်တော့ မင်းတို့ကားကို လက်ဝဲဘက်က လမ်းကြားကလေးထဲ ထိုးပြီး အသာစောင့်နေ၊ ဘိုးစံမြင့်က တံတားပေါ်ဖြတ်ပြီး အနောက်က အရှေ့ကို ကားတစ်စီးနဲ့ မောင်းပြီး လာလိမ့်မယ်။ မင်းတို့ကား ထားတဲ့ နေရာကျတော့ သူချိန်းထားတဲ့ ကားမှတ်လို့ မင်းတို့ကားကို ဝင်ကြည့်လိမ့်မယ်။ မင်းတို့ မှားနိုင်စရာ မရှိပါဘူး'

သူတော်စိန်သည် စတော့ကိတ် (သိမ်ဖြူ) လမ်းအတိုင်း မြောက်ဘက်သို့ မောင်းသွား၍ ကန်တော်ကလေး ဘောလုံးကွင်းအနီးသို့ ရောက်သောအခါ ကားကို လမ်းဘေးတွင် ရပ်၍ ကားမီးကို သုံးကြိမ်တိုင်အောင်ပင်





ဖွင့်ချည်မှိတ်ချည် လုပ်ပြီးမှ တစ်ခါတည်း ငြိမ်းလိုက်လေ၏။ ထို့နောက် သူတော်စိန်သည် တံခါးကိုဖွင့်၍ အောက်သို့ ဆင်းလာလေရာ သူ၏နောက်မှ အသံတီးတိုးဖြင့် 'ဆရာလား' ဟု မေးလိုက်၏။

'အေး .... ဘိုးစံမြင့်လားဟေ့၊ ဟိုဟာက ခင်ခင်အေး မှတ်တယ်။ ကိုင်း ....ဘယ့်နှယ်လဲ၊ မင်းတို့ ခရီးသွားဖို့ အဆင်သင့်ပဲလား'

'အသင့်ပါပဲ ဆရာ'

'ကိုင်း၊ တစ်ခါဖြင့် မားဘိုးထွန်းလက်က မင်းတို့ လင်မယား လွတ်ပါပြီကွယ်။ ဒီကား ယူသွားပြီး ပဲခူးမှာ ထားပစ်ခဲ့ကြပေတော့။ အဲဒီကနေပြီးတော့ မီးရထား စီးသွားကြ၊ ရော့ ....ငွေတစ်ထောင်။ ဟေ့လူ၊ ဟိုရောက်တော့ ကောင်းကောင်းမွန်မွန် နေနော်။ ငါ ရောက်တဲ့အခါ ဝင်ခဲ့မယ်ဟေ့။ ဘယ်မလဲ ခင်ခင်အေးကော၊ လာပါဦးကွ'

ခင်ခင်အေးသည် တဘက်တစ်ထည်ကို ခြုံလျက် ဘိုးစံမြင့် နောက်မားတွင် ရပ်နေရာမှ အနီးသို့ ချဉ်းကပ်လာလေ၏။

'ဟော့ .... ခင်ခင်အေး'

'အစ်ကိုကြီး'

'ငါ့လူ ....ကောင်းကောင်းမွန်မွန် နေအောင် မင်းက ကြည့်ထိန်းပေတော့နော်၊ ကြားလား။ နေပါဦးကွယ့်၊ ဒါထက် ငါမှာထားတဲ့အတိုင်း ဘိုးထွန်းဆီ ညနေက မင်း သွားရဲ့လား'

'သွားပါတယ် အစ်ကိုကြီး'

'သွားပြီး ဘယ့်နှယ်ပြောခဲ့သလဲ'

'ကျွန်မနဲ့ ကိုစံမြင့်နဲ့ ကွဲကြပြီလို့၊ ဒါကြောင့် ကျွန်မကို ခိုးလှည့်ပါလို့ မှာခဲ့တယ်'

'ဘယ်နေရာ မှာခဲ့သလဲ၊ ငါ ပြောတဲ့အတိုင်း ဟုတ်ကဲ့လား'

'ဟုမ်း (ပန်းလှိုင်) လမ်း တံတားကြီးပေါ်ကို ည ၁၁ နာရီလောက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပါလို့ မှာခဲ့တယ်။ ဒါထက် နေပါဦး အစ်ကိုကြီးရဲ့၊ ဘာကြောင့် ကျွန်မ ကို ဒီလို သွားပြီး အပြောခိုင်းတာလဲ'

'ဟမ်း (ပန်းလှိုင်) လမ်း တံတားမှာ ငါ ချိန်းထားခဲ့ပေမယ့် သူကိုယ် ကိုင် မပါဘဲ နေမှာစိုးလို့ မင့်ကို လွှတ်ပြီး စီစဉ်ရတာပဲ'

'ဟိုရောက်တော့ ဘယ့်နှယ်လဲ အစ်ကိုကြီး'

'ဘိုးထွန်းကို မုန်းတဲ့လူလည်း ရှိတာပေါ့ကွယ်၊ မင်းတို့ လင်မယာ တွေ့မလားလို့ ဘိုးထွန်းသွားရာမှာ ဘိုးထွန်းကို လက်တုံ့ပြန်ချင်တဲ့ လူတွေက အဆင်သင့် အဲဒီနေရာမှာ စောင့်နေကြမှာကို။ ကိုင်း ငါ့တပည့်များ မန္တလေး ရောက်တော့ ကောင်းကောင်း နေကြပေ့'

သူတော်စိန်သည် ဘိုးစံမြင့်တို့ လင်မယားကို မိမိကားထဲသို့ တည် ပေးလိုက်၍ တံခါးကို ပိတ်ပြီးလျှင် ရပ်ကြည့်နေရစ်လေရာ ဘိုးစံမြင့်တို့၏ ကားသည် လမ်းထောင့်ကို ကွေ့သွား၍ မိမိကလေ; ကွယ်သွားသောအခါ သူတော်စိန်သည် ကောင်းသောအလုပ်တစ်ခုကို ကောင်းမွန်စွာ ဆောင်ရွက် ပြီးသောအခါ၌ ခံစားရသော ကျေနပ်ခြင်းမျိုးဖြင့် နှစ်သိမ့်ကျေနပ်စွာ အိမ်ဘက်သို့ လှည့်ပြန်လာခဲ့လေ၏။

နောက်တစ်နေ့ နံနက်တွင် သူတော်စိန်သည် အိပ်ရာမှ စောစောစီးစီ ထ၍ သတင်းစာသုံးလေးစောင် ဝယ်ယူ ကြည့်ရှုရလေ့ရှိသော ထုံးစံအတိုင် စားပွဲပေါ်၌ တင်ထားသော သတင်းစာများကို လှန်လှောကြည့်ရှုလိုက် ရာ ပထမဦးဆုံး လှန်မိသော သတင်းစာ၌ပင် "စက်ရပ်သတင်း" ဆို၍ အောက်ပါသတင်းကို တွေ့ရှိရလေ၏။

## သေခြင်းဆိုး သေရသော လူဆိုးကြီး

### လွှန်ခဲ့သောည သန်းခေါင်အချိန်ခန့်တွင် ကြည့်မြင်တိုင် ဟမ်း (ပန်းလှိုင်) လမ်း တံတားကြီးပေါ်မှ သေနတ်သံများ ကြားရ





သဖြင့် တံတားကြီးအနီး၌ နေထိုင်သော ရုံးဝန်ထောက် မစ္စတာ ပီလေးသည် အိမ်ရှေ့ ဝရန်တာသို့ ထွက်ကြည့်လိုက်သောအခါ ကားနှစ်စီး ရပ်ဆိုက်ထားသည်ကို တွေ့မြင်ရကြောင်း၊ ကား တစ်စီးပေါ်မှ လူများက သေနတ်များနှင့် တရကြမ်း ပစ်ခတ် မောင်းနှင် ပြေးသွားရ၍ အခြားကားတစ်စီးအနီးမှ လူများက တုံ့ပြန် ပစ်ခတ်ကြသေးကြောင်း၊ နောက်ဆုံးတွင် လူတစ်ယောက် လဲကျနေသည်ကို မစ္စတာပီလေး မြင်လိုက်ရသဖြင့် ဘေး အန္တရာယ် ကင်းရှင်းသောအခါ၌ အိမ်ပေါ်မှ ဆင်းလာပြီးလျှင် စုံစမ်း မေးမြန်းရာ အခြားလူများသည် သေနတ်ထိမှန်သော လူနာ ကို ဆေးရုံကြီးသို့ ကားနှင့် တင်ဆောင်သွားကြသည်ကို မြင်လိုက် ရသည် ဆိုကြောင်း၊ ကျွန်ုပ်တို့၏ ည သတင်းထောက်သည် ထိုအကြောင်းအရာကို သတင်းရသဖြင့် ဆေးရုံကြီးသို့ လိုက်လံ စုံစမ်းရာ ဒဏ်ရာရရှိသော လူမှာ အာမခံနှင့် လွှတ်ထားသည့် နာမည်ကျော် လူဆိုးကြီး ဓားဘိုးထွန်းဖြစ်၍ ဆေးရုံသို့ မရောက်မီ ကားပေါ်၌ပင် အသက်ကုန်သွားသည်ဟု သိရှိခဲ့ရကြောင်း၊ လူမိုက် တို့၏ ခရီးလမ်းစဉ်ကား ကြိုးစင် မဟုတ်လျှင် ဓားဦး သို့မဟုတ် လျှင် ကျည်ဆန်ဆိုသော စကား၏ မှန်ကန်ကြောင်းကို ဓား ဘိုးထွန်းသည် သက်သေခံသွားသကဲ့သို့ ရှိနေပေကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယ စံရှားလော

သူတော်စိန် ခေါ် ဘကျော်လှသည် တရားမဝင်သော ပြစ်မှုမျိုး ကျူးလွန်သော လူယုတ်မာများကို သူ၏ သဘောအလျောက် အပြစ်ဒဏ်ပေးရာ၌ "ကုသိုလ်လည်းရ ဝမ်းလည်းဝ" ဟူသော စကားကဲ့သို့ လူယုတ်မာများ၌လည်း ဒဏ်ထိ၍ မိမိအဖို့လည်း အထိုက်အလျောက် ကျေးဇူးခံစားရဖူးသည်များလည်း ရှိခဲ့၏။ ပုလိပ်ဌာနကမူ လူယုတ်မာပင် ဖြစ်လင့်ကစား အရပ်သား အချင်းချင်းက အပြစ်ဒဏ် ပေးလိုက်သည်ဟု အသိအမှတ် မပြုနိုင်သည်ဖြစ်သောကြောင့် သူတော်စိန်၏ လက်ရာများကို တွေ့တိုင်း သူတော်စိန်၏ လက်ချက် ဖြစ်သည်ဟု ရိပ်မိကြသည့်အလျောက် သူ့အား ဖမ်းဆီးရန် ကြိုးစားခဲ့ဖူးလေပြီ။ သို့ရာတွင် သူတော်စိန်မှာ ဉာဏ်သွားသူတစ်ယောက် ဖြစ်သောကြောင့် အခါခပ်သိမ်း ခြေရာဖျောက်နိုင်ခဲ့သည်သာ ဖြစ်ခဲ့၏။ သို့ဖြစ်၍ ပုလိပ်တို့က "သိကား သိ၏၊ မမိကား မမိ" ဟူဘိသကဲ့သို့ ဖြစ်နေခဲ့၏။ နောက်ဆုံးတွင် အထက်တန်း ပုလိပ်အရာရှိများသည် သူတော်စိန်အပေါ်တွင် အထင်အမြင် မသေးတော့ဘဲ အသိမိတ်ဆွေတစ်ယောက်ကဲ့သို့ သဘောထား၍ အချို့အမှုကြီးများတွင် သူ၏အကြံဉာဏ်ကိုပင် တောင်းလေ့ရှိ၏။





လူလည်လုပ်ချင်သော ပုလိပ်အရာရှိများကမူ သူတော်စိန်ကဲခတ် နေလေအောင် ပေါင်း၍ "မင်းလုပ်တာ ငါသိပါတယ်၊ ငါ့ကို ဝေစုပေးပါ အမှုအရာမျိုး ပြကြသေး၏။ တစ်ခါက ရန်ကုန်မြို့ ရာဇဝတ်ဝန်မိမိ၏ သားတစ်ယောက်သည် သူတော်စိန်ထံ သူ့အကြံအစည်မျိုးနှင့် ချဉ်းကပ်လေရာ သူတော်စိန်က 'ခင်ဗျား မယားကို စိန်နားကပ်ဆင်ဖို့ ကျွန်တော် အလုပ်လုပ်တာ မဟုတ်ဘူး' ဟူ၍ ခပ်ပြောင်ပြောင် ပြောလွှတ်လိုက်၏။ ဝန်ကလေးဆိုသူသည် အံကြိတ်ကာ ဒေါမာန်ပွလျက် ပုလိပ်ဉာဏ်နှင့် အမျိုးမျိုးဆင်၍ သူတော်စိန်ကို ဖမ်းဆီးရန် ကြိုးစားသော်လည်း ပထမတန်း ဝတ်လုံကြီးနှစ်ယောက် သုံးယောက် ငှားရမ်းနိုင်သော သူတော်စိန်သည် "ဆင်" သောအမှုမျိုး မှုလောက်ကို အလွယ်တကူ လွတ်အောင် ထတ်နိုင်ပေ၏။

စုံထောက် အင်စပိတ်တော်များအနက် ဦးဘဗွား ဆိုသူမှာမူ သူတော်စိန်နှင့် နှစ်ကြိမ် သုံးကြိမ်မျှ ဉာဏ်ချင်း ပြိုင်ခဲ့ဖူးရာတွင် မိမိသည်သာလျှင် အရေးနိမ့်၍ အရှုံးဖြစ်ခဲ့ရသောကြောင့် သူတော်စိန်နှင့် သင့်မြတ်အောင် ပေါင်းပြီးလျှင် မိမိနယ်အတွင်း၌သာလျှင် ချမ်းသာပေးပါဆိုသော သဘောမျိုးနှင့် ဆက်ဆံလျက် ရှိ၏။ ပေါင်းသင်းဆက်ဆံရေးတွင် သူတော်စိန်သည် "လက်ဖွာ" သော လူတစ်ယောက် ဖြစ်သည့်အလျောက် ဟိုတယ်များ၌ အတူတကွ စားသောက်ပျော်ပါးကြသည့် အခါများတွင် သူကသာလျှင် "တ–ကာခံ" လေ့ ရှိ၏။

*

တစ်ညသ၌ သူတော်စိန်နှင့် ဦးဘဗွားတို့သည် ရှိုင်ရယ် ဟိုတယ် ဘိလိယက်ခန်းကြီးအတွင်း၌ စားပွဲတစ်ခုတွင် ထိုင်လျက် သူတော်စိန် ဝတ်ပြုသော ဘီယာများကို တစ်ပုလင်းပြီး တစ်ပုလင်း သောက်ကြရင်း ဘိလိယက်ကစားသူများကို ကြည့်နေကြစဉ် ဟိုတယ် အထက်ထပ်မှ လူသုံးယောက်တို့သည် အတော်ကြီး သောက်စားလာခဲ့ကြသည့် လက္ခဏာဖြင့် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ယောက်ဖက်ကာ ဆင်းလာကြပြီးနောက် တံခါးဝအနီးနှံ့ကာ နှုတ်ဆက်ကြလေ၏။ သူတော်စိန်သည် ဤအခြင်းအရာ ပေါ်ပြလိုက်သဖြင့် ဦးဘပွားနှင့် အတူတူ လူသုံးယောက်တို့ကို အကဲခတ် နေကြလေ၏။

ထိုသုံးယောက်အနက် တစ်ယောက်သော လူမှာ ရှိုင်ရယ် ဟိုတယ်တွင် ခေတ္တ တည်းခိုလျက်ရှိသော စပါးပွဲစားကြီး ဦးထင်ပေါ်ဖြစ်၍ ကျန်နှစ်ယောက်မှာ ဦးထင်ပေါ်၏ ဖိတ်ကြားချက်အရ လာရောက် စားသောက်ကြသည့် ပွဲစား ဦးဖေခင်နှင့် ဦးတင်သိန်းတို့ ဖြစ်လေသည်။

သူတော်စိန်နှင့် ဦးဘပွားတို့မှာ ထိုလူသုံးယောက်ကို ကြည့်နေကြရာမှ-

စိန်။ ။'ငနဲကြီးတွေ တော်တော် ထွေလာကြ မှတ်တယ်။ ခင်ဗျား သိသလား၊ ဘယ်သူတွေလဲဗျ'

ပွား။ ။'အလုပ်အကိုင် ကတော့ ပွဲစားတွေပေါ့၊ ဒါပေမယ့် တော်တော်ရှုပ်ချင်တဲ့ လူစုပဲ။ သူတို့ တစ်ခုခုဖြစ်လျှင် ခင်ဗျာ့ လက်ချက်ပဲလို့ ကျုပ်တွေးလောက်တဲ့ လူစားတွေပေါ့။ ဦးထင်ပေါ်ဆိုတဲ့ လူကြီးက ဂိုက်ဆိုက် တော်တော်များချင်တဲ့ လူပေါ့၊ ရန်ကုန် ခေတ္တလာတာတောင် ရှိုင်ရယ် ဟိုတယ်မှာ တည်းခိုတာ ကြည့်ပါတော့လား'

စိန်။ ။'ဟိုနှစ်ယောက် ကကောဗျ'

ပွား။ ။'ပွဲစားလည်း ဟုတ်တာပဲ၊ ကုန်သည်လည်း ဟုတ်တာပဲ။ ဟိုတစ်ယောက်ဟာက တိုလီမိုလီ အဆန်းကလေးတွေ ထွင်လုပ်ဖို့ လက်မှုပညာဘက်မှာ တော်တော် လက်မြောက်တဲ့ လူဗျ။ စက်ကိရိယာလည်း တော်တော် နားလည်တယ်။ တစ်ယောက်ဟာကတော့ လက်မှုပညာဘက် မဟုတ်ဘူး၊ ဆိုက်ကော်လော်ဂျီ ဆိုလား၊ စိတ်ပညာ ဆိုလား၊ ကျမ်းတွေဘာတွေ ရေးပြီး စာအုပ် ထုတ်ရောင်းဖူးပါသေးကောလားဗျ'





သူတော်စိန်လည်း တိုး၍ စိတ်ဝင်စားလာဟန်ဖြင့် အကဲခတ် နေလေ၏။

ထိုခဏ၌ အိမ်ရှင် ဦးထင်ပေါ်က ဧည့်သည်များအား မိမိ၏ သားသမီးများကို သတိတရ လက်ဆောင် ပေးလိုက်သည့်အတွက် ကျေးဇူးတင်စကား ပြောလေရာ လက်မှုပညာတတ်သော ဦးဖေခင်က နောက်တစ်ခေါက် ရန်ကုန် သွားလာလျှင် သားမယားများကိုပါ ခေါ်ခဲ့ရန် သတိပေးပြီးနောက် ဧည့်သည် အချင်းချင်း မျက်နှာကို ကွက်ခနဲ လှမ်းကြည့်လိုက်ကြ၏။ မျက်စိလျင်သော သူတော်စိန်သည် ထိုအခြင်းအရာကို အသိအမှတ်ပြုနေစဉ် ဦးထင်ပေါ်က ဘာကိုပြောလိုက်သည် မသိ၊ လက်တစ်ဖက်ကို ရှေ့သို့ဆန့်လျက် လက်ညှိုးတစ်ချောင်းတည်း ရှေ့သို့တန်းကာ သေနတ်ဖြင့် ချိန်ရွယ်သောဟန်အမူအရာမျိုး ပြုလုပ်ပြသဖြင့် သုံးယောက်လုံး ရယ်မောကြလေ၏။

ထိုနောက် မိတ်ဆွေသုံးယောက်တို့ ခွဲခွာကြ၍ ဧည့်သည်နှစ်ယောက်တို့သည် တက္ကစီ တစ်စီးပေါ်သို့ တက်သွားကြသည်တွင် ဦးထင်ပေါ်လည်း ဟိုတယ်အပေါ်ထပ်သို့ တက်သွားလေ၏။

သူတော်စိန်သည် ဘွိုင်တစ်ယောက်ကိုခေါ်၍ ဘီယာနှစ်လုံး ထပ်မံယူခဲ့ရန် အမိန့်ပေးပြီးနောက်၊ စကားတပြောပြောနှင့် မြေပဲဆားလှော်ကို ဝါးရင်း သောက်နေကြရာ ၅ မိနစ်ခန့် အကြာတွင် ရှိုင်ရယ်ဟိုတယ် အပေါ်ထပ်မှ သေနတ်သံတစ်ချက် ထွက်လာသဖြင့် ဘီလိယက်ထိုးသူအချို့လည်း တန့်ရပ်၍ အချို့ကမူ- 'အဆန်းမဟုတ်ပါဘူးကွာ၊ လာသာ ထိုးပါ' ဟုဆိုကာ ကစားမြဲတိုင်း ကစားနေကြလေ၏။

များမကြာမီအတွင်း ဟိုတယ်အစေခံများကို ပျာယီးပျာယာ အမူအရာမျိုး တွေ့ရသဖြင့် ဦးဘပွားက စုံစမ်းကြည့်ရာ ဟိုတယ်၌ တည်းခိုသော ဧည့်သည်တစ်ယောက် သေနတ်ထိမှန်သည်ဟု သိရှိရလေ၏။ ထိုအခါ ဦးဘပွားမှာ ပုလိပ်အရာရှိတစ်ယောက် ဖြစ်သည့်အတိုင်း ချက်ချင်းထ၍



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်သို့ တက်သွားလေရာ သူတော်စိန်လည်း နောက်မှ လိုက်သွားလေ၏။

အပေါ်ထပ်သို့ ရောက်ကြသောအခါ သေနတ်ထိမှန်သူမှာ အခြားမဟုတ်၊ ဦးထင်ပေါ်ပင် ဖြစ်နေကြောင်း တွေ့ကြရလေရာ ဦးဘဗွားသည် ပုလိပ်အရာရှိတစ်ယောက် ဖြစ်သည့်အတိုင်း ထိုကိစ္စကို ရှေ့ဆောင်၍ စစ်ဆေးရာတွင် ဦးထင်ပေါ်မှာ ဟိုတယ်အောက်ထပ်မှ မိတ်ဆွေနှစ်ယောက်တို့ကို လိုက်ပို့ပြီးနောက် အပေါ်ထပ်သို့ တက်လာ၍ သူ၏အခန်းထဲသို့ ဝင်သွားကြောင်း၊ မကြာမီအတွင်း အခန်းတွင်းမှ သေနတ်သံကြားရ၍ ပိတ်ထားသော တံခါးကို အတင်းဖွင့် ဝင်ကြကြောင်း၊ ဦးထင်ပေါ်မှာ သေနတ်တစ်လက်ကို ကိုင်လျက် ကြမ်းပေါ်၌ လဲသေနေသည်ကို တွေ့ကြရကြောင်း၊ အခန်းတွင်း၌ မည်သူမျှ မရှိသည့်ပြင် အတွင်းမှ မင်းတုပ်ချ၍ ပိတ်ထားသည်ကိုပင် တွေ့ရကြောင်းဖြင့် အစေခံများက ပြောပြလေ၏။

ဦးဘဗွားနှင့် သူတော်စိန်တို့သည် အခန်းတွင်းသို့ ဝင်သွားကြလေရာ မန်နေဂျာမှာလည်း ဦးဘဗွားကို သိသဖြင့် အဆင်သင့်လှသည်ဟု ပြော၍ အကူအညီ ပေးလေ၏။ ဦးထင်ပေါ်မှာ အစေခံများ ပြောသည့်အတိုင်း စားပွဲငယ်တစ်ခုအနီး ကြမ်းပေါ်တွင် လဲလျက် လက်ထဲ၌ကား ပစ္စတိုသေနတ်တစ်လက်ကို ဆုပ်ကိုင်လျက် ရှိလေရာ ဒဏ်ရာမှာမူ လကျာ်ဘက်မျက်စိမှ ကျည်ဆန်ဖောက်ဝင်၍ နောက်စေ့မှ ထွက်သွားသဖြင့် မမြင်ဝံ့၊ မရှုဝံ့အောင် ကြီးကျယ်လှပေ၏။ အနီးရှိ စားပွဲကလေးပေါ်၌ကား ဂျပ်စက္ကူဖြင့် ပြုလုပ်ထားသော သေတ္တာကလေးတစ်လုံးအပြင် ပတ်ထားသော စက္ကူများဖြင့် ချည်နှောင်ထားသော ဘန်ချည်ကြိုးများကို တွေ့ရလေ၏။ လက္ခဏာမှာ ဦးထင်ပေါ်သည် သေတ္တာကလေးကိုဖွင့်၍ တစ်စုံတစ်ခုသော အရာဝတ္ထုကို ထုတ်ယူထားဟန် တူ၏။ အနီးအပါး၌ကား မည်သည့်အရာဝတ္ထုကိုမျှ မတွေ့ရချေ။





အခန်းတံခါး ပိတ်ထားခြင်း၊ လက်ထဲ၌ သေနတ်တွေ့ရခြင်း၊ ဦးထင်ပေါ်၏ ရန်သူဟူ၍ ဟိုတယ်၌ မတွေ့ရခြင်း တည်းဟူသော အခြင်းအရာတို့ကို ထောက်ခြင်းအားဖြင့် သေသူမှာ မိမိကိုယ်ကို မိမိ ပစ်သတ်သေဆုံးခြင်းကား ထင်ရှားသည်ဟု ဦးဘဗွား သဘောရသော်လည်း မည်သို့သော အကြံအစည်နှင့် ထိုကဲ့သို့ ပြုလုပ်ခြင်းကိုမူ ရုတ်တရက် မပြောနိုင်သေးချေ။ သို့ရာတွင် ဦးထင်ပေါ်၏ ငွေရေးကြေးရေးနှင့် အိမ်သူ အိမ်သားများ၏ အခြေအနေတို့ကို အလုံးစုံ ထောက်လှမ်း သိရှိရသည့်အခါတွင် ရည်ရွယ်ချက်ပေါ်ထွက်လာလိမ့်မည်ဟု အောက်မေ့မိလေ၏။

ဦးဘဗွားသည် ကွယ်လွန်သူ ဦးထင်ပေါ်၏ ပစ္စည်းများကို မွှေနှောက်ကြည့်ရှုရာတွင် သားရေသေတ္တာနှစ်လုံ နှင့် အပြည့်ထည့်ထားသော အဝတ်အစားများနှင့် စာများကို တွေ့ရှိရ၏။ ယင်းတို့ကို ဖတ်ရှုရာတွင် ပုသိမ်မြို့၌ နေထိုင်သော ဇနီးဖြစ်သူထံမှ မိမိနှင့်တကွ သားသမီးတစ်စုတို့ ကျန်းမာစွာ ရှိကြကြောင်း၊ ပြန်လာမည့် ရက်ကိုလည်း ဇနီးနှင့် သားသမီးများက မျှော်လင့်တောင့်တလျက် ရှိကြကြောင်း၊ ဖခင် ကတိထားသွားသည့် ကစားစရာ အဆန်းများကိုလည်း များများကြီး ဝယ်ခဲ့ပါမည့်အကြောင်း၊ သို့လှောင်ထားသော စပါးများမှာ နေ့ချင်း ညချင်း ဈေးတက်လာသည်ဖြစ်၍ မြတ်စွန်းဖို့ ရှိသောကြောင့် အိမ်၌ရှိသော မော်တော်ကားဟောင်းကို ထုတ်ရောင်း၍ အသစ်တစ်စီး ဝယ်စေလိုကြောင်း စသည်ဖြင့် ပါရှိသည်ကို တွေ့ရလေ၏။ ထိုစာတစ်စောင်တည်းနှင့်ပင် ဦးထင်ပေါ်၏ ငွေရေးကြေးရေး အခြေအနေမှာ ခိုင်လုံတောင့်တင်းသည့်ပြင် အိမ်သူအိမ်သားများနှင့်လည်း သင့်မြတ်ညီညွတ်သည် ဖြစ်၍ စိတ်ညစ်ဖွယ်ရာအကြောင်း ရှာမတွေ့သည် အဖြစ်ကို ရိပ်မိနိုင်ပေ၏။ အခြားစာ သုံးလေးစောင်တို့မှာလည်း မိတ်ဆွေများထံမှဖြစ်၍ သတ်သေချင်လောက်အောင် အကြောင်းတစ်စုံတစ်ရာမျှ သဲလွန်စ မတွေ့ရပေ။

သားရေသေတ္တာတစ်လုံး၏ အဖုံးတွင်း၌ကား ဓာတ်ပုံများ တွေ့ရပေ

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရာ ထိုခေတ်ပုံများမှာ ဦးထင်ပေါ်နှင့် သားသမီးတစ်စုတို့ ဥယျာဉ်ထဲ၌ ကစားနေကြပုံ၊ နို့စို့ကလေးကို ဦးထင်ပေါ်က ထမ်းပြေးလျက် နို့ညှာနှင့် သားအကြီးတို့က နောက်မှ လိုက်နေကြပုံ စသော ခေတ်ပုံများပင် ဖြစ်လေသည်။

ထင်းရှူးသေတ္တာတစ်လုံး အတွင်း၌ကား သံပတ်နှင့်ပြေးသော မော်တော်ကား၊ မီးရထား၊ မီးသင်္ဘော စသော ကစားစရာများအပြင် အရက်မူးဟန်နှင့် လမ်းလျှောက်သော ဂေါရာစစ်သားတစ်ယောက်၏ ပုံသဏ္ဍာန် ဘုလုပ်ထားသည့် သစ်သားရုပ် တစ်ရုပ်လည်း တွေ့ရှိရ၏။ ထိုအရုပ်မှာ လက်ပံသားနှင့် ထုလုပ်၍ ဆေးခြယ်ထားပုံကို ကြည့်ခြင်းအားဖြင့် မြန်မာပြည်ဖြစ် ဖြစ်ကြောင်း သိနိုင်ပေ၏။ ထူးခြားသော အချက်မှာ ကျောဘက်မှ သံပတ်ကို တင်းပေး၍ ကြမ်းပေါ်၌ ချပေးလိုက်သောအခါတွင် ခြေနှစ်ချောင်းကို တစ်ဖက်စီလှမ်းလျက် ဒယီးဒယိုင် သွားနိုင်သည်ကို တွေ့ရသဖြင့် စက်ကိရိယာဘက်တွင် အလွန်ကျွမ်းကျင်၍ စိတ်ကူးကောင်းသူတစ်ယောက်၏ လက်ရာဖြစ်ကြောင်း ထင်ရှား၏။ မြန်မာပြည်အတွင်း၌ ထိုအရုပ်မျိုး လုပ်တတ်သူ ရှိနေခြင်းအတွက် သူတော်စိန်မှာ အံ့သြလျက် ရှိ၏။

ထိုအကြောင်းကို ပြောပြသောအခါ ဦးဘပွားက 'ခက်မှခက်ရပလေဗျာ ဒီလူနှယ်၊ လူသတ်မှု ဖြစ်လိမ့်မလားလို့ ကူပြီး စဉ်းစားပေးမလားအောက်မေ့ပါ၊ ဘယ့်နှာတွေ လျှောက်စဉ်းစားနေပါလိမ့်' ဟု ပြန်ပြောသေး၏။ သူတော်စိန်ကမူ အလွန်ဉာဏ်ထိုင်းသော ကျောင်းသားတစ်ယောက်ကို ဉာဏ်ကောင်းသော ကျောင်းသားက "ဖျင်းမှ ဖျင်းရပလေ" ဟူသော ကြည့်ခြင်း မျိုးဖြင့် ပြုံးစေ့စေ့ ကြည့်နေလေ၏။

နောက်ဆုံး၌ ဦးဘပွားက သူတော်စိန်အား 'ကောင်းပါပြီ၊ ကိုယ့်လူ သွားကြပါစို့၊ ဘီယာကလေး သုံး လေး လုံးစီ သောက်ထားတာနဲ့ ကလေးစိတ် ပေါက်လာပြီး ကစားစရာတွေကို လက်မလွှတ်နိုင်တော့ဘူးလား' ဟု မေးလိုက်သဖြင့် သူတော်စိန်သည် စစ်သားရုပ်ကို ချထားခဲ့၍ ဦးဘပွားနှင့် အတူ ဆင်းလာခဲ့ကြလေ၏။ လမ်းခရီး၌—





စိန်။ ။(ခနဲ့တဲ့တဲ့ မျက်နှာထားမျိုးဖြင့်) 'ဘယ့်နှယ်လဲ ဦးဘပွား၊ ဘာများ တွေ့ခဲ့ရသလဲဗျ'

ပွား။ ။'ဘာတွေ့လို့ မျှော်လင့်စရာ ရှိသေးလို့လဲ ကိုယ့်လူရဲ့'

စိန်။ ။'ခင်ဗျားတို့ ပုလိပ်တွေဟာ သဲလွန်စ အရှာကောင်းလှတယ်ဆိုလို့'

ပွား။ ။'ဘယ်ကလာ သဲလွန်စ ရှာနေရဦးမှာလဲဗျ၊ လူသတ်မှုမှမဟုတ်ဘဲနဲ့'

စိန်။ ။'ကောင်းလှပါပြီဗျာ၊ တော်တော်ကြာတော့ ....'

ပွား။ ။'အောင်မယ် ကိုရင်က ကျုပ်ကို နည်းလမ်းညွှန်ပြနိုင်သေးလို့လား'

စိန်။ ။'မဟုတ်ပေါင်ဗျာ၊ ခင်ဗျား စဉ်းစားနည်းကလေး သိချင်လို့ပါ'

ပွား။ ။'ကောင်းပြီ၊ ဒါဖြင့် နက်ဖြန် အိမ်ကို လာနားထောင်လှည့်'

*

ထိုည၌ သူတော်စိန်သည် ရတ်တရက် အိပ်မပျော်နိုင်ဘဲ ဦးထင်ပေါ်၏ အမှုအကြောင်းကို စဉ်းစားစိတ်ကူးနေလေရာ တွေ့ရသမျှသော အခြင်းအရာများမှာ ကိုယ့်ကိုယ်ကို သတ်သေသည်ဟူသော အဖြေသာလျှင် ပေါ်ထွက်လျက်ရှိသော်လည်း တံခါးဝအနီးတွင် လူသုံးယောက် နှုတ်ဆက်စကားပြောကြစဉ်က ဦးထင်ပေါ်သည် လက်မကို အထက်သို့ထောင်ကာ လက်ညှိုးကို ရှေ့သို့တန်းလျက် သေနတ်ဖြင့်ပစ်ဟန် အမူအရာမျိုး ပြသလိုက်ခြင်းကို နားမလည်နိုင်အောင် ရှိနေလေ၏။ ဧည့်သည်နှစ်ယောက်တို့က ငွေညှစ်တောင်းသဖြင့် ဦးထင်ပေါ်က သေနတ်နှင့် ပစ်သေမည်ဟု ပြောလိုက်ခြင်းလည်း မဖြစ်တန်ရာချေ။ ထို့ပြင် အိမ်ရှင်သည် မိမိထံမှ ငွေညှစ်တောင်းသော ဧည့်သည်များနှင့် လည်ပင်းဖက်၍ အကျွမ်းတဝင် စကားပြောသည် ဟူ၍



www.burmeseclassic.com

www.burmeseclassic.com



လည်း မဖြစ်နိုင်ချေ။ ညှော်သည်များက ဝမ်းထဲ၌ အကောက်ကြံသည် ဆိုလျှင် ဖြစ်နိုင်သော်လည်း ထိုအချိန်တွင် အိမ်ရှင်၏ အမူအရာမှာ ကျေနပ်စွာ ရှိနေသည်ကို မိမိမျက်စိဖြင့် မြင်ခဲ့ပြီး ဖြစ်၏။ အရက်မူးသော ဂေါရာရုပ်သည် လက်မြောက်လှသည်ဆိုသော ဦးဖေခင်၏ လက်ရာ ဖြစ်ကြားအံ့၊ စားပွဲကလေးပေါ်၌ တွေ့ရသော စက္ကူသေတ္တာသည်လည်း ပစ္စည်းတစ်ခုခု ထည့်ယူလာခဲ့သော သေတ္တာပင် ဖြစ်ကြားအံ့၊ မည်သည့်ပစ္စည်းမျိုးကို ထည့်လာခဲ့လေသနည်း။ ဦးထင်ပေါ်က ကိုယ့်ကိုယ်ကိုယ် ပစ်သတ်သော သေနတ်ပင် ဖြစ်လေသလော၊ သေနတ် ရရန်အတွက် ဦးထင်ပေါ်သည် ဤလူနှစ်ယောက်ကို အားကိုးဖို့ လိုလေသလော စသော မေးခွန်းများကို ကျေနပ်အောင် အဖြေမပေးနိုင်ဘဲ သူတော်စိန်မှာ ဝေလည်လည် ရှိနေလေ၏။

*

နောက်တစ်နေ့၌ သူတော်စိန်သည် ဦးဘပွား၏ ရုံးခန်းသို့ ဝင်သွား၍–

စိန်။ ။ 'ဘယ့်နှယ်လဲ ....ဦးဘပွား၊ ဦးထင်ပေါ်ဟာ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုအကြောင်းကြောင့် ပစ်သတ်တယ်ဆိုတာ တွေ့ရပြီလား'

ပွား။ ။ 'မတွေ့ရဘူး ကိုယ့်လူ၊ ကြေးနန်းရိုက်ပြီး စုံစမ်းကြည့်တော့ သူ့မှာ ငွေရေး ကြေးရေး သိပ် ချောင်လည်တာပဲ တဲ့။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ် သတ်တာ သတ်တာပေါ့ဗျ။ အကြောင်းရှာမတွေ့လည်း ဘယ်တတ်နိုင်မလဲ။ ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့ လူများဟာ လုပ်ခါနီးမှာ ရုတ်တရက် ရူးသွားတယ်လို့ ဆရာဝန်များက ပြောကြတာပဲ၊ ဒါလည်း ဒီလို ဖြစ်မှာပေါ့'

စိန်။ ။ 'ဒါထက် ဦးဖေခင်နဲ့ ဦးတင်သိန်းတို့လူစုကို ခင်ဗျား တွေ့ပြီးပြီလား'

ပွား။ ။ 'ကျုပ်ရုံးခန်းကို လာဖို့ မှာထားခဲ့တယ်၊ လာကြပါလိမ့်မယ်။ ရောက်လှပါပြီ'





ဦးဘပွား၏စိတ်ထဲ၌ သူတော်စိန်သည် ကိုယ့်ကိုယ်ကိုယ် သတ်သေသည်ဟူသော တွေးဆချက်ကို မကြိုက်ကြောင်း ရိပ်မိသော်လည်း အင်စပိတ်တော်ကြီး တစ်ယောက်လုံးက လူဆိုးယောင်ယောင် နာမည်ကြီးနေသော အရပ်သားတစ်ယောက်ထံမှ ထင်မြင်ချက် တောင်းရမည်ကို ရှက်သည်နှင့် ထုတ်ဖော်၍ မမေးဘဲ အောင့်နေလေရာ သူတော်စိန်ကလည်း မမေးဘဲ ပြောတတ်သောဝါသနာ မရှိသဖြင့် အတည့်အလင်း မပြောဘဲ ခနဲ့တဲ့တဲ့ အသုံးမျိုးကိုသာ သုံးနေလေ၏။

များမကြာမီ ဦးဖေခင်နှင့် ဦးတင်သိန်းတို့ ရောက်လာကြလေရာ ဦးဘပွားက နေရာထိုင်ခင်း ပေးပြီးနောက်–

ပွား။ ။ 'ဦးထင်ပေါ် သေတဲ့အကြောင်းကို ကျုပ်တို့ စဉ်းစားနေတယ် ဦးဖေခင်။ သူနဲ့ခင်ဗျား သိတာ ဘယ်လောက်ကြာပြီလဲ'

ခင်။ ။ 'လေး ငါး ခြောက်နှစ် ရှိသွားပါပြီ'

ပွား။ ။ 'ခင်ဗျားသဘော ပြောစမ်းဗျာ၊ ဘယ်လို ထင်သလဲ'

ခင်။ ။ 'ကျွန်တော်တို့လည်း မစဉ်းစားတတ်အောင် ဖြစ်နေတာပဲ။ မနေ့ညတုန်းက ကျွန်တော်တို့နဲ့ တွေ့ခဲ့တော့ ရွှင်လို့ ခင်ဗျာ။ စီးပွားကလည်း တက်၊ အိမ်သူ အိမ်သားတွေလည်း သိပ်ချစ်ခင်တာပဲ၊ အကြောင်းရှာမရအောင် ဖြစ်နေတယ် အင်စပိတ်တော်မင်း'

ပွား။ ။ 'ခင်ဗျားတို့နဲ့ သူနဲ့ ငွေရေးကြေးရေး ဆက်ဆံဖူးသလား'

ခင်။ ။ 'လက်ငင်း အရောင်းအဝယ် လုပ်ကြတာပါပဲ၊ တစ်ယောက်တစ်ယောက် ကြွေးမြီ အတင်အကျ မရှိကြပါဘူး'

ပွား။ ။ 'ကျုပ်တို့ စုံစမ်းကြည့်ရင် သိနိုင်တယ်နော်'

ခင်။ ။ 'စုံစမ်းပါခင်ဗျာ၊ မဟုတ်တာ ကျွန်တော် ပြောရင် ကျွန်တော် ဆိုးတာပေါ့။ ကျွန်တော်တို့နဲ့တော့ အကင်းရှင်းကြီးပါ ခင်ဗျာ'

ပွား။ ။ 'ခင်ဗျားတို့က ပုသိမ်နယ်အတွက် စပါးဘက်က ပရောဂျက်လုပ်ငန်း လျှောက်ထားတယ်ဆို'



www.burmeseclassic.com

www.burmeseclassic.com



ခင်။ ။'မှန်ပါတယ် အင်စပိတ်တော်'

ပွား။ ။'ဦးထင်ပေါ်ကလည်း လျှောက်ထားတယ် ဟုတ်စ'

ခင်။ ။'သူ ပြောဖူးပါတယ်'

ပွား။ ။'ဦးသင်ပေါ်နဲ့ ခင်ဗျားတို့နဲ့ တစ်ဦးဦး ရမယ်ပေါ့'

ခင်။ ။'ဒါမတော့ ကုသိုလ်အတိုင်းပေါ့ အင်စပိတ်တော်မင်း။ မိတ်ဆွေချင်းဆိုတော့ သူ ရရင်လည်း ရပါစေ၊ ကျွန်တော်တို့ မနာလို မရှိပါဘူး'

စိန်။ ။(ကြားဖြတ်လျက်) 'ဒါဖြင့် ဦးထင်ပေါ် မရှိရင် ခင်ဗျားတို့ ရဖို့ သေချာနေတော့တာပေါ့ ဟုတ်စ'

သိန်း။ ။(စပ်ကြားမှ ရုတ်တရက် ဝင်လျက်) 'ခင်ဗျား မေးလိုက်ပုံက ကျွန်တော်တို့ လူစုကပဲ ဦးထင်ပေါ် သေတာကို ဝမ်းသာရဦး မလိုလို ဖြစ်နေပြီကော။ ခင်ဗျာ့ ငွေကလေး သုံး လေးသိန်းအတွက်နဲ့ ဒီလောက်'

စိန်။ ။'သုံးလေးသိန်း မပြောနဲ့၊ သုံးလေးထောင် သုံးလေးရာ အတွက်တောင် ညီအစ်ကို အရင်းခေါက်ခေါက်တွေ တရားတပေါင် တွေ့ကြတာ ဘယ်နှစ်ယောက် ရှိပြီလဲ'

သိန်း။ ။'ခင်ဗျားက ဘယ်သူလဲ'

ပွား။ ။'ကျုပ်မိတ်ဆွေ တစ်ယောက်ပါပဲ၊ ဒါကတော့ ဆွေးနွေးကြတာပါဗျာ၊ စိတ်မရှိပါနဲ့'

ဤတွင် ဦးဖေခင်က မိမိတို့နှင့် ဦးထင်ပေါ်မှာ အလွန်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြသောကြောင့် ဦးထင်ပေါ် သေဆုံးမှ မိမိတို့မှာ အလုပ်ကို ရမည်ဆိုလျှင် ဝမ်းမမြောက်နိုင်ကြောင်းနှင့် ပြောဆိုလျက် စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိရန်အတွက် ဓာတ်မီးခြစ်ကို ထုတ်လိုက်ရာ သူတော်စိန်မှာ မီးခြစ်တိုင်း ကြည့်နေလေ၏။ ဦးဖေခင် မီးညှိပြီးနောက် သူတော်စိန်သည် ဓာတ်မီးခြစ်ကို ခေတ္တ တောင်းယူကြည့်ရှုလေရာ မီးခြစ်မှ ခလုတ်တစ်ခုကို





နှိပ်လိုက်သောအခါ၌ မီးတောက် ပေါ်မလာဘဲ ရဲရဲနီသော သတ္တုချောင်းကလေး ဖြစ်ပေါ်လာ၍ ထိုအပူရှိန်ဖြင့် စီးကရက်ကို မီးညှိရခြင်း ဖြစ်လေသည်။

စိန်။ ။'ကောင်းပါပေ့ခင်ဗျာ၊ ဘယ်မှာ ဝယ်ပါလိမ့်'

ခင်။ ။(ရယ်မောလျက်) 'ကျွန်တော်က စက်ကိရိယာနဲ့ လျှပ်စစ်ဓာတ်အကြောင်း နည်းနည်းပါးပါး လိုက်စားဖူးလေတော့ ကိုယ်တိုင် ထွင်လုပ်ထားတဲ့ မီးခြစ်ပါခင်ဗျာ' ဟု ပြောပြီးနောက် ဝါသနာအိုးတို့၏ ထုံးစံအတိုင်း မိမိ၏လက်စွမ်းကို လူ ချီးမွမ်းအံ့သြခြင်းအတွက် နှစ်သိမ့်သော မျက်နှာထားနှင့် ပြုံးနေလေ၏။

ထိုနောက် သူတော်စိန်က မေးမြန်းသဖြင့် ကာလကတ္တားမြို့တွင် ငယ်စဉ်အခါက လျှပ်စစ်အင်ဂျင်နီယာအတတ်ကို လေ့လာသင်ကြားခဲ့ဖူးပါသည်ဟု ဦးဖေခင်က ပြောပြလေ၏။

ထိုအခါ သူတော်စိန်က မိတ်ဆွေနှစ်ယောက်အနက် တစ်ယောက်က လက်မှုပညာ၊ တစ်ယောက်က စိတ်မှုပညာ တတ်မြောက်ကြ၍ နတ်ဖက်ပေးသကဲ့သို့ ဆုံစည်းပေါင်းသင်းနေကြခြင်းမှာ လွန်စွာ နေရာကျပေသည်ဟု ချီးကျူးပြောဆိုလေရာ နှစ်ယောက်လုံးတို့မှာ မပြုံးချင် ပြုံးချင်နှင့် ပြုံးနေကြရလေ၏။

နောက်ဆုံး၌ ဦးဘပွားက ဧည့်သည်နှစ်ယောက်တို့အား မိမိက ဒုက္ခပေးသကဲ့သို့ ဆင့်ခေါ်ရသည့်အတွက် ဝမ်းနည်းစကားပြော၍ လွှတ်လိုက်သဖြင့် လူနှစ်ယောက်တို့ ထ သွားကြသောအခါ–

ပွား။ ။'ကိုယ့်လူ ဘာကြောင့် စုံထောက်ဘက် မလုပ်သလဲ၊ ပုလိပ်မင်းကြီးက ခင်ဗျားလို လူသွက်ကလေးတွေ လိုက်ရှာနေတယ်ဗျ'

စိန်။ ။'စုံထောက်ဘက်လုပ်ရင် ခင်ဗျာ့လက်အောက်မှာ လက်ထောက်လုပ်ရမှာပေါ့လေ ဟုတ်စ။ တော်စမ်းပါဗျာ၊ ကိုယ့်ကိုယ်ကိုယ် သခင်



www.burmeseclassic.com

www.burmeseclassic.com



သေတာလား၊ လူသတ်မှုလားလို့မှ ခွဲခြားပြီး မသိတတ်တဲ့ ဆရာတစ်ယောက် ဆီမှာ ကာပည့်ခံလို့ ဘာသွားလုပ်မှာလဲ ဆရာကြီး'

ပွား။ ။(မျက်နှာကြီး နီလျက်) 'တယ် လုပါးဝတဲ့ ကြမ်းပိုးကလေး ပါကလား။ ဦးထင်ပေါ် သူ့ကိုယ်သူ မစ်သေတာ ကျုပ် မသိဘဲ နေပါ့ မလား'

စိန်။ ။'သူ့ကိုယ်သူ ပစ်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် လူသတ်မှု လူသတ်မှုပဲ ဆရာကြီး'

ပွား။ ။'ကိုယ့်လူ စောစောစီးစီး ဘာတွေ သောက်လာခဲ့သလဲ'

စိန်။ ။'သိပ်သောက်တာက ကျွန်တော် မဟုတ်ပါဘူးဗျာ၊ ဦးထင်ပေါ်ပါ'

ပွား။ ။'သိပ်သောက်ပါဦးတော့ ကိုယ့်လူရယ်၊ မူးတာနဲ့ ကိုယ့်ကိုယ်ကိုယ် ပစ်သတ်တယ်လို့ ဟုတ်နိုင်ပါ့မလား'

စိန်။ ။'သူတို့က ပစ်အောင် လုပ်ပေးခဲ့တာကိုးဗျ'

ပွား။ ။'ဒီငနဲက ဘာတွေ လျှောက်ပြောနေပြန်ပါလိမ့်မယ်'

ယင်းသို့ ပြောရသော်လည်း ဦးဘပွားမှာ သူတော်စိန်ကား တစ်စုံတစ်ရာကို တပ်အပ်သေချာ သိထားပြီး ရှိသောကြောင့်သာလျှင် ဤကဲ့သို့ တပ်တပ်အပ်အပ် ပြောနေဟန် တူသည်ဟု အောက်မေ့မိသဖြင့် မရဲတရဲ ဖြစ်လာလေတော့၏။ သို့ဖြစ်လျှင် စိတ်အတတ်ပညာကို တတ်သော ဦးတင်သိန်းသည် ဦးထင်ပေါ်ကို စိတ်ဖြင့် ညှို့ထားခဲ့၍ သူတစ်ယောက်တည်း ကျန်ရစ်နေသောအခါမှ ကိုယ့်ကိုယ်ကိုယ် ပစ်သတ်ခြင်း ဖြစ်နိုင်လေသလော ဟု စဉ်းစားမိ၏။ သို့ရာတွင် ဤသို့ဖြစ်နိုင်ရန်မှာ လွန်စွာ ခဲယဉ်းကြောင်းကို ဦးဘပွား သိသဖြင့် မကျေနပ်နိုင်ချေ။

ပွား။ ။'နေပါဦး ကိုယ့်လူရယ်၊ ဦးဖေခင်တို့ လူစုက ပရောဂျက်ကိစ္စကြောင့် ဦးထင်ပေါ်ကို သတ်ချင်ကြလိမ့်မယ် ဆိုတာကို ကျုပ် လက်ခံ





နိုင်တယ် ထားပါဦးတော့။ လူတစ်ယောက်ကို ကိုယ့်ကိုယ်ကိုယ် သတ်သေချင်အောင် ဘယ့်နှယ်တတ်နိုင်မှာလဲ ငါ့လူရဲ့'

စိန်။ ။'ဒီလိုလေဗျာ။ ဂျာမနီတို့၊ ဂျပန်တို့က ကလေးကစားစရာတွေ လုပ်ရောင်းကြတယ် ဟုတ်လား။ သူတို့ ဘယ်လိုပြောဖူးသလဲ သိလား၊ ကလေး ကစားစရာဆိုပေမယ့် လူကြီးတွေ သဘောကျလောက်အောင် လုပ်ရောင်းနိုင်မှ တွင်ကျယ်တယ်တဲ့ဗျာ'

ပွား။ ။'ဒါ ဘာပြုသလဲ ကိုယ့်လူ'

စိန်။ ။'လူကြီး ကြိုက်လောက်အောင် လုပ်ထားပြီ ဆိုမှဖြင့် အမေလုပ်တဲ့လူ၊ အမေလုပ်တဲ့ လူတွေက ဝင်ပြီး ကစားတတ်တယ် ဟုတ်လား၊ ခင်ဗျားရဲ့ ဦးထင်ပေါ်ကလည်း အဲဒီလို လူကြီးမျိုးဗျ။ ကလေးတွေနဲ့ ကစားနေတဲ့ ဓာတ်ပုံတွေကို ခင်ဗျား တွေ့ခဲ့ရတယ် မဟုတ်လား'

ပွား။ ။'ဒါနဲ့ လူသတ်မှုနဲ့ ဘာဆိုင်လို့လဲ ကိုယ့်လူရယ်'

စိန်။ ။'ဦးထင်ပေါ် သေရင် ဟိုလူနှစ်ယောက် အကျိုးရှိကြမှာက တစ်ချက်၊ ဦးထင်ပေါ်က သားသမီး ချစ်တတ်တာက တစ်ချက်၊ ကစားစရာ အဆန်းဝယ်ဖို့ ဝါသနာပါတာက တစ်ချက်၊ ဟိုညက ဒီလူနှစ်ယောက် ဟိုရောက်ခဲ့ကြတာက တစ်ချက်၊ ခွဲခါနီးမှာ သေနတ်နဲ့ချိန်တဲ့ ဟန်အမူအရာ လုပ်ပြတာက တစ်ချက်၊ တစ်ယောက်က စက်ကိရိယာဘက်က၊ တစ်ယောက်က စိတ်ဘက်က နားလည်ထားပြီး နှစ်ယောက်ပေါင်းမိ နေကြတာက တစ်ချက်၊ အားလုံးပေါင်းကြည့်လိုက်ရင် ကျွန်တော့်စိတ်ထဲမှာတော့ သေချာနေတာပဲ။ သို့သော် သိချင်တာကလေးတစ်ခု ရှိသေးလို့ ဦးဖေခင် အိမ်ကို တစ်ဆိတ် သွားကြည့်ချင်တယ်ဗျာ'

ပွား။ ။(အနည်းငယ် လျှော့ဆင်းလာ၍) 'ကျုပ်တော့ သိပ်ပြီး မယုံကြည်ပေါင် ကိုယ့်လူ၊ သို့သော် ခင်ဗျား ကြည့်ချင်ရင် လိုက်ပို့ရတာပေါ့'

*

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် လူနှစ်ယောက်တို့သည် တက္ကစီတစ်စီးခေါ်၍ ဦးဖေခင်၏ နေအိမ်တည်ရှိရာ ဖြစ်သော ကျောက်မြောင်းရပ်ကွက်သို့ သွားကြလေရာ အိမ်သို့ရောက်ကြသောအခါတွင် ဦးဖေခင် မရှိဟု သူ၏မယားက ပြောသော်လည်း ဦးဘဗွားက ပုလိပ်အရာရှိ ဖြစ်သည်ဆို၍ ရှာလိုကြောင်း ပြောပြီးလျှင် အိမ်ထဲသို့ ဝင်သွားကြလေ၏။ အခန်းတစ်ခန်းမှာ ဦးဖေခင်၏ အလုပ်ခန်းသက်သက် အနေဖြင့် ပြင်ဆင်ထား၍ သူတော်စိန်တို့ ဝင်သွားကြသောအခါတွင် ဝိုင်ယာကြိုးများ၊ ဒိုင်နမိုကလေးများ၊ မက်ဂနက်များ၊ ခွေးသွားစိတ်များ၊ ဘီးပိုင်းကလေးများ စသည့် လျှပ်စစ်ဘက်ဆိုင်ရာ ကိရိယာများအပြင် ရှူး၊ ဆောက်၊ လွှ၊ တစဉ်း အစရှိသည့် အလုပ်သမားတို့၏ လက်နက်ကိရိယာများသည် ကြွက်လျှောက်များပေါ်တွင် သပ်ရပ်စွာ စီတန်းလျက် ရှိသည်ကို တွေ့ကြရလေ၏။

အခန်းထောင့်၌ကား ဗီရိုကလေးတစ်လုံးရှိလေရာ သူတော်စိန်သည် ရွှင်ပျသော မျက်နှာထားဖြင့် အနီးသို့ သွား၍ တံခါးကို ဖွင့်လိုက်ပါသော်လည်း သော့ခတ်ထားသဖြင့် မပွင့်ချေ။ ထိုအခါ သူတော်စိန်မှာ ဤမျှမက ခဲယဉ်းသော မီးခံသေတ္တာများကို ဖွင့်လာခဲ့သူတစ်ယောက် ဖြစ်သည့်အလျောက် အဆင်သင့် ရှိနေသော လက်နက်ကိရိယာများဖြင့် ကောက်ကာငင်ကာ သော့ပေါက်မှ ကော်နှိုက် ဖွင့်လှစ်လိုက်သည်တွင် ဗီရိုလည်း ပွင့်သွားလေတော့၏။ အတွင်း၌ကား ကိရိယာတန်ဆာ အမျိုးမျိုးတို့သည် လုပ်လက်စ တန်းလန်းရှိသော အခြေအနေ၌ ရှိနေကြခြင်းကို တွေ့ရလေရာ သူတော်စိန်သည် ပိတ်ထားသော အံဆွဲကလေးတစ်ခုကို ဆွဲဖွင့်လေ၏။ သို့ရာတွင် ထိုအံဆွဲမှာလည်း သော့ခတ်ထားသည့်အတွက် ဖွင့်မရဘဲ ရှိနေပြန်ရာ သူတော်စိန်သည် အံဆွဲကိုလည်း ရှေးနည်းအတိုင်း ဖွင့်ပြန်လေ၏။ အံဆွဲမှာမူ ဗီရိုတံခါးကဲ့သို့ မလွယ်ကူသော်လည်း ကျွမ်းကျင်လှသော သူတော်စိန်သည် ဆီအနည်းငယ်ကို သော့ပေါက်မှ လောင်းထည့်ပြီးနောက် ၁၅ မိနစ်အတွင်း ပွင့်အောင် ဖွင့်နိုင်လေ၏။





သူတော်စိန်သည် အံဆွဲဖွင့်လိုက်သောအခါ ဒန်ရောင်သေနတ်ကလေးတစ်လက် ပေါ်ထွက်လာလေရာ သူတော်စိန်သည် သေနတ်ကို ကောက်ယူ၍ ပြောင်းဝကို မျက်စိ၌ တေ့ထားပြီးလျှင် မောင်းခလုတ်ကို ဆွဲမည်ပြုသဖြင့် ဦးဘဗွားက 'ဟေ့ စောက်ရူး၊ ဘာလုပ်တာလဲ' ဟု ဆိုကာ သူတော်စိန်၏လက်ကို ပုတ်ဖယ်ပစ်လိုက်လေ၏။ သူတော်စိန်ကမူ သွားကိုဖြီလျက် 'ကိစ္စမရှိပါဘူးဗျ' ဟု ဆိုကာ သေနတ်ပြောင်းဝကို တစ်ဖန်မျက်စိနှင့်တေ့၍ မောင်းကိုနှိပ်ပါသော်လည်း ဦးဘဗွား တွေးထင်သည့်အတိုင်း သေနတ်သံလည်း မကြားရ၊ ကျည်ဆန်လည်း မထွက်လာသဖြင့် သူတော်စိန်က–

'ကိုင်း .... ကျုပ် ထင်တဲ့အတိုင်းပဲ၊ ရော့ .... လာကြည့်လှည့်စမ်း ဦးဘဗွား' ဟု ပြော၍ ပြောင်းဝကို လှည့်ပေးလိုက်၏။ ဦးဘဗွားလည်း မရဲတရဲဖြင့် ပြောင်းဝအတွင်းသို့ မျက်စိတစ်လုံးဖြင့် ချောင်းကြည့်ရာ သူတော်စိန်က မောင်းခလုတ်ကို ဆက်ကာ ဆက်ကာ နှိပ်ပေးဆဲတွင် သေနတ်အတွင်းမှ အလင်းရောင်ကလေးတစ်ခု ပေါ်ထွက်လာ၍ လူနှစ်ယောက် လက်ဝှေ့ထိုးနေသော ဘိုင်စကုတ် ရုပ်ရှင်ကားကို မြင်ရလေ၏။

ဗွား။ ။(အလွန်အမင်း အံ့သြသော မျက်နှာထားဖြင့်) 'တော်လည်းတော်တဲ့ လူပါပေ့ကွယ်၊ သူမို့လည်း စိတ်ကူးရပါပေတယ်' ဟု ဆိုကာ သူတော်စိန်၏ မျက်နှာကို ကြည့်ပြီးရင်း ကြည့်ရင်း လုပ်နေလေ၏။

စိန်။ ။'ဦးဖေခင်က ဒီသေနတ်ကို ဦးထင်ပေါ်ပြပြီး သေနတ်နဲ့ လဲပေးထားခဲ့တာ ခင်ဗျားရဲ့'

ဗွား။ ။'ဟုတ်ပါပေ့ ကိုယ့်လူရယ်'

စိန်။ ။'ဒီလို ထင်တယ်ဗျာ၊ ဦးထင်ပေါ်က ကလေးကစားစရာ အဆန်း ကြိုက်တတ်မှန်း သိလေတော့ သူတို့နှစ်ယောက်က လက်ဆောင် အဖြစ်နဲ့ ဒီသေနတ်ကို ယူသွားကြပြီး ဦးထင်ပေါ်ကို ပြ။ ဦးထင်ပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ကြည့်။ နောက်ပြီးတော့မှ အမှတ်တမဲ့ သေ့တ္တာချင်း လဲထားခဲ့ဟန်တူတယ်'

ပွား။ ။'ဒါဖြင့် သူတို့မှာ သေနတ်တစ်လက် ဆုံးတာပေါ့'

စိန်။ ။'ဒီလက်ထက်ကြီးမှာ သေနတ် ပေါလွန်းလို့ဗျာ၊ ဘယ်နှစ်လက် ယူမလဲ ခင်ဗျာ့'

ပွား။ ။'နေပါဦး ကိုယ့်လူရယ်၊ ဒီသေနတ်ကို ဦးထင်ပေါ် မကြည့်ဘဲ သူ့သားသမီးတွေ အရင်ကြည့်မိလျှင် မခက်ပေဘူးလား'

စိန်။ ။'ဦးတင်သိန်းက စိတ်ပညာသမားဗျာ။ ဦးထင်ပေါ်တို့ လူမျိုးဟာ ကစားစရာ အဆန်းတစ်ခုကို ဘယ်နည်းနဲ့မှ မကြည့်ဘဲ မနေနိုင်ဘူး။ သူတို့ ပြန်သွား သွားချင်း ကြည့်လိမ့်မယ်ဆိုတာ တွက်မိတယ်။ မတော်တဆ ဒီသေနတ်ကို သတိမေ့မှာ စိုးလို့ ကြည့်ဖြစ်အောင်ဆိုပြီး ခွဲခါနီးမှာကောင်း သူတို့က သတိပေးလို့ ဦးထင်ပေါ်က လက်နဲ့ လုပ်ပြလိုက်တာ မမြင်လိုက်ဘူးလား ခင်ဗျာ။ သူတို့က ဦးထင်ပေါ်ဟာ သူတို့ပြန်ပြန်ချင်း သေနတ်ကို ကြည့်လိမ့်မယ်ဆိုတာ တစ်ထစ်ချ တွက်ပြီးထားတယ်။ ကျွန်တော်လည်း ဒီလို တွက်မှာပဲ'

ပွား။ ။'တော်ပါပေ့ ငါ့လူရယ်၊ အသကား ဒီပြင်ဟာတွေ လုပ်နေတယ်။ စုံထောက်ဘက် ဝင်ပြီး ဦးစံရှားနဲ့ ပြိုင်ပါတော့လား ငါ့လူရယ်'

# သုံးသောင်းတန် ပုရပိုက်

သူတော်စိန်၏ ညေ့်ခန်း၌ စားပွဲပေါ်တွင် အစီအစဉ်နှင့် ခင်းကျင်းထားသော နေ့စဉ်သတင်းစာများကို တွေ့မြင်ရသော လူတစ်ယောက်သည် ဤအိမ်ရှင်မှာ ဗဟုသုတလိုလားသော ကုန်သည် ပွဲစားကြီးတစ်ယောက် သော်လည်းကောင်း၊ ဆင့်စာအရာရှိ သော်လည်းကောင်း၊ ဝန်ကြီးတစ်ယောက် သော်လည်းကောင်း ဖြစ်တန်ရာသည်ဟု ခန့်မှန်းမိပေလိမ့်မည်။ စားပွဲပေါ်၌ မြန်မာပြည်ထုတ် အင်္ဂလိပ်၊ မြန်မာ သတင်းစာ အားလုံးအပြင် လန်ဒန်တိုင်း၊ နယူးရောက်ဆန်း အစရှိသည့် ကမ္ဘာ့သတင်းစာကြီးများနှင့် ရုပ်ပုံ၊ ဂျာနယ်၊ မဂ္ဂဇင်းများလည်း ပါရှိလေသည်။

သူတော်စိန်သည် အိပ်ရာမှ ထ လာ၍ ကော်ဖီတစ်ခွက်နှင့် ထောပတ်သုတ် ပေါင်မုန့်ကင် နှစ်ချပ်တို့ကို စားသောက်ပြီးနောက် စီးကရက်တစ်လိပ်ကို မီးညှိ၍ စားပွဲသို့ လာပြီးလျှင် နေ့စဉ်သတင်းစာများကို လှန်လှောကြည့်ရှုရာတွင် သူ၏မျက်နှာမှာ တင်းမာသော ပြုံးခြင်းမျိုးဖြင့် မျက်စကလေး ချိတက်သွားလေ၏။ သူတော်စိန်အကြောင်းကို သိသောလူများသည် ထိုသူ၏ သံမဏိကဲ့သို့ မာကျောသော မျက်လုံးများနှင့် သူ၏မျက်နှာမျိုးကို မြင်ကြရသောအခါ "သတိထား နေကြပေတော့" ဟု ဝမ်နင်ပေးသည့် အဓိပ္ပာယ်ရှိကြောင်းကို ရိပ်မိကြလေသည်။ သူတော်စိန်၌ ထိုနေ့နံနက်က ထိုမျက်နှာထားမျိုး ဖြစ်ပေါ်လာရခြင်းမှာ သတင်းစာတစ်စောင်တွင် မြေပိုင်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဦးကျင်စိန်က ဘိုးလိန်း (ဗညားဒလ) လမ်း၌ မြေယာကွက်များ ဝယ်ယူလျက် ရှိသည်ဆိုသော သတင်းကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်ပေ၏။

မြေပိုင်ရှင် ဦးကျင်စိန်ကို ကျောက်မြောင်းရပ်၊ စမ်းချောင်းရပ် စသည်တို့တွင် မြေကွက်များ ဝယ်ယူ၍ အိမ်တန်းလျားများ ဆောက်လုပ်ပြီးလျှင် လခစား အလုပ်သမားများအား လ ငှား ချထားရာတွင် အလွန်တင်းမာလှသဖြင့် အိမ်လခ မှန်မှန် မပေးနိုင်သူများကို ချက်ချင်း မောင်းထုတ်သည် ဟူ၍လည်းကောင်း၊ ပစ္စည်းများကို ဝရမ်းဖမ်းယူသည် ဟူ၍လည်းကောင်း၊ ငွေ ၁၀ဝိ ချေးယူသူများကို ၂၀ဝိ စာချုပ်၍ မှန်မှန်မပေးလျှင် စာချုပ်အတိုင်း တိတိကျကျ တရားစွဲယူသည် ဟူ၍လည်းကောင်း နာမည်ကြီးလျက်ရှိရာ ဆင်းရဲသားများအား နှိပ်စက်သူကို ရန်သူသဖွယ် သူဘောထားတတ်သော သူတော်စိန်သည် ထိုမြေပိုင်ရှင်သူဌေးကို မည်သည့်နည်းဖြင့် ဒုက္ခပေးရပါမည်နည်းဟု ကြံစည်စိတ်ကူးခဲ့ဖူး၏။ သို့ဖြစ်၍ ထိုနေ့က ဦးကျင်စိန်သည် ပေ ၂၀၀ မျက်နှာရှိသော မြေကွက်ကြီးတစ်ခုလုံးကို ဝယ်ယူ၍ တိုက်တန်းလျားကြီး တည်ဆောက်ရန် စီမံလျက်ရှိသည် ဆိုသော သတင်းကို တွေ့မြင်လိုက်ရသောအခါ ယခင်က စိတ်ကူးခဲ့ဖူးသော အကြံအစည်ကို သတိရ၍ စီးကရက်မီးခိုး တထောင်းထောင်းထွက်အောင် ရှူဖွာရင်း အကြံထုတ်မိခြင်း ဖြစ်လေသည်။

ငွေ ၁၀ဝိ ထုတ်ယူချေးသူများအား ၂၀ဝိ ရအောင် တရားစွဲယူသည် ဆိုခြင်းကို နားမလည်သူများက အံ့သြကြပေလိမ့်မည်။ ဦးကျင်စိန်သည် စာရေး စာချီများအား ငွေ ၁ဝိ လျှင် ၁ိ တိုးနှင့် ထုတ်ချေးရာတွင် အော်ဒီမင်စာအုပ်၌ အတိုးနှုန်းထားကို ဥပဒေစည်းကမ်းအတိုင်း (၁၀ဝိ လျှင် တစ်လ ၂ိတိုး) မျှသာ ဖော်ပြထား၏။ သို့ရာတွင် ငွေရင်း ၁၀ဝိ ဟူ၍ ဖော်ပြရမည့်အစား ၂၀ဝိ ရေးသားထားလေရာ ငွေငတ်သော မြီစားသည် မိုက်မဲစွာနှင့် လက်မှတ်ထိုးကာ အတိုးငွေ တစ်လ ၁ဝိ မှန်မှန်ပေးလျှင် ဘာမျှ ကိစ္စမရှိ၊





ပြန်ဆပ်သော အခါတွင်လည်း ၁၀ဝိ မျှသာ ဆပ်ဖို့ရှိသည်။ ၂၀ဝိ ရေးထားခြင်းမှာ မှန်မှန်မဆပ်သူများကို တရားစွဲရာ၌ ရုံးစရိတ် ကာမိစေရန် လိုလိုမည်မည် ရေးထားခြင်းမျှသာ ဖြစ်ပါသည်ဟု ဦးကျင်စိန်က ပြောသဖြင့် မြင်လောင်းချင်သော စာရေးလူမိုက်သည် စာချုပ်ကို မျက်စိမှိတ်၍ လက်မှတ်ထိုး၏။ အတိုး မှန်မှန်ပေးသူများကို တရားစွဲသည် မရှိသော်လည်း ပျက်ကွက်သူများကိုမူ ဦးကျင်စိန်သည် စာချုပ်အတိုင်း တရားစွဲ၍ သူ၏ အိမ်ထောင်မှု ပစ္စည်းများကို ရက်စက်စွာ သိမ်းယူလေ့ရှိ၏။ သို့ပါလျက်နှင့်ပင် ပိုးဖလံတို့သည် မီးကိုတိုးသကဲ့သို့ စာရေးစာချီများသည် ဦးကျင်စိန်၏ အိမ်ပေါက်တွင် ဝိုင်းအုံလျက် ရှိကြလေသည်။ ဦးကျင်စိန်သည် ရန်ကုန်မြို့ပေါ်ရှိ လခစားများအား အရင်းငွေ နှစ်သောင်းမျှ စိုက်ထုတ်ချေးငှားထားသည့်အတွက် လစဉ်ဝင်ငွေ ၂၀ဝဝိ ထက်မနည်း ရရှိသည်ဟု ခန့်မှန်းကြလေသည်။

ဘိုးလိန်း (ဗညားဒလ) လမ်း၌ ပေ ၂၀၀ မျှ မျက်နှာရှိသော မြေကွက်တစ်ခုတွင် အခြားသော တဲကုပ်နှင့် အိမ်စုတ်များကို ဦးကျင်စိန် ဝယ်ယူပြီးသော်လည်း အစွန်း၌ရှိသော အိမ်အိုကလေးတစ်လုံးမှာ ဦးကံထူးဆိုသူ အဘိုးကြီးတစ်ယောက် လက်ဝယ်၌ ရှိ၏။ ဦးကံထူးသည် သားသမီးမရှိသော မုဆိုးဖိုကြီး တစ်ယောက်ဖြစ်၍ အပ်ချုပ်စက် ပေါ်များသော ဤခေတ်တွင် အထည်အဝတ်များကို လက်နှင့် ချုပ်လုပ်ခြင်းအားဖြင့် အသက်မွေးလျက်ရှိ၏။ အမျိုးသမီးများသည် ပဒုမ္မာအင်္ကျီကို စက်နှင့်ချုပ်လျှင် ခေတ်မဆန်ဆို၍ လက်ချုပ်ကို နှစ်သက်ကြလေရာ ဦးကံထူးသည် တပည့်မိန်းကလေး သုံးယောက်နှင့် အပ်ချုပ်ဆိုင်တစ်ဆိုင် ဖွင့်ထား၍ အထက်တန်းကျသော ကတော်များ၏ အဝတ်အထည်များကို လက်ခံလျက် ရှိ၏။ အခြား အလုပ်သမားများက အင်္ကျီ ဆယ်ထည်မျှသာ ရအောင် ကိုက်ညှပ်နိုင်သော ပိတ်အုပ်တစ်အုပ်ကို ဦးကံထူးသည် ၁၁ ထည် ထွက်အောင် ကိုက်ညှပ်နိုင်သည့်ပြင် အတိုင်းအထွာအတိုင်း တစ်ဆံခြည် မတိမ်းစေရဘဲ ပုံကျအောင် ချုပ်လုပ်နိုင်

www.burmeseclassic.com



သည်ဟု နာမည်ကြီးလျက် ရှိသောကြောင့် ဦးကံထူးမှာ အနီးအပါး တစ်ဝိုက်က သာမက ကြည့်မြင်တိုင်၊ စမ်းချောင်း စသော ရပ်ကွက်များမှ ကတော်များ၏ အင်္ကျီများကို လက်ခံချုပ်လုပ်ရသဖြင့် စီးပွားလမ်း ဖြောင့်လျက်ရှိ၏။

ဦးကံထူးအိမ်မှာ ပေ ၂၅–၅၀ ရှိသော မွန်အိမ်ကလေး ဖြစ်လေရာ မျက်နှာ ပေ ၂၀၀ ရှိသော မြေကွက်တွင် အလည်ဗဟိုမှာ တည်နေသဖြင့် မြေပိုင်ရှင် ဦးကျင်စိန်သည် လက်ဝဲ လက်ယာ၌ရှိသော တဲငယ်၊ အိမ်ငယ်များကို ထိုက်သင့်သောအဖိုးနှင့် ဝယ်ယူပြီးသော်လည်း ဦးကံထူး၏ မြေကွက်ကို မရလျှင် တိုက်တန်းလျားရှည်ကြီး ဆောက်လုပ်ဖို့ စိတ်ကူးကို လက်လျှော့ရတော့မည်ကဲ့သို့ ဖြစ်နေလေ၏။

တိုက်တန်းလျားကြီး ဆောက်လုပ်ရန် တာဝန်ယူထားသော ကန်ထရိုက်က 'အလယ်ကောင်မှာရှိတဲ့ အပ်ချုပ်ဆိုင်ကို ဝယ်လို့မရလျှင် ဆရာကြီးရဲ့ တိုက်တန်းလျားဟာ အရုပ်ဆိုးနေတော့မှာပဲ' ဟု ပြောသောအခါ ဦးကျင်စိန်က 'ကိစ္စမရှိပါဘူးဗျာ၊ အုတ်တွေ ဘာတွေကို ပြည့်စုံအောင် ဝယ်သာထားပါ၊ ကျုပ် ရအောင် ကြံစည်ပါမယ်။ လောကမှာ ကျုပ်ကြံလျှင် ဘာမှ မခံနိုင်ပါဘူး၊ စိတ်သာချပါ' ဟု ပြန်ပြောခဲ့လေသည်။

သူတော်စိန် ခေါ် ဘကျော်လှမှာ ရှပ်အင်္ကျီလည်ပင်းကွပ်များကို အသစ်ပြင်ဆင်၍ ချုပ်လုပ်ဝတ်ဆင်ဖူးသော အချိန်အခါက ဦးကံထူး၏ အပ်ချုပ်ဆိုင်တွင် အပ်နှံခဲ့ဖူး၍ အညာသားနှင့်တူသော ဆရာကြီးဦးကံထူး၏ ရိုးသားတည့်မတ်သော ပြောပုံဆိုပုံတို့ကို နှစ်သက်သဖြင့် အတော်အတန် အကျွမ်းဝင်ခဲ့ဖူး၏။ (ယခုအခါ၌မူကား သူတော်စိန်သည် တလက်လက် အရောင်ထွက်အောင် ကြွေရောင်တင်ထားသော ရှပ်ကော်လာတို့ကို နေ့စဉ် တစ်ထည်ကျ လဲလှည်ဝတ်ဆင်လျက်ရှိ၍ လည်ပင်းကော်လာစုတ်ကို မဆိုထားဘိ၊ ထရိုကိုလီရှပ်သား အဆင်ရိုးသွားလျှင်ပင် တပည့်များအား ပေးကမ်းဝေငှ လိုက်လေတော့သည်။)

*



တစ်နေ့သော ညနေခင်းအချိန်တွင် သူတော်စိန်သည် ဦးကံထူး၏ အပ်ချုပ်ဆိုင်သို့ဝင်၍ တစ်ရပ်လုံးက ခေါ်နေကျ ဖြစ်သော ထုံးစံအတိုင်း 'ဘယ့်နှယ်လဲ ဘကြီးထူး၊ ကျွန်တော့်ကို မှတ်မိသေးရဲ့လား' ဟု မေးလိုက်ရာ အသက် ၇၀ သို့ ချဉ်းကပ်လျက်ရှိသော ဦးကံထူးသည် တပ်ထားသော မျက်မှန် အထက်မှ ကျော်၍ ဦးခေါင်းငုံ့ကာ လှမ်းကြည့်ပြီးနောက် 'အလို မောင် ဘကျော်လား၊ မပေါ်လာ ကြာပါမင့်လား။ အင်္ကျီတွေများ အခု ဘယ် အပ်နေသလဲ မောင်' ဟု ပြောလေ၏။ သူတော်စိန်က ယခုတလောတွင် အဟောင်းကိုလည်း ပြင်ဆင်ရန်မလို၊ အသစ်များလည်း ချုပ်လုပ်ရန် မရှိသေးသဖြင့် ထိုဆိုင်သို့ မရောက်ဘဲ ရှိရကြောင်း ပြောပြပြီးလျှင် အကယ်အကျွမ်း ဝင်စေလိုလျှင် စကား လေးငါးခွန်းလောက်မျှနှင့် လက်ဆုံကျအောင် ပြောတတ်သော သူတော်စိန်သည် ကုလားထိုင်၌ နွေးအောင် မထိုင်ရသေးမီ အဘိုးကြီးနှင့် ငယ်ပေါင်းကြီးဖော် တစ်ယောက်သဖွယ် ခင်မင်ရင်းနှီးစွာ စကားလက်ဆုံ ဝင်လျက် ရှိကြလေ၏။

ထူး။ ။'မရှိတော့ဘူး မောင်ရယ်၊ ဒီရပ်ကွက်မှာ လူဟောင်းရယ်လို့ မကျန်ပါဘူး။ ဟိုဘက်က အိမ်ဆိုင်ကလေး ထွက်နေရှာတဲ့ မောင်ပေါက်တူး လင်မယားကို သိတယ် မဟုတ်လား၊ သူတို့အိမ်ရာကို သူဌေး ဦးကျင်မှိန် ဆိုလား ဦးကျင်စိန်ဆိုလား အဲဒီလူကဝယ်တော့ မောင်ပေါက်တူးက ကျုပ်တို့မှာ ဒီဆိုင်ကလေးနဲ့ ထမင်းစားနေရပါတယ် တဲ့။ ဒီအရပ်ထဲမှာ အသိအကျွမ်းတွေ ဖြစ်လေတော့ ဒီအိမ်ကိုရောင်းပြီး တခြားအရပ် ပြောင်းသွားလျှင် ဖောက်သည်တွေ လက်လွှတ်ပြီး ထမင်းငတ်ရပါလိမ့်မယ်တဲ့ ပြောရှာတယ်။ ဒါပေမယ့် ဦးကျင်စိန်က မရောင်းဘဲ မနေရဘူး၊ သူများထက် ဈေးပိုပေးပါမယ်၊ ဖွတ်တွယ်ပြီး ပြောသေးတယ်။ ပြောပေတဲ့ မောင်ပေါက်တူးတို့က မရောင်းပါရစေနဲ့ ဆိုပြီး အတင်းငြင်းနေတယ်။ ဒီတော့ ဦးကျင်စိန်က ဘယ်လိုလုပ်သလဲ၊ သိလား မောင်'



www.burmeseclassic.com

www.burmeseclassic.com



စိန်။ ။'ဆိုစမ်းပါဦး ခင်ဗျာ'

ထူး။ ။'ဘာမှ မပြောနဲ့တော့၊ နောက်တစ်နေ့မှာ မောင်ပေါက်တူးတို့ အိမ်ရဲ့ ဟိုဘက်က အိမ်ရှေ့မှာ လော်ရီနှစ်စင်း ဆိုက်လာပြီး ကုန်ပစ္စည်းတွေ ချပါရော မောင်ရယ်။ ဒီပြင်ကုန် မဟုတ်ဘူး၊ မောင်ပေါက်တူးတို့ ရောင်းတဲ့ တိုလီမိုလီ ကုန်မျိုးချည်းပဲ ချတဲ့ပြီး ဆိုင်ကြီးကို ဟိန်းနေအောင် ခင်းပါရော မောင်ရယ်။ ဆိုင် ဆိုတာမျိုးဟာ သူလည်းခင်း ကိုယ်လည်းခင်း ခင်းနိုင်ကြတာမို့ ဘာမှ ပြောခွင့် မရှိပါပေဘူးပေါ့လေ။ သို့သော် အနီးဆိုင်ဟာက သူများနည်းတူ ရောင်းရိုးရောင်းစဉ် မဟုတ်ဘူး မောင်ရဲ့၊ သိပ်ပြီး ဈေးလျှော့ရောင်းဟာပဲ။ မောင်ပေါက်တူးတို့က တစ်ကျပ်ရောင်းတဲ့ ပစ္စည်းကို အနီးဆိုင်က သုံးမတ်နဲ့ ရောင်းတယ်၊ ဈေးရင်းက မူးတင်း ကျနေပါလျက်နဲ့ သုံးမတ်နဲ့ ရောင်းဟာယ်ဆိုတော့ တစ်မူးလုံးလုံး အရှုံးခံပြီး ရောင်းနေတာပေါ့။ ဘယ်ကုန်မဆို မောင်ပေါက်တူးဆိုင်မှာ ရောင်းတဲ့ ကုန်မျိုးဆိုလျှင် ဒီနည်းအတိုင်းချည်း လျှော့ရောင်းတော့တာပဲ'

စိန်။ ။'ရက်စက်ပါပေ့ ခင်ဗျာ'

ထူး။ ။'ရက်စက်ဆို ဘာပြောကောင်းမလဲ မောင်ရယ်၊ မောင်ပေါက်တူးတို့ လင်မယား နှစ်ယောက်လုံး ချုံးချုံးချပြီး ငိုရှာကြရတယ်။ နောက်ဆုံးတော့ ခများများမှာ သူ့ငွေကို မတုပနိုင်တာနဲ့ အိမ်ကို ရောင်းပြေးရရှာတယ်၊ ရောင်းတော့ကော ဘယ်လိုလဲ သိလား'

စိန်။ ။'ပြောပါဦး ဘကြီး'

ထူး။ ။'ဦးကျင်စိန်က ပြောသတဲ့၊ ပထမတုန်းကတော့ သူတို့ အိမ်ရာကို ၁၀၀၀ိ ပေးတာ မှန်တယ်တဲ့၊ သို့သော် ကုန်ဆိုင်တည်ရတဲ့အတွက် ငွေ ၃၀၀ိ လောက် ရှုံးသွားလေတော့ ၇၀၀ိ သာ ပေးနိုင်တော့မယ် တဲ့။ ရက်စက်လိုက်တာ မောင်ရယ်၊ ခများများမှာ ကြံရာမရလေတော့ နောက်ဆုံး သူပေးတဲ့ ၇၀၀ိ နဲ့ပဲ ရောင်းသွားရရှာကြတယ်၊ တစ်ပြားမှ ပိုမပေးဘူး မောင်ရဲ့'





စိန်။ ။(နှုတ်ခမ်းကို ကိုက်လျက်) 'တော်လိုက်ပါပေ့ ခင်ဗျာ'

ထူး။ ။'မောင်ပေါက်တူး လင်မယားတော့ ပြေးရှာကြပြီ၊ အခု တစ်ခါ ကျုပ်အလှည့် ရောက်လာပြန်တော့မယ်'

စိန်။ ။'ဩော် .... ဘကြီးနဲ့လည်း စကားဆိုထားပြန်ပြီလား၊ ဆိုပါဦး ခင်ဗျာ'

သူတော်စိန်သည် သားရေဘူးနှင့် ထည့်ထားသော ဆေးပြင်းလိပ် နှစ်လိပ်ကိုထုတ်၍ မီးညှိပြီးလျှင် တစ်လိပ်ကို ဦးကံထူးအား ပေးလေရာ၊ ဦးကံထူးသည် အလွန်ချိုမွှေးလှသော ဆေးပြင်းလိပ်၏ အရသာကို ခံစားရင်း ဆက်လက်ပြောပြလေ၏။

ထူး။ ။'ဒီလိုပါ မောင်ရယ်၊ တစ်နေ့က ဦးကျင်စိန်ရဲ့ လူ တစ်ယောက် ကျုပ်ဆီကို လာတယ်၊ ဘာပြောသလဲဆိုလျှင် ဒီအိမ်ဟာ မြေယာရော အိမ်ရော နှစ်ထောင် တန်ပါတယ်တဲ့၊ ဒီတော့ မြေယာချည်း နှစ်ထောင် ပေးလို့ အိမ်ကို ကျုပ် ဖျက်ယူသွားလျှင် ကျုပ်မှာ အများကြီး တော်ပါတယ်တဲ့ ပြောတယ်။ ဒီတော့ ကျုပ်က ခပ်ငယ်ငယ်ကတည်းက အညာက ဆင်းလာပြီး အပ်ချုပ်တဲ့ အလုပ်ကလေးနဲ့ စုဆောင်းဝယ်ထားတဲ့အိမ် ဖြစ်လို့မို့ မရောင်းချင်ပါဘူးလို့ ပြောတယ်။ ဒီတော့ သူက ကျုပ်ဟာ အင်မတန် ခေါင်းမာတဲ့ အဘိုးကြီးတစ်ယောက် ဖြစ်တယ်တဲ့၊ ကျုပ်က ကတ်တီးကတ်တတ် လုပ်နေတဲ့အတွက် သူ့သူဌေးမှာ အကြံကြီး အစည်ကြီးတွေ ပျက်ကုန်တော့မယ်တဲ့ ပြောတယ်။ ဒီတော့ ကျုပ်က မောင့်သူဌေးမှာ အကြံအစည် ပျက်တာ မပျက်တာတော့ ကျုပ် နားမလည်ဘူး၊ ကျုပ်မှာတော့ မောင်နဲ့ စကားပြောနေရတဲ့အတွက် အခုချက်ချင်း အလုပ်ပျက်နေပြီလို့ ပြန်ပြောလိုက်တယ်။ ဒီတော့ သူက ဟိုဘက်က မောင်ပေါက်တူးတို့ အကြောင်းမျိုး သတင်းသန့်သန့် မကြားမိဖူးလားတဲ့၊ အခုပေးတဲ့ နှစ်ထောင်ကို ခပ်မြန်မြန် ယူလျှင် ယူတဲ့၊ နို့မဟုတ်လျှင် တော်တော်ကြာတော့ ငွေ နှစ်ရာ သုံးရာ အလကား နည်းသွားလိမ့်မယ်တဲ့၊ ကြုံးဝါးလိုက်သေးတယ် မောင်ရဲ့'

www.burmeseclassic.com



စိန်။ ။'ဒီတိုင်းမှန်လျှင်တော့ မကြာခင် အတောအတွင်းမှာ ဟိုဘက်က အပ်ချုပ်ဆိုင်တစ်ဆိုင် ပေါ်လာဦးတော့မှာပေါ့ ဘကြီး'

ထူး။ ။'လာစမ်းပါစေ မောင်ရယ်၊ ကျုပ် မကြောက်ပါဘူး။ သူတို့က ဘယ်လိုဈေးလျှော့ပြီး ချုပ်ပေးပေမယ့် ကျုပ်ဖောက်သည်တွေကတော့ ကျုပ်ဆီမှာ အပ်ကြမှာချည်းပဲ။ တုတ်နိုင်လျှင် သူတို့က အဖိုးအခမယူဘဲ အလကား ချုပ်ပေးပါစေ၊ ကျုပ်လူတွေကတော့ ကံတော် အတန်းအစားတွေ ဖြစ်လေတော့ လက်ခကို မမြင်ပါဘူး၊ ကျုပ်လက်ရာကိုမှ ကြိုက်ကြလို့ ကျုပ်ဆိုင်မှာ အပ်ကြမှာချည်းပဲ'

စိန်။ ။'ဒိနောက်တော့ မပေါ်လာတော့ဘူးလား'

ထူး။ ။'ဘာနေလိမ့်မလဲ မောင်၊ မနေ့ကတင် တစ်ခေါက် လာသေးတယ်'

စိန်။ ။'ဒီတော့ ဘကြီးက ဘယ့်နှယ် ပြောလွှတ်လိုက်သလဲ'

ထူး။ ။'ဒီအနားမှာ အပ်ချုပ်ဆိုင် တစ်ဆိုင်မကလို့ ဆယ်ဆိုင်ဖွင့်လှည့်ကြ၊ ကျုပ် မကြောက်ဘူးလို့။ မောင်ပေါက်တူးလို ကုန်စုံဆိုင်မျိုးကိုသာ သတ်လို့ရတယ်၊ ကျုပ်အလုပ်မျိုးက ပညာနဲ့ လုပ်ရတဲ့ အလုပ်မျိုးမို့ ရန်ကုန်မြို့ပေါ်မှာ အပ်ချုပ်ဆိုင်တွေ အများကြီးရှိပေမယ့် ကျုပ်ဆိုင်ကို အဝေးကြီးကလာပြီး အပ်ကြတယ်လို့။ ကျုပ်လို ပညာသည်တစ်ယောက်ကို ခြောက်လား၊ လှန့်လားနဲ့ မရဘူးလို့။ ဒီအိမ်နေရာအတွက် နှစ်သောင်း မဆိုထားနဲ့၊ နှစ်သောင်းပေးတောင် သူ့ဦးကျင်စိန်ကိုဖြင့် မရောင်းတော့ဘူး ပြောလိုက်လို့။ ပြတ်ပြတ်ကြီး ပြောပစ်လိုက်တယ်'

စိန်။ ။'ကောင်းပါပေ့ ဘကြီး'

ထူး။ ။'ကျုပ်က တယ်ခံပြင်းတယ် မောင်ရယ်၊ တစ်ဆိတ်ရှိလျှင် ငွေနဲ့ပေါက်လိုက်၊ ငွေနဲ့ခြောက်လိုက်၊ ငွေနဲ့မြှောက်လိုက်လျှင် ရရောလို့ အောက်မေ့နေကြတယ်။ သူတို့ အောက်သားတွေသာ ရလျှင် ရမယ်။ ကျုပ်





တို့ အညာသားကို ဘာရမလဲ မောင်ရယ်၊ ခေါ်တော့ သူတို့က ကျုပ်တို့ကို ပဲပဲ-တဲ့၊ ပဲစားလို့ ပေါ့လေ။ ကျုပ်တို့က ကိုယ့်ပဲ ကိုယ်ချက်စားတယ်၊ သူတို့ကတော့ ကုလားဆီက ပဲကိုမှ ဝယ်စားတယ်၊ ကောင်းနိုင်ကြသေးရဲ့လား မောင်ရယ် ....။ တစ်ဆိတ်ကလေးရှိ မြေပိုင်ရှင်တဲ့၊ စက်ပိုင်ရှင်တဲ့၊ သူတို့ကို ကြောက်ရဦးတော့ မလိုလို။ တတ်နိုင် ကိုင်ကြစမ်းပါစေ၊ ကံထူးပါတဲ့၊ မကြောက်တတ်လို့ ငယ်ငယ်ကတည်းက အောက်မြို့ကျေးရွာကို တစ်ယောက်တည်း လာနေတာ မှတ်ထား'

သူတော်စိန်လည်း ပြုံးစိစိမျက်နှာထားဖြင့် ဆေးပြင်းလိပ်ကို ဖွာရင်း လက်သီးလက်မောင်း တန်းလျက်ရှိသော ဦးကံထူးကို ကြည့်နေလေ၏။

စိန်။ ။'ဒီလိုလေ .... ဘကြီး'

ထူး။ ။'ဆိုစမ်း ....'

စိန်။ ။'ဘကြီးက ဒီအိမ်ရာကို ဦးကျင်စိန်ကိုသာ မရောင်းဘူးလို့ ဆိုချင်တာ မဟုတ်လား'

ထူး။ ။'ဘာကြောင့် မောင်က မေးတာလဲ'

စိန်။ ။'ကျွန်တော် ဝယ်ချင်လို့ မေးတာပါ'

ထူး။ ။'ဘာလုပ် မောင်က ဝယ်ချင်တာလဲ'

စိန်။ ။'ဒီလို ဘကြီးရဲ့၊ ဘကြီးသတ္တိကို ကျွန်တော် သိပါတယ်။ သို့သော် ဦးကျင်စိန်လို လူတစ်ယောက်နဲ့ တိုက်ဖို့ဟာ မလွယ်ဘူး ဘကြီးရဲ့။ ရှေးကျလို့ မရဘူး၊ ခေတ်မီမှ ဖြစ်မယ်။ ဒီတော့ ဘကြီးက အသာရှောင်ထွက်နေပြီး ကျွန်တော့်ကို လွှဲပေးပါ။ ကျွန်တော် တိုက်ပါရစေ'

ထူး။ ။'ဘယ်လိုတိုက်မှာလဲ မောင်က ....'

စိန်။ ။'တိုက်ပုံ တိုက်နည်းကို ကျွန်တော် စီစဉ်ပါမယ်။ ဘကြီးက ကျွန်တော့်ကို ဒီအိမ်ကိုသာ ရောင်းပါ'

ထူး။ ။'ဘယ်လို ရောင်းရမှာလဲ၊ ကျုပ် ဖောက်သည်တွေ ပျက်ကုန်တော့မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



စိန်။ ။ ‘မပျက်စေရပါဘူး၊ ကျွန်တော် စီမံပေးမယ်။ ဒီလိုလုပ်ကြစို့၊ မြန်မာပိုင်း ရပ်ကွက်ထဲမှာ ဒီလို အိမ်မျိုးတစ်လုံး ကျွန်တော် ဝယ်ပေးမယ်။ ဘကြီးဟာ အဲဒီရပ်ကွက်သို့ ပြောင်းရွှေ့သွားတယ်ဆိုတဲ့ အကြောင်းကို ပေါက်သည်များ အားလုံး သိစေရအောင် သတင်းစာတွေထဲမှာ ကြော်ငြာ ၅၀ဝိ ပိုးလောက် ကျွန်တော် ထည့်ပေးဖို့ တာဝန်ယူမယ် ....’

ထူး။ ။ ‘နေစမ်းပါဦး မောင်ရဲ့၊ ဒီအိမ်မျိုး တစ်လုံးကိုလည်း ဝယ်ပေးမယ်။ ပြောင်းရွှေ့သွားကြောင်းကိုလည်း လူတွေ သိစေရအောင် ကြော်ငြာပေးမယ်၊ ဟုတ်ကဲ့လား’

စိန်။ ။ ‘မှန်ပါတယ် ....ဘကြီး’

ထူး။ ။ ‘ဘယ်လို အရပ်မှာလဲ ....’

စိန်။ ။ ‘ဒါတော့ ဘကြီးကြိုက်တာ ပြောလေ ....’

ထူး။ ။ ‘မြန်မာပိုင်းဆိုတော့ ရေကျော်ထဲမှာ လုပ်စို့’

စိန်။ ။ ‘စိန်လိုက် ....ကျွန်တော် ရှာဝယ်ပေးမယ်။ ပြောင်းရွှေ့ရတဲ့ စရိတ်စကကိုလည်း ကျွန်တော် ခံပါဦးမယ်’

ထူး။ ။ ‘ဒီလိုဆိုရင်တော့ ကျေးဇူးပါပဲ မောင်ရယ်။ကျုပ်တော့ ဒီအိမ်မှာ ကြာကြာနေရလျှင် သူဌေးနဲ့ မတွေ့ရခင် ဟိုအကောင်ကို ကျုပ်ရိုက်မိတော့မယ်’

*

သူတော်စိန်သည် မိမိနေအိမ်သို့ ပြန်ရောက်၍ တပည့် တာတေနှင့် ခင်ခင်စိန် တို့အား မြေရာကွက်တစ်ခု ဝယ်ခဲ့သည့်အကြောင်းကို ပြောပြသောအခါ တပည့်များသည် သူတော်စိန်၏ မျက်နှာထားကို မြင်ရခြင်းအားဖြင့် မိမိတို့၏ “ဆရာ” သည် လူယုတ်မာ တစ်ယောက်ကို “ဆော်” ဦးတော့မည် အကြံအစည်ရှိကြောင်း ရိပ်မိကြလေ၏။

သို့ဖြစ်၍ သူတော်စိန်က ‘ဦးကျင်စိန် ဝယ်လို့မရတဲ့ မြေကွက်ကို





၃၀ဝဝိ လောက် အကုန်ခံပြီး ဝယ်ခဲ့ပြီ မောင်တို့’ ဟု ပြောသောအခါ တာတေက ‘သူဌေး ဦးကျင်စိန်ဆိုတဲ့ လူတော့ ငွေ ၆၀ဝဝိ လောက် ကုန်ဖို့ ရှိတယ်လို့ ကျွန်တော် ဗေဒင်ဟောဝံ့ပြီ ဆရာ။ ပြောစမ်းပါဦး၊ ဘယ်လို အပေါက်မျိုးနဲ့ ညှဉ်းမှာလဲ ဆရာရဲ့’ ဟု ပြန်၍ မေးလေ၏။

ထိုအခါ သူတော်စိန်က ‘မင်း တွေးလိုက်မှဖြင့် ဒီလိုချည်းပဲကွာ၊ ဆက်ဆံတဲ့ လူအပေါင်းကို ငါက ညှဉ်းဖို့လောက်ချည်း စိတ်ကူးနေရာ ရောက်နေရောပေါ့ကွ’ ဟု ပြောသဖြင့် ခင်ခင်စိန်က ‘ငွေထုတ်ပြီး ရင်းနီးတဲ့ အခါမှာ ချစ်တီးလောက်မက အတိုးရမှ ကျေနပ်တတ်တဲ့ ကိုယ့်ဆရာရဲ့ ဝါသနာကို မသိဘဲ နေပါ့မလားလို့ ပြောလိုက်ပါလား၊ ကိုတာတေရဲ့’ ဟု တာတေအား မျက်စိမှိတ်ကာ ထောက်ခံအားပေးလိုက်လေ၏။

သူတော်စိန်လည်း ရယ်မောလျက် ‘တော်လှပြီကွာ၊ ကိုယ့်တပည့်တွေကဖြင့် ဆရာသမားမို့လို့ အထင်ကြီးမလား အောက်မေ့ပါ။ ဘယ်သူ့အပေါ်ဖြစ်ဖြစ် ငါက လိုးခဲ့လိမ့်မလားချည်း အောက်မေ့နေကြ ထင်ပါရဲ့’ ဟု ပြန်ပြောလေ၏။

ထို့နောက် သူတော်စိန်သည် မြေပိုင်ရှင် သူဌေး ဦးကျင်စိန်ဆိုသူ အကြောင်းကို ပြောပြ၍ ထိုသူသည် မည်သည့် အရာဝတ္ထုမျိုး၌ ဝါသနာ အထူးပါတတ်သည့်အကြောင်းကို တပည့်တာတေအား ထောက်လှမ်းစုံစမ်းရန် တာဝန်ပေးလိုက်လေ၏။

*

လူ့သတ္တဝါဟူသမျှတို့အနက် မည်သည့်အရာဝတ္ထု၊ မည်သည့်ကိစ္စမျိုးတွင်မှ ဝါသနာမပါသော လူဟူ၍ ခပ်ရှားရှား ရှိပေရာ သူတော်စိန်သည် တစ်စုံတစ်ယောက်သောသူနှင့် အလုပ် လုပ်လိုသည့်အခါ ထိုသူ၏ ဝါသနာကို သိရအောင် ရှေးဦးစွာ စုံစမ်းလေ့ရှိ၏။

အချို့လူများသည် မိန်းမဝါသနာပါတတ်သည်ဖြစ်ရာ ထိုသို့သော

လူများကို မိန်းမနှင့် ဖြားယောင်းလျှင် လွယ်ကူကြောင်းကို သူတော်စိန် နားလည်၏။ အချို့လူများသည် ခွေး၌လည်းကောင်း၊ အချို့သည် မြင်းပွဲ၌ လည်းကောင်း ဝါသနာပါတတ်ကြလေရာ ထိုသူများအား သူတို့ အထုံ ဝါသနာပါသော အရာနှင့် ဆွဲဆောင်လျှင် အလွန်တရာ လွယ်ကူ၏။ သို့ ဖြစ်၍ အစားအသောက်သမား၊ အရက်သမား၊ စာအုပ်သမား၊ မိန်းမသမား၊ သစ်ပင်သမား၊ မြင်းသမားဟူ၍ ဝါသနာအမျိုးမျိုး ရှိကြလေရာ သူတို့ ကြိုက်နှစ်သက်ရာ တစ်ခုခုနှင့် ဝင်ခဲ့လျှင် အသိမိတ်ဆွေဖွဲ့ရန်လည်း လွယ်ကူ ၍ ဖြားယောင်းသွေးဆောင်ရန်လည်း လမ်းပွင့်လျက် ရှိ၏။ သူတော်စိန်သည် လူအမျိုးမျိုးနှင့် ဆက်ဆံရာတွင် အထက်စီးရအောင် ကြိုးစားတတ်ပေရာ သူ၏ လျှို့ဝှက်နက်နဲသော ပညာတစ်ခုမှာ အကြင်သူ၏ အထုံဝါသနာကို သိရအောင် ရှေးဦးစွာ ထောက်လှမ်းစုံစမ်းထားခြင်းပင် ဖြစ်လေသည်။

မြင်းပွဲသမားတစ်ယောက်သည် "တစ်" ကောင်းရမည်ဆိုလျှင် အနှာ ခံဖို့ အသင့်ရှိသည့်နည်းတူ ခွေးသမားတစ်ယောက်သည် ခွေးအကြောင်း ပြောတတ်၍ ခွေးမျိုးကောင်းရသည့် လမ်းညွှန်နိုင်သူတစ်ယောက်ကို မိတ် ဖွဲ့ရန် အသင့်ရှိ၏။ စာသမား တစ်ယောက်ထံမှ စာအုပ်များ ငှားရမ်းခြင်း၊ သူ့ထံသို့ စာအုပ်ကောင်းများ ပို့ပေးခြင်း၊ အစားသမားတစ်ယောက်အား အစားကောင်းကျွေး၍ အသစ်အဆန်းများ လမ်းညွှန်ခြင်း၊ ဥယျာဉ်သမား တစ်ယောက်အား ပန်းမျိုးစေ့များအကြောင်းကို သတင်းပေးခြင်း အစရှိသော အပြုအမူများသည် မိတ်ဆွေမဖြစ်ဘဲ မနေနိုင်သော အခြင်းအရာများပင် ဖြစ်၏။

ထို့ပြင် တံဆိပ်တော်ခေါင်း အဟောင်းများ စုတတ်သူ၊ လက်ရေး စာမူများ စုတတ်သူ၊ အပြည်ပြည်သုံး ဒင်္ဂါးနှင့် မူးစေ့၊ မတ်စေ့ (အနုပ်) များ စုတတ်သူ၊ အဟောင်းအမြင်းများ စုတတ်သူ စသည်ဖြင့် ဝါသနာဆန်း အမျိုးမျိုး ရှိကြသေးပေရာ ထိုဝါသနာမျိုးမှာ အလွန်ရှားသည့်အတွက် သူတို့





အချင်းချင်း တွေ့ဆုံသည့်အခါ မနိုင်းယှဉ်နိုင်အောင် စကားလက်ဆုံကျ၍ အကျွမ်းတဝင် ရှိတတ်ကြလေသည်။ သူတော်စိန်မှာ လူအကြောင်းကို ကောင်းကောင်းကြီး လိုက်စားခဲ့သူ ဖြစ်သည့်အလျောက် ဤအခြင်းအရာကို ကောင်းစွာ နားလည်ပေသည်။

ဦးကျင်စိန်မှာ သူ၏နံမည်အရ တရုတ်ကပြားတစ်ယောက် ဖြစ် လေရာ မိခင်မှာ မြန်မာမင်းလက်ထက်က မထင်ရှားသော စာဆိုတော် မိန်းမတစ်ယောက်ဖြစ်၍ ဦးကျင်စိန်၌ စာ "သွေး" ပါခဲ့သည်တွင် တောက်တီး တောက်တဲ့ ကဗျာကလေးများ ရေးစပ်တတ်၍ ရှေးက စာမူများကို စုဆောင်း တတ်သော အထုံအလေ့ ပါရှိလေ၏။ ဦးကျင်စိန်၏ မှန်ဗီရိုကြီးထဲ၌ ဦးပုည ၏ လက်ရေးစာမူများ၊ အချုပ်တန်း ဆရာဖေ၊ မြဝတီမင်းကြီး၊ လှိုင်ထိပ် ခေါင်တင် အစရှိသော ရှေးစာရေးဆရာများ၏ စာမူများ ပါရှိသော ပုရပိုက် များနှင့် ပေရွက်များမှာ ပြည့်နှက်လျက် ရှိ၏။

ဦးကျင်စိန်သည် ရှေးစာဆိုတော်များ၏ လက်ရေးများကို လေ့လာ လိုက်စားခဲ့ဖန်များသဖြင့် စာမူတစ်ခုကို မြင်သည်နှင့် တစ်ပြိုင်နက် အစစ် ဟုတ် မဟုတ်ကို ပိုင်းခြားသိရှိနိုင်သည်ဖြစ်ရာ အချို့စာမူများမှာ (၅၀ိ– ၁၀၀ိ) မျှသာ ပေးရ၍ အချို့မှာ (၅၀၀ိ–၁၀၀၀ိ) အထိ ပေးကမ်းဝယ်ယူ ထားခဲ့လေသည်။ သူ၏ စာရေးများသည် သူဌေး၏သဘောကို သိကြသည် ဖြစ်၍ စာမူဟောင်းများရနိုင်ရန် သတင်းနာခံလျက် ရှိကြလေရာ စာ "မူ" ရောင်းချင်သူတစ်ယောက် ခေါ်ခဲ့နိုင်သော စာရေးသည် အလွန်မျက်နှာရ၏။ အခြားကိစ္စနှင့် တွေ့လိုလျှင် ဦးကျင်စိန်သည် ဤနှယ် ဤသို့ဖြင့် ချေးများ တတ်သော်လည်း စာ "မူ" နှင့်ပတ်သက်သော ဧည့်သည်တစ်ယောက်ကမူ သန်းခေါင်အချိန်ဖြစ်စေ အိပ်ရာမှ နိုးနိုင်ခွင့် ရှိလေသည်။

ဦးကျင်စိန်မှာ မြေပိုင်ရှင်တစ်ယောက် ဖြစ်သည့်ပြင် မြေအရောင်း အဝယ်ပြုလုပ်သော မြေကုန်သည်ကြီးတစ်ယောက် ဖြစ်သည့်အလျောက်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တိုက်ခန်းတစ်ခု ဖွင့်လှစ်ထား၍ စာရေးသုံးလေးယောက်တို့သည် လက်နှိပ်စက်၊ လယ်ဂျာစာအုပ် အစရှိသော အလုပ်ရုံးခန်း ကိရိယာ တန်ဆာများနှင့်တကွ အလုပ်လုပ်လျက် ရှိကြ၏။

တစ်ညနေ၌ လူတစ်ယောက်သည် အထုပ်ငယ်တစ်ခုကို ပိုက်လျက် ဦးကျင်စိန်၏ အလုပ်တိုက်ခန်းသို့ ဝင်လာ၍ ဦးကျင်စိန်နှင့် တွေ့လိုကြောင်း ပြောသဖြင့် ကိစ္စကိုမေးရာ၊ စာမူတစ်ခု ရောင်းစရာရှိသည်ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် စာရေးများသည် ထိုလူကို ဦးကျင်စိန်၏ အခန်းသို့ သူ့ထက်ငါ လိုက်၍ ပို့ချင်ကြ၏။

ဦးကျင်စိန်၏ အခန်းသို့ ရောက်သောအခါ ယောလုံချည်၊ ပင်နီအင်္ကျီ၊ ပိန်းတန်းဖိနပ် အစရှိသည်တို့ဖြင့် အညာသားဆန်အောင် ဝတ်ဆင်ထားသော သူတော်စိန် ခေါ် ဘကျော်လှသည် အထုပ်ငယ်ကို စားပွဲပေါ်တွင် တင်ပြီးမှ ဖြေလိုက်ရာတွင် ပုရပိုက်တစ်ဆူ ထွက်လာလေ၏။

'မောင်က ဘယ်ကလဲ'

'ကျွန်တော် မန္တလေးကပါ။ ကင်းဝန်မင်းကြီးရဲ့ မြေးတစ်ယောက်ဆီက ဒီစာမူကို လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က ဝယ်ထားခဲ့တာ။ အခုတလော အသုံးအစွဲကျပ်တာနဲ့ ရောင်းမယ်ကြတော့ ဦးဟာ ရှေးစာမူများ စုဆောင်းတတ်တယ် ကြားလို့မို့ လာပြရခြင်း ဖြစ်ပါတယ်'

'ပြစမ်းပါ မောင်'

ဦးကျင်စိန်သည် ပုရပိုက် လှန်လှောကြည့်ရှုရာတွင် စာဆိုတော် ဦးမင်း၏ လက်ရေးနှင့် ရေးထားသော စာမူများ ဖြစ်သည်ကို တွေ့ရလေ၏။ ထိုနောက် ဦးကျင်စိန်သည် မှန်ဘီလူးဖြင့်၍ စာဆိုတော် ဘိုးသူတော် ဦးမင်း၏ လက်ရေး နမူနာတစ်ခုနှင့် ယှဉ်ကြည့်ရာတွင် ကိုက်ညီလျက် ရှိသည်ကို တွေ့ရလေ၏။

'အင်း .... စစ်တော့ စစ်ပါပြီ၊ ပုရပိုက်က ဆွေးနေပြီ မောင်'





'မနေ့ တစ်နေ့က ရေးကူးထားတဲ့ ပုရပိုက်လိုတော့ မလတ်ဘူးပေါ့ ဦးရယ်'

'ဟုတ်ပါပြီလေ၊ အဖိုးက ဆိုစမ်းပါဦး'

'ကျွန်တော့်မှာ အသုံးပြတ်လို့ ရောင်းရတာပါ ခင်ဗျာ၊ သိပ်နမြောတာပဲ။ ၅၀၀ိ က တစ်ပြားမှ မလျှော့နိုင်ဘူး ခင်ဗျာ'

'၃၀၀ိ လုပ်ပါ မောင်ရယ်'

သူတော်စိန်သည် ပုရပိုက်ကို ပြန်၍ထုပ်မည် ပြုလေ၏။

'ကိုင်း .... ၄၀၀ိ ထားလိုက်ပါ မောင်ရယ်'

'၄၅၀ိ နောက်ဆုံးပဲ ဦးရဲ့'

'ကိုင်း .... ၄၂၅ ကျပ် ယူပါတော့ မောင်ရယ်'

ဦးကျင်စိန်သည် မီးခံသေတ္တာကိုဖွင့်၍ ငွေ ၄၂၅ ကျပ်ကို ထုတ်ပြီးလျှင် အတင်း ပေးချေလေ၏။

*

သူတော်စိန် ထွက်သွားပြီးနောက် ဦးကျင်စိန်သည် အလွန်ရွှင်ပျသော မျက်နှာထားဖြင့် စာမူပုရပိုက်ကို ယုယစွာ ကိုင်တွယ် လှန်လှော ကြည့်ရှုလေ၏။ ဝါသနာအိုးတစ်ယောက်သည် မိမိနှစ်သက်သော ဝတ္ထုပစ္စည်းမျိုးအနက်မှ အသစ်အဆန်းတစ်ခု ရရှိသည့်အခါ အဘယ်မျှလောက် ဝမ်းမြောက်ဝမ်းသာ ရှိသည်ကို ဝါသနာအိုး မဟုတ်သူတို့ နားမလည်နိုင်အောင် ရှိတော့၏။ ဦးကျင်စိန်၏ မျက်နှာနှင့် အမူအရာတို့မှာ ကစားစရာ အသစ်အဆန်းတစ်ခု ရရှိသော ကလေးသူငယ်တစ်ယောက်၏ အမူအရာနှင့်သာလျှင် နှိုင်းယှဉ်ဖော်ပြရန် ရှိလေတော့သည်။

ဦးကျင်စိန်မှာ စာမူအသစ်တစ်ခု ရရှိသည့်အခါတိုင်း ပက်လက်ကုလားထိုင်ပေါ်တွင် ခေါင်းအုံးတင်ကာ တတ်နိုင်သမျှ ကိုယ်သက်သာမှု ရအောင် စီစဉ်ပြီးနောက် အစမှ အဆုံးတိုင် ဖတ်ရှုတတ်သော ဝါသနာရှိသည့်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပုရပိုက်ပေါ်တွင် ကံ့ကူဆံနှင့် ရေးထားသော ဘိုးသူတော် ဦးမင်း၏ လက်ရေး စာမူများကို တစ်ရွက်ပြီးတစ်ရွက် လှန်၍ ဖတ်လေ၏။ ပုရပိုက် အလယ်သို့ ရောက်သောအခါ ထေးထပ် တစ်ပုဒ်၏အဆုံး ကွက်လပ် ကျန် နေသော ပုရပိုက်ထောင့်နားတွင် ကံ့ကူဆံဖြင့် မှေးမှိန်စွာ ရေးထားသော အောက်ပါ စာကြောင်းကလေးကို ဖတ်ရှုရလေ၏။

> အမရပူရမြို့ ပုထိုးတော်ကြီး ဌာပနာဖောက်စဉ်က ရခဲ့သော မြဆင်းတု တစ်ဆူနှင့် စိန်ဆင်းတု တစ်ဆူကို ဘိုးလိန်း (ဗညားဒလ) လမ်း အိမ်နံပါတ် ၁၆၉ အပ်ချုပ်သည် ကိုကံထူးအိမ်သို့ ပုန်းအောင်း နေစဉ် သွပ်မိုးခေါင် အကြားတွင် ညှပ်ထားခဲ့သည်၊ တွေ့အောင်ရှာ၍ ယူလေ သားတော်မောင် ....
>
> အိစ္စတ်။

ဦးကျင်စိန်၏ စာရေးများသည် သူ၏ အလုပ်တိုက်တွင် လုပ်ခဲ့သမျှ အချိန်ကာလ အတောအတွင်း၌ မိမိတို့၏ သုဒ္ဒေး ဤမျှလောက် ပျာလောင်ခတ်ခြင်းကို တစ်ကြိမ်တစ်ခါမျှ မတွေ့ရဖူးချေ။ ဦးကျင်စိန်သည် မီးခံသေတ္တာထဲမှ ငွေစက္ကူများ ထည့်ထားသော လက်ဆွဲ သားရေအိတ်ငယ်ကို ဆွဲထုတ်၍ ကိုယ်ပိုင်ကားပေါ်သို့ အပြေးအလွှား တက်ပြီးလျှင် ဒရိုင်ဘာအား ဘိုးလိန်း (ဗညားဒလ) လမ်းသို့ အမြန်ဆုံးရောက်အောင် မောင်းရန် အမိန့်ပေးလေ၏။ ရုံးများ ဆင်းချိန်ဖြစ်၍ ရန်ကုန်မြို့ကြီး၏ ထုံးစံအတိုင်း လမ်းများတွင် မော်တော်ကားများ ရှုပ်ယှက်ခတ်လျက်ရှိရာ လမ်းစောင့်ပုလိပ်က လမ်းထောင့်များ၌ ဦးကျင်စိန်၏ကားကို လက်ပြ၍ တားဆီးထားခြင်းကိုပင် ဦးကျင်စိန်မှာ မခံမရပ်နိုင်အောင်ဖြစ်၍ ကားပေါ်၌ အိမ်မြှောင်အမြီးပြတ်သကဲ့သို့ ဖင်တကြွကြွနှင့် ဂနာမငြိမ်နိုင်အောင် ရှိလေ၏။





ဘိုးလိန်း (ဗညားဒလ) လမ်း အိမ်နံပါတ် ၁၆၉ သို့ ရောက်သောအခါ ဦးကျင်စိန်သည် "ဝင်း" ကစားသော ဘောလုံးသမားတစ်ယောက်၏ လျှင်မြန်ခြင်းဖြင့် ကားပေါ်မှ တစ်ဟုန်ထိုး ဆင်းပြေး၍ 'ဦးကံထူး ဘယ်မှာလဲ၊ ခုချက်ချင်း တွေ့ချင်တယ်' ဟု ပြောလေ၏။ ထိုအခါ၌ အပ်ချုပ်ဆိုင်တွင် ဦးကံထူး မရှိဘဲ နှာခေါင်းပြားပြားနှင့် လူခပ်ရွယ်ရွယ်တစ်ယောက် ရောက်နေလေ၏။

'ဦးကံထူး ဘယ်မှာလဲ၊ ကျုပ် တွေ့ချင်တယ်'

'ဦးကံထူးလား ခင်ဗျာ၊ ဦးကံထူး မရှိဘူး ခင်ဗျ'

'ဟေ .... မရှိရအောင် ဘယ်သွားသလဲ'

'ဘယ်သွားတယ်လို့လဲ ကျွန်တော် မပြောတတ်ဘူးခင်ဗျ။ ဘာကိစ္စရှိလို့လဲ ခင်ဗျာ။ အင်္ကျီများ အပ်ချင်လို့ရှိလျှင် ကျွန်တော် လက်ခံနိုင်ပါတယ်'

'ဘယ်က အင်္ကျီအပ်ရမှာလဲ၊ လူကို တွေ့ချင်ပါတယ်၊ ဘယ်သွားသလဲ ပြောစမ်းပါ'

'ဘယ်သွားတယ်လို့ ကျွန်တော် မသိဘူးဆိုတာ ပြောပြီးပါကော ခင်ဗျာ၊ ဦးကံထူး တွေ့ချင်လို့ လိုက်ရှာလျှင်တော့ မောရုံ ရှိလိမ့်မယ် ထောင်ကဲကြီး'

'ဘယ်က ထောင်ကဲလဲကွ၊ ငါ မြန်မာပဲ။ ဒါထက် မင်းက ဘယ်သူလဲ'

'ကျွန်တော်က ဦးကံထူးရဲ့ တူကလေးပဲ ခင်ဗျာ၊ ဒီအိမ်ကို ကျွန်တော် ရောင်းပစ်ခဲ့ပြီး အလုပ်များလည်း လက်ခံရစ်ပါဆိုလို့ အင်္ကျီအပ်ချင်လျှင်...'

'အင်္ကျီအပ်ချင်လို့ မဟုတ်ပါဘူးကွ၊ အိမ်ရှင်ကို တွေ့ချင်လို့ပါ၊ မောင်က အိမ်ရှင် ဖြစ်နေပြီလား'

'ကျွန်တော် ပြောတဲ့အတိုင်းပဲ၊ ကျွန်တော် ဝယ်ပြီးပြီ။ အိမ်ရှင် တွေ့ချင်လျှင် ကျွန်တော်ပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဩော် .... ဒီလိုဖြင့်လည်း နေရာကျသွားပေါ့၊ အေးအေးဆေးဆေး စကားပြောကြရအောင်လေ၊ ရော့ .... စီးကရက် သောက်ပါဦး'

ဦးကျင်စိန်လည်း ငွေစီးကရက်ဘူးကို ဖွင့်ပေး၍ နေရာတကျ ထိုင်လေ၏။ ထိုအတောအတွင်း၌ စီးကရက်တစ်လိပ်ကို လှမ်းယူ၍ မီးညှိခါ ဖွာလျှက်ရှိသောသူမှာ သူတော်စိန်၏တပည့် တာတေ ဖြစ်ကြောင်းကို စာဖတ်သူကို့ ရိပ်မိကြပေလိမ့်မည်။

'ဘာကိစ္စပါလိမ့် ခင်ဗျာ၊ အထည်များ အပ်ချင်လို့ပါလား။ ဦးကဲထူး ချုပ်တာမှ ကြိုက်တယ်ဆိုလျှင်လည်း ကျွန်တော် အပ်ပေးနိုင်ပါတယ်'

'အထည်အပ်ဖို့ မဟုတ်ပါဘူး မောင်ရယ်၊ တိုတိုပြောရရင် ဒီအိမ်ရာ ကျုပ် ဝယ်ချင်လို့ပါ'

'ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော် ရောင်းချင်တော့ အကြောင်းကြား လိုက်ပါမယ်။ အခုတော့ ကျွန်တော် ရောင်းဖို့ စိတ်မကူးသေးပါဘူး'

'၄၀၀၀ိ ပေးလျှင်ကော မရောင်းဘူးလား'

'အကွာကြီး ခင်ဗျာ'

'၅၀၀၀ိ ကော မောင်ရယ်'

'ဝေးပါသေးရဲ့'

'ကိုင်း .... ၆၀၀၀ိ မောင်ရယ်'

'စိတ်မကူးပေါင် ခင်ဗျာ'

'၇၀၀၀ိ တော့ ရောင်းမှပေါ့'

'ရောင်းမယ်ဆို ရောင်းထိုက်ပါရဲ့၊ နို့ပေတဲ့ မရောင်းချင်သေးပေါင် ခင်ဗျာ၊ ကျွန်တော် နေကြည့်ချင်သေးတယ်'

'၈၀၀၀ိ မောင်ရယ်'

'ကျွန်တော် ပြောပြီးပါပြီ ခင်ဗျာ၊ ရောင်းကို မရောင်းချင်လို့ပါ ....'

'ကိုင်း .... တစ်သောင်းပေးမယ်၊ ဒါတော့ ရောင်းထိုက်ပြီ'





'တစ်သောင်းလည်း မရောင်းဘူး၊ သောင်းငါးထောင်လည်း မရောင်း ဘူး၊ နှစ်သောင်းလည်း မရောင်းပါဘူး ခင်ဗျာ'

'ဒါဖြင့် ဘယ်လောက်လဲသာ ဆိုပါ'

'သုံးသောင်းများ ပေးလျှင်တော့ ရောင်းချင် ရောင်းမိမလား မဆိုနိုင် ဘူး၊ ဒါတောင် အမှန်ပြောသေးတာ မဟုတ်ဘူး ခင်ဗျာနော်၊ ကျွန်တော် စဉ်းစားရဦးမှာ'

'ရှုပ်မနေစမ်းပါနဲ့ မောင်ရယ်၊ ရော့ .... သုံးသောင်းပဲ ယူပါ'

ဦးကျင်စိန်လည်း အသင့်ဆောင်ယူလာခဲ့သော စာချုပ်ကို လက်မှတ် ထိုးစေ၍ သောင်းငါးထောင်ကို ငွေစက္ကူများ ပေးပြီးလျှင် ကျန်ငွေကို ချက် လက်မှတ် ရေးပေးလေ၏။ တာတေက ငွေအားလုံးကို စက္ကူချည်းပေးရန် ပြောသော်လည်း သားရေသေတ္တာတွင် ငွေစက္ကူ ကုန်နေပြီဖြစ်၍ ချက် လက်မှတ်ကိုပင် လက်ခံလိုက်ရလေ၏။

ဦးကျင်စိန်မှာ အိမ်ကို ပိုင်ဆိုင်ပြီဖြစ်၍ ပစ္စည်းရှာဖို့မှာ အလျှင်မလို တော့ဟု အောက်မေ့ကာ ရင်အေးသွားလေတော့၏။

'ဒို့ .... မောင် ဘယ်တော့လောက် ပြောင်းမှာလဲ'

'နက်ဖြန် ပြောင်း ဆို ပြောင်းတာပေါ့ ခင်ဗျာ'

'သိပ်တော့ အလျှင်မလိုပါဘူးလေ။ ဒါပေမယ့် မြန်မြန်ပြောင်းတာ တော့ ကောင်းတာပဲ၊ ဟဲ ....ဟဲ ....ဟဲ'

'မှန်ပါတယ်၊ မြန်မြန်ပြောင်းတာ ကောင်းတာပါပဲ၊ ဟဲ ....ဟဲ ....ဟဲ'

*

ထိုည၌ သူတော်စိန်၊ တာတေနှင့် ခင်ခင်စိန်တို့သည် ၂၉ လမ်းရှိ တရုတ် ဟိုတယ်တွင် ပျော်ပွဲ အကြီးအကျယ် ခင်းကျင်း၍ အောင်သေအောင်သား စားသောက်ကြလေ၏။ 'သိပ်ညာဏ်ပိုင်တဲ့ ဆရာပဲဗျာ၊ စာမူကို ဘယ်လောက် ပေးပြီး ဝယ်ခဲ့ရသလဲဗျ' ဟု တာတေက မေးရာ၊ 'ဟဲ့ကောင် ....စာမူက

www.burmeseclassic.com



မမြတ်ဘူးကွ၊ ရှုံးတောင် ရှုံးသေးတယ်မောင်။ မန္တလေးကို လူလွှတ်ပြီး ဝယ်ရတာ ၁၀၀၀ဝိ လောက် ကုန်ခဲ့တယ်ကွ' ဟု သူတော်စိန်က ပြန်ပြောလေ၏။ 'စာမူရပေမယ့် ပုထိုးတော်ကြီး ဌာပနာဆိုတာကတော့ ဒီကဥာဏ်ပါ' ဟု ခင်ခင်စိန်က ပြောသဖြင့် 'မှန်ပါတယ် အစ်မကြီး၊ ဒီအတွက် စိန်နားကပ်တစ်ရန် ဆုချဖို့ အသင့်ပါပဲ' ဟု သူတော်စိန်က ပြန်ပြောလေ၏။

နောက်တစ်နေ့တွင် သူတော်စိန်သည် ဦးကျင်စိန်၏ ချက်လက်မှတ်ဖြင့် ဘဏ်တိုက်မှ ငွေထုတ်ယူရာ ချောမောစွာပင် ရရှိလေ၏။

ဦးကံထူးမှာမူ ရေကျော်ရပ်ကွက်မှာ ၅၀၀၀ဝိ တန် အိမ်တစ်လုံးရရှိ၍ တပည့်လက်သားများနှင့် အပ်ချုပ်ဆိုင် ဖွင့်လျက်ရှိရာ ဦးကျင်စိန်မှတစ်ပါး လူအားလုံး ကျေနပ်ကြသည်သာ ဖြစ်၏။ သို့ရာတွင် ဦးကျင်စိန်သည် ငွေ ၃၀၀၀ဝိ အတွက် တိုက်တန်းလျားပေါ်သို့ စရိတ်တင်လိုက်မည် ဖြစ်သောကြောင့် နောက်ဆုံးတစ်နေ့တွင် တိုက်တန်းလျား၌ နေထိုင်သော အိမ်ငှားများအပေါ်သို့ သတ္တုကျချေမည်လော မပြောနိုင်အောင် ရှိပေတော့သတည်း။

BURMESE CLASSIC .com

## ရှယ်ယာဈေး ကစားခြင်း

' "ဟန် ကိုယ် မို့" ဆိုတဲ့ စကားလို လောကကြီးမှာ ဘာပဲလုပ်လုပ် ဂိုက်နဲ့ ဆိုက်နဲ့ လူများ အထင်ကြီးအောင် လုပ်တတ်ဖို့ အရေးကြီးတယ်။ သုံးစရာ ပြတ်လို့ ၅ ကျပ်လောက် ချေးစမ်းပါဆိုလျှင် ဘယ်သူကမှ ထုတ်မချေးချင်ဘူး။ ပုဆိုးတောင်ရှည်ဝတ်ပြီး တယ်လီဖုန်းနဲ့၊ ကပြားမ လက်ရေးတို စာရေးမတွေနဲ့ အလုပ်တိုက်ခန်းဖွင့်ပြီး ဘာကုမ္ပဏီ ညာကုမ္ပဏီအမည်နဲ့ အစုရှယ်ယာ ခေါ်လိုက်လျှင် ငါးထောင်ထည့်ချင်တဲ့လူတွေ၊ တစ်သောင်းထည့်ချင်တဲ့ လူတွေကို ငေါက်တောင် ထုတ်ပစ်ရသေးတယ်။ ချေးတော့မှာ ၅ ကျပ်တန်၊ ၁၀ တန် လစ်တော့ ခါးပိုက်နှိုက်ဆိုပြီး ပုလိပ်က ဖိကုပ်ဖမ်းနိုင်တယ်။ တစ်သိန်းပဲ၊ နှစ်သိန်းပဲ လိမ်ယူပြီး အင်ဆော်လမန်း လုပ်ချင်လုပ်။ တကယ်လို့ မတော်တဆ အလိမ်ပေါ်သွားလို့ ထောင်ကျလျှင်တောင် အထက်တန်းစားဆိုပြီး အေ ကလပ်တို့၊ ဘီ ကလပ်တို့ နေရသေးတယ်'

အထက်ပါ စကားများမှာ သူတော်စိန်၏ လက်သုံးတော် စကားလုံးများ ဖြစ်ပေရာ အချို့လူများမှာ စကားကြီး စကားကျယ် ပြောတတ်ကြသော်လည်း အကယ်မလုပ်တတ်ဘဲ ရှိစေကာမူ သူတော်စိန်မှာ ပြောတိုင်း ကျင့်တတ်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်၏။ တစ်ရာ၊ နှစ်ရာ၊ ငါးရာ၊ တစ်ထောင်တိုင်အောင် သူတော်စိန် လိမ်လည်ဖို့ စိတ်မကူးသည့်ပြင် အရေးရှိက မိမိကပင် စိုက်ထုတ်ကုန်ကျဖို့ အဆင်သင့် ရှိသေး၏။ ငါးကြင်း၊ ငါးသိုင်းကိုမူ ဖမ်းလိုသော တံငါသည်၏ ပိုက်ကွန်မှာ တုတ်ခိုင်သော ကြိုးများဖြင့် ရက်လုပ်ထား၍ ငါးဖျင်းသလက်ခေါက်များအဖို့ နေစရာ မရှိသကဲ့သို့ သူတော်စိန်



www.burmeseclassic.com

www.burmeseclassic.com



၏ ဘဏ်ကွန့်ချက်မှာလည်း အသေးအမွှား ကလေး ကစားသကဲ့သို့ တစ်ပဲ ခြောက်ပြား ကိစ္စအတွက် မဟုတ်ဘဲ သိန်းလုံး၊ သောင်းလုံး အလုပ်မျိုး အတွက်သာလျှင် ပြင်ဆင်ထားလေသည်။

ဘီအိုစီ ကုမ္ပဏီသည် တစ်နှစ်လျှင် အစုရှင်များအား ဒီ ဗီ ဒင် အမြတ်ငွေ ရာခိုင်နှုန်း ၆၀ ကျော်၊ ၇၀ မျှ ပေးနိုင်သဖြင့် ၁၀၀ိ တန် အစု ရှယ်ယာတစ်ခုလျှင် ၁၀၀၀ိ၊ ၁၅၀၀ိ နှင့် အလုအယက် ဝယ်ယူနေကြသော ခေတ်အခါက ရန်ကုန်မြို့ကြီးပေါ်၌ ဤကုမ္ပဏီ၊ ထိုကုမ္ပဏီ စသည်ဖြင့် မှိုပေါက်သကဲ့သို့ ပေါ်ပေါက်ခဲ့ဖူးရာ "တိုင်းရင်းသား ရေနံကုမ္ပဏီ" ဟူသော အမည်ဖြင့် တည်ထောင်ခဲ့ဖူးသော ဦးသိန်းကြွယ်မှာလည်း ကျွန်ုပ်တို့၏ မိတ်ဆွေ သူဌေးစိန်ကဲ့သို့ပင် အကြံကြီးသမား တစ်ယောက် ဖြစ်လေသည်။ ဦးသိန်းကြွယ်မှာ ဖြူဖြူတုတ်တုတ်၊ နှုတ်ခမ်းမွေး ကောင်းကောင်း၊ အရုပ် ဆောင်ဆောင်မောင်းမောင်းနှင့် (ထိုခေတ်က လူကုံထံများ ကိုင်ဆောင်လေ့ ရှိသော) ငွေကွပ်တုတ်ကြီးကို ကိုင်လျက် မော်တော်ကားပေါ်မှ ဆင်းလာ သည်ကို မြင်ကြရသော လူများသည် အရာရှိဖြစ်လျှင်လည်း အရေးပိုင်၊ ကုန်သည်များက ဖြစ်လျှင်လည်း "သိန်း" ထက် နည်း၍ အလုပ်လုပ်မည့် လူတစ်ယောက် မဟုတ်ဟူ၍ ရုတ်ခြည်းပင် ခန့်မှန်းကြပေလိမ့်မည်။

တခါတစ်ရံ ခရီးသွားသော အခါများ၌ ပိုးဘောင်းဘီအပွကြီးနှင့် သားရေခါ ပတ်ကြီးကို စည်းတတ်သော်လည်း လုံကွင်းဟူ၍ ဘယ်အခါမှ ခါးပေါ်မတင်ဘဲ ဘန်ကောက်နှင့် မန္တလေးပုဆိုး တောင်ရှည်ကိုသာလျှင် အဆင်အမျိုးမျိုး၊ အသွေးအစားစားနှင့် "ထည်လဲ" ဝတ်ဆင်လေ့ ရှိ၏။ အစုရှယ်ယာဝယ်မည့် လူတစ်ယောက်က မယုံတယုံ အမူအရာမျိုးဖြင့် ဦးသိန်းကြွယ်အား စပ်စုလား၊ မေးလား၊ လုပ်သည့်အခါများတွင် ဦးသိန်းကြွယ် သည် နှုတ်ခမ်းမွေးကြီးကို သပ်လျက် စားပွဲမှ တစ်ချက် ခေါင်းထောင်ကာ ပြုံးကြည့်လိုက်ရုံမျှနှင့် ထိုသူမှာ စစ်ကြောမိခြင်းအတွက် တောင်းပန်လိုသော





အမူအရာမျိုးဖြင့် စကား ထစ်ထစ်ငေါ့ငေါ့နှင့် 'မှန်လှပါ ခင်ဗျာ၊ ကောင်းလှပါ ခင်ဗျာ' စသည်ဖြင့် မိမိ၏စကားကို ရုပ်သိမ်းရလေတော့၏။ ဤတွင် ဦးသိန်းကြွယ်က စားပွဲပေါ်၌ ငွေသေတ္တာကြီးနှင့် ထည့်ထားသော ဆေးပြင်း လိပ် အတုတ်ကြီးတစ်လိပ်ကို ယူ၍ ထိုသူအား 'သောက်ပါဦး ခင်ဗျာ၊ ပြည်မြို့က ကျွန်တော် စပါယ်ရှယ်မှာပြီး လိပ်ထားတဲ့ ဆေးလိပ်ပါ' ဟု ပြောကာ တည်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုသူမှာ မိမိ၏ မေးခွန်းများကို အဖြေ မပေးရသေးမီကပင် သိနှင့်ပြီး၊ ကျေနပ်ပြီး ဖြစ်သွားလေတော့၏။ ဦးသိန်းကြွယ်က ဝတ်ကျေဝတ်ကုန် အဖြေပေးသော အခါ၌လည်း ထိုသူက 'ဟုတ်ပါ ခင်ဗျာ၊ နားလည်ပါ ခင်ဗျာ၊ ကောင်းပါ ခင်ဗျာ' စသည်ဖြင့် ထွက်လက်စွာ လိုက်လေတော့၏။ နောက်ဆုံး၌ ထိုလူသည် မိမိ၏ ငွေ ကလေး သုံးလေးရာအတွက်နှင့် ဤကဲ့သို့သော ပုဂ္ဂိုလ်ကြီး တစ်ဦးတစ် ယောက်ကို အလုပ်ပိုအောင် မေးလား မြန်းလား လုပ်မိသည်ဟု အောက်မေ့ လျက် အားနာပါးနာနှင့် ထွက်သွားလေတော့၏။

ဦးသိန်းကြွယ်မှာ တိုင်းရင်းသား ရေနံကုမ္ပဏီကို ရှေးဦးစွာ စိတ်ကူး ရ၍ အစမှ အဆုံးတိုင် ဖြစ်မြောက်အောင် စီမံခဲ့သူတစ်ဦး ဖြစ်သော်လည်း ဂုဏ်ကြီးသော ဘုရားလူကြီး သူဌေးတစ်ဦးကို မန်နေဂျင်း ဒါရိုက်တာ လုပ်စေ၍ သူကိုယ်တိုင်မှာ သာမန် ဒါရိုက်တာတစ်ယောက် အဖြစ်နှင့်သာ ဆောင်ရွက်လေ၏။ သို့ရာတွင် အခြားသော ဒါရိုက်တာ လေးယောက်နှင့် မန်နေဂျင်း ဒါရိုက်တာ ကိုယ်တိုင်မှာ ဦးသိန်းကြွယ်၏ ကြိုးဆွဲခြင်း ခံကြရ၍ မည်သည့်အရေး၌မဆို ဦးသိန်းကြွယ် ပြီးမှပင် ပြီးရလေသည်။ အမှန်မှာ မန်နေဂျင်း ဒါရိုက်တာနှင့် အခြား ဒါရိုက်တာများမှာ လူရိုးလူကောင်းကြီးများ ဖြစ်ကြ၍၊ ဦးသိန်းကြွယ်က တိုင်းပြည်ရော အမျိုးသားပါ ကြီးပွားစေနိုင် သည့် လုပ်ငန်းကြီးတစ်ခု ဖြစ်သည်ဆို၍ "အနူး" ကောင်းသဖြင့် ထိုအလုပ် ကို လက်ခံလုပ်ကိုင်ခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်အခါက မြန်မာများသည် အစုရှယ်ယာ အကြောင်းနှင့် ပတ်သက်၍ ကောင်းစွာ သဘောမပေါက်ကြ ငြားသော်လည်း ဘိလပ်သားများနှင့် ကပြားများကမူကား ဘီအိုစီကုမ္ပဏီ မြတ်စွန်းနေသည့် အဖြစ်ကို သိကြသည်ဖြစ်၍ ရေနံကုမ္ပဏီဆိုလျှင် မြတ်စွန်းလိမ့်မည် အထင်နှင့် ရှယ်ယာများ ဝယ်ယူကြ၏။ တိုင်းရင်းသားကုမ္ပဏီ ဟူ၍ မှည့်ခေါ်ထားသည့်အတွက်ကြောင့် နိုင်ငံခြားသားများ အစုရှယ်ယာ ဝယ်ယူဖို့ပင် ခဲယဉ်းလေဟန် ဖြစ်နေသဖြင့် အချို့မှာ လျှို့ဝှက်စွာ ဝယ်ယူကြရ၏။ မြန်မာမိန်းမနှင့် လက်ထပ်သော ဘိလပ်သားများသည် မယား၏ အမည်နှင့်လည်းကောင်း၊ မြန်မာ အမိက ပေါက်ဖွားသော ကပြားများသည် မိခင် အမည်နှင့် စာရင်းပေး၍ ဝယ်ယူကြ၏။

ဦးသိန်းကြွယ်သည် ထိုကုမ္ပဏီကို တည်ထောင်စကတည်းက သာမန် ဒိဗိဒင် အမြတ်အစွန်းကို မျှော်လင့်သည်မဟုတ်ဘဲ အစုရှယ်ယာ အရောင်းအဝယ်နှင့် ပတ်သက်၍ ဉာဏ်နီဉာဏ်နက်ထုတ်ကာ မသိ နားမလည်သူများကို အငိုက်ရိုက်ဖို့ စိတ်ကူးပြီး ဖြစ်၏။

ကုမ္ပဏီတစ်ခု အသစ်ဖွင့်သော အခါ၌ ဥပမာအားဖြင့် ငွေရင်း သိန်းငါးဆယ်နှင့် မ တည်မည်ဆိုပါမူ ငွေ သိန်းငါးဆယ် ရသည်တိုင်အောင် ရှယ်ယာများ ရောင်းချ၍ ပြည့်သည်နှင့် တစ်ပြိုင်နက် ပိတ်လိုက်၏။ ထိုနောက်၌မူကား အစုရှယ်ယာများသည် တက်ဈေး ကျဈေး ရှိလာ၍ ဝယ်လိုသူ ပေါလျှင် ဈေးတက်ပြီး၊ ရောင်းလိုသူ ပေါလာလျှင် ဈေးကျတတ်သော ဓမ္မတာ ရှိ၏။ ရှယ်ယာ အမြောက်အမြား လက်ကိုင်ရှိသူများက ထုတ်ရောင်း နေကြသည့်အခါ အခြားလူများသည် ထိုသတင်းကို ကြား၍ ဟန် မရသော ကြောင့်သာ ရောင်းသည်ဟု ယူဆပြီးလျှင် မိမိတို့၌ရှိသော ရှယ်ယာများကို အစွဲထုတ်လိုက်ကြ၏။ ဤကဲ့သို့ သူငါကစ ရောင်းချင်နေကြသော ကုမ္ပဏီ ရှယ်ယာ ဟူသမျှမှာ ဈေးလျှော့ကြခြင်း ဖြစ်၍ ကြာလေ လျှော့လေ ဖြစ်တတ်





သေး၏။ တစ်ဖန် ပိုက်ဆံဝါလားများက ရှယ်ယာများကို အစုလိုက် အပြုံလိုက် ဝယ်ယူနေကြသည်ဟူသော သတင်းမျိုး ဖြစ်ပေါ်လာသော အခါတွင်လည်း နေရာကျသောကြောင့်သာ ဝယ်ကြသည်ဟု ယူဆကြသဖြင့် သူငါကစ ဝယ်ချင်ကြပြန် လေရာ ရှယ်ယာဈေးလည်း တက်သွားလေတော့၏။

အနောက်တိုင်းပြည်များ၌ ရှယ်ယာအရောင်းအဝယ်ကိစ္စသည် ပွဲစားလမ်းစားများနှင့်တကွ အကြီးအကျယ် ဖြစ်နေသော်လည်း မြန်မာပြည်၌မူ ကုမ္ပဏီလေးများ ပေါ်ဖူးသည့် တလောကသာ ဖြစ်လိုက်၍ လူထုကပင် မသိလိုက်ချေ။ သို့သော် အထက်တန်းစား ကုန်သည်ပွဲစားများ၊ ဘိလပ်သားများနှင့် ကပြားများမူကား ကော်သူကော်၍ ချော်သူချော်ကြဖူးလေသည်။

ဦးသိန်းကြွယ်မှာ အထက်တန်းစား အရာရှိကြီးတစ်ယောက်၏ သားဖြစ်၍ ကျောင်းသားဘဝတွင် တေလေအဖြစ်နှင့် သင်္ဘောတစ်စင်းပေါ်၌ ပါသွားပြီးလျှင် ဘိလပ်တွင် နှစ်နှစ်ကျော် သုံးနှစ်ခန့်တိုင် ကြမ်းပိုးထိုးခဲ့ဖူးလေသည်။ နောက်ဆုံးတွင် ဖခင်အရာရှိက ဗြိတိသျှအစိုးရကို လျှောက်ထားသဖြင့် သူ၏သားငယ်ကို မြန်မာပြည်သို့ တင်ပို့လိုက်ရ၏။ ဦးသိန်းကြွယ်သည် အခြားသော မဟုတ်မဟတ် ပညာမျိုးနှင့်အတူ ရှယ်ယာ အရောင်းအဝယ် လုပ်နည်းကို ဘိလပ်မှ ကြားဖူးနားဝ တတ်လာခဲ့လေသည်။

သူတော်စိန်သည် ဦးသိန်းကြွယ် အကြောင်းကို ကြားဖူး၍ လူရှုပ်တစ်ယောက် ဖြစ်သည်ဟု ရိပ်မိသော်လည်း ယခုအချိန်အထိမှာ ကောက်ကျစ်ခဉ်းလဲသည်ဟူ၍ လက်ဆုပ်လက်ကိုင် မတွေ့ရသေးဘဲ အချို့ အစိုးရ ဝန်ထောက်များနှင့်အတူ ထိုသူ့အကြောင်းကို စနည်းနာလျက် ရှိ၏။ ဝန်ထောက်များကမူ လိမ်လည် လှည့်ဖြားမှုကို တွေ့ရသည့်အခါ ဥပဒေနည်းလမ်းအရ အရေးယူကြမည်ဖြစ်ရာ သူတော်စိန်ကမူကား သူ၏ထုံးစံအတိုင်း တစ်မျိုးတစ်ဖုံ ကွင်းထောင်၍ ဖမ်းရန် ဖြစ်လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ဦးသိန်းကြွယ်သည် ကုန်သည်လမ်းတွင် ဖွင့်ထားသော သူ၏ အလုပ်တိုက်ခန်းတွင် ထိုင်လျက် မိတ်ဆွေနှစ်ယောက်တို့နှင့် တိုင်ပင်ထားသည့် လုပ်ငန်းအစီအစဉ် တစ်ခုကို ဆောင်ရွက်ရန်အတွက် သူ့မိတ်ဆွေနှစ်ယောက်တို့ကို စောင့်မျှော်ရင်း ဆေးပြင်းလိပ်ကြီးခဲကာ စိတ်ကူးနေစဉ် လက်ရေးတို စာရေးမကလေးသည် ဦးသိန်းကြွယ်၏ အခန်းတွင်းသို့ ဝင်လာလေ၏။

ဦးသိန်းကြွယ်သည် အလုပ်ကြီးသမားတို့၏ ဂုဏ်အင်္ဂါများဖြစ်သည့် ကျယ်ဝန်းသော အလုပ်တိုက်ခန်း၊ ပြောင်လက်သော ကြေးဝါဆိုင်းဘုတ်၊ တယ်လီဖုန်း၊ လက်နှိပ်စက် စသည်တို့အပြင် သာမန် စာရေးမ ကလေးနှစ်ယောက်နှင့် လက်ရေးတို စာရေးမကလေး တစ်ယောက်ကိုလည်း ငှားရမ်းထားသေး၏။

နွာတာ်ပေါ်ပေါ်၊ ကိုယ်လုံးလှလှနှင့် စတိုင်ကျကျ ဝတ်ထားသော စာရေးမကလေး ခင်ခင်စိန်သည် ဦးသိန်းကြွယ်၏ အခန်းသို့ ဝင်လာ၍၊ ဦးသိန်းကြွယ်က နှုတ်ဖြင့်ပြောသော စာတစ်စောင်ကို မြန်မာလက်ရေးတိုဖြင့် လိုက်ရေးနေစဉ် ဦးသိန်းကြွယ်သည် ဖြူစင်ပျော့ပျောင်း၍ အဖျားသွယ်သော ခင်ခင်စိန်၏ လက်ချောင်းကလေးများကို စိုက်ကာ ကြည့်လျက် "မြ" လက်စွပ်ကလေး တစ်ကွင်းဖြင့် တန်ဆာဆင်လိုက်ရလျှင် သာ၍ပင် လှလိမ့်မည်ဟု စိတ်ကူးမိလေ၏။

နောက်ဆုံး၌ စာရေးခြင်းအလုပ် ပြီးစီး၍ ခင်ခင်စိန်သည် အခန်းပြင်သို့ ထွက်တော့မည်ပြုစဉ်၊ ဦးသိန်းကြွယ်၏ စူးစိုက်သော ကြည့်ခြင်းကို မြင်သဖြင့် မျက်လွှာချပြီးမှ ရုပ်ရှင်မင်းသမီး ခင်ခင်ရီ၏ ကြည့်ခြင်းမျိုးဖြင့် တစ်ချက်တည်း ပြန်တုံ့ကြည့်ပြီးမှ အခန်းပြင်သို့ ထွက်မည် ပြုလေ၏။

ကြွယ်။ ။'နေဦး .... တူမကြီးရဲ့၊ ဦးဖုန်းကျော်တို့ မလာကြသေးဘူးလား'





စိန်။ ။'ဦးက ၁၁ နာရီ ချိန်းတာပဲ ဦးရဲ့၊ လာလှပါပြီ ထင်ပါရဲ့'

ကြွယ်။ ။'အေး .... အေး .... လာတော့ လွှတ်လိုက်နော်'

စိန်။ ။'ကောင်းလှပါပြီ ဦး'

ကြွယ်။ ။'နေစမ်းပါဦး၊ ငါ့တူမကြီးရဲ့ လည်ပင်းစည်း တဘက်ကလေးက တယ်လှပါကလား။ ဘယ်တိုက်က ဝယ်တာတုံး'

စိန်။ ။'ရိုးတိုက်ကပါ ဦး'

ကြွယ်။ ။'ဘယ်လောက် ပေးရသလဲ'

စိန်။ ။'ငါးကျပ်ပါ ဦး'

ကြွယ်။ ။'ရော့ .... ရော့၊ ဆင်ကွဲကလေးတစ်ထည် ဝယ်ချဦး၊ ဒါ.... ဦးက သက်သက်ပေးတာနော်။ လခထဲက မဟုတ်ပါဘူး'

ငါးကျပ်တန် စက္ကူတစ်ရွက် ထုတ်ပေးလေ၏။

စိန်။ ။'ဦးက သိပ်သနားတတ်တာပဲ၊ ကျေးဇူးတင်ပါတယ် ဦး'

ကြွယ်။ ။'ကိုင်း .... ကိုင်း၊ သွားတော့။ ဦးဖုန်းကျော်တို့ လာတော့ လွှတ်လိုက်နော် တူမကြီး'

သွားခါနီးတွင် ခင်ခင်စိန်သည် ခင်ခင်ရီ၏ ကြည့်နည်းမျိုးဖြင့် ဒုတိယအကြိမ် လှမ်းကြည့်လိုက်သဖြင့်၊ ဦးသိန်းကြွယ်မှာ အူ အသည်းထဲမှ ယစ်သွားသလိုဖြစ်ခါ ကျန်နေရစ်ရာတွင် ဆေးပြင်းလိပ်ကြီးကိုခဲရင်း မိန်းကလေးအား လက်ဆောင်ကလေးများဖြင့် တစ်စတစ်စ ယင်းသွင်းအံ့ဟူသော အကြံအစည်နှင့် စိတ်ကူးယဉ်လျက် ရှိနေလေ၏။

နောက် များမကြာမီအတွင်း ခင်ခင်စိန်သည် ဧည့်သည်နှစ်ယောက်တို့ကို ဦးသိန်းကြွယ်၏ အခန်းသို့ လိုက်ပို့လေရာ ဦးသိန်းကြွယ်မှာ ဒရဝမ်မှတစ်ပါး မိမိ၏ အလုပ်တိုက်တွင် ယောကျ်ားဟူ၍ မထားသည့်အဖြစ်ကို မိတ်ဆွေများအပေါ်တွင် အသားယူသော မျက်နှာမျိုးနှင့် 'ကောင်းပြီ၊ ကောင်းပြီ တူမကြီး' ဟု ပြော၍ လွှတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းသို့ ဝင်လာကြသော ဧည့်သည်နှစ်ယောက်တို့မှာ ပွဲစားကြီး ဦးဖုန်းကျော်နှင့် အမတ် ဦးဖေဝင်းတို့ ဖြစ်ကြလေရာ ဦးဖုန်းကျော်မှာ ဝဝတုတ်တုတ်၊ ဗိုက်ရွှဲကြီးနှင့် သူဌေးဂိုက် ဖမ်းသူတစ်ယောက်ဖြစ်၍ ကျယ်ကျယ် စကားပြောတတ်လျက် ကိုယ့်ဟာကိုယ် ပွဲကျဟန်နှင့် တဟားဟားရယ်တတ်သူတစ်ယောက် ဖြစ်လေသည်။ အောက်လွှတ်တော် အမတ် ဦးဖေဝင်းမှာ ရွှေမျက်မှန်တပ်လျက်၊ ရှုပ်တင်တင်၊ နှုတ်ခမ်းမွေး ရေးရေးနှင့် ဣန္ဒြေကောင်းသူတစ်ယောက် ဖြစ်ပေ၏။ ထိုသူနှစ်ယောက်တို့မှာ အင်္ဂါရပ်အားဖြင့် အဆင်ကွဲပြားကြသော်လည်း ပါးနပ်ခြင်း အရာဌာနတွင် ဦးသိန်းကြွယ်နှင့် အားလုံးတူညီကြ၍ စင်စစ်အားဖြင့် ဦးသိန်းကြွယ်နှင့် ကြံဖော် စီဖက် ဝေစားမျှစား လုပ်သူများ ဖြစ်လေသည်။

ကြွယ်။ ။'ခရီးရောက်မဆိုက် ပြောလိုက်ရဦးမယ်ဗျာ၊ မနေ့ညနေက ကျွန်တော် တစ်ခု အချောင်ပေါက် တွေ့ထားတယ်ဗျို့'

ကျော်။ ။'အရောင်းဘက်ကလား၊ အဝယ်ဘက်ကလား'

ကြွယ်။ ။'ဝယ်တာပေါ့ဗျ၊ ဂရိတ်ဒိန်းမှ အစစ်ခင်ဗျ။ ပင်လယ်ကူးသင်္ဘော ကပ္ပတိန်တစ်ယောက်ဆီက ရလာခဲ့တာ တဲ့။ မြန်မာတစ်ပြည်လုံးမှာ ကျွန်တော့် အကောင်မျိုး တစ်ကောင်မှတောင် မရှိဘူး။ အနည်းဆုံး ၃၀၀ိ တန်တယ်၊ ၂၀၀ိ ထဲနဲ့ ရလိုက်တယ် ခင်ဗျ'

ရှယ်ယာ အရောင်းအဝယ်နှင့် ပတ်သက်၍ ပြောလိမ့်မည်ဟု မျှော်လင့်နေကြသော ဧည့်သည်နှစ်ယောက်တို့မှာ ပထမ၌ အံ့သြစွာ ပြုံးကြည့်နေကြပြီးနောက် ဦးဖုန်းကျော်မှာ ခွေးအကြောင်း ပြောမှန်း သိရသောအခါမှ တဟားဟား ရယ်မောလိုက်ရာ ဦးဖေဝင်းမှကား ပွဲမကျသော မျက်လုံးတစ်ခုတွင် အားနာပါးနာနှင့် ပြုံးရသကဲ့သို့ နှုတ်ခမ်းထောင့်ကလေး ကြွတက်ရုံမျှလောက်သာ ပြုံးလိုက်လေ၏။

ဦးသိန်းကြွယ်မှာ ခွေးဝါသနာပါသူတစ်ယောက်ဖြစ်၍ ခွေးမျိုး





ကောင်း ရမည်ဆိုလျှင် အဖိုးမမြင်ဘဲ ဝယ်ယူလေ့ရှိရာ သူ၏ နေအိမ်၌ ဘူလ်တယ်ရီယာမျိုး၊ အဲယားဒေးလ်မျိုး၊ အဲလ်ဆေးရှင်းမျိုး တည်းဟူသော သင်္ဘောခွေးကြီးမျိုး တစ်ကောင်စီ ရှိပြီးဖြစ်သော်လည်း ဂရိတ်ဒိန်းမျိုး တစ်ကောင် နောက်ထပ် ရထားသည့်အတွက် ဝမ်းသာလျက် ရှိ၏။ တတ်နိုင်ခဲ့လျှင် ဦးသိန်းကြွယ်သည် သင်္ဘောခွေးကြီးမျိုး တစ်ကောင်စီ ရသည့်တိုင်အောင် ထောက်လှမ်း စုံစမ်းလျက်ရှိရာ ဝါသနာအိုးကြီးတစ်ယောက် ဖြစ်သည်အလျောက် ခွေးအကြောင်းဆိုလျှင် မရပ်မနား ပြောနိုင်၍ ရသမျှငွေများကိုလည်း ခွေးထဲတွင် မြှုပ်နေသည်ဟု ဆိုနိုင်လောက်ပေ၏။

ကျော်။ ။'ဖြစ်မှ ဖြစ်ရပလေဗျာ၊ ကျွန်တော်တို့က မနေ့က စကားလက်စနဲ့ တိုင်းရင်းသား ရေနံကုမ္ပဏီအကြောင်းများ ပြောချေမလား လို့။ လက်စသတ်တော့ သူ့ခွေးအကြောင်းကိုများ ဟား ဟား ဟား'

ကြွယ်။ ။'သိပ်လိမ္မာတဲ့ အကောင်ဗျို့။ တစ်ညတည်း သိပ်ရသေးတယ်၊ သခင်မှန်း သိတယ်၊ သူ့နေရာကို သိတယ်၊ ဝပ်နေဆိုလျှင် အနားက မခွာဘူး။ ပေါ်လိုက်တာကလည်း ကျားသစ်လိုပဲ၊ လှစ်လို့'

ဧည့်သည်နှစ်ယောက်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်းကြည့်ကာ စိတ်ရှည်စွာဖြင့် နားထောင်နေကြသဖြင့် ဦးသိန်းကြွယ်က သူ၏ ခွေးများအကြောင်းကို တစ်ကောင်စီ စေ့စုံအောင် ပြောပြပြီးသည်နောက်မှ လာရောက်သည့် ကိစ္စအကြောင်းကို ဆက်လေတော့သည်။

ကြွယ်။ ။'ကိုင်း....သို့သော် "တိုင်းရင်းသား" အကြောင်း ပြောကြဦးစို့။ ရှယ်ယာဈေးတွေ ကျလိုက်တာ တစ်စုမှ ၃၆ ကျပ် ရှိတော့ ဆိုပါ ကလား'

ကျော်။ ။'ကျွန်တော်တို့ ခုနင်က စုံစမ်းခဲ့သေးတယ်။ ၃၅ ကျပ်၊ ၃၄ ကျပ် တောင် လျော့လာနိုင်တဲ့ လူတွေ ရှိသတဲ့ ခင်ဗျ'

ကြွယ်။ ။'ရွှေ့ နေရာကြပြီ၊ ကျုပ်တို့က ဒီတစ်သုတ် ထုတ်ရောင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင် တော်တော်ကြာ ၂၉ ကျပ်၊ သုံးဆယ်ဈေးတောင် လျှော့ဆင်းသွားဦးမယ်။ စိတ်သာချ’

ဝင်း။ ။‘ကျွန်တော်တို့က ဘယ်တော့ဆီလောက် ပြန်ဝယ်မလဲ’

ကြွယ်။ ။‘၂၅ ဈေးလောက်မှ ပြန်ဝယ်မယ်၊ သို့သော် မြန်မြန်လုပ်ကြနော်။ ကျပ်ဆီက ကြေးနန်းတွေ ပို့လိုက်လျှင် ဖျောင်းဆို တက်လာကုန်လိမ့်မယ်’

ထိုနောက် ဦးသိန်းကြွယ်သည် ဆေးပြင်းလိပ်သေတ္တာကို ဧည့်သည်များ ရှေ့သို့ တွန်းပို့၍ မိမိကိုယ်တိုင်လည်း တစ်လိပ်ညှိ၍သောက်ကာ စည်းစိမ်နှင့် ရှုရှိုက်ရင်း မိတ်ဆွေများအား သွန်သင်ရမည့် စကားရပ်များကို စိတ်ထဲတွင် စီစဉ်လျက် ရှိ၏။

ဖြစ်ပျက်ပုံ အခြေအနေများမှာ တိုင်းရင်းသား ရေနံကုမ္ပဏီသည် ချောက်မြို့တွင် ရေနံတွင်းရာများကို ဝယ်ယူ၍ ဘီ–အို–စီ၊ အိုင်–ဘီ–ပီ စသော ကုမ္ပဏီများနှင့် အပြိုင်အဆိုင် တူးဖော်လုပ်ကိုင်ခဲ့ရာ ထိုခေတ်အခါက ဘီ–အို–စီ ကုမ္ပဏီကြီး ကိုယ်တိုင်မှာလည်း ရန်ကုန်နှင့် ပိုက်လုံးကြီး သွယ်ဆက်ကာ အကြီးအကျယ် အလုပ်လုပ်သေးသည် မဟုတ်သောကြောင့် တိုင်းရင်းသား တွင်းစားရိုး စသော အခြား ကုမ္ပဏီ ကြီးငယ် ကလေးများပင်လျှင် မြတ်စွန်းစွာနှင့် ယှဉ်ပြိုင် လုပ်ကိုင်ခဲ့လေသည်။ ယင်းကဲ့သို့ တစ်နှစ်ကျော်ခန့် မြတ်စွန်းရာတွင် ၁၀ဝိ တန်သော အစုရှယ်ယာများမှာ ၁၅ဝိ၊ ၂၀ဝိ တိုင်အောင် တက်သွားခဲ့ဖူး၏။ ထိုနောက် အချို့သော တွင်းများသည် ရုတ်တရက် ခန်းခြောက်သွားလေရာ ဘီ–အို–စီ ကုမ္ပဏီကြီးက မြေကြောတစ်စပ်တည်းရှိနေသော သူ၏ တွင်းများမှ လှိုင်လှိုင်ကြီး စုပ်ယူနေသည့် အတွက် ဤကဲ့သို့ ဖြစ်ရသည်ဟု အချို့က ပြောကြ၏။ သို့ရာတွင် မိမိပိုင် တွင်းများကို မိမိထင်သလို စုပ်ယူပိုင်ခွင့် ရှိလေရကား တိုင်းရင်းသား ကုမ္ပဏီမှာ မည်သို့မျှ မတတ်နိုင်ဘဲ ရေနံထွက် နည်းလျက် နောက်ဆုံးတွင် အရှုံးနှင့်





အလုပ်လုပ်နေရလေတော့၏။ ဤတွင် ယခင်က ၁၀ဝိ တန်သော အစုရှယ်ယာများမှာ တဖြည်းဖြည်း ဈေးလျော့ကျလာ၍ ကျွန်ုပ်တို့ ရေးသားသော အချိန်တွင် မူလဈေးရင်း၏ သုံးပုံ တစ်ပုံမျှနှင့်ပင် ရောင်းချင်သူများ ရှိနေကြလေပြီ။ ဈေးကျစ ပြုနေသော အချိန်မှစ၍ ဦးသိန်းကြွယ်နှင့် မိတ်ဆွေများသည် ထိုကုမ္ပဏီ၏ အခြေအနေနှင့် ပတ်သက်၍ မကောင်းသတင်းများကို တွင်တွင်ကြီး လွှင့်ပေးနေကြသည့်ပြင် မိမိတို့ပိုင် ရှယ်ယာများကိုလည်း တစ်သုတ်ပြီး တစ်သုတ် ထုတ်၍ ရောင်းနေကြလေ၏။ ဦးသိန်းကြွယ်တို့ လူစု၏ ရည်ရွယ်ချက်မှာ တိုင်းရင်းသားကုမ္ပဏီ ရှယ်ယာများ တန်ဖိုးလျော့ဆင်းစေရန် ဖြစ်လေရာ သူတို့ ရည်ရွယ်သည့်အတိုင်းလည်း ရှယ်ယာတန်ဖိုးသည် တစ်နေ့တခြား ထိုးဆင်းသွားလေတော့၏။

ဦးသိန်းကြွယ်တို့ လူစုသည် သင့်လျော်လောက်ပြီ ထင်သော အချိန်တွင် အလွန်နှုန်းချောင်လျက်ရှိသော ရှယ်ယာများကို သိမ်းကြုံးဝယ်ယူကြ၍ ဉာဏ်နီဉာဏ်နက်ဆင်ကာ ရှယ်ယာများကို ဈေးတက်အောင် လှော်ခတ်ဖန်တီးပြီးမှ တစ်ဖန် ရောင်းချ၍ အမြတ်ကို ခွဲဝေယူငင်ကြရန် ဖြစ်လေသည်။ သို့သော် ရှယ်ယာဈေးတက်အောင် ဖန်တီးပုံကား လွယ်ကူသောကိစ္စ မဟုတ်ချေ။

ဦးသိန်းကြွယ်သည် ဘိုကပြား လူရုပ်တစ်ယောက်နှင့် မြန်မာလူလည် တစ်ယောက်ကို ရေနံချောင်းနှင့် ချောက်မြို့များသို့ စေလွှတ်ထား၍ ထိုလူနှစ်ယောက်တို့သည် ရန်ကုန်ဂေဇက်၊ ရန်ကုန်တိုင်း စသော အင်္ဂလိပ်သတင်းစာကြီးများ၏ အထူးသတင်းထောက်နှင့် နယ်သတင်းထောက်တို့၏ အမည်များကို ထောက်လှမ်း စုံစမ်းထားကြလေသည်။ မြန်မာများမှာ အစုရှယ်ယာများ ဝယ်ယူခြင်းနှင့် ပတ်သက်၍ စိတ်ဝင်စားသူ နည်းပါးသည့်ပြင် အနည်းငယ်မျှ ရှိသူများမှာလည်း အင်္ဂလိပ်စာတတ် ဖြစ်ကြသောကြောင့် မြန်မာသတင်းစာများကို အားမကိုးဘဲ အင်္ဂလိပ်သတင်းစာများဖြင့်သာလျှင် သတင်းဖြန့်ရန် စီမံကြခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သောအချိန်၌ ဦးသိန်းကြွယ်သည် မိမိ၏ လူများထံသို့ အချက် ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ထိုလူနှစ်ယောက်တို့သည် သတင်းထောက်များ၏ အမည်ဖြင့် ဆိုင်ရာ အင်္ဂလိပ်သတင်းစာကြီးများသို့ ကြေးနန်းများ ရိုက်ကြား ပေးပို့ကြမည် ဖြစ်လေသည်။ ထိုကြေးနန်းများတွင် "တိုင်းရင်းသားကုမ္ပဏီပိုင် တွင်းအချို့တို့၌ ရေနံမြေကြော စက်ခလုတ်ကို တွေ့ထားကြသည့် လက္ခဏာဖြင့် ရေနံများသည် အထက်သို့ ထောင်ပန်းကာ ထွက်လာကြသည် ဖြစ်သောကြောင့် အခြားကုမ္ပဏီပိုင် တွင်းဆယ်တွင်းမှ စက်နှင့်စုပ်ယူရသော ရေနံမျှလောက်ကို တစ်တွင်းတည်းမှ အလိုအလျောက် ပန်းထွက်လျက်ရှိကြောင်း" အစရှိသော အကြောင်းအရာများ ဖော်ပြပါရှိပေလိမ့်မည်။ ထိုအခါ ဦးသိန်းကြွယ်တို့လုစုသည် တစ်စုလျှင် ၂၅ ကျပ်မျှနှင့် ဝယ်ယူထားသော ရှယ်ယာများကို အနည်းဆုံး ၁၀၀ ကျပ်ကျော် နှုန်းမျှနှင့် နေ့ချင်း ညချင်း တက်သုတ်ရိုက် ရောင်းချမည် ဖြစ်သောကြောင့် ရင်းနှီးထားသောငွေထက် သုံး လေးဆ မြတ်စွန်းနိုင်ကြမည် ဖြစ်လေသည်။

ကြွယ်။ ။'ကိုင်း .... ဒီတော့ ဒီလိုဗျ၊ နက်ဖြန် ညနေလောက်မှာ ကျုန်ုပ်တို့က ၂၅ နှုန်းလောက်နဲ့ စပြီး ဝယ်ယူမယ်။ သန်ဘက်ခါလောက်မှာ ကျုပ်က ကျုပ်လူများဆီကို အချက်ပေးလိုက်လျှင် မိန်းနွဲခါမှာ ဒီသတင်း ပါလာပြီး ဈေးခုန်တက်သွားလိမ့်မယ်။ ကျုပ်က ဒါရိုက်တာလူကြီး တစ်ယောက် ဖြစ်နေတဲ့အတွက် ကိုယ်တိုင် အရောင်းအဝယ်လုပ်လျှင် လူတွေ မသင်္ကာစရာ ဖြစ်မှာစိုးလို့ .... ခင်ဗျားတို့က အရောင်းအဝယ် လုပ်ကြရလိမ့်မယ်။ သို့သော် သွက်သွက် အလုပ်လုပ်ဖို့ အရေးကြီးတယ်ဗျနော်၊ လက်နှေးနေလျှင် ထင်သလောက် မပေါက်ဘဲ ဖြစ်နေမယ်။ နားလည်လား'

ကျော်။ ။'နားလည်ပါပြီ ခင်ဗျာ။ နို့ .... နေပါဦး၊ ဒီက ဒါရိုက်တာတွေကော ဘယ့်နှယ်လဲ'

ကြွယ်။ ။'စိတ်ချပါ၊ ကျုပ် စီမံပြီးသားပါ။ သူတို့ဆီကိုလည်း





ချောက်မှာရှိတဲ့ ကုမ္ပဏီ မန်နေဂျာရဲ့ အမည်နဲ့ ကြေးနန်းတွေ ရစေမှာပေါ့။ ကျုပ်ကိုယ်တိုင်က ဒါရိုက်တာလူကြီးတစ်ယောက် ဖြစ်လေတော့ ဘုတ်အဖွဲ့ အစည်းအဝေးခေါ်ပြီး သူတို့ ဘာလုပ်တယ်ဆိုတာကို ကျုပ် အားလုံး သိရမှာပေါ့။ ဘုတ်အဖွဲ့က မန်နေဂျာဆီကို ကြေးနန်းရိုက်ပြီး အကျိုးအကြောင်းကို မေးမြန်းမှာပဲ။ ဒါပေမယ့် မန်နေဂျာဆီက ပြန်ရိုက်တဲ့ကြေးနန်းဟာ သူတို့ လက်ထဲကို ချက်ချင်း မရောက်စေရအောင် ကျုပ်လူများနဲ့ စီမံထားပြီးပဲ'

ကျော်။ ။'ဒီလိုဆိုလျှင် သောကြာနေ့လောက်မှာ ကျွန်တော်တို့ ဝယ်ထားတဲ့ ရှယ်ယာတွေကို ပြန်ထုတ်ရောင်းရမှာပေါ့'

ကြွယ်။ ။'ရှိပြီးသား ရှယ်ယာတွေကို ပြန်ထုတ်ရောင်းရုံ မကသေးဘူး၊ ကြိုတင်ပြီး ရောင်းလိုက်ဦးမယ်။ ဒီလိုလေဗျ .... နှစ်ဆယ့်ငါးကျပ်၊ သုံးဆယ်နှုန်းလောက်နဲ့ ဝယ်ထားတဲ့ ရှယ်ယာ လေးငါးထောင်ဟာ သတင်းစာတွေထဲက သတင်းကြောင့် တစ်ရာကျော်နှုန်းလောက် တက်သွားပြီ၊ ပေါက်ဈေးနှုန်းနဲ့ ရောင်းတဲ့အပြင် ရှယ်ယာ သုံးလေးထောင်လောက်ရော အဲဒီဈေးနဲ့ ကြိုပြီး ရောင်းထားလိုက်ဦးမယ်။ နောက်ဆုံးမှာ ချောက်က အဖြစ်အပျက် အမှန်အတိုင်း သိရတဲ့အခါမှာ ရှယ်ယာဈေးဟာ တစ်ပဲခြောက်ခု ဖြစ်ပြီး ကြိုရောင်းထားတဲ့ ရှယ်ယာအတွက်တွေပါ ကျုပ်တို့ ပွကြမယ် မဟုတ်ဘူးလားဗျ'

ကျော်။ ။'တော်တော်တော့ ကြီးကျယ်တဲ့ အကြံပဲဗျို့'

ကြွယ်။ ။'ကြီးကြီးကြံမှ မျက်မျက်စားရတော့ မပေါ့ဗျ။ လုပ်မယ့် လုပ်လျှင် ကျုပ်တို့က ဒီလိုမှ လုပ်ချင်တယ်၊ တစ်ပဲ ခြောက်ပြား အလုပ်မျိုး ဘာလုပ်ဖို့လဲ'

ဝင်း။ ။'ကျွန်တော်တို့အလုပ်က တွင်တွင်ဝယ်ပြီး မြန်မြန် ထုတ်ရောင်းရုံပေါ့ ဟုတ်လား'

ကြွယ်။ ။'ဒါပါပဲ၊ ခင်ဗျားတို့အလုပ်က။ သို့သော် ဝယ်တာရော့



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ကြတော့။ ရောင်းတဲ့အခါမှာတော့ ကျုပ်က ရောင်းဆိုမှ ရောင်းကြနော်၊ ကြားကြရဲ့လား'

ကျော်။ ။'ကောင်းပါပြီ၊ စိတ်ချပါ'

ကြွယ်။ ။'သို့သော် ခင်ဗျားတို့ သိတဲ့အတိုင်းနော်၊ ကျုပ်က ဒါရိုက်တာ လူကြီးတစ်ယောက် ဖြစ်နေတဲ့အတွက် ကိုယ်တိုင် အရောင်းအဝယ်လုပ်လို့ ဟန်မရဘူး၊ လူတွေ ရိပ်မိကုန်လိမ့်မယ်။ သတင်းစာတွေထဲမှာ သတင်းမှား ပါတဲ့အတွက် ကျုပ်ပါ အနစ်နာခံရတဲ့သဘောမျိုး ဖြစ်စေရမှာကိုးဗျ'

ဝင်း။ ။'ဥာဏ်သွားလိုက်ပါပေ့ဗျာ၊ ကျုပ်တို့ အမတ်ဖြစ်ရတာ တောင် ခင်ဗျားလောက် ဥာဏ်မစိုက်ရပါဘူး'

ကြွယ်။ ။(လက်ဖျောက်တီးလျက်)'အမတ်ဖြစ်ဖို့လောက်တော့ ကျုပ်က ဟောဒီလောက် ဂရုမစိုက်ဘူး၊ တင်ဒေနေ့တော့ အထက်လွှတ်တော်ကို ကျုပ် ရောက်ရဦးမှာပါဗျ'

ထိုအခါ နှစ်ယောက်လုံးကိုက 'ယုံပါတယ်၊ ခင်ဗျားတော့' ဟု ဆိုကာ ဝန်ခံကြပြီးနောက် လူသုံးယောက်တို့သည် ရှယ်ယာများ ဝယ်ဖို့အတွက် ငွေလက်လွှဲရန် ကိစ္စများကို ဆက်လက်တိုင်ပင် နေကြလေ၏။

*

ထိုနေ့ ညနေ၌ လက်ရေးတို စာရေးမကလေး ခင်ခင်စိန်သည် အလုပ်တိုက်မှ ဆင်းလာ၍ ဘုံဘေပျော်ပွဲစားရုံရှေ့တွင် သူတော်စိန်နှင့် တွေ့ဆုံကြပြီးလျှင် သီးသန့် စားပွဲ ခန်းလေး တစ်ခန်းထဲသို့ အတူတကွ ဝင်သွားကြလေရာ ထိုအခြင်းအရာကို ဦးသိန်းကြွယ် တွေ့မြင်ရပါမူ သူတော်စိန်အကြောင်းကို ကြားရုံမျှသာ ကြားရဖူး၍ လူကိုယ်တိုင် မမြင်ဖူးသည် ဖြစ်သောကြောင့် စိုးရိမ်တုန်လှုပ်ခြင်း မဖြစ်ဘဲ တဘက်တစ်ထည် ဆုံးချေပြီတကားဟု မနာလိုစိတ်မျှသာ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ စားစရာများ မှာပြီးကြသောအခါ-





သူ။ ။'ဘယ့်နှယ်လဲ ခင်ခင်စိန်၊ ဒီကနေ့ မျက်နှာ တယ်ရွှင်ပါကလား၊ ဘာများ သတင်းထူးပါလိမ့်'

စိန်။ ။'"တတ်တဲ့ပညာ မနေသာ" ဆိုသလို လက်ရေးတိုအလုပ် တတ်ခဲ့လို့ ဦးသိန်းကြွယ်ဆီမှာ ရှင် အလုပ်ခိုင်းလို့ ဝင်လုပ်လာခဲ့ရတာ။ ဒီကနေ့တော့ ကော်ပေါက်တွေ့ပြီ ကိုဘကျော်လှရေ့'

သူ။ ။'ဟုတ်လား၊ ဒီငနဲကြီး မရိုးဘူးဆိုတာ ကျုပ် ထင်တဲ့အတိုင်း မှန်နေပြီ ဟုတ်လား'

စိန်။ ။'သူ မရိုးတာ ရိုးတာ အသာထားပြီး ရှင်တို့၊ ကျွန်မတို့ ကော်ပေါက်တွေ့နေပြီ ကိုဘကျော်လှရဲ့'

သူ။ ။'ဆိုစမ်းပါဦး ခင်ခင်စိန်၊ သူ့ကိုယူလျှင် ငွေတစ်သောင်း တင်မတဲ့လား'

စိန်။ ။'ဒီလို မနောက်စမ်းပါနဲ့။ ရှင် လာပြီး တပ်ပေးထားတဲ့ မိုက်ကရိုဖုန်းမှာ ကျွန်မ ချောင်းပြီး နားထောင်ကြည့်လို့ ဦးသိန်းကြွယ်နဲ့ သူ့လူနှစ်ယောက် တိုင်ပင်ကြတဲ့ အကြံအစည်တွေကို ကျွန်မ အားလုံးကြားခဲ့ရတယ် ကိုဘကျော်လှရဲ့'

သူ။ ။(လက်ဝါးနှစ်ဖက်ကို ပွတ်လျက်) 'နေရာကျလိုက်လေ ခင်ခင်စိန်၊ ပြောစမ်းပါဦး'

ထိုအခါ ခင်ခင်စိန်သည် ဦးသိန်းကြွယ်နှင့် ညှိသည်နှစ်ယောက်တို့ တိုင်ပင်ကြသည့် အမျိုးသားရေနံကုမ္ပဏီ ရှယ်ယာအရောင်းအဝယ် အကြံအစည် အကြောင်းများကို အစမှ အဆုံးတိုင် အလုံးစုံ ပြောပြလေ၏။ စကားအဆုံး၌ သူတော်စိန်သည် ကုလားထိုင်မှ ထ သွား၍ ခင်ခင်စိန်၏ ပခုံးနှစ်ဖက်ကို ကိုင်လှုပ်ကာ 'ဟောဒါမှ တို့မိန်းမကွ' ဟု အားရပါးရ ချီးမွမ်းလေရကား ခင်ခင်စိန်မှာ "ရည်းစားဆရာ" ၏ ချီးမွမ်းစကားကို ငွေရမှုထက်ပင် နှစ်သက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



စိန်။ ။'ကျွန်မတို့ ဘယ်လို လုပ်မလဲ၊ သူတို့လို ဝယ်ပြီး သူတို့လို ရောင်းဖို့ပဲ မဟုတ်လား'

သူ။ ။'အဲဒါက ငွေရပေါက်သက်သက်ပဲ။ ကျုပ်က ငွေလည်း ရအောင် လုပ်မယ်၊ ဒီ လူညစ်တွေကို ပြုတ်အောင်လည်း ဆော်မယ်'

စိန်။ ။'ရှင့်ဆီမှာ ငွေဘယ်လောက်ရှိသလဲ'

သူ။ ။'ငွေက မခက်ပါဘူး ခင်ခင်စိန်၊ ကျုပ် ကြံနိုင်ပါတယ်။ သို့သော် ဒီလူစုကို အပြုတ်ဆော်ဖို့ အရေးက စီမံရဦးမယ်'

စိန်။ ။'သူတို့လိမ်တာကို ဖော်မလို့လား ကိုဘကျော်လှ'

သူ။ ။'ဘာ ဒီလို ဟုတ်လိမ့်မှာလဲ ခင်ခင်စိန်၊ စောင့်ကြည့်ပါ၊ နောက်တော့ တွေ့ပါလိမ့်မယ်။ ဒါထက် နေစမ်းပါဦး၊ ဂရိတ်ဒိန်းမျိုး ခွေးကြီး တစ်ကောင် အကြောင်းကို သူ ပြောသံ မကြားဘူးလား'

စိန်။ ။'ကြားလိုက်တယ်၊ အရေးမကြီးဘူးထင်လို့ ကျွန်မ ထည့် မပြောဘူး'

သူ။ ။'အဲဒါ ကျုပ် သွားရောင်းထားတဲ့ ခွေးကြီးပဲ။ ခွေး ဝါသနာ ပါတယ်ဆိုလို့ ခွေးမျိုးကောင်းတစ်ကောင် ကပ်ကပ်သပ်သပ် ရအောင်ရှာပြီး မိတ်ဆက်ဖြစ်အောင် သွားပို့ထားလိုက်တယ် ခင်ခင်စိန်ရဲ့'

စိန်။ ။'တတ်လည်း တတ်နိုင်တဲ့ လူ ပါပဲရှင်'

သူ။ ။'အဲဒါ ၃၀ဝိ နဲ့ ဝယ်ပြီး တမင် ၂၀ဝိ နဲ့ လျှော့ရောင်းထားခဲ့ တာပဲ။ ဝါသနာပါတဲ့ ပစ္စည်းတစ်ခုကို နှုန်းချောင်ရအောင် လုပ်ပေးနိုင်တဲ့ လူဆိုလျှင် တစ်သက်လုံး စွဲသွားတာပဲ။ ဒီနည်းလောက် မြန်မြန် ခင်မင်တဲ့ နည်း မရှိဘူး'

စိန်။ ။'လက်မြန်ပါပေ့ ရှင်'

ထိုနောက် သူတော်စိန်သည် ခင်ခင်စိန်အား မိမိ၏ အကြံအစည်များ





ကို ဖော်ထုတ်ပြောပြလေရာ ဉာဏ်သွားကြောင်းကို သိပြီးဖြစ်သော ခင်ခင်စိန် ပင်လျှင် ပါးစပ်ဟကာ နားထောင်နေမိလေ၏။

*

ဦးသိန်းကြွယ်သည် အိပ်ရာမှထ၍ ကုလား ပို့ထားခဲ့သော ရန်ကုန်က ဂုဏ် သတင်းစာကို လှန်လိုက်သည်နှင့် တစ်ပြိုင်နက် ၁၂ လိုင်း စာလုံးကြီး များဖြင့် ခေါင်းစဉ်တပ်ကာ ဖော်ပြထားသည့် အောက်ပါ အဓိပ္ပာယ်ရှိသော သတင်းတစ်ခုကို တွေ့ရှိရလေ၏။

တိုင်းရင်းသား ရေနံကုမ္ပဏီ၏ ညွှန်ကြားချက်။

"ပြောမယ့် ကြုံမှ သိမည်"

တိုင်းရင်းသား ကုမ္ပဏီ မန်နေဂျာသည် ချောက်မြို့၌ ရှိသော ကုမ္ပဏီပိုင် ရေနံတွင်းများအနက် တွင်းတစ်တွင်းမှာ ချေးများ ပိတ်ဆို့နေသည် အထင်နှင့် ကျွမ်းကျင်သော အမေရိကန် အင်ဂျင် နီယာ အလုပ်သမားတစ်ယောက်ကို ငှားရမ်း၍ တွင်းအောက်သို့ သက်ဆင်းစုံစမ်းစေခဲ့ရာ အင်ဂျင်နီယာသည် တစ်ခုသောထောင့် တွင် တစ်ဆို့လျက်ရှိသော ကျောက်တုံးကြီးတစ်တုံးကို လက်နက် ကိရိယာနှင့် ကလော်ထုတ်လိုက်သည်နှင့် တစ်ပြိုင်နက် ရေနံများ သည် ဝေါခနဲ ပန်းထွက်လာသဖြင့် အင်ဂျင်နီယာမှာ ရေနံတွင်း နစ်၍ မသေစေခြင်းငှာ ခေါ်ကြိုးဖြင့် လျင်မြန်စွာ တက်ပြေးလာခဲ့ ရကြောင်း၊ တွင်းပေါ်သို့ အင်ဂျင်နီယာ ရောက်လာပြီးသည်နောက် များမကြာမီအတွင်း ရေနံများသည် တွင်းနှုတ်ခမ်းသို့ လျှံတက် လာသဖြင့် ကုမ္ပဏီ အလုပ်သမားများမှာ ချက်ချင်း မြောင်းများ တူးယက်ကာ ရေနံကန်ကြီးဆီသို့ သွယ်ပေးကြရကြောင်း၊ မကြာမီ ရေနံကန်ကြီး ပြည့်လျှံပြန်ရာတွင် အလုပ်သမား သုံး လေး ဆယ်



www.burmeseclassic.com

www.burmeseclassic.com



တို့သည် ရေနံများ မပိတ်မလျှံစေခြင်းငှာ ကန်ကြီးထဲမှ ခပ်ယူ၍ လော်ရီကားများဖြင့် အလျှင်အမြန် ပြောင်းရွှေ့ သယ်ယူနေကြရကြောင်း။

ဖြစ်ပွားဟန် လက္ခဏာရှိသည်မှာ တွင်းထောင့်၌ရှိသော ကျောက်တုံးသည် မြေအောက်၌ရှိသော ရေနံကြောကို ပိတ်ဆို့နေခြင်းဖြစ်၍ ၎င်းကို ဖယ်ရှားလိုက်သည်နှင့် တစ်ပြိုင်နက် တစ်နယ်လုံး၌ရှိသော ရေနံများသည် မြေကြောတစ်လျှောက် လိုက်လာ၍ ထိုအပေါက်မှ ပန်းထွက်ဟန်တူကြောင်း၊ ဤအခြင်းအရာမျိုးမှာ ပါရှားပြည် ရေနံတွင်းများ၌ တစ်ကြိမ်၊ အမေရိကန်ပြည် ရေနံတွင်းများ၌ တစ်ကြိမ် ဖြစ်ခဲ့ဖူး၍ ကုမ္ပဏီပိုင်ရှင်များမှာ မီလျံနာသူဌေးကြီးများ ဖြစ်သွားကြကြောင်း၊ ထိုအခြင်းအရာကို ထောက်ခြင်းအားဖြင့် တိုင်းရင်းသားကုမ္ပဏီ အစုရှယ်ယာရှင်များမှာ ထီပေါက်သကဲ့သို့ နေ့ချင်း ညချင်း ကြွယ်ဝချမ်းသာနိုင်ဖွယ်ရှိကြောင်း။

ထိုနေ့ ညနေထုတ် ရန်ကုန်တိုင်း သတင်းစာတွင်လည်း အလားတူသတင်းတစ်ခု ပါလာပြန်လေရာ ထိုသတင်းများမှာ ဦးသိန်းကြွယ်က "အချက်ပေး" လိုက်သည်အတိုင်း ချောက်မြို့၌ စေလွှတ်ထားသော သူ၏လူများက သတင်းစာတိုက် အသီးသီးတို့သို့ သူတို့၏ သတင်းထောက်များအမည်နှင့် ကြေးနန်း ပေးပို့လိုက်သည်အတွက် ပါလာခြင်းဖြစ်ကြောင်းကို စာဖတ်သူတို့ ရိပ်မိကြပေလိမ့်မည်။

ကုမ္ပဏီ အစုရှယ်ယာနှင့် ပတ်သက်၍ စိတ်ဝင်စားခြင်း မရှိသော မြန်မာလူမျိုးများသည် အထက်ပါ သတင်းအတွက် အရေးမကြီးလှသော်လည်း နားလည်ပြီ ဖြစ်သော လူမျိုးကွဲများမှုကား တိုင်းရင်းသား ရေနံကုမ္ပဏီ ရှယ်ယာများကို သူ့ထက်ငါ လုယက်ဝယ်ယူကြသည်တွင် တစ်ခု ၂၅ ကျပ်





နှုန်း ဖြစ်နေသော ရှယ်ယာများမှာ ထိုနေ့မကုန်မီပင် ၁၅ဝိ နှုန်းနှင့် ဝယ်မရနိုင်အောင် တက်သွားလေတော့၏။ သို့ရာတွင် ဦးသိန်းကြွယ်သည် ၂ဝဝိ ဈေးထက် နည်း၍ မရောင်းသေးဟု အောက်မေ့သည်နှင့် ရှယ်ယာများရောင်းဖို့ အမိန့်မပေးသေးချေ။

ထိုနေ့ ညနေ၌ ဦးသိန်းကြွယ်မှာ ဆေးပြင်းလိပ်ကြီး တခဲခဲနှင့် မိမိ၏ အလုပ်ခန်းထဲတွင် ပီတိသောမနဿ ဖြစ်လျက်ရှိစဉ် တယ်လီဖုန်းမှ ခေါင်းလောင်းသံ ကြားသဖြင့် ကောက်ယူနားထောင်လိုက်လေ၏။

အသံ။ ။'ကျွန်တော်ပါ ခင်ဗျ၊ ဂရိတ်ဒိန်းမျိုး ခွေးကြီး လာရောင်းတဲ့ လူဟာလေ'

ကြွယ်။ ။'သြော် ဘာကိစ္စလဲ မောင်'

အသံ။ ။'စိန့်ဘားနဒ်မျိုး ခွေးကြီးတစ်ကောင် တွေ့ထားပြန်ပြီ ဦးရဲ့'

ကြွယ်။ ။(ဝမ်းသာအားရနှင့်) 'သြော် ဟုတ်လား၊ ရနိုင်တယ် မောင်ရယ်။ ဘယ်ဆီမှာလဲ၊ ခေါ်မလာခဲ့နိုင်ဘူးလား'

အသံ။ ။'ခက်တယ် ဦးရဲ့၊ ဥစ္စာရှင်က သိပ် ကတ်သတ်တဲ့ ရဟူဒီပဲ။ ဒီလူမျိုးဟာက ဦး ကြားဖူးပါလိမ့်မယ်၊ ပြောရ ဆိုရ အင်မတန် ခက်တယ်။ ခွေးကြီးကတော့ သိပ်ချောတာပဲ ဦးရယ်၊ ၅ဝဝိ တဲ့ ဦးရယ်'

ဦးသိန်းကြွယ်မှာ ထိုအချိန်အခါ၌ ၅ဝဝိ ပေးရသော်လည်း တာဝန်လေးမည် မဟုတ်ချေ။

ကြွယ်။ ။'၅ဝဝိ က ကိစ္စမရှိပါဘူး၊ ဘယ်မှာ ရမှာလဲ'

အသံ။ ။'ဒီလိုဆိုလျှင် သူ့အိမ် သွားကြရလိမ့်မယ် ဦးရဲ့'

ကြွယ်။ ။'သူ့အိမ်က ဘယ်ဆီမှာလဲ'

အသံ။ ။'ဝင်ဒါမီယာပတ် (ဇော်ဂျီလမ်း)၊ အိမ်နံပါတ် ၄၈ မှာ ဦးရဲ့'



www.burmeseclassic.com

www.burmeseclassic.com



ကြွယ်။ ။'နာမည် ဘယ်သူတဲ့လဲ'

အသံ။ ။'ဒေါက်တာ အိန်စတိန်တဲ့ ဦးရဲ့'

ကြွယ်။ ။'ကောင်းပြီ၊ ကျုပ် သွားကြည့်မယ်'

အသံ။ ။'အို ....ဒီလိုနဲ့ မဖြစ်သေးဘူး ဦးရဲ့။ လူကြီးက သူ့အိမ်ကို လူတိုင်း ဝင်ရတာ မဟုတ်ဘူး ဦးရဲ့၊ လူကတ်သတ်ကြီးပဲ'

ကြွယ်။ ။'နို့ ဘယ့်နှယ် လုပ်ရမှာလဲ မောင်'

အသံ။ ။'ကျွန်တော့်ဆီက လွှတ်လိုက်တာမှန်း သိအောင် အထိမ်းအမှတ် ယူသွားရမယ်'

ကြွယ်။ ။'ဘယ်လို အထိမ်းအမှတ်လဲ မောင်ရယ်'

အသံ။ ။'အင်္ဂလိပ်လိုတော့ ပတ်စဝပ် ခေါ်တာပေါ့ ခင်ဗျာ၊ ကျွန်တော့်ဆီက စကားယူသွားရမယ်'

ကြွယ်။ ။'ဘယ်လိုစကားလဲ မောင်ရယ်၊ အင်္ဂလိပ်လိုလား မြန်မာလိုလား'

အသံ။ ။'ပြောချင်သလို ပြောနိုင်ပါတယ်၊ ပတ်စဝပ်သာ ယူသွားပါ'

ကြွယ်။ ။'ဘယ်လို ပတ်စဝပ်လဲ မောင်ရဲ့'

အသံ။ ။'သူ့ကို တွေ့လျှင်တွေ့ချင်း "သိန်းကြွယ် ဘိန်းဝယ် မှိန်းမယ်"၊ အဲဒီလိုပြော ဦးရဲ့'

ကြွယ်။ ။'ကြံကြံစည်စည် မောင်ရယ်'

အသံ။ ။'ဦးနာမည်ကို ပြောထားမိလို့ ကာရန်ကလေးနဲ့ ကျွန်တော် စပ်ထားမိတာကိုး ဦးရဲ့၊ ဘယ့်နှယ်လဲ သွားမှာလား ဦး'

ကြွယ်။ ။'သွားရတာပေါ့ မောင်၊ ဝင်ဒါမီယာပတ် (ဇော်ဂျီလမ်း)၊ နံပါတ် ၄၈ ဟုတ်စ'

အသံ။ ။'မှန်ပါတယ်၊ ဒါထက် ပတ်စဝပ် မေ့သွားမယ်နော် ဦး၊ ဆိုပြစမ်းပါ'





ကြွယ်။ ။'မမေ့ပါဘူး မောင်ရဲ့၊ "သိန်းကြွယ် ဘိန်းဝယ် မှိန်းမယ်"၊ ဒီလို မဟုတ်လား'

အသံ။ ။'ရွှေ့ နေရာကျပြီ၊ ဦး ဘယ်တော့ သွားမှာလဲ'

ကြွယ်။ ။'ခုချက်ချင်း သွားမှာပေါ့'

အသံ။ ။'ဂုဝဝိ တဲ့ ဦးရေ့'

ကြွယ်။ ။'ကိစ္စမရှိပါဘူး'

*

ဦးသိန်းကြွယ်သည် အလုပ်တိုက်မှ ဆင်း၍ တက္ကစီတစ်စီး ခေါ်ယူပြီးလျှင် ဝင်ဒါမီယာပတ် (ဇော်ဂျီလမ်း) သို့ သွားလေရာ ရောက်သောအခါ၌ အိမ်နံပါတ် ၄၈ မှာ အခြားတိုက်တာများနှင့် အကန်ငယ် ကွာလှမ်းလျက် ကျယ်ဝန်းသော ဝင်းကြီးအတွင်း ဆိတ်ငြိမ်စွာ ရှိနေသည့်ပြင် နှစ်ထပ်တိုက်ကြီးမှာလည်း ပြတင်းပေါက်တွင် သံတိုင်များ ကာရံ၍ အခြားတိုက်တာများနှင့် မတူဘဲ ထူးခြားခြင်း ရှိနေသည်ကို တွေ့ရသော်လည်း ဓွေးမျိုးကောင်း တွေ့လိမ့်မည်ဟု စိတ်အားထက်သန်လျက်ရှိသော ဦးသိန်းကြွယ်သည် ထိုအခြင်းအရာများကို သတိမပြုမိချေ။ တက္ကစီကို လွှတ်လိုက်ပြီးနောက် ဦးသိန်းကြွယ်သည် တိုက်ထဲသို့ ဝင်သွားသောအခါ ကုတ်အင်္ကျီအဖြူ ဝတ်ထားသော ကုလားအစေခံ တစ်ယောက်က တိုက်တံခါးကို ဖွင့်ပေးသဖြင့် 'ဒေါက်တာ အိမ်စတိန် ရှိပါ၏လော' ဟု မေးရာတွင် အစေခံသည် ကုလားထိုင် တစ်လုံးတွင် ထိုင်စေပြီးမှ မိမိ၏ သခင်ကို သွား၍ ခေါ်လေ၏။

မကြာမီ အင်္ကျီရှည် အဖြူကြီးကို ဝတ်ထားသော အိမ်ရှင်ရောက်လာ၍ ကိစ္စကို မေးမြန်းရာတွင် ဦးသိန်းကြွယ်က 'ကျွန်တော် ဦးသိန်းကြွယ်လေ' ဟု ပြောသော်လည်း သိဟန်လက္ခဏာ မရှိသည်နှင့် တယ်လီဖုန်းဖြင့် သွန်သင်ထားသည့်အတိုင်း 'သိန်းကြွယ် ဘိန်းဝယ် မှိန်းမယ်' ဟု ပြော၍ ပြုံးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသည် ဦးသိန်းကြွယ်၏ မျက်နှာကို ကြည့်၍ အကဲခတ်နေပြီးနောက် တစ်စုံတစ်ခုကို ရုတ်တရက် သတိရလာသည့် လက္ခဏာနှင့် 'အို ရဲ(စ်) ရဲ(စ်) ဟုတ်ပေသားပဲ၊ ဦးသိန်းကြွယ်နော်' ဟု အင်္ဂလိပ်လို ပြောလိုက်ရာ ဦးသိန်းကြွယ်က 'ခင်ဗျား မှတ်မိပြီလား၊ သိန်းကြွယ် ဘိန်းဝယ် မှိန်းမယ်၊ ဟား ....ဟား ....နေရာ မကျဘူးလားဗျာ။ သိပ်ပြီး စိတ်ကူးယဉ်တဲ့ လူဗျ။ မြန်မာလိုတော့ ကာရန်တဲ့၊ လုံးထပ်တဲ့၊ နဘေထပ်တဲ့။ အင်္ဂလိပ်လိုတော့ ရိုင်း(မ) ခေါ်မှာပေါ့ဗျာ' ဟု ပြောလေရာ ဒေါက်တာသည် ဦးသိန်းကြွယ်ကို စိုက်ကြည့်နေရာမှ ကုတ်အင်္ကျီဖြူ ဝတ်ထားသော အစေခံကို လှမ်းကြည့်လိုက်လေ၏။ ထို့နောက် ....

ကြွယ်။ ။'ကိုင်း ....ဒီလောက်ဆိုလျှင် ကျွန်တော် ဘယ်သူ ဘယ်ဝါဆိုတာ သိလောက်ကရောပေါ့။ ဘယ်မှာလဲဗျ ခင်ဗျာ့ စိန်ဘားနဒ် ခွေးမျိုးကော'

တိန်။ ။'ခင်ဗျာ'

ကြွယ်။ ။'စိန်ဘားနဒ် ခွေးမျိုး ရှိတယ်ဆို'

ဒေါက်တာလည်း အစေခံအား လှမ်းကြည့်လိုက်ရာ ကုလားအစေခံလည်း အသံ မကြားရအောင် ခြေဖျားထောက်လျက် ဦးသိန်းကြွယ် ထိုင်သော ကုလားထိုင်နောက်သို့ ဖြည်းညင်းစွာ ချဉ်းကပ်လေ၏။

တိန်။ ။'ဘယ်က စိန်ဘားနဒ်လဲ ခင်ဗျာ'

ကြွယ်။ ။(ထိတ်လန့် လာဟန်ဖြင့်) 'ခင်ဗျားဆီမှာ စိန်ဘားနဒ် ခွေးမျိုး ရှိတယ်ဆို'

ထိုအခါ ဒေါက်တာသည် ဦးသိန်းကြွယ်၏ အမူအရာကို မြင်သဖြင့် ကရုဏာဖြစ်ဟန်ဖြင့် စုတ်သပ်မိလေ၏။ ထိုအခါ၌ကား ဦးသိန်းကြွယ် ကိုယ်တိုင်မှာ နားမလည်ဟန်၊ အံ့သြဟန်ဖြင့် ထိတ်လန့်သော အမူအရာများ ဖော်ပြနေလေပြီ။





တိန်။ ။(အစေခံကို မျက်နှာရိပ်ပြလျက်) 'စိန်ဘားနဒ်လား၊ ရှိတာပေါ့ဗျာ။ စိန်မိုက်ကယ်ရယ်၊ စိန်ပေါရယ်၊ စိန်အန်ထော်နီရယ်၊ အားလုံး ရှိတာပေါ့ဗျ'

ဤတွင် ဦးသိန်းကြွယ်သည် တစ်နေရာရာ၌ တစ်ခုခု မှားယွင်းနေသည့် အဖြစ်ကို ရိပ်မိသည်နှင့် 'ကိစ္စမရှိပါဘူးဗျာ၊ ကျွန်တော် နောက်တော့ တစ်ခေါက်လာသေးတာပေါ့။ ဒုက္ခမရှာပါနဲ့ ဒေါက်တာ၊ နေပါစေ' ဟု ပြောလျက် ထိုင်ရာမှ ထ မည် ပြုလေ၏။

သို့ပါသော်လည်း စိတ်မနှံ့သူများကို ကိုင်တွယ်နေကျ ဖြစ်သော ကုလားအစေခံသည် ဦးသိန်းကြွယ်နောက်သို့ ဖျတ်ခနဲ ကပ်လိုက်၍ လက်နှစ်ဖက်ကို ချုပ်ထားလိုက်လေရာ အတော်အတန် ဗလကောင်းသော ဦးသိန်းကြွယ်သည်ပင်လျှင် မလှုပ်နိုင်ဘဲ ရှိလေတော့၏။ နောက်တစ်ခဏတွင် အခြားအစေခံနှစ်ယောက် ဝင်လာကြ၍ ဦးသိန်းကြွယ်ကို ကြိုးများနှင့် ချည်တုပ်ကြရာ၊ ဦးသိန်းကြွယ်မှာ လက်ခြေတို့ဖြင့် ရုန်းကန်လျက် ပါးစပ်မှ 'ရှင်းလင်း ပြောပြပါရစေ' ဟု အခွင့်တောင်းသော်လည်း မရဘဲ၊ အပေါ်ထပ်ရှိ အခန်းတစ်ခန်းသို့ ခေါ်ဆောင်သွား၍ ပိတ်လှောင်ထားလိုက်ကြလေ၏။

*

သူတော်စိန်နှင့် ခင်ခင်စိန်တို့သည် ရွှေရင်ဧယ် ဟိုတယ်တွင် ညစာ စားသောက်ကြရင်း ဒေါက်တာ အိန်စတိန်းအံသို့ တယ်လီဖုန်း ဆက်လေ၏။

သူ။ ။'ဒေါက်တာ အိန်စတိန်လား၊ ကျွန်တော် ဘကျော်လှလေ။ ဘယ်နှယ်လဲ ကျွန်တော့်ဦးလေး လာတယ် မဟုတ်လား'

တိန်။ ။'လာရှာတယ်၊ ချုပ်ထားလိုက်ပါပြီ။ ဘိန်းဝယ်မလို့တဲ့၊ ခဏခဏ ပြောနေတယ်'

သူ။ ။'ကျွန်တော့်ဦးလေးက ဟိုတုန်းက ဘိန်းနည်းနည်းပါးပါး ရှုဖူးလို့ စိတ်စွဲနေရှာ ထင်ပါ့ ဒေါက်တာ'



www.burmeseclassic.com

www.burmeseclassic.com



ဘိန်။ ။'သူ့ကို ဘယ်နှယ် လုပ်ရမှာတုံး'

သူ။ ။'သုံးရက်လောက် ချုပ်ထားလိုက်ပါဦး ဒေါက်တာ။ စရိတ် တွက် ဘယ်လောက်ကျမလဲ၊ တစ်နေ့ ၃ဝ လား။ ပေးတာပေါ့ ဒေါက်တာ၊ ချီယာရီယို'

တယ်လီဖုန်းကို ချိတ်ဟားခဲ့ပြီးနောက် သူတော်စိန်သည် ခင်ခင်စိန် ရှိသော စားပွဲခန်းသို့ ပြန်လာ၍-

သူ။ ။'ခင်ခင်စိန်တော့ နက်ဖြန်ကစပြီး အလုပ်ပြုတ်ပြီ'

စိန်။ ။'နားလည်ပါတယ်၊ ဒါကြောင့် ရှင် တပ်ထားခဲ့တဲ့ မိုက်ကရို ဖုန်းကို ဒီကနေ့ ကျွန်မ ဖြုတ်ထားခဲ့ပါပြီ။ ဒါထက် ဦးသိန်းကြွယ် ဟိုရောက် နေပြီတဲ့လား ကိုဘကျော်လှ'

သူ။ ။'ဒီအကောင် စီမံလိုက်ရင် ဘယ်တော့ လွဲမှာလဲ ခင်ခင်စိန်'

စိန်။ ။'ရှယ်ယာအတွက်က ဘယ်လောက် မြတ်လိုက်သေးသလဲ'

သူ။ ။'တစ်စုကို ၂၅ ကျပ်နှုန်းနဲ့ အစုတစ်ရာ ဝယ်ထားပြီး ၁၇၅ ကျပ်နှုန်းနဲ့ ပြန်ရောင်းရဲ့တာပဲ'

စိန်။ ။'ဒါဖြင့် တစ်စုမှာ အမြတ် ၁၅ဝ၊ အစုတစ်ရာဆိုတော့ တစ်သောင်းငါးထောင် မြတ်တာပေါ့။ ဘာကြောင့် ဒီထက်များများ ဝယ် မထားသလဲ ကိုဘကျော်လှရယ်'

သူ။ ။'မျိုးနိုင်ရဲ့လောက် ကောင်းတယ်လေ ခင်ခင်စိန်၊ လောဘ တကြီးနဲ့ သိပ်လွှေးရင် နင်တတ်တယ် သူငယ်မရဲ့'

စိန်။ ။'ဦးသိန်းကြွယ်တို့ကော ဘယ်လို နေကြမလဲ'

သူ။ ။'သူတို့လား၊ သူတို့က လောဘကြီးပြီး ၁၅ဝ ဈေးတောင် မရောင်းသေးဘဲ ထားလိုက်တာ။ အခုတော့ ဦးသိန်းကြွယ် အချုပ်ကျနေ လေတော့ ရောင်းမဖြစ်တော့ဘဲ ဝယ်ထားသမျှတွေ အားလုံး ဆုံးရှုံးပေါ့ ခင်ခင်စိန်'



စိန်။ ။'ကိုယ်တော့ မြတ်စေ၊ သူ့ကိုတော့ ရှုံးစေ ဆိုတာလို ဖြစ်နေတော့တာပေါ့'

သူ။ ။'ကျုပ် လုပ်တာက ကိုယ်မြတ်ချင်လို့ မဟုတ်ဘူး၊ သူတို့ ရှုံးအောင်လို့ လုပ်ခဲ့တာ ခင်ခင်စိန်။ သွားရင်း ဟန်လွဲ ဆိုတာမျိုးလို ကော် ပေါက်တွေ့တာတော့ မတတ်နိုင်ဘူး'

စိန်။ ။'ဦးသိန်းကြွယ်တို့ လူစုက ဒေါက်တာ အိန်စတိန်နဲ့ ရှင် တို့ကို ချုပ်လှောင်မှုနဲ့ တရားမစွဲပေဘူးလား ကိုဘကျော်လှ'

သူ။ ။'မစွဲဝံ့ပါဘူး စိတ်ချပါ၊ ကျုပ်တို့ကို တရားစွဲ လျှင် သူတို့ လူစု လိမ်တာတွေ အကုန်ဖော်လိုက်မယ်လို့ ပြောမှာပေါ့။ ချုပ်လှောင်မှုက အပြစ်ရလည်း ခဏပဲ၊ သူတို့ဟာတွေ ဖော်လိုက်လျှင် သုံး လေး နှစ်စီ အနည်းဆုံး ကျကုန်မယ်'

သူတော်စိန် ပြောသည့်အတိုင်း မှန်၏။ ဦးသိန်းကြွယ် လွတ်လာ သောအခါ၌ ဆူပွက်မည် ပြုသော်လည်း သူတော်စိန်က အတွင်းသိအဖြစ်နှင့် အားလုံးဖော်လိုက်မည်ဟု တယ်လီဖုန်းနှင့် ခြောက်လိုက်ရာတွင် မီးကို ရေနှင့် သတ်ဘိသကဲ့သို့ တစ်ခါတည်း ငြိမ်းသွားလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

# ကပြားညီနောင်ကို တစ်ပတ်ရိုက်ခြင်း

မြန်မာကျမ်းစာများ၌ အရိဋ္ဌနှင့် ပေါလတို့သည် လည်းကောင်း၊ ခရစ်ယာန်ကျမ်းစာ၌ ယာကွတ်နှင့် အီဇွတ်၊ ကေနနှင့် အဘာလတို့သည် လည်းကောင်း မသင့်မြတ်သော ညီအစ်ကိုများ၏ ရာဇဝင်တွင် စာတင်ခြင်း ခံရသူများ ဖြစ်ပေရာ ချာလီတာန်နာနှင့် ဂျော်ဂျီတာန်နာ ညီအစ်ကိုနှစ်ယောက်တို့မှာလည်း ခေတ်ကာလ ညီနောင်များအနက်တွင် နာမည်တွင်လောက်အောင် တစ်ယောက်နှင့်တစ်ယောက် မနာလို ဝန်တိုသူများ ဖြစ်ကြပေ၏။ ထိုညီအစ်ကို နှစ်ယောက်သည် ကျောင်းသားအရွယ်ကတည်းက သူတို့နှင့် ပေါင်းသင်းဆက်ဆံရသော ကျောင်းနေဖက် သူငယ်ချင်းများအား ညစ်ပေါက်ရာတတ်ကြသည် ဖြစ်ရာ၊ သူတို့ညီအစ်ကို အချင်းချင်း ညစ်လိုက်ရသော အခါများတွင်မူကား အလွန်မြိန်ရှက်တတ်သော ဝါသနာ ရှိကြ၏။

အစ်ကိုဖြစ်သူ ချာလီသည် လေးနှစ်သားအရွယ်သို့ ရောက်သောအခါ လေးလသားရှိသူ ညီကလေး ဂျော်ဂျီအား မိခင် ဖြစ်သူက နို့စို့အရွယ်သားငယ်ဖြစ်သည့်အတိုင်း ပွေ့ဖက်နမ်းရှုပ်ကာ ယုယကြင်နာသော အမူအရာမျိုး ဖော်ပြသည်ကို မနာလို မရှုစိမ့်နိုင်သည်ဖြစ်၍ မိဘများ မရှိသောအခိုက်တွင် ညီကလေး ဂျော်ဂျီ၏ ဦးခေါင်းကို သံဖြူပုလုတ်တုတ်နှင့် ထုနက်ဖူးလေသည်။ ညီဖြစ်သူ ဂျော်ဂျီကလည်း ၇ နှစ်သား အရွယ်သို့ ရောက်လာသော





အခါ အိပ်ပျော်လျက်ရှိသော အစ်ကိုချာလီ၏ ဘောင်းဘီအိတ်ထဲမှ ပေသီးများနှင့် ချိုချဉ်များကို ခိုးယူ၍ ချိုချဉ်များကို စားပြီးလျှင် ပေသီးများကို လွှင့်ပစ်ဖူးလေသည်။ အစ်ကိုချာလီသည် ၂၁ နှစ်အရွယ် ရောက်သောအခါ ၁၇ နှစ်အရွယ်ရှိ ဂျော်ဂျီအား မိန်းကလေးတစ်ယောက်က ချစ်ကြိုက်နေကြောင်းကို ရိပ်မိသည်နှင့် ညီကလေး၏ နာမည်နှင့် စာတစ်စောင်ရေး၍ အချိန်းအချက်ပေးပြီးလျှင် မှောင်ထဲတွင် ပွေ့ဖက်နမ်းရှုပ်ဖူးလေသည်။ ညီကလေး ဂျော်ဂျီကလည်း စာတိုက်၌ စုထားသော ချာလီ၏ ခရုစ္စမတ်မုန့်ဖိုးငွေ လေးငါးကျပ်ကို လက်မှတ်လိမ်ဖြင့် ထုတ်ယူသုံးစွဲခဲ့ဖူးလေသည်။

ဤနည်းအားဖြင့် ညီအစ်ကို နှစ်ယောက်တို့သည် အခွင့်သာသည့်အခါတိုင်း တစ်ယောက်ကိုတစ်ယောက် ကောက်ကွေ့ စဉ်းလဲသောဉာဏ်ဖြင့် ညစ်ပေါက်ရာတတ်ကြသည်ဖြစ်ရာ မိဘများသည် ထိုအခြင်းအရာကို ရိပ်မိသဖြင့် ဆုံးမသြဝါဒ ပေးခဲ့ကြသော်လည်း ပဋိသန္ဓေ ကတည်းက ညဉ်ဆိုးပါခဲ့သော သူငယ်များ ဖြစ်ကြသောကြောင့် မဟုတ်တရုတ် ကလီကမာ လုပ်ရခြင်းတည်းဟူသော အပြုအမူကို မစွန့်လွှတ်နိုင်ဘဲ ကြီးပြင်းလာသည့်တိုင်အောင် ထိုနည်းအတိုင်းပင် ခရီးသွားခဲ့ကြလေ၏။

ဖခင် မစ္စတာတာန်နာမှာ ရန်ကုန်မြို့ တပ်(ဖ)ကလပ် အသင်းကြီးတွင် ခဲပေးအရာရှိအဖြစ်မှ အုပ်ချုပ်စီမံသော လူကြီးအဖြစ်သို့ ရာထူးတက်သွား၍ ငွေဝင်လမ်းဖြောင့်သော အလုပ်မျိုး ဖြစ်သည့်အတိုင်း အသက်အရွယ် ကြီးရင့်သောအခါတွင် ကြေးငွေ မြောက်မြားစွာ စုဆောင်းမိသဖြင့် အလုပ်မှ နုတ်ထွက်ပြီးနောက် နေရင်းဌာနဖြစ်သော ဩစတြေးလီးယားပြည်၌ ဟိုတယ်ကြီးတစ်ခုဖွင့်ကာ ငြိမ်းချမ်းစွာ နေထိုင်လေ၏။ ထိုအခါတွင် ညီအစ်ကို နှစ်ယောက်တို့၏မိခင် မြန်မာမိန်းမကြီးမှာ သေဆုံးပြီးဖြစ်ရာ အစ်ကိုချာလီသည် ဘိအိုစီကုမ္ပဏီ၌ အရာရှိတစ်ယောက်အဖြစ်နှင့် လည်းကောင်း၊ ညီဂျော်ဂျီသည် စတီးဘရားသား ကုမ္ပဏီတွင် လက်ထောက်မန်နေဂျာကလေး

www.burmeseclassic.com



အဖြစ်နှင့် လည်းကောင်း အသီးအသီး အလုပ်အကိုင် ရရှိကြသဖြင့် ဖခင်နှင့် အတူ သြစတြေးလီးယားပြည်သို့ မလိုက်ဘဲ ရန်ကုန်မြို့၌ပင် ဆက်လက် နေထိုင်လျက် ရှိကြလေ၏။

ချာလီနှင့် ဂျော်ဂျီတို့သည် တစ်ယောက်ကိုတစ်ယောက် ဝမ်းထဲ၌ အကောက်ကြံလျက် ရှိကြသော်လည်း ပြင်ပ၌မူကား ဣန္ဒြေမပျက် ခေါ်ပြော ဝင်ထွက်ခြင်း ပြုကြလေ၏။

တစ်နေ့သ၌ အစ်ကိုချာလီသည် ညီဂျော်ဂျီအား မိမိ၏ နေအိမ်သို့ အလည်အပတ် လာရောက်ရန် ဖိတ်ခေါ်သည့်အတိုင်း စနေနှင့် တနင်္ဂနွေတွင် တစ်ခေါက် လာရောက်နေထိုင်ဖူးရာ ဂျော်ဂျီသည် အစ်ကိုချာလီ မရှိခိုက် တွင် သူ၏ စာရေးစားပွဲကိုဖွင့်၍ စာရွက်များကို မွှေနှောက်ကြည့်ရှုသည် တွင် အလကားရမတတ် နှုန်းချောင်စွာနှင့် ဝယ်ယူရန် စီမံလျက်ရှိသော စာပေးစာယူများကို တွေ့ရှိရလေ၏။ ထိုအခါ ညီဂျော်ဂျီသည် စာတွင် ပါရှိသော လိပ်စာအတိုင်း မြင်းရောင်းလိုသူကို တွေ့အောင်ရှာ၍ အဖိုးနှုန်းချိုစွာ ဖြင့် ထိုမြင်းကို လျှို့ဝှက်စွာ ဝယ်လိုက်လေ၏။ ညီ မရှိသည့်အခိုက်တွင် အစ်ကိုချာလီသည် သူ၏ သားရေအိတ်ကိုဖွင့်၍ မွှေနှောက်ကြည့်ရှုပြီးလျှင် ဝိန်အစစ်နှင့် လုပ်ထားသော ရုပ်ကျယ်သီး တစ်စုံအနက် တစ်လုံးကို ငမ်းချောင်းစိန်နှင့် လဲလှယ် ထည့်သွင်းထားလိုက်လေ၏။

*

မစ္စတာဘာတင် အမည်ရှိ ဘိုကပြားကြီးမှာ ဟိုက်ကုတ်ရှေ့နေကြီးအဖြစ်ဖြင့် နှစ်ပေါင်းများစွာ အလုပ် လုပ်ခဲ့ရာမှ ရှေ့နေတို့ မပြုရာသော ညစ်ပတ်မှု တစ်ခုကို ပြုမိသည်ဖြစ်၍ "ရှေ့နေများအသင်းကြီး" က အရေးယူရာတွင် ရှေ့နေလိုင်စင် ပြုတ်သဖြင့် မြင်းပွဲ၊ ဟိုတယ်၊ ပျော်ပွဲစားရုံ အစရှိသည့် လူအများ သုံးဖြုန်းကြသော နေရာဌာနများတွင် ကပ်စား ရပ်စားအဖြစ်ဖြင့် ဝင်ထွက်လျက် နေ၏။ မစ္စတာဘာတင်သည် အရက်ကြိုက်တတ်၍ ရုံးနှင့်





ပတ်သက်သော တိုလီမိုလီ သတင်းများကို စီကာပတ်ကုံး ပြောတတ်သည် အလျောက် ပျော်ပွဲစားရုံများ၌ သုံးဖြုန်းသောက်စားတတ်ကြသော အရာရှိ ကြီးငယ်တို့သည် ဘာတင်အကြောင်းကိုသိ၍ အပျင်းပြေ နားထောင်ရင်း သူတစ်ခွက် ငါတစ်ခွက် တိုက်ကြ၏။ ညသည်များ ထသွားသော်လည်း ဘာတင်သည် ဤစားပွဲ၌ လူရှင်းလျှင် ထိုစားပွဲသို့ ကူးသွားကာ မျက်နှာ ချိုသွေးလျက် စကားရော ဖောရောနှင့် ထိုင်ပြန်လေရကား မျက်နှာသိများ သည် သနားသောအားဖြင့် တစ်ခွက်တလေ တိုက်ကြရပြန်လေ၏။ ထမင်း စားချိန်တွင်လည်း ဤနည်းအတူ ကပ်ပါ ရပ်ပါး အလုပ်ဖြင့် ဝမ်းပြည့်အောင် ကြံစည်ရလေရာ အခွင့်မသာသော အခါများတွင်လည်း ဘွိုင်ကုလားများ ထံမှ ပေါင်မုန့် တစ်ယှက်၊ နှစ်ယှက်ကို တောင်းကာ ရေနှင့် ကျိုက်၍ချခြင်း အားဖြင့် ဝမ်းပူခြင်းမှ သက်သာရာရအောင် ဖန်တီးရလေ၏။

သူတော်စိန် ခေါ် ဘကျော်လှမှာ သတင်းအမျိုးမျိုး ရတတ်သော ပျော်ပွဲစားရုံများသို့သွား၍ နားမျက်စိတို့ကို ဖွင့်ပြီးလျှင် မြင်သမျှ၊ ကြားသမျှ တို့ကို ဦးခေါင်းတွင် မှတ်ထားပြီးမှ အကွက်ဆိုက်သောအခါ၌ အသုံးချလေ့ ရှိ၏။ ကြားသိရသော သတင်းစကားများအနက် ၁၀ ခုလျှင် တစ်ခု၊ ၁၅ ခုလျှင် တစ်ခု အသုံးကျချင်မှ ကျတတ်သော်လည်း ကျောက်တူးသမား သည် ကျောက်ဖြုန်းဟူသမျှကို စမ်းယူ၍ ထိုကျောက်ဖြုန်းတို့အနက်မှ ကျောက်ကောင်းကို ရွေးချယ်ရသည့်နည်းတူ သူတော်စိန်မှာလည်း မြင်ရ၊ ကြားရသမျှကို မှတ်ထား၍ အသုံးဝင်မည့် သတင်းမျိုးကို အခါအခွင့် သင့်သောအခါ၌ အသုံးချရလေ၏။

သူတော်စိန်မှာ မစ္စတာဘာတင်၏ ဖောက်သည်ကြီးတစ်ယောက် ဖြစ်လေရာ ဘာတင်သည် သူတော်စိန် ဝင်လာသည်ကို မြင်သည်နှင့် တစ်ပြိုင် နက် ဤနေ့အတွက်မှာ မိမိအဖို့ စားစရာ၊ သောက်စရာ ပူလုံပေပြီဟု အောက်မေ့၍ ခရီးဦးကြို ပြုပြီးလျှင် သူတော်စိန် ကြိုက်တတ်သော ချောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှ စာပွဲတွင် ကုလားယိုင်ကို နေရာတကျ ရွှေ့ပေးခြင်း၊ လက်ကိုင်ပဝါဖြင့် ဖုန်ခါခြင်း၊ လေယပ်ကို ဖွင့်ပေးခြင်း စသည်ဖြင့် ဝတ်ကြီးဝတ်ငယ် ပြုလေ့ရှိ၏။ ဘာတင်သည် သူတော်စိန်ကြိုက်တတ်သော အရက် အမျိုးအမည်ကို သိပြီးဖြစ်၍ နေ့ခင်းအချိန်တွင် ခွေးဘီလူးတံဆိပ် "ခဝေဟက်" ခေါ် ဘီယာအနက်ကို လည်းကောင်း၊ ညနေခင်းဖြစ်လျှင် မြင်းဖြူတံဆိပ် ဝီစကီကို လည်းကောင်း၊ ချမ်းမြေ့သော ညအချိန်ဖြစ်လျှင် အိပ်ရော့ ဘရန်ဒီကိုလည်းကောင်း ဘိုင်ကုလားအား အမိန့်ပေးလေ့ ရှိ၏။ စင်စစ်မှာ သူတော်စိန်သည် ဘိုင်ကုလားအား အရက်ယူခဲ့ရန် အမိန့်ပေးရသည့်အတွက် လေကုန်သည်ဟူ၍ မရှိရဘဲ ဘာတင်က အလိုက်သိစွာ ဆောင်ရွက်ခဲ့သည်သာ ဖြစ်လေသည်။ အရက်နှင့် မြည်းရန်အတွက် မြေပဲသားလှော်နှင့် အာလူးကြော်တို့ကိုလည်း အလျှပ်မပြတ်စေရအောင် ဘာတင်က အမြဲဆောင်ကြည့် မှာယူပေးလေ၏။

ဘာတင်သည် သူတော်စိန်အား ရူးနှင့်ပတ်သက်သော အမှုအခင်းများ အပြင် မိမိ တွေ့ကြုံခဲ့သမျှသော အဖြစ်အပျက် အခြင်းအရာတို့ အနက်မှ ငါတ်ဝင်စားဖွယ်ရာများ ကို ထုတ်နှုတ်ပြောပြလေ့ ရှိ၏။ ဘာတင်မှာ မြန်မာပြည်၌ မစ္စတာတန်နာ ရှိစဉ်က သူ့အတွက် အမြဲ အမှုလိုက်ပေးရသော ရှေ့နေ တစ်ယောက်ဖြစ်၍ ချာလီနှင့် ဂျော်ဂျီတို့အကြောင်းကို ပယ်စဉ်ကတည်းက စ၍ သိလာခဲ့သည့်အလျောက် သူတော်စိန်အား ပြောပြလေ့ ရှိ၏။ အထက်တွင် ဖော်ပြခဲ့သော အကြောင်းအရာများမှာ ဘာတင်က သူတော်စိန်အား ပြောပြပြီးသော အကြောင်းအရာများ အနက်မှ ကောက်နုတ်ချက်များသာ ဖြစ်၏။

ထိုမှတစ်ပါးလည်း မစ္စတာ တန်နာသည် သားနှစ်ယောက်တို့၏ ကောက်ကျစ်စဉ်းလဲသော စိတ်သဘောကို သိသဖြင့် နှစ်ယောက်လုံးကို စက်ဆုပ်သည့် အကြောင်းကိုလည်းကောင်း၊ မြန်မာပြည်၌ မစ္စတာတန်နာ





ရှိစဉ်က သူ၏ သေတမ်းစာကို ဥရောပတိုက်သားများ ထုံးစံအတိုင်း ရှေ့နေ ရှေ့တွင် စီကုံးရေးသားလေ့ ရှိသည့်အလျောက် မိမိရှေ့၌ သေတမ်းစာ အကြိမ်ကြိမ် ရေးခဲ့ဖူးသည့် အကြောင်းများကို လည်းကောင်း၊ သားနှစ်ယောက်တို့ကို တစ်ယောက်တစ်လှည့်စီ စိတ်ဆိုးဖူးသဖြင့် ရှိသမျှပစ္စည်းကို ချာလီသို့ တစ်လှည့်၊ ဂျော်ဂျီသို့တစ်လှည့် ပေးလိုသည်ဟူသော သေတမ်းစာမျိုးကို အကြိမ်ကြိမ် ရေးခဲ့ဖူးသည့် အကြောင်းကို လည်းကောင်း၊ ဤနှစ်တွင် တစ်မျိုးရေး၍ နောင်နှစ်တွင် တစ်မျိုးပြင်ရေးတတ်သည့် အကြောင်းများကို လည်းကောင်း၊ မစ္စတာတန်နာ နောက်ဆုံးရေးခဲ့သော သေတမ်းစာမှာ မိမိလက်ဝယ်၌ ယခုရှိနေသည့် အကြောင်းကို လည်းကောင်း၊ မစ္စတာတန်နာက မိမိ လိုင်စင်ပြုတ်သည့်အဖြစ်ကို မသိသေးဖြင့် ယုံကြည်စိတ်ချလျက်ပင် ရှိနေသေးသည့် အကြောင်းကိုလည်းကောင်း မစ္စတာဘာတင်က သူတော်စိန်အား ပြောပြမှ လေရာ သူတော်စိန်ကမူ မိမိအဖို့ အသုံးဝင်မည့် သတင်းစကားမျိုး ဖြစ်လိမ့်မည်ဟု မယူဆသော်လည်း ညီအစ်ကိုနှစ်ယောက်တို့၏ အပြန်အလှန် ညစ်ပတ်ခြင်းများကိုမူ အရသာရှိစွာ နားထောင်လေ့ရှိ၏။

မစ္စတာဘာတင်၏ အထပ်ထပ် ပြောတတ်သော အကြောင်းအရာ တစ်ခုမှာ ရှေ့နေအသင်းကြီးက မိမိအား လိုင်စင်ပြုတ်အောင် မတရားသဖြင့် ဝိုင်းတွန်းကြသည်ဆိုသော အချက်ပင် ဖြစ်လေရာ မိမိ၏ ကိစ္စကို ဟိုက်ကုတ်တရားသူကြီးအဖွဲ့သို့ အယူခံ ဝင်ထားသဖြင့် တစ်နေ့သောအခါတွင် လိုင်စင်ပြန်ရလိမ့်မည် ဖြစ်သောကြောင့် ဘကျော်လှ၏ ကျေးဇူးကို ဆပ်ပါမည်ဟူ၍လည်း မကြာခဏ ပြောဆိုလေ့ရှိ၏။ ဘကျော်လှကမူ ဘာတင်ထံမှ ကျေးဇူးဆပ်ခြင်း ကို မမျှော်လင့်ဘဲ ဘိုကပြား လောကနှင့် ပတ်သက်၍ ကြားသိရသော အတိုအထွာ သတင်းစကားများသည်မှင်လျှင် ဘာတင်အတွက် ကုန်ကျရသည့် အရက်ဖိုးနှင့် မုန့်ဖိုး တန်လောက်သည်ဟု အောက်မေ့လေ၏။

ဘာတင်ကလည်း ရန်ကုန်မြို့၌ရှိသော ဘိလပ်သား အစစ်များနှင့်



www.burmeseclassic.com

www.burmeseclassic.com



အိုကပြားများနှင့် ပတ်သက်သည့် ချစ်ခန်း၊ ကြာခိုခန်း၊ လက်သီးထိုးခန်း အစရှိသော သတင်းများကို မိမိ သိရှိရသလောက်အပြင် အပိုအမိုညှပ်ကာ တက္ကနီကာလာဖြင့် ဆေးရောင်စုံခြယ်လျက် နားထောင်ချင့်စဖွယ်ဖြစ်အောင် အရက်ကလေး တမြမြဖြင့် ပြောပြလေ့ရှိ၏။

ဘာတင်မှာ ဆေးခါကောင်းစဉ်က အတော်အတန် လူကြိုက်များသော ရှေ့နေတစ်ယောက်လည်း ဖြစ်ပေရကား၊ အမှုအခင်းနှင့် ပတ်သက်၍ ထိုသူ သိထားသည့် အကြောင်းအရာများမှာ မနည်းလှပါပေ။ ရှေ့နေများ၏ ဉာဏ်ဆင်ပုံများနှင့် လာဘ်စားချင်သော တရားသူကြီးများ၏ ပရိယာယ် သုံးပုံများ အကြောင်းကိုလည်း နားထောင်ကောင်းအောင် ပြောတတ်ပေ၏။ ထိုအချိန်အထိမှာ ဘာတင်ပြောပြသော သတင်းများအနက်မှ သူတော်စိန် အသုံးချနိုင်သည်ဟူ၍ မရှိသေးသော်လည်း လူညွန့်ရူးသော အတတ်တွင် အမြော်အမြင် ကြီးလှသော သူတော်စိန်သည် တစ်ခုတွေ့ခဲ့လျှင် တစ်သက်လုံး အတွက် အရက်ဖိုး ကျေနိုင်သည်ဟု အောက်မေ့ကာ တွန့်တိုခြင်းမရှိဘဲ အရက်နှင့်မျှော၍ ပေါင်းထားလေ၏။

*

တစ်နေ့သ၌ ခင်ခင်စိန်သည် ရန်ကုန်ဂေဇက် သတင်းစာကို ဖတ်လျက်ရှိစဉ် 'ဟော ....ကိုကြီးရေ၊ ရှင်တို့ ပြောပြောနေတဲ့ မစ္စတာတန်နာဆိုတာ သြစတြေးလီယားပြည်မှာ သေရှာပြီ ဆိုပါကောလား' ဟု ပြောလိုက်သည်ကို သူတော်စိန် ကြားလိုက်ရသော်လည်း ထိုသတင်းနှင့် ပတ်သက်၍ မိမိအတွက် အကျိုးကျေးဇူး ခံစားရန် မမြင်မိသည်နှင့် စိတ်မပါတပါနှင့်ပင် ခင်ခင်စိန် လှမ်းပေးသော သတင်းစာကို လှမ်းယူဖတ်ရှုလေ၏။

ရန်ကုန်ဂေဇက် သတင်းစာတွင် တစ်ခုသောထောင့်၌ "ရန်ကုန်မြို့ တင်(ဖ)ကလပ် အသင်းကြီးတွင် ဦးစီးအုပ်ချုပ်ခဲ့သော မစ္စတာဂျိုးဇက်တန်နာ ဆိုသူမှာ နှလုံးရောဂါနှင့် ရုတ်တရက် သေဆုံးကြောင်း၊ သူ၏ သေတမ်းစာ





မှာ ရန်ကုန်မြို့ရှိ ရှေ့နေကြီးတစ်ဦး လက်ဝယ်၌ ရှိနေသည်ဟု သိရှိရကြောင်း။ မစ္စတာတန်နာ၏ ပစ္စည်းများမှာ ဟိုတယ်ကြီးတစ်ခုနှင့် မြေဧက ၁၀၀၀ ခန့်ရှိ လယ်ကွင်းကြီးအပြင် ငွေလာမြင်း ၂၀ မျှ ရှိသည်ဖြစ်၍ နယ်သူနယ်သား များက ၎င်းတို့ကို မည်သူဆက်ခံမည်ဟု စောင့်မျှော်ကြည့်ရှုနေကြကြောင်း" ဖသည်ဖြင့် ရေးသားပါရှိသည်ကို တွေ့ရလေ၏။

ထိုအခါ သူတော်စိန်က 'သေတမ်းစာကတော့ ဘယ်လိုရေးခဲ့မယ် မဆိုနိုင်ဘူး၊ ချာလီနဲ့ ဂျော်ဂျီတို့ဖြင့် တစ်ယောက်ကိုတစ်ယောက် လည်လှီးဖို့ ကြိုးစားကြဦးတော့မှာပဲ' ဟု ပြောကာ ထိုသတင်းအကြောင်းကို ဆက်လက် ၍ စိတ်ဝင်စားခြင်း မရှိဘဲ အမှတ်မဲ့ပင် နေလိုက်လေ၏။

နောက်တစ်နေ့ သတင်းစာ၌ မစ္စတာတန်နာအကြောင်းကို ဆက် လက် ဖော်ပြရာတွင် "၁၉၂၇ ခုနှစ်က ရေးထားခဲ့သော မစ္စတာ တန်နာ၏ သေတမ်းစာအရ ကျန်ရစ်သော ပစ္စည်းများကို ချာလီတန်နာနှင့် ဂျော်ဂျီ တန်နာတို့ အညီအမျှ ဝေယူကြရလိမ့်မည်" ဟု ဖတ်ရှုရသော အခါ၌ပင် သူတော်စိန်သည် များစွာ စိတ်ဝင်စားခြင်း မရှိဘဲ အခြားသတင်းများကို ဆက်လက်ဖတ်ရှုနေလေ၏။ သူတော်စိန်၏ စိတ်ထဲ၌ ကောက်ကျစ်စဉ်းလဲ သော ညီအစ်ကိုနှစ်ယောက်အနက်တွင် မည်သူက ပိုမိုကောက်ကျစ်သည်ဟု မစ္စတာတန်နာ မဆုံးဖြတ်နိုင်သဖြင့် ပစ္စည်းများကို အညီအမျှပင် ပေးထား ခဲ့ဟန် တူသည်ဟု အောက်မေ့မိလေ၏။

ထိုနေ့ညနေ၌ သူတော်စိန်သည် "ကရိုက်တီရီယန်" ဟိုတယ်သို့ ဝင်သွားသောအခါ အရက် တစ်ခွက် နှစ်ခွက် သောက်နှင့်ပြီးဖြစ်၍ အလွန် အရွှင်နေဟန်တူသော ရှေ့နေဟောင်း မစ္စတာဘာတင်နှင့်တွေ့၍ ထုံးစံ အတိုင်း ဘာတင်က ခရီးဦးကြိုပြုပြီးလျှင် ဝီစကီ နှစ်ခွက်ကို အော်ဒါပေး၍ ချောင်ချသော စားပွဲတစ်ခုတွင် ထိုင်ကြလေ၏။

တင်။ ။'ကျွန်ုပ်အတွက် ဝမ်းသာလိုက်စမ်းပါ ဘကျော်လှ ဒီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ကျွန်တော် ကော်တော့မယ်၊ ခင်ဗျား ကျေးဇူးကိုလည်း ဆပ်နိုင်တော့မယ်'

စိန်။ ။'ဝမ်းသာပါတယ်ဗျာ၊ ဘာသတင်းများ ကြားလို့လဲ ဘာတင်'

တင်။ ။'ကျွန်ုပ် လိုင်စင် ပြန်ရတော့မယ် မိတ်ဆွေ'

စိန်။ ။'ဩော် ဟုတ်လား ....ကောင်းပါလေဗျာ၊ အများကြီး ဝမ်းမြောက်ပါတယ်။ ဘယ်တော့ ပြန်ရမလဲ၊ လက်ထဲ ရောက်ပြီလား'

တင်။ ။(အရက်တစ်ခွက်ကို တစ်ဝက်ကုန်အောင် သောက်ပြီးမှ နှုတ်ခမ်းကို လက်ကိုင်ပဝါဖြင့် သပ်လျက်) 'လက်ထဲတော့ မရောက်သေးဘူး ဘကျော်လှရဲ့၊ သို့သော် တရားသူကြီးအဖွဲ့က ကျွန်ုပ်ကို ပြန်မသွင်းဘဲ မနေနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်ုပ်လက်ထဲမှာ မစ္စတာဂျိုးဇက် တန်နာရဲ့ သေတမ်းစာ လက်ကိုင်ရှိတယ်။ သတင်းစာ ဖတ်ပြီးပြီလား၊ ၁၉၂၇ ခုနှစ်က သေတမ်းစာအရ မစ္စတာတန်နာရဲ့ ပစ္စည်းများကို ချာလီနဲ့ ဂျော်ဂျီ အညီအမျှ ခွဲယူရမယ်တဲ့ ရေးထားတယ်၊ အဲဒါ နောက်ဆုံးသေတမ်းစာ မဟုတ်ဘူး ဘကျော်လှရဲ့။ ကျွန်ုပ်လက်ထဲမှာ ၁၉၃၂ ခုနှစ်က နောက်ဆုံးရေးတဲ့ သေတမ်းစာ ရှိတယ်၊ ဘိလပ်သားတစ်ယောက်ရဲ့ အဖိုးတန် သေတမ်းစာ လက်ကိုင်ရှိတဲ့ ကျွန်ုပ်လို လူတစ်ယောက်ကို လိုင်စင်ပြန်မပေးဘဲ မနေနိုင်ဘူး ဘကျော်လှရဲ့'

ထိုစကားကို ကြားရသောအခါ အလွန် လာဘ်မြင်သော သူတော်စိန်သည် မစ္စတာ တန်နာ၏ သေတမ်းစာနှင့် ပတ်သက်၍ ရုတ်တရက် စိတ်ဝင်စားလာပြီးလျှင် ဝီစကီ နှစ်ခွက်ကို ထပ်မံမှာယူ၍ ညစာအတွက်ကိုလည်း ဘာတင်အား ဖိတ်ကြားထားလေ၏။ မိမိတို့ အနီးအပါး၌ အခြားလူများ ရှိလေသလောဟု လှမ်းကြည့်လိုက်သောအခါ ဘိလိယက် ကစားနေကြသော လူများမှတစ်ပါး အနီးအပါးတွင် အခြား ဧည့်သည်များကို မတွေ့ရချေ။





စိန်။ ။'ပြောစမ်းပါဦး ဘာတင်ရဲ့၊ သေတမ်းစာက ဘယ်လိုတဲ့'

တင်။ ။'၁၉၂၇ ခုနှစ်က မစ္စတာ တန်နာ ရေးခဲ့တဲ့ သေတမ်းစာဆိုတာ နောက်ဆုံးရေးတာ မဟုတ်ဘူး ဘကျော်လှရဲ့။ ကျွန်ုပ်တို့ ဥပဒေကျင့်ထုံးမှာ သေတမ်းစာ နှစ်စောင် သုံးစောင် တွေ့ရင် နောက်ဆုံးရေးတဲ့ သေတမ်းစာကို အတည်ပြုရတယ်။ ကျွန်ုပ်လက်ထဲမှာရှိတဲ့ သေတမ်းစာက ၁၉၃၂ ခုနှစ်မှာ ရေးတဲ့ သေတမ်းစာ ဖြစ်သည့်အတွက် ဒီအတိုင်း အတည်ပြုရလိမ့်မယ်။ ဒီလောက်အရေးကြီးတဲ့ သေတမ်းစာတစ်ခု လက်ကိုင်ရှိထားတဲ့ ကျွန်ုပ်လိုလူကို လိုင်စင်ပြန်မပေးဘဲ ဘယ်နည်းနဲ့မှ မနေနိုင်ဘူး ဘကျော်လှရဲ့'

စိန်။ ။'အဲဒီသေတမ်းစာ ခင်ဗျားဆီမှာ အခု ရှိသလား'

တင်။ ။'ရှိပါတယ်လို့ ကျွန်ုပ် ပြောတယ် မဟုတ်လား'

ဘကျော်လှသည် တိုလီမိုလီ စကားများကို အနည်းငယ် ဆက်လက်ပြောဆိုကြပြီးနောက် နှစ်ယောက်အတွက် မှာထားသော ညစာ စားရန်အတွက် ထမင်းစားခန်းသို့ သွားကြလေ၏။ အရက်များ ဝ အောင်တိုက်၍ ညစာလည်း ကျွေးပြီးသည်နောက် ....

စိန်။ ။'အိုင်ဆေး ....ဘာတင်၊ မစ္စတာတန်နာရဲ့ သေတမ်းစာကို ကျုပ် ရောင်းမလား'

တင်။ ။'ဟာ ....ဘယ့်နှယ် ရောင်းလို့ဖြစ်မလဲ ဘကျော်လှ။ သေတမ်းစာဆိုတာ ရောင်းမစားရဘူး မိတ်ဆွေ၊ ထုံးစံ မရှိဘူး'

စိန်။ ။'ကျုပ် နားလည်ပါတယ် ဘာတင်၊ ထုံးစံကို ပြောမနေပါနဲ့။ အပြီးအပိုင်ရောင်းဖို့ မဟုတ်ပါဘူး၊ သုံး လေး ရက်လောက် ငှားရုံကလေး ငှားဖို့ပါ'

တင်။ ။'မလုပ်ပါနဲ့ ဘကျော်လှရယ်၊ သို့သော် နက်ဖြန်ခါ ရှေ့နေအသင်းသွားဖို့ စရိတ်မရှိလို့ ငွေငါးကျပ်လောက် ချေးစမ်းပါ ဘကျော်လှရယ်'



www.burmeseclassic.com

www.burmeseclassic.com



စိန်။ ။'ငါးကျပ် မဟုတ်ဘူး၊ ငါးဆယ် ပေးမယ်၊ တစ်ရာ ပေးမယ် လေဗျာ။ သုံး လေး ရက်ထဲ ငှားစမ်းပါ'

ထိုအခါ ဘိုင်ကျနေသော ဘာတင်မှာ ငွေတစ်ရာ လက်ငင်းရမည် ဆိုလျှင် သေတမ်းစာကို ငှားရုံမက လူသတ်ရန်ပင် အဆင်သင့် ရှိနေပြီဖြစ်၍ သူတော်စိန်ကို ပြုံးရွှင်သော မျက်နှာထားဖြင့် ကြည့်လျက်–

တင်။ ။'တကယ်ပြောနေတာလား ဘကျော်လှ၊ ငွေ ၁၀၀ိ အဟုတ် ပေးမှာလား'

စိန်။ ။'အဟုတ်တင် မကဘူး၊ ခုချက်ချင်းပေးမယ် ဘာတင်။ ခင်ဗျား သေတမ်းစာကိုလည်း မပျောက်မပျက်စေရဘဲ သုံးလေးရက်အတွင်း ကျုပ် ပြန်ပေးမယ်'

သူတော်စိန်သည် တစ်ဆယ်တန် စက္ကူ ဆယ်ရွက်ကို အိတ်ထဲမှ ထုတ်၍ စားပွဲပေါ်၌ ချထားလေရာ ငွေ ၁၀၀ိ မကိုင်ရသည်မှာ အတန်ကြာပြီ ဖြစ်သော ဘာတင်သည် ငွေစက္ကူများကို မြင်သဖြင့် လိုချင်တပ်မက်သော မျက်နှာဖြင့် ကြည့်နေလေ၏။ နောက်ဆုံး၌ ဘာတင်သည် အင်္ကျီ အတွင်း အိတ်မှ စာအိတ်အရှည် တစ်လုံးကို ဆွဲထုတ်၍ သူတော်စိန်အား လှမ်းပေး လိုက်ရာ သူတော်စိန်သည် စာအိတ်ကို ဖွင့်ကြည့်၍ ပြောသည့်အတိုင်း မှန်သည်ကို တွေ့ရသည်နှင့် ဘာတင်အား ငွေ ၁၀၀ိ ပေးလိုက်လေ၏။ ဘာတင်သည် အလွန်ရွှင်မြူးသော မျက်နှာဖြင့် ငွေ ၁၀၀ိ ကို အိတ်ထဲသို့ ထည့်၍ မသုံးဖြုန်းရသည်မှာ ကြာလှပြီ ဖြစ်သောကြောင့် ဘိုင်စကုပ်ရုံသို့ လန်ချားတစ်စီးဖြင့် ထွက်သွားလေတော့၏။

*

သူတော်စိန်သည် သေတမ်းစာကို အိတ်ထဲသို့ထည့်၍ နေအိမ်သို့ ပြန်သွား ပြီးလျှင် ခင်ခင်စိန်နှင့် တိုင်ပင်လေ၏။

ခင်။ ။'ဒီဟာယူထားပြီး ဘာလုပ်မှာလဲ ကိုဘကျော်။ ရှင့်ဘာတင်





ကြီးက နှုတ်လုံတဲ့လူကြီး မဟုတ်လို့ အရက်တွေမူးပြီး လူတွေ လျှောက်ပြော နေရင် ရှင့်မှာ ကိစ္စမများပေဘူးလား'

စိန်။ ။'ဘာတင်ကတော့ သူ့ထုံးစံအတိုင်း စကား ခပ်များများနဲ့ လူတွေ လျှောက်ပြောချင် ပြောမှာပဲ။ သို့သော် သူပြောတိုင်းလည်း လူတွေက ယုံချင်မှ ယုံမှာပါ။ ဒီအတောအတွင်းမှာ သူ့ကို ပေးရတဲ့ ငွေ ၁၀၀ိ အပေါ်က ဆယ်ပြန်၊ ဆယ့်ငါးပြန် ရအောင် ကျုပ်က အလုပ် လုပ်ထားမှာပေါ့'

ခင်။ ။'ရှင့်မှာတော့ အကြံရှိပြီး နေမှာပေါ့လေ၊ ကျွန်မ ကူဖို့ လိုသေးသလား'

စိန်။ ။'လိုပြီလား ခင်ရယ်၊ ချာလီ ဆိုတဲ့ ငနဲက သားမယား မယူဘဲနဲ့ လူပျိုကြီး လုပ်နေပြီး တော်တော် မြာလိုက်တယ်လို့ သတင်းကြား တယ်။ ဒီတော့ကာ ....'

ခင်။ ။'တန်ပါ ကိုဘကျော်၊ ဒီဟာမျိုး ကျွန်မ မခိုင်းပါဘူးလို့ ရှင် ကတိပေးထားပြီးတာ မေ့ပြီလား'

စိန်။ ။'မဟုတ်ပါဘူး ခင်ရဲ့၊ တကယ် ထိထိရောက်ရောက် မဟုတ်ပါဘူး။ ဇန်းပြရုံလောက်ပါ'

ထိုနောက် သူတော်စိန်သည် မိမိ၏ အကြံအစည်များကို ခင်ခင်စိန် အား ရှင်းလင်းပြောပြလေ၏။

*

ဘိအိုစီကုမ္ပဏီတွင် ရုံးထိုင် အရာရှိတစ်ယောက်ဖြစ် အလုပ်လုပ်လျက်ရှိသော ချာလီတာန်နာသည် မိမိ အလုပ်စားပွဲတွင် အလုပ်လုပ်လျက်ရှိစဉ် ကုလား ချပ္ပရာစီသည် စာရွက်တစ်ရွက်ကို ကိုင်၍ ဝင်လာပြီး ချာလီအား ပြလေ၏။ ချာလီသည် ခင်ခင်စိန်ဟူသော နာမည်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် အလုပ်လျှောက်ထားသော စာရေးမဆိုလျှင် မျက်နှာကို ကိုယ်တိုင် မမြင်ရဘဲ ပြန်မလွှတ်တတ်သော ဝါသနာ ရှိသည့်အလျောက် ချပ္ပရာစီ ကုလားအား 'ခေါ်ခဲ့' ဟု အမိန့်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်စိန်သည် နှုတ်ခမ်းနှင့် လက်သည်းများကို ဆေးဆိုးလျက် ဆံပင်ထုံးပုံ၊ ဖီးလိမ်းဝတ်ဆင်ပုံနှင့်တကွ ဘိုမျက်စိ ကျလောက်အောင် ပြင်ဆင်လျက် အခန်းထဲသို့ ဝင်လာပြီးလျှင် ရှိုးတိုးရှန့်တန့် အမူအရာမျိုးမရှိဘဲ ကုလားထိုင်တစ်လုံးကို ဆွဲထိုင်လိုက်ရာ မိန်းမ ဝါသနာပါသော ချာလီလည်း ငေးကြည့်နေလေ၏။

ချာ။ ။‘ဝဲလ် ဘာ အလိုရှိပါသလဲ မိန်းကလေး’

ခင်။ ။‘ကျွန်မက ရှင့်ညီ မစ္စတာဂျော့တန်နာရဲ့ အပါးတော်မြဲလုပ်ခဲ့ဖူးပါတယ်’

ချာ။ ။‘ဘာလဲ၊ သူက ကျုပ်ဆီကို လွှတ်လိုက်လို့လား’

ခင်။ ။(ရယ်မောလျက်) ‘သူကလား ရှင့်ဆီ လွှတ်မှာ၊ ရှင့်ဆီ ကျွန်မလာတာကို သူသိရင် ကျွန်မကို သတ်ပစ်ချင်မလား မဆိုနိုင်ဘူး’

ချာ။ ။‘ဘာကြောင့်လဲ မိန်းကလေး’

ခင်ခင်စိန်သည် ချာလီ တည်သော စီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို မီးညှိသောက်ပြီးနောက် ပြုံးစေ့စေ့ မျက်နှာထားဖြင့် ချာလီအား ကြည့်လျက် ....

ခင်။ ။‘ဒီလိုပါ မစ္စတာတန်နာ၊ ကျွန်မက မတော်တဆ မှားသွားတာနဲ့ ရှင့်ညီက ကျွန်မကို အလုပ်ထုတ်ပစ်လို့ သူ့ကို လက်စားချေမယ့်လူ ကျွန်မ လိုက်ရှာနေတယ်။ ရှင့်အကြောင်း သူပြောပုံ ထောက်ကြည့်တော့ ရှင်တို့ ညီအစ်ကိုနှစ်ယောက်ဟာ သင့်မြတ်ပုံ မရဘူးလို့ ကျွန်မ သိရတယ်။ သူ နှစ်နာစေလောက်တဲ့ သတင်းတစ်ခုကို ရှင့် ပြောပြရင် ရှင် ဘယ်လောက် ပေးမလဲ’

ချာလီသည် စားပွဲကို လက်ချောင်းကလေးများနှင့် တီးခေါက်ကာ ခင်ခင်စိန်၏ မျက်နှာကို ကြည့်ရင်း စဉ်းစားနေပြီးနောက်–

ချာ။ ။‘နေစမ်းပါဦး၊ မိန်းကလေးက မှားသွားတဲ့ အပြစ်ဆိုတာ ဘယ်လို အပြစ်မျိုးလဲ’





ခင်။ ။‘ဒီလိုပါ မစ္စတာတန်နာ၊ ကျွန်မက သူ့ရဲ့ အပါးတော်မြဲစာရေးမကလေး ဖြစ်လေတော့ စာတွေကို အားလုံး ကျွန်မ ဖောက်ရပါတယ်။ ဟို တစ်နေကတော့ စာအိတ်ထောင့်မှာ “လျှို့ဝှက်စွာဖြင့်” လို့ ရေးထားတဲ့ စာအိတ်တစ်လုံးကို ကျွန်မက အမှတ်တမဲ့ သွားဖောက်မိလေတော့ ဖတ်ပြီးပြီးချင်း သူ ရောက်လာလို့ ကျွန်မကို စိတ်ဆိုးတယ်။ အမှန်မှာတော့ ကျွန်မက အလျင်စလိုနဲ့ စာအိတ်ကို ဖောက်မိတဲ့အတွက် “လျှို့ဝှက်စွာဖြင့်” ဆိုတဲ့ စကားကို သတိမထားလိုက်မိလို့ မှားဖောက်မိခြင်း ဖြစ်ပါတယ်။ ကျွန်မက အကျိုးအကြောင်း ရှင်းလင်းပြောတာတောင် မရဘူး၊ ကျွန်မကို ချက်ချင်း အလုပ်က ထုတ်ပစ်ပါတယ်’

ချာ။ ။‘မှားဖောက်မိတဲ့စာက ဘာအကြောင်းများလဲ မိန်းကလေး’

ခင်။ ။‘ရှင်တို့ဖခင် မစ္စတာတန်နာရဲ့ သေတမ်းစာ အကြောင်းပါပဲ’

ထိုစကားကို ကြားသည်နှင့်တစ်ပြိုင်နက် ချာလီသည် စိတ်ဝင်စားသော အမူအရာဖြင့် ဆတ်ခနဲ မတ်မတ်ထိုင်လိုက်လေ၏။

ချာ။ ။‘ဟော ...ဟုတ်လား။ ပြောစမ်းပါဦး၊ ဘာများ ရေးထားသလဲ’

ခင်။ ။‘သူနဲ့ တစ်ခါ နှစ်ခါ ဒီအရင်က တွေ့ဖူးတဲ့ လူတစ်ယောက်က ရေးလိုက်တဲ့ စာပါပဲ။ သတင်းစာထဲမှာပါတဲ့ သေတမ်းစာဟာ မစ္စတာတန်နာ နောက်ဆုံးရေးတဲ့ သေတမ်းစာ မဟုတ်ဘူးတဲ့။ နောက်ဆုံးရေးတဲ့ သေတမ်းစာဟာက အဲဒီလူ လက်ထဲမှာ ရှိတယ်တဲ့။ သူ့လက်ထဲက ရှင့်ညီက ဝယ်ယူဖို့ စေ့စပ်ဟန်တူတယ်။ ကျွန်မ ဖွင့်ကြည့်မိတဲ့ စာထဲမှာတော့ အဲဒီ သေတမ်းစာကို မစ္စတာဂျော့တန်နာက တစ်ထောင်ပေးပြီး ဝယ်မယ်ဆိုတာကို သဘောတူတယ်ဆိုတဲ့အကြောင်း ရေးထားတာ တွေ့လိုက်ရပါတယ်’

ချာ။ ။‘ကြည့်စမ်း .... ဂျော်ဂျီက အဖေ့ သေတမ်းစာကို ငွေ တစ်ထောင် ပေးဝယ်မလို့တဲ့လား’



www.burmeseclassic.com

www.burmeseclassic.com



ခင်။ ။'အဲဒီ အခိပ္ပာယ်ပါပဲ'

ချာ။ ။'သိပ်ယုတ်တဲ့ ခွေးသားပဲ'

ချာလီ စဉ်းစားမိသည်မှာ ဖခင်ထားခဲ့သော ပစ္စည်းများကို ညီအစ်ကိုနှစ်ယောက် အညီအမျှ ဝေယူရမည်ဟူသော သေတမ်းစာကို တွေ့ရှိရပါလျက် မိမိ၏ညီ ဂျော်ဂျီက နောက်ဆုံးတွေ့ရသည်ဆိုသော သေတမ်းစာကို ငွေတစ်ထောင်ပေး၍ ဝယ်လိုသည်ဆိုခြင်းကို ထောက်ခြင်းအားဖြင့် ၎င်းသေတမ်းစာတွင် ပစ္စည်းအားလုံးကို မိမိအား ပေးခဲ့၍ ဂျော်ဂျီကို အမွေပြတ် လုပ်ထားခဲ့ဟန် တူသည်။ သူ မရထိုက်သော အမွေကို ရလိုသည့်အတွက်ကြောင့်သာလျှင် ဂျော်ဂျီက ငွေတစ်ထောင်ပေး၍ ဝယ်ယူလိုဟန် တူသည်။ မဆိုင်သော ပစ္စည်းကို ရလိုသော ဂျော်ဂျီသည် လူယုတ်မာတစ်ယောက် ဖြစ်သည်။ မွေးသဖခင်မှာလည်း သေတမ်းစာကို မကြာခဏ ပြင်ဆင်ရေးသားသည်ဟု ကြားရဖူးသည် ဖြစ်သောကြောင့် နောက်ဆုံး သေတမ်းစာတစ်ခု ရှိသေးသည်ဆိုခြင်းမှာ ယုတ္တိရှိသည်။ အစ်ကို ရထိုက်သော ပစ္စည်းကို မတရားသဖြင့် လိုချင်သော ညီယုတ်မာတစ်ယောက် ပေတကား၊ စသည်ဖြင့် စဉ်းစားမိလေ၏။

ချာ။ ။'အဲဒီလူ နာမည်က ဘယ်သူတဲ့လဲ'

ခင်။ ။(မျက်နှာချိုသွေးလျက်) 'ဒီဟာကတော့ အဖိုးတန်တဲ့ သတင်း ဖြစ်တယ်။ မစ္စတာတန်နာ အလကား မပြောနိုင်ပေဘူး၊ တန်ရာတန်ဖိုး ပေးရလိမ့်မယ်'

ချာ။ ။(အတန်ငယ် စဉ်းစားပြီးနောက်) 'မိန်းကလေး ဘယ်လောက်လိုချင်သလဲ ဆိုစမ်း။ တန်ရာတန်ဖိုးတော့ ပေးပါမယ် ....'

ခင်။ ။'ငွေတစ်ရာဆိုရင် မများပါဘူး၊ ဟုတ်လား'

ချာ။ ။'ကောင်းပြီ ပေးမယ်'

ချာလီသည် ငွေ အလွယ်တကူ မရှိသည်နှင့် ချက်စာအုပ်ကိုယူ၍





တစ်ရာတန် ချက်လက်မှတ်တစ်ခုကို ရေးပြီးလျှင် ခင်ခင်စိန်အား လှမ်းပေးလိုက်သဖြင့် ခင်ခင်စိန်လည်း စာရွက်တစ်ခုပေါ်တွင် နေရပ်နှင့် အမည်တို့ကို ရေးပေးလိုက်လေ၏။ ထိုနောက် ချာလီသည် 'ဒီကိစ္စ အရေးကြီးသည်' ဆို၍ ထိုင်ရာမှ ထ လိုက်ရာတွင် ခင်ခင်စိန်လည်း အလိုက်သိစွာနှင့် နှုတ်ဆက်၍ အလုပ်ခန်းမှ ထွက်လာခဲ့လေ၏။

*

ချာလီသည် တက္ကစီတစ်စီးခေါ်ယူ၍ ခင်ခင်စိန်ပေးခဲ့သော လိပ်စာအတိုင်း မောင်းနှင်စေရာ ဘူး ဖရုံ သဲကွဲ လိုလှပြီဖြစ်သော ချာလီအဖို့မှာ တက္ကစီသည် အလွန်နှေးလှသည်ဟု စိတ်ထဲ၌ အောက်မေ့၍ လမ်းဆုံလမ်းခွများ၌ ကားများ ရှုပ်ယှက်ခတ် ဖြစ်နေသဖြင့် ပုလိပ်က လက်ပြတားဆီးသော အခါများ၌ပင် ချာလီမှာ ကားပေါ်တွင် ဆွေ့ဆွေ့ခုန်လျက် ရှိလေ၏။

နောက်ဆုံး၌ ချာလီသည် ခင်ခင်စိန် ရေးပေးလိုက်သော လိပ်စာအတိုင်း ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း) ရှိ တိုက်ခန်းတစ်ခန်းသို့ ရောက်၍ တက္ကစီပေါ်မှ ဆင်းပြီးလျှင် အခန်းဝ၌ စောင့်နေသော ဒရဝမ်အား 'ဘာတင်ဆပ် ရှိသလား' ဟု မေးရာ ဒရဝမ်သည် အခန်းထဲသို့ ခေတ္တဝင်သွား၍ ပြန်ထွက်လာပြီးမှ ချာလီကို အခန်းတွင်းသို့ ခေါ်သွားလေ၏။

ချာလီတန်နာကို ဘာတင်အဖြစ်နှင့် လက်ခံစကားပြောသူမှာ ကျွန်ုပ်တို့ ဖော်ပြခဲ့ဖူးသော လိုင်စင်ပြုတ် ဘာတင်မဟုတ်ဘဲ သူတော်စိန် ဖြစ်နေသည့်အကြောင်းကို စာဖတ်သူတို့ ရိပ်မိကောင်း ရိပ်မိကြပေလိမ့်မည်။ သူတော်စိန်မှာ စိန်ပေါ(လ်) ကျောင်းထွက် တစ်ယောက်ဖြစ်၍ အင်္ဂလိပ်စကားကို ဘိုကပြားများပြောနည်း ပြောတတ်သဖြင့် ထိုခေတ်အခါက ဒေါက်တာဘမော်ကလွဲလျှင် ဘကျော်လှသည် မြန်မာများအနက်တွင် ဘိုသံပါအောင် အပြောတတ်ဆုံး ကျောင်းသားတစ်ယောက်ဖြစ်သည်ဟု အခြားကျောင်းသားများ၏ မတည်တတည်၊ မပြောင်တပြောင် ချီးကျူးခြင်းကို ခံရသူ အစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖြစ်ပေ၏။ အသားလည်းဖြူ၊ နှာတံလည်းပေါ်၊ ခေါင်လည်း ခပ်မြင့်မြင့်ဖြစ်၍ ကပြားကလေးများနှင့် ရောနှောနေထိုင်ခဲ့ဖူးသော သူတော်စိန် အဖို့မှာ ဘိုကပြားယောင် ဆောင်ရခြင်း အလုပ်သည် ခဲယဉ်းလှသော အလုပ် တစ်ခု မဟုတ်ချေ။ သို့ဖြစ်၍ သူတော်စိန်သည် လွတ်တော်ရှေ့နေကြီး မစ္စတာ ဘာတင်အဖြစ်နှင့် ချာလီကို လက်ခံစကားပြောလေရာ ထိုအခန်းနှင့် အိမ်တောင်ပရိဘောဂများမှာလည်း ထိုကိစ္စအတွက် ခေတ္တ ငှားရမ်းပြင်ဆင်ထားခြင်း ဖြစ်လေ၏။ ချာလီသည် ဦးထုပ်ကိုကိုင်ကာ ဒေါသတကြီးနှင့် ဒရဝမ်အောက်မှ ဝင်လိုက်သွား၍ ရှေ့နေအတုဖြစ်သော သူတော်စိန်နှင့် မျက်နှာချင်းဆိုင်မိသည်နှင့် တစ်ပြိုင်နက် ....

ချာ။ ။'ခင်ဗျား တယ်တော်တဲ့ လူတစ်ယောက်ပေါ့လေ ဟင် ....'

စိန်။ ။ (အံ့သြဟန် မျက်နှာထားဖြင့်) 'ဘာဖြစ်လို့ပါလိမ့် မိတ်ဆွေ'

ချာ။ ။'ဘယ်မှာလဲ ခင်ဗျားသေတမ်းစာ'

စိန်။ ။'ဘာတွေ ခင်ဗျား လျှောက်ပြောနေတာလဲ၊ ဘယ်က သေတမ်းစာလဲ'

ချာ။ ။'ကျွန်ုပ်ကို ဝေလည်ကြောင်ပတ် လုပ်မနေစမ်းပါနဲ့၊ ခင်ဗျားဆီမှာ ကျွန်ုပ်ဖခင်ရဲ့ သေတမ်းစာ ရှိတယ်မဟုတ်လား၊ ကျွန်ုပ်ညီ ဂျော်ဂျီကို ဆောင် စားမယ်လို့ဆို။ ကျွန်ုပ်ကို ပြရင် ပြ၊ မပြရင် ပုလိပ်ကို ချက်ချင်း သွား တိုင်မယ်'

စိန်။ ။(မျက်နှာထားတည်တည်ဖြင့် ကြည့်လျက်) 'ဒေါသမကြီးပါနှင့် မစ္စတာဘာန်နာ၊ ခင်ဗျားပြောတဲ့ သေတမ်းစာဟာ ကျွန်ုပ်လက်ထဲမှာ ရှိတယ်လို့ ခင်ဗျား သက်သေပြနိုင်သလား'

ချာလီတာန်နာသည် ဖိန်း၍ရမည့်လူ မဟုတ်ကြောင်းကို သိမြင်သည်နှင့် လေသံတစ်မျိုး ပြောင်းလဲလျက် ....





ချာ။ ။'ကောင်းပြီ၊ ပုလိပ်ကို ကျွန်ုပ် သွားမတိုင်တော့ပါဘူး၊ ယယ်ယူပါတော့မယ်။ ခင်ဗျား ဘယ်လောက် လိုချင်သလဲ'

စိန်။ ။(မျက်ခုံးနှစ်ဖက်ကို အပေါ်သို့ မြှောက်တင်လျက်) 'ဪ ...ဒီလိုလား၊ စောစောက ပြောပါတော့၊ သို့သော် ခင်ဗျား နောက်ကျနေပြီ မစ္စတာ တန်နာ၊ ခင်ဗျားရဲ့ညီ မစ္စတာဂျော့တန်နာက အရင် ဦးသွားပြီဗျာ။ သူ ပေးထားတဲ့ ချက်ကို ဘဏ်တိုက်မှာ လူလွှတ်ပြီး ငွေထုတ်ခိုင်းထားလိုက်ပြီ။ ဒီငွေရောက်လာရင် သေတမ်းစာကို သူ့လက် အပ်ရလိမ့်မယ်'

ချာ။ ။(ထိုင်ရာမှ ရုတ်တရက် ထလျက်) 'မလုပ်ပါနဲ့ မစ္စတာ ဘာတင်၊ သူ့လက်ကို မအပ်လိုက်ပါနဲ့။ သူ့ ပေးသလောက် ကျွန်ုပ် ပေးပါ့မယ်၊ သူ့ငွေကို ပြန်မပေးဘဲ ခင်ဗျား ယူထားလိုက်ရင် နှစ်ဖက်လုံးက ရတယ် မဟုတ်လား။ သူ ပေးထားတဲ့ ငွေကို တရားစွဲပြီး သူ ပြန်မတောင်းဝံ့ဘူး'

ဘာတင် ဟန်ဆောင်သော သူတော်စိန်သည် ဦးခေါင်းကို ယမ်း၍ ပြလေ၏။

စိန်။ ။'မဖြစ်ဘူး မစ္စတာတန်နာ၊ သူ ပေးသလောက်နဲ့ မရနိုင်ဘူး။ သူနဲ့ ပြောထားတဲ့စကားကို ကျွန်ုပ် ဖျက်ရမယ်ဆိုရင် ငွေ ၂၀၀၀ ရမှ ဖြစ်လိမ့်မယ်'

ချာ။ ။'ခင်ဗျား လူညစ် လူယုတ်မာ တစ်ယောက်ပဲ'

စိန်။ ။(ကြာခြေမပျက်ဘဲ) 'ခင်ဗျားလည်း လူညစ် လူယုတ်မာ တစ်ယောက်ပါပဲ၊ သူခိုးက လူ လူ ဟစ်မနေပါနဲ့။ သို့သော် ဒီဟာတွေ အပထားလို့ ခင်ဗျား ငွေပေးဝယ်ဖို့ သဘောတူရင် ချက်လက်မှတ်နဲ့ မဖြစ်ဘူး၊ ငွေလက်ငင်းရမှ ဖြစ်မယ်။ ဝယ်မှာဖြစ်ရင် ငွေသွားယူချေဦး၊ ခင်ဗျားညီကလည်း တော်တော်ကြာ ရောက်လာလိမ့်မယ်၊ ဝယ်မှာဖြင့် ငွေသွားယူပြီး သူမလာခင် ရောက်အောင် လာခဲ့ပေတော့'



www.burmeseclassic.com

www.burmeseclassic.com



ချာလီသည် ထိုသူ၏ စကားပြတ်ပြတ် ပြောတတ်သော ဝါသနာကို ရိပ်မိသည်ဖြစ်၍ ဈေးလျှော့ဖို့ ဆစ်မနေတော့ဘဲ ဘာတင်၏အခန်းမှ လှည့်ထွက်လာခဲ့ပြီးလျှင် ယခင်က အပြေးအလွှား လာခဲ့သော စံချိန်ကို ချိုးလိုသည့် လက္ခဏာဖြင့် ဘဏ်တိုက်သို့ အဆောတလျင် သွားပြီးနောက် ၂၀၀ဝိတန် ချက်လက်မှတ်တစ်ခု ရေး၍ ငွေထုတ်လေ၏။

ထိုအတောအတွင်း၌ သူတော်စိန်သည် ခင်ခင်စိန်ထံသို့ တယ်လီဖုန်းဆက်၍ ....

စိန်။ ။'ခင် လုပ်လိုက်ပုံ တယ် နေရာကျပါလား၊ အစ်ကိုဆိုတဲ့ကောင် လာတယ်၊ ငွေသွားထုတ်လေရဲ့။ ဒါထက် သူ့ဆီက ခင် ဘယ်လောက်ရလိုက်သလဲ'

ခင်။ ။'ငွေ ၁၀ဝိ ရခဲ့ပါတယ်၊ ဆေး မဆိုးစဖူး နှုတ်ခမ်းတွေ၊ လက်သည်းတွေ ဆေးဆိုးထားရလေတော့ ဈေးထဲကို ဒီအတိုင်း မသွားဝံ့လို့ ဖျက်ပစ်နေရသေးတယ်။ ရှန်ဟဲတိုက်က ဖဲကတ္တီပါ လုံချည်နဲ့ ပဒုမ္မာအုပ်သွားဝယ်မလို့'

စိန်။ ။'ဒီကဖို့လည်း မမေ့နဲ့နော်၊ ကိုယ့်ဆီက ဝေစုရတော့လည်း မမေ့ပါဘူး၊ ကြားလား'

ခင်။ ။'စိတ်ချနေပါ ကိုဘကျော်'

*

နောက်များမကြာမီအတွင်း ညီဖြစ်သူ မစ္စတာဂျော့တန်နာသည် ဘာတင်၏တိုက်ခန်းရှေ့တွင် တက္ကစီတစ်စီးပေါ်မှ ဆင်းနေသည်ကို ဘာတင် မြင်သဖြင့် ကိုယ်တိုင် ဆီး၍ကြိုလေ၏။

ဂျော့တန်နာမှာ နောင်တော် ချား(လ်)တန်နာကဲ့သို့ပင် စုတ်ချွန်းချွန်း မျက်နှာရှိ၍ မျက်လုံးများမှာလည်း နောင်တော်ကဲ့သို့ပင် တည်ကြည်ငြိမ်သက်ခြင်း မရှိဘဲ တောင်ကြည့်၊ မြောက်ကြည့် လှည့်ကြည့်တတ်သော





ဝါသနာရှိ၏။ ထို့ပြင် အလုံးအဖန် အနည်းငယ်သေး၍ အရပ် အနည်းငယ်နိမ့်ခြင်းမှတစ်ပါး ထိုညီအစ်ကို နှစ်ယောက်တို့မှာ အလွန်တူညီသော အင်္ဂါရုပ် ရှိကြသည် ဖြစ်သောကြောင့် အမြွှာမွေးဟူ၍ပင် ထင်လောက်ပေ၏။ နေရာထိုင်ခင်း ပေးပြီးနောက် ....

ဂျော့။ ။'ဝဲလ် မစ္စတာ ဘာတင်၊ ကျွန်ုပ်ပေးလိုက်တဲ့ ချက်ကို ငွေလဲပြီးပြီလား'

စိန်။ ။'ကျွန်ုပ် လူလွှတ်ထားပါတယ်၊ ပြန်မရောက်လာသေးဘူး၊ ခဏစောင့်ပါဦး။ ကျွန်ုပ် တယ်လီဖုန်း ဆက်ကြည့်လိုက်ပါဦးမယ်'

သူတော်စိန်သည် တယ်လီဖုန်းသို့သွား၍ မေးမြန်းစုံစမ်းလျက်ရှိစဉ် ဂျော်ဂျီတန်နာမှာ ကုလားထိုင်ပေါ်တွင် ထိုင်လျက် အလွန်အရေးကြီးသော သေတမ်းစာကို ရချေတော့မည်ဟု ဝမ်းမြောက်စွာနှင့် လက်ဝါးနှစ်ဖက်ကို ပွတ်နေလေ၏။ သူတော်စိန်လည်း တယ်လီဖုန်းကိုချ၍ တန်နာဘက်သို့ လှည့်ပြီးလျှင် ....

စိန်။ ။'နေရာကျပါလိမ့်မယ် မစ္စတာ တန်နာ၊ ခင်ဗျား ချက်ကို လဲပြီးပါပြီတဲ့'

ဂျော့။ ။'ကိုင်း ....ဒါဖြင့် သေတမ်းစာ အပ်ပေတော့၊ ဘယ်မှာလဲ ခင်ဗျား သေတမ်းစာ'

စိန်။ ။'ဒီလိုပါ၊ မစ္စတာ တန်နာ။ သေတမ်းစာ အပ်ဖို့ကတော့ လွယ်ပါတယ်၊ သို့သော် အခက်အခဲကလေးတစ်ခု ရှိနေတာက ....'

ဂျော့။ ။(စကားဆုံးအောင် မစောင့်ဘဲ) 'ဘာအခက်အခဲလဲဗျ၊ ကျွန်ုပ်ငွေကို လက်ထဲယူပြီးမှ အခက်အခဲလေး ဘာလေးနဲ့ ခင်ဗျားက ကျုပ်ကို'

စိန်။ ။'နားထောင်ပါဦး၊ ကျွန်ုပ် ပြောပါမယ်။ ခင်ဗျားရဲ့ နောင်တော် မစ္စတာ ချာလီတန်နာက ကျွန်ုပ်ကို လာတွေ့တယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဂျော်ဂျီသည် ပေါက်ကွဲမတတ် ပြူးထွက်နေသော မျက်လုံးများဖြင့် သူတော်စိန်ကို ကြည့်လျက် ထိုင်ရာမှ ထပြီးလျှင် 'လှေနံနှစ်ဖက်ခွန်းကဲ့ ခွေး'

သူ၏စကား မဆုံးမီ သူတော်စိန်က 'သည်းခံပါဦး မစ္စတာ တန်နာ၊ ဟောဟိုက တက်လာတဲ့ ခြေသံဟာ ခင်ဗျားနောင်တော်ရဲ့ ခြေသံ မှတ်တယ်'

ယင်းကဲ့သို့ ပြောပြောဆိုဆိုနှင့် သူတော်စိန်သည် အလွန်စိတ်ဆိုးသော ဂျော်ဂျီကို နံဘေးသို့ ဖယ်ရှား၍ တံခါးကို သွားဖွင့်လေ၏။ တံခါးဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ချာလီသည် သူတော်စိန်ကို ရှေးဦးစွာ မြင်သည်နှင့် ဘောင်းဘီအိတ်ထဲမှ ငွေစက္ကူများကို ပျားယီးပျာယာ ထုတ်ယူပြီးလျှင် သူတော်စိန်၏ လက်ထဲသို့ ထိုးထည့်လျက် 'ရော့ပါ မစ္စတာဘာတင်၊ တစ်ပြားတစ်ချပ်မှ မလျော့ပါဘူး။ ကတိုက်ကရိုက် ပြေးလိုက်ရတာဗျာ မပြောပါနဲ့တော့။ ကိုင်း ဘယ်မလဲ ခင်ဗျားရဲ့ ....'

ချာလီသည် အခန်းထဲသို့ ဝင်လာ၍ စကားမဆုံးမီပင် မိမိ၏ညီ ဂျော်ဂျီကို မြင်သည်နှင့် ဆက်လက်၍ မပြောနိုင်တော့ဘဲ ဆတ်ခနဲ တန့်ရပ်သွားလေ၏။ ထိုနောက် ညီအစ်ကိုနှစ်ယောက်တို့သည် စားတော့ဝါးတော့မည့် မျက်နှာထားမျိုးဖြင့် တစ်ယောက်ကိုတစ်ယောက် အတန်ကြာအောင် ငေးကြည့်နေကြလေရာ သူတော်စိန်ကမူ မီလ္လာစီးကရက်ဘူးကို ဖွင့်၍ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိပြီးနောက် စည်းစိမ်နှင့် ဖွာလျက်ရှိလေ၏။

ဂျော်ဂျီသည် အစ်ကိုအား မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ကြည့်နေလေရာ ချာလီမှာလည်း နှုတ်ခမ်း၌ အမြှုပ်များ ထွက်သည့်တိုင်အောင် အံသွားကြိတ်ကာ မာန်သွင်းလျက် ညီကို ပြန်ကြည့်လေ၏။

သူတော်စိန်က စီးကရက်ဘူးကို စားပွဲပေါ်သို့ တင်ထားလိုက်သဖြင့် ဒေါက်ခနဲမြည်သော အသံကို ကြားကြရသည်တွင်မှ ညီအစ်ကို နှစ်ယောက်





တို့မှာ စကားပြောနိုင်သော အခြေအနေသို့ ရောက်ကြ၍ 'ခွေးမသား လူယုတ်မာ' ဟု တစ်ယောက်က ဆိုလိုက်သည်တွင် 'ဝက်မသား လူညစ်ပတ်' ဟု တစ်ယောက်က ပြန်ဆိုလိုက်လေ၏။

ညီအစ်ကိုနှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် နာလောက်အောင် ဆဲဆိုလျက် တစ်ယောက်၏လည်ပင်းကို တစ်ယောက် ကိုင်ညှစ်တော့မည်ကဲ့သို့ ခြေလှမ်းပြင်နေကြရာမှ ဘာတင်ခေါ် သူတော်စိန်ကို ရုတ်တရက် သတိရကြသည်နှင့် သူ့ဘက်သို့ နှစ်ယောက်စလုံး တစ်ပြိုင်နက်တည်း လှည့်ကြပြီးလျှင် နာကြည်းလောက်အောင် ဆဲဆိုဖို့ စကားလုံး ရွေးချယ်၍ မရနိုင်သည့် လက္ခဏာဖြင့် ပြူးကြည့်နေကြသေး၏။ သို့ရာတွင် မိမိတို့ လာခဲ့သောကိစ္စကို ရုတ်တရက် သတိရကြသည်နှင့် ဒေါသကို ချုပ်တည်း၍–

ဂျော်။ ။'ဒီမယ် ကိုဘာတင်၊ ဟိုခွေးမသား ပေးတာထက် ကျွန်ုပ်က နှစ်ဆပိုပေးမယ်'

ချာ။ ။'အောင်မယ်၊ ဒီလို ဘာရမလဲ။ ကျွန်ုပ်က သုံးဆ ပေးမယ်'

ဂျော်။ ။'ကျွန်ုပ်က လေးဆပေးမယ်'

ချာ။ ။'ကျွန်ုပ်က ရသမျှထဲက ရာခိုင်နှုန်း ၂၅ ပေးမယ်'

ဂျော်။ ။'ကျွန်ုပ်က ၃၀ ပေးမယ်'

ထိုအခါ သူတော်စိန်သည် လေလံဆွဲသကဲ့သို့ ဈေးတက်ပေးနေကြသော ညီအစ်ကို နှစ်ယောက်တို့အား လက်ပြကာ ဘားဆီးပြီးနောက် ....

စိန်။ ။'သည်းခံပါဦး မိတ်ဆွေတို့၊ ခဏကလေး ဆိုင်းကြပါဦး။ သေတမ်းစာမှာ ဘယ်လိုရေးထားတယ်ဆိုတာကို ရှေးဦးစွာ နားထောင်ကြပါဦး'

ချာ။ ။'နားထောင်ဖို့ မလိုပါဘူး၊ ကျွန်ုပ် သိပြီးပါ'

ဂျော်။ ။'ကျွန်ုပ်ကလည်း သိပြီးပါ၊ ကဲ ...ရာခိုင်နှုန်း ၃၅ ပေးမယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်း၌ သူတော်စိန်သည် စာအိတ်ကြီးတစ်လုံးကို အင်္ကျီအိတ်ထဲမှ ထုတ်၍ ဖွင့်ပြီးနောက် 'လာကြပါဦး .... မိတ်ဆွေတို့၊ ဖတ်ကြည့်လှည့်ကြပါဦး' ဟု ပြောသဖြင့် ညီအစ်ကိုနှစ်ယောက်တို့သည် သူတော်စိန်၏ တစ်ဖက်တစ်ချက်တွင် ရပ်လျက် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသောဖခင်၏ သေတမ်းစာကို ဖတ်ကြည့်ကြလေရာ အောက်ပါ အဓိပ္ပာယ်အတိုင်း တွေ့မြင်ကြရလေ၏။

ကျွန်ုပ် ဂျိုးဇက်တန်နာသည် ကွယ်လွန်သော အခါ၌ ကျွန်ုပ်ပိုင်ဆိုင်သမျှသော ပစ္စည်းအားလုံးကို အညီအမျှ နှစ်ပုံ ပုံလျက်၊ တစ်ပုံကို ရန်ကုန်ဆေးရုံကြီးသို့လည်းကောင်း၊ တစ်ပုံကို ယူနီဗာစီတီ သိပ္ပံကျောင်းတော်ကြီးသို့ လည်းကောင်း လှူဒါန်းခဲ့သည်။ ကျွန်ုပ်၌ သားနှစ်ယောက် ရှိသော်လည်း သူတို့အား အမွေပေးခြင်းထက် ဆေးရုံနှင့် သိပ္ပံကျောင်းသို့ ပေးလှူရခြင်းသည် သူတို့အတွက်လည်းကောင်း၊ ကျွန်ုပ် စီးပွားရှာခဲ့သော မြန်မာပြည်အတွက် လည်းကောင်း ကျေးဇူးများလိမ့်မည်ဟု ယုံကြည်စိတ်ချသည်။ ကျွန်ုပ်၏ သားနှစ်ယောက်ဖြစ်သော ချာလီနှင့် ဂျော့တို့အားမူ အမှတ်အသားအဖြစ်နှင့် အလွမ်းပြေ ကြည့်ရစ်နိုင်ကြစေရန် ကျွန်ုပ်၏ အဝတ်ဟောင်း တစ်စုံစီ ပေးခဲ့သည်။

ဂျိုးဇက်တန်နှာ။

သက်သေ အင်ဗရို(စ)ဘာတင်။

သေတမ်းစာမှာ ကွယ်လွန်သူ ဂျိုးဇက်တန်နှာ၏ လက်ရေးဖြင့် ရေး





သား၍ အသိသက်သေနှင့်တကွ အပြည့်အစုံ ပါရှိသည်ကို ညီအစ်ကို နှစ်ယောက်တို့ တွေ့မြင်ကြရလေ၏။

ဘာတင်ခေါ် သူတော်စိန်သည် သေတမ်းစာကို ခေါက်၍ စာအိတ်ထဲသို့ ထည့်နေစဉ် ချာလီသည် ဂျော်ဂျီ၏ မျက်နှာကို လှမ်းကြည့်၍ ဂျော်ဂျီသည်လည်း ချာလီ၏ မျက်နှာကို လှမ်းကြည့်လေ၏။ ညီအစ်ကို နှစ်ယောက်တို့သည် မိမိတို့၏ တစ်သက်တာတွင် သဘောတူညီဖူးသည် မရှိခဲ့ဘဲ ထိုအချိန်၌မူကား သဘောမတူစဖူး တူညီကြလေ၏။ သဘောတူပုံကား ဘာတင်ခေါ် သူတော်စိန်ကို လည်ပင်းမှကိုင်၍ ညှစ်သတ်ရန် ဖြစ်လေ၏။

သို့ရာတွင် ထိုအခြင်းအရာကို သိမြင်ပြီးဖြစ်သော သူတော်စိန်သည် ဘောင်းဘီအိတ်တွင် အသင့် ထည့်ထားသော သေနတ်ကလေးကို ထုတ်၍ သူတို့အားလည်း ချိန်ရွယ်သည်မဟုတ်ဘဲ ခပ်လှမ်းလှမ်းမှ ရပ်လျက် သေနတ်နံပါတ်ကို ကြည့်နေဟန်နှင့် ဤဘက် ဟိုဘက် လှန်လှော ကြည့်ရှုနေလေရာ ညီအစ်ကို နှစ်ယောက်တို့မှာ တစ်ယောက်မျက်နှာကိုတစ်ယောက် နောက်ဆုံးအကြိမ် လှည့်ကြည့်ပြန်ပြီးနောက် အခန်းပေါက်မှ အတူတကွ ထွက်သွားကြလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းတုံးပေါ် ထိပ်ကွက် [၂]

သုတော်စိန် (နာမည်ရင်း ဘကျော်လှ) ဆိုသူမှာ မြန်မာပြည်၏ မြို့တော်ဖြစ်သော ရန်ကုန်မြို့ရှိ လူလိမ်၊ လူကောက်၊ လူညစ်၊ လူညာများ အပေါ်၌ အခါခပ်သိမ်း လူညွန့်ချုံးခြင်းအားဖြင့် ထင်ပေါ်ကျော်စောသော ပုဂ္ဂိုလ်တစ်ဦး အဖြစ်သို့တိုင် ရောက်လာခဲ့သည် ဖြစ်သောကြောင့် သူ့အကြောင်းနှင့် ပတ်သက်၍ ရေးသားဖော်ပြသမျှတို့မှာ ခေါင်းတုံးပေါ် ထိပ်ကွက်ခြင်း များသာ ဖြစ်ရမည် မှန်သော်လည်း ယခု ဖော်ပြလတ္တံ့သော အဖြစ်အပျက်ကလေးမှာ ထိုနာမည်နှင့် အထူးသဖြင့် ကိုက်ညီ ဆီလျော်လှသည်ဖြစ်၍ အမည်ကို "စာခေါင်." အဖြစ်နှင့် ထည့်သွင်း အသုံးပြုလိုက်ရပေတော့သည်။

ဘုရားတကာ မေဂျာ တိုက်စိုး ဆိုသူမှာ စင်စစ်အားဖြင့် မည်သည့် ဘုရားကိုမျှ တည်ခဲ့ဖူးသည်လည်း မဟုတ်၊ ဗြိတိသျှ အစိုးရ စစ်တပ်၌ မေဂျာရာထူးသို့ အကယ်ရောက်ခဲ့သည်လည်း မဟုတ်စေကာမူ ရဲဖန်ရဲခါ ဝတ်ဖြူစင်ကြယ်နှင့် ရွှေတိဂုံ ကုန်းတော်ပေါ်ရှိ ဇရပ်တန်ဆောင်းများတွင် ပေါင်ဖွာပေါင်ဖွာနှင့် စကားပြောတတ်သည် တစ်ကြောင်း၊ ပထမကမ္ဘာစစ်တွင် မက်ဆိုပိုတေးမီးယား စစ်မြေပြင်သို့ လိုက်ပါသွား၍ ဂျမဒါ ရာထူးဖြင့် အမှုထမ်းခဲ့ဖူးသည့် အကြောင်းကြောင့် သူ၏မိတ်ဆွေများက ရွပ်တွတ်တွတ် ပြောင်တောင်ပေါက် သဘောနှင့် ထိုကဲ့သို့ မှည့်ခေါ်ထားခဲ့ခြင်း ဖြစ်လေသည်။ လခ သုံးလေးဆယ် ရသူကိုလည်း "စာရေးကြီး" ခေါ်ကြ၍





စာရေးကလေး လုံးဝ မရှိသောခေတ်၊ လခ လေးငါးရှစ်ဆယ်ရသော အမှုထမ်းငယ် တစ်ယောက်၏ ဇနီးကိုလည်း "မင်းကတော်" ခေါ်ဝေါ်ကြသော ခေတ်မျိုးတွင် ဂျမဒါ အမှုထမ်းတစ်ယောက်အား "မေဂျာ" ခေါ်ခြင်းသည် များလှသည် မဆိုနိုင်ပေ။ "ဘုရားတကာ" ဆိုသည်မှာလည်း ဦးတိုက်စိုးသည် သဲပုံစေတီမျှလောက်ကို တည်မည်ဆိုလျှင် တည်နိုင်သော သတ္တိရှိသောကြောင့် ဘုရားတကာဟု ခေါ်ဝေါ်ကြခြင်းအတွက် ဦးတိုက်စိုးက နှစ်သက် သဘောကျခြင်းကိုလည်း အပြစ်ဆိုထိုက်သည် မထင်ပေ။

ဦးတိုက်စိုးသည် စစ်မြေပြင်သို့ မထွက်ခွာမီက အင်္ဂလိပ်စာကို မည်သည့်အတန်းသို့ ရောက်အောင် သင်ဖူးသည်ဟု မပြောနိုင်သော်လည်း စကားပြောရာ၌ အင်္ဂလိပ်စာလုံးများကို ဟတ်နိုင်သမျှ ညှပ်ထည့် သွတ်သွင်းတတ်သော ဝါသနာ ရှိသည့်ပြင် စစ်ဗိုလ်တစ်ယောက်ပိပိ 'ဂေါ်ဒမ် ဘလယ်ဒီဖူး'၊ 'အိုးမိုင်ဂေါ့ ဒမ်မစ်'၊ 'ဒွဲ ရှစ်တောလ်' အစရှိသော စကားများကို မညှပ်ဘဲ မပြောတတ်သလောက် ဖြစ်နေတော့၏။ သို့ဖြစ်၍ သူငယ်ချင်းတစ်ယောက်က မေဂျာတိုက်စိုးအား "မိုင်ဂေါ့ဒ်" မပါဘဲ တစ်နာရီမျှ စကားပြောနိုင်လျှင် ဘီယာ တစ်သေတ္တာ ပေးပါမည်ဟု အာမခံဖူးရာ ဦးတိုက်စိုးသည် တစ်နာရီလုံးလုံး ကြိုးစားရှောင်ကြဉ်၍ ထမြောက်အောင်မြင်သော အခါတွင် ထိုသူငယ်ချင်းအား ....

'ကိုင်း ငါနိုင်ပြီမောင် ပေးပေတော့။ သတိထားလိုက်ရတာ မပြောပါနဲ့တော့ကွာ၊ အိုး မိုင်ဂေါ့' ဟု ပြောလိုက်မိသဖြင့် ရှုံးခဲ့ဖူးလေသည်။

ရုပ်လက္ခဏာနှင့် ဝတ်ပုံစားပုံ ဘိုဆန်ခြင်းကား တစ်ပိုင်း၊ သိုက်မြိုက် ခန့်ညားခြင်းကား တစ်ပိုင်း ရှိနေလေတော့၏။ ဖြူဖြူတုတ်တုတ်၊ နှုတ်ခမ်းမွေး ကောင်းကောင်းနှင့် ဦးခေါင်းတွင် ဗိုလ်ကေမထားဘဲ ပြောင်လှအောင် ရိတ်တတ်သော ဝါသနာရှိပေရာ ခါးပိုင်းတွင် ပိတ်ဖြူပတ်၍ ဦးခေါင်း၌ အုပ်ပေါင်း ပေါင်းတတ်သော်လည်း အထက်ပိုင်းတွင် စတစ်ကော်အင်္ကျီ



www.burmeseclassic.com

www.burmeseclassic.com



ကြွေရောင်တိုက်ထားသော ရုပ်လက်မှာ ခါးတိုကို ဝတ်ဆင်လျက် ခြေထောက်တွင် "နန်းထရက်" နောက်ပိတ်ဖိနပ် ဦးမောက်ကြီးကို စီးတတ်ပေရကား ဘုရားလူကြီးများအနက်တွင် ဘိုအဆန်ဆုံး ဟူ၍လည်းကောင်း၊ စစ်ပြန်များအနက်တွင် ဘုရားလူကြီးဇော် အနံ့ဆုံး ဟူ၍လည်းကောင်း အသိအမှတ်ပြုကြရ၏။ စင်စစ်မှာ ဦးတိုက်စိုးကို မသိသော လူများသည် သူ၏ လူပုံပန်းနှင့် ဝတ်ဆင်ပုံတို့ကို အကဲခတ်ရသည့်အခါ တောင်မကျ၊ မြောက်မကျနှင့် အတော်ခွကျသော လူကြီးဟူ၍ အကဲဖြတ်တတ်ကြ၏။ သို့ရာတွင် သူ၏ ဖြူဖွေးသန့်စင်သော ကိုယ်ကာယနှင့် ဝတ်ဖြူစင်ကြယ်တို့ကို မြင်ရခြင်းအားဖြင့် သိက္ခာသမာဓိ ရှိပုံပေါ်ခြင်းကိုမူ ယုံမှား သံသယ မရှိတတ်ကြပေ။

'လိမ်ပုံလိမ်နည်း အဆန်းအသစ် ထွင်တယ်ဆိုတာ ဒီလောက်မဟုတ်လှပါဘူး မိတ်ဆွေ။ ဘယ်လောက်ဆန်းအောင် ထွင်နိုင်ပေမယ့် တစ်ခါစားပါပဲဗျ။ တစ်ခါလိမ်လိုက်ရင် ဟိုလူ ဒီလူတွေက ကြားကုန်ကြလို့ ရိုးသွားတာပါပဲ။ တစ်ခါပြင် နှစ်ခါ စားရတယ်လို့ မရှိပါဘူး။ နောက်ဆုံးကျတော့ အဟောင်းကို ရေလဲနဲ့သုံးပြီး သပ်သပ်ရပ်ရပ်နဲ့ ပိအောင် လိမ်တတ်ဖို့သာ အရေးကြီးတာပါပဲ မိတ်ဆွေ' ဟု ဦးတိုက်စိုးက သူ၏အဖော်အား ပြောပြလျက် ရှိလေ၏။

ဦးတိုက်စိုး၏ မိတ်ဆွေမှာ ဖျတ်လတ်သွက်လက်ပုံရ၍ ဘောင်းဘီရှည်၊ ကုတ်အကျႌ၊ နက္ကတိုင်၊ ပေတင့်ရှူးဖိနပ်မှစ၍ ဘိလပ်သားတစ်ယောက်အသွင် ဝတ်ဆင်ထားသည့် မြန်မာလူမျိုးတစ်ယောက် ဖြစ်လေရာ သူ၏ ရုပ်လက္ခဏာကို မြင်ရခြင်းအားဖြင့် ဝတ်လုံတစ်ယောက်ပေလော၊ သို့တည်းမဟုတ် ဘိလပ်ပြန် မြန်မာအရာရှိ တစ်ယောက်ပေလော ဟူ၍ အကဲခတ်မိကြပေလိမ့်မည်။ ထိုသူ၏ အမည်မှာ ဂျိုးဇက်ဘဦးဖြစ်၍ ရန်ကုန်မြို့ပေါ်တွင် ဦးတိုက်စိုးနှင့် ပါတနာရှစ်သဘောဖြင့် ဆက်စပ်ကာ ပူးတွဲ အလုပ်လုပ်ခဲ့သူပင် ဖြစ်လေသည်။ ထိုသူ နှစ်ယောက်တို့သည် သူတစ်ပါးတို့ရှေ့





တွင် တစ်ယောက်ကိုတစ်ယောက် အမွှမ်းတင်ကာပြော၍ တစ်ယောက်ပိုက်ကွန်ထဲသို့ရောက်အောင် တစ်ယောက်က "အမဲ" များကို မောင်းသွင်းပေးတတ်ကြလေသည်။ အမဲတစ်စီး ဖျက်ရသည့်အခါ အညီအမျှ ခွဲဝေယူကြ၍ စည်းစိမ်နှင့် နေထိုင်စားသောက်နိုင်ကြပေရာ "အမဲ" ထောင်ဖမ်းရသော အလုပ်သည်လည်း အတော်အတန် ကြေးငွေ အရင်းအနှီး လိုပေသေး၏။ မိလောက်သော "အမဲ" ဟူ၍ အကဲခတ်မိကြသောအခါ ထိုလူနှစ်ယောက်တို့သည် "အမဲ" အား မကြာခဏ ဟိုတယ်၌ ထမင်းကျွေးခြင်း၊ ဘိုင်စကုတ်ပြခြင်း၊ တက္ကစီနှင့် (တစ်ခါတစ်ရံ ကားသစ်ကြီးနှင့် ဖြစ်စေ) လှည့်လည်ပြသခြင်း အစရှိသော ဖျော်ဖြေမှုတို့ဖြင့် မျှား၍ ပေါင်းကြရလေသည်။ ဘုရား၊ တရားနှင့် ပတ်သက်၍ ဆွဲဆောင်ဖို့ လိုသည့်အခါ ဦးတိုက်စိုးက ရှေ့ဆောင်၍ ခေတ်ပညာပိုင်း ကိစ္စမျိုးအတွက်မူ ဂျိုးဇက်ဘဦးက တာဝန်ယူ၍ စီမံရလေသည်။

မေဂျာတိုက်စိုးနှင့် ဂျိုးဇက်ဘဦးတို့သည် ရှိုင်ရယ်ဟိုတယ် ဧည့်ခန်းမကြီးအတွင်း စားပွဲတစ်ခုတွင် ထိုင်လျက် နီးနှောတိုင်ပင်နေကြခြင်း ဖြစ်လေရာ အခြားသော စားပွဲဝိုင်းကလေးတွင်လည်း ဘိလပ်သားများ၊ အင်္ဂလိပ်ကပြားများ၊ တရုတ်ကပြားမှစ၍ တရုတ်၊ ကုလား၊ မြန်မာ၊ အင်္ဂလိပ်များ အနက်မှ သုံးနိုင် ဖြုန်းနိုင်သော ပုဂ္ဂိုလ်များသည် အထီးရော အမပါ ဝင်ရောက်စားသောက်လျက် ရှိကြလေ၏။ မေဂျာတိုက်စိုး၏ စကားအဆုံး၌ ဂျိုးဇက်ဘဦးက-

'အဲဒါကြောင့် ခင်ဗျား ခေတ်မမီတာပဲ၊ ခင်ဗျားသာ ခေတ်မီရင် ငွေညှစ်တဲ့ အလုပ်ဘက်မှာ ခင်ဗျားအနား ဘယ်သူ ကပ်နိုင်မှာလဲဗျ' ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးတိုက်စိုးက 'ခေတ်မမီဘူး ဆိုရင်လည်း ထားလိုက်ပါတော့ ဆရာ၊ ခင်ဗျားတို့ ခေတ်မီတယ်ဆိုတဲ့ လူတွေက တော်တော်ကြသော



www.burmeseclassic.com

www.burmeseclassic.com



ထောင်နန်း စံ စံ နေရတာက ခက်လှတယ်။ ကျုပ်တို့ကတော့ လှေကြီးထိုးရိုးရိုးပဲ ဆရာရေ့။ ဥပဒေနဲ့ မငြိစွန်းရအောင် ခပ်လှမ်းလှမ်းက ကွင်းရလိမ့်မယ်။ လိမ်တော့ လိမ်တတ်တယ်လေ၊ ဒါပေမယ့် သက်သေမရှိနိုင်အောင်၊ ဥပဒေနဲ့ ဆင်ဖမ်းလို့ မမိနိုင်အောင် လမ်းအိုအတိုင်း လိုက်တတ်တာပဲ ဆရာရေ့'

ဂျိုးဇက်ဘဦးမှာ လိမ်ညာမှုနှင့် ထောင်သို့ တစ်ကြိမ်ကျဖူးသူဖြစ်၍ ဦးတိုက်စိုး၏ စကားကြောင့် မျက်နှာပျက်သွားသည့်ပြင်၊ ကိုယ့်အချင်းချင်းကိုပင် ကလော်ချင်သူဖြစ်၍ အတော်ခွကျသော လူကြီးပေတည်းဟု အောက်မေ့မိ၏။ သို့ရာတွင် ကြံဖော်စည်ဖက် အချင်းချင်း တစ်ယောက်အပေါ်တွင် တစ်ယောက် အသားယူခြင်း၏ မိုက်မဲသော အဖြစ်ကို နားလည်သည်ဖြစ်၍ ဂျိုးဇက်သည် တုံ့ပြန်ရေမည် ကြံမိသော စကားကို မျိုသိပ်၍ စကားစကို ဖြပလိုက်လေ၏။

မေဂျာတိုက်စိုးနှင့် ဂျိုးဇက်ဘဦးတို့သည် မသိနားမလည်သော ရန်ကုန်သားများနှင့် တောမှရောက်လာသော လူများကို မက်လုံးပေး၍ လိမ်သောအလုပ်တွင် အတူတွဲဖက် လုပ်ကိုင်ကြသော်လည်း ထိုသူနှစ်ယောက်တို့၏ ရုပ်လက္ခဏာမှာ ကွာချင်တိုင်း ကွာခြားလှပေ၏။ ဦးတိုက်စိုးက ဖြူဖြူတုတ်တုတ်နှင့် ဘုရားလူကြီးဟန်တစ်ပိုင်း ဝတ်ထားသော်လည်း ဂျိုးဇက်ဘဦးမှာမူ ရှည်ရှည်မြင့်မြင့်နှင့် ဘိုဟန်ဖမ်းချင်တတ်၍ အတော်ကလက်ချင်သော ဘိလပ်သားများ ဝတ်တတ်သည့် ဂိတ်စကုတ် အကြောင်းအကျားနှင့် နက္ကတိုင် အကွက်အစင်းကလေးများကို တပ်ဆင်ကာ ပိုးလက်ကိုင်ပဝါကလေးကို နာရီအိတ်တွင် ခေါက်လျက် ထည့်ထားတတ်လေသည်။ ပရိသတ်တို့သည် ထိုလူနှစ်ယောက် အတူတကွ တွဲဖက်ထိုင်နေကြခြင်းကို တွေ့မြင်ရသည့်အခါ 'ပေါင်းသင်းလို့မှ ဖြစ်ပါပေရဲ့' ဟု အံ့သြတတ်ကြလေသည်။





ထိုနေ့သည်ကား စနေနေ့ဖြစ်၍ မြင်းပွဲရှိသည် ဖြစ်သောကြောင့် သိမ်ကြီးဈေးတစ်ဝိုက်၌ ဘတ်စ်ကားများသည် ခပ်စောစောကတည်းက 'ဂိတ်စကုတ် ....ဂိတ်စကုတ်' ဟူသော စပယ်ယာများ၏ အသံဖြင့် ဆူညံလျက်ရှိရာ မိတ်ဆွေနှစ်ယောက်တို့ ထိုင်လျက်ရှိကြသော ရှိုင်ရယ်ဟိုတယ်၌လည်း အလုပ်အားလပ်သော လူမျိုးစုံတို့သည် မြင်းပွဲမသွားမီ တစ်ခွက်လောက်သောက်ရင်း မြင်းပွဲနှင့်ပတ်သက်၍ "တစ်သတင်း" နားထောင်ရန် ဟိုတယ်ခန်းမကြီးအတွင်း ဤစားပွဲ၊ ထိုစားပွဲ စသည်တို့၌ အသီးသီးထိုင်လျက်ရှိကြလေ၏။

ဦးတိုက်စိုးနှင့် ဂျိုးဇက်ဘဦးတို့သည် စားပွဲကလေးတစ်ခု၌ ထိုင်ကြရင်း အထက်ပါနည်းအတိုင်း စကားပြောလျက် ရှိကြစဉ် မေဂျာတိုက်စိုးသည် ဂျိုးဇက်ဘဦးကို မကြည့်ဘဲ အခြားဘက်သို့ ကြည့်ရင်း ပါးစပ်ဟောင်းလောင်းနှင့် ငေးနေသည်ကို မြင်လိုက်ရသဖြင့် ....

ဂျိုး။ ။'ကိုယ့်လူက ပါးစပ်ကြီးဖြဲပြီး ဘာများ ငေးကြည့်နေရတာလဲ'

တိုက်။ ။'ဟောဟို စားပွဲမှာ ဝင်ထိုင်တဲ့လူက ကျုပ်ကို ကြည့်လိုက်မှ ဆန်းလွန်းလို့ အသိထဲကများ လားလို့ ကြည့်နေတာပါ'

ဂျိုးဇက်ဘဦးသည် မေဂျာတိုက်စိုး၏ ညွှန်ပြသော စားပွဲသို့ လှည့်ကြည့်လိုက်သောအခါ အလုံးအရပ် ထောင်ထောင်မောင်းမောင်းနှင့် အတော်ခက်ထန်တင်းမာပုံရသော မျက်နှာထား ရှိသည့် လူလတ်တစ်ယောက်ကို မြင်သဖြင့် ထိတ်လန့်သော အမူအရာဖြင့် မိမိ၏ဦးထုပ်ကို လှမ်းယူ ဆွဲကိုင်လိုက်လျက် ....

ဂျိုး။ ။'ဘာလဲဗျ၊ ခင်ဗျား နပ်ဖူးတဲ့ လူတစ်ယောက် ဖြစ်နေလို့လား'

တိုက်။ ။'ဒီလိုတော့ မဟုတ်ပါဘူးဗျာ၊ ဒါပေမယ့် စားပွဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်မယ်လုပ်တုန်း ကျုပ်ကို ခေါင်းညိတ်ပြီး နှုတ်ဆက်လိုက်သလိုလို ထင်မိလို့ ဘယ်တုံးက တွေ့ဖူးကြပါလိမ့် မလဲလို့ စဉ်းစားနေတာပါ’

ထိုအခါမှ ဂျိုးဇက်ဘဦးသည် စိတ်သက်သာရာရသည့် လက္ခဏာဖြင့် ဦးထုပ်ကို ချထား၍ ထိုလူကို စိုက်ငေးကာ ကြည့်လျက် လူကဲခတ်လေ၏။

ဂျိုးဇက်၏ စိတ်ထဲ၌ စဉ်းစား စိတ်ကူးမိသည်မှာကား ....

“ဤလူကား ကေ့န္တ ပိုက်ဆံရှိရမည်။ ဘန်ကောက်လုံချည်အသစ်၊ ဘာဘရီ သက္ကလပ် တိုက်ပုံအင်္ကျီ၊ လည်ပင်း၌ ကြွေရောင်တင်ထားသော ပိုးစင်းရှပ်၊ ဖိတ်ဖိတ်တောက်အောင် တိုက်ထားသော ဆက်ဖုံဖိနပ်နှင့် အဆင်ပြေသော သက္ကလပ်ခြေအိတ်တို့ကို ဝတ်ဆင်နိုင်သော လူတစ်ယောက်ကား ပိုက်ဆံကို ချွေတာသုံးစွဲရသော လူတစ်ယောက် မဟုတ်နိုင်။ အခြားသော အရာများကိုထား၍ ဘရစ္စဘိန်းနှင့် ဘရက်ဒလေး တိုက်ဆိုင်ကြီးမှ ဘာဘရီ သက္ကလပ် တိုက်ပုံအင်္ကျီကို မှာယူချုပ်လုပ် ဝတ်ဆင်သူကား ပိုက်ဆံပေါရုံမက ဝတ်ကောင်းစားကောင်း အကြောင်းကို ကောင်းကောင်းကြီး နားလည်သူ ဖြစ်ရမည်။ အဝတ်ကောင်း ဝတ်ဖို့ အတော်ကြီးစားသော ငါသည်ပင်လျှင် ထိုတိုက်ဆိုင်ကြီးမှ အဝတ်တစ်စုံတည်းမျှသာ ဝယ်ယူနိုင်၍ ကျန်သော အဝတ်များကို သင့်လျော်ရာ တိုက်ဆိုင်များမှ ဝယ်ယူရသည်” စသည်ဖြင့် ကောက်နုတ်ချက်များ ထုတ်နုတ်လျက် ရှိလေ၏။

ထိုသူသည် ဘွိုင်ကုလားအား ဝီစကီတစ်ခွက် အော်ဒါပေးပြီးနောက် အင်္ကျီအိတ်ထဲမှ စီးကရက်ဘူးကိုထုတ်၍ စီးကရက်တစ်လိပ်ကို ရွေးယူ မီးညှိလျက်ရှိရာ စီးကရက်ဘူးမှာ ရွှေလည်းမဟုတ်၊ ငွေလည်းမဟုတ်၊ ပလက်တီနမ်သတ္တုဖြင့် လုပ်ထားသောဘူး ဖြစ်သည်ကို ဂျိုးဇက် မြင်လိုက်ရသော အခါတွင် သာ၍ပင် အံ့သြမိလေ၏။ အဘယ်ကြောင့်ဆိုသော် မြန်မာမှန်လျှင် ပိုက်ဆံတတ်နိုင်က ရွှေစီးကရက်ဘူးကို သုံးကောင်းသုံးမည် ဖြစ်သော်လည်း၊ အထက်တန်းစား ဥရောပတိုက်သားများသော်မှ မတတ်နိုင်သဖြင့် ငေးကြည့်ကြရသော ပလက်တီနမ် သတ္တုဘူးကို သုံးနိုင်သော လူတစ်ယောက်သည်ကား အကောင်းကြိုက်သော အရာဌာနတွင် အမှန်ပင် ထိပ်တန်းကျသည်ဟု ချီးကျူးမိပေသောကြောင့်တည်း။





ခိ တည်းဟူသော ငှက်သည် အရှေ့၊ အနောက်၊ တောင်၊ မြောက် ဟူ၍ အမှတ်အသားပြုရန် မဖြစ်နိုင်သော သမုဒ္ဒရာ၌ ဖြစ်စေ၊ သဲကန္တာရ၌ ဖြစ်စေ လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် မိမိ၏ အသိုက်ရှိရာဘက်သို့ တစ်ချက်တည်းလှည့်၍ ပျံသန်းနိုင်သည် ဟူ၍လည်းကောင်း၊ ကုလားအုပ်သည် သဲကန္တာရထဲတွင် ရေရှိရာအရပ်ကို သိတတ်သည် ဟူ၍လည်းကောင်း၊ ဝက်တို့ရဏ္ဍာန်သည် မြေအောက်၌ မြုပ်လျက်ရှိသော သစ်ဖုသစ်ဥကို သိတတ်သည် ဟူ၍လည်းကောင်း ယုံကြည်ကြလေရာ ထိုအခြင်းအရာကို ဝမ်းတွင်းဉာဏ် (Instinct) ဟူ၍ လောကဓာတ်ဆရာများ ခေါ်ဝေါ်သမုတ်ကြ၏။ ဂျိုးဇက်ဘဦးမှာလည်း လူတစ်ယောက်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဤလူကား လူကြွား၊ ဤလူကား တကယ် ပိုက်ဆံရှိသည်၊ ဤလူကား အခမ်းအနားတစ်ခုသို့ သွားရန်ရှိသဖြင့် မိမိ၌ ရှိသမျှအနက်မှ တတ်နိုင်သလောက် အကောင်းဆုံး ဝတ်ဆင်ထားခြင်း ဖြစ်သည်ဟု စသည်ဖြင့် အဝတ်အစားကို မြင်ရုံမျှနှင့် အကဲဖြတ်ရသော သတ္တိထူး ရှိပေ၏။ ခိုသည် မိမိနေအိမ်ရှိရာဘက်ကို သိခြင်း၊ ကုလားအုပ်သည် ရေကိုသိခြင်း၊ ဝက်သည် သစ်ဥ သစ်ဖုကို သိခြင်း စသည်တို့သည် ဂျိုးဇက်၏ ငွေသိခြင်းနှင့် နှိုင်းစာလိုက်သော် မပြောပလောက်အောင် ရှိတော့၏။ ၎င်းတိရစ္ဆာန်များ လွဲလျှင်သာ လွဲမည်၊ ဂျိုးဇက်မှုကား လွဲလိမ့်မည် မဟုတ်ချေ။ ငှားဝတ်လျှင် အသို့နည်းဟု မေးဖွယ်ရှိ၏။ မယုံချင်နေ ယုံချင်ယုံ၊ ငှားဝတ်လျှင်လည်း ဂျိုးဇက် သိသည် ဟူ၍ပင် ဖြေဆိုရပေလိမ့်မည်။ ချဲ့ထွင် ရေးသားဦးမည်ဆိုလျှင် ဂျိုးဇက်၏ ဦးနှောက်မှ ဝိုင်ယာလက် ဓာတ်ကြိုးသဖွယ် လွှင့်ထုတ်ထားပေရာ ငွေရှိသူ တစ်ဦးထံမှ ပျံ့လွှင့် ပေါ်ထွက်လာသော ဓာတ်အငွေ့အသက်တို့သည် ဂျိုးဇက်၏ ဝိုင်ယာလက် ဓာတ်ကြိုးကို တိုးဝှေ့ ထိခိုက်သကဲ့သို့ ရှိပေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျိုးဇက်သည် မေဂျာတိုက်စိုး သိသည်တင်၍ အခြား စားပွဲတစ်ခု၌ ထိုင်လျက်ရှိသော လူကို ကြည့်လိုက်မိသည်နှင့် ဇာစ်ပြိုင်နက်၊ ထိုလူ၏ ငွေခါတ် အငွေ့အသက်တို့သည် ဂျိုးဇက်၏ ဝိဉာဉ်လက်ခံစက်ကြီးကို တိုးဝှေ့သိမ်းမွေ့လျက် ရှိ၏။ ဂျိုးဇက်၏ ဦးနှောက်သည်လည်း လက်ဖြင့် တီးခတ်အပ်သော စောင်းကြိုးသဖွယ် တုန်လှုပ်လျက် ရှိလေပြီ။ နောက်ဆုံး၌ ဂျိုးဇက်က ဖော်ထုတ်၍ ဆုံးဖြတ်ချက် ချလိုက်သည်ကား ....

ဂျိုး။ ။'ဟောဟိုက မောင်၊ ပိုက်ဆံရှိတယ်ဗျို့'

တိုက်။ ။(မျက်မှောင်ကြုတ်လျက်) 'အိုးဂေါ်ဒ် ခွကျတယ်ဗျာ၊ ဘယ်နေရာမှာ တွေ့ဖူးတယ်ဆိုတာ စဉ်းစားလို့ကို မရဘူး ဒက်ရှစ်ကောလ်'

ဂျိုး။ ။'ကိုယ့်ဆရာ သိပ်ရှော်တာကို ဗျ။ ဘာကြောင့် အပင်ပန်းခံပြီး စဉ်းစားနေချင်ရတာလဲ၊ ဘယ်နေရာမှာ ဘယ်တုံးက တွေ့ဖူး တွေ့ဖူး၊ သူ့မှာ ပိုက်ဆံရှိတယ်။ သူက ခင်ဗျားကို မှတ်မိတယ်။ ဒါလောက်ဆိုရင် တော်ရောပေါ့ဗျ'

တိုက်။ ။'ကျုပ် ဘာလုပ်စေချင်လို့လဲဗျ၊ ဒမ်မစ်'

ဂျိုး။ ။'သြော် .... ကိုယ့်ဆရာက ကြာလေ ခေးလေ ဖြစ်နေပြီကော၊ ခင်ဗျာ က မှတ်ချင်မှတ်မိ မမှတ်မိချင်နေ။ သူက ခင်ဗျားကို မှတ်မိလို့ ခေါင်းညိတ်ပြီး နှုတ်ဆက်ဖော်ရရင် တော်ပြီကောဗျ။ ဒါနဲ့မျှ ဘာလုပ်စေချင်သလဲတဲ့ မေးနေရသေးတယ်၊ ငွေရပေါက် ထွင်ကြပေါ့ဗျ။ ဒီကနေ့ စနေနေ့မို့ မြင်းပွဲလည်းရှိတယ်၊ ကျုပ်တို့ စီစဉ်ထားတဲ့ စနစ်ကလေး သုံးကြရုံပေါ့ဗျ'

မေဂျာတိုက်စိုးနှင့် ဂျိုးဇက်ဘဦးသည် လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြသော်လည်း ဂျိုးဇက်က အတွန်းသမား၊ မေဂျာက စဉ်းစားသမား ဖြစ်သည့်အလျောက် ဂျိုးဇက်က တိုက်တွန်းစေကာမှ မေဂျာက စဉ်းစားနေသေး၏။ နောက်ဆုံးတွင်မှ မေဂျာတိုက်စိုးသည် သဘောကျလာသည့် လက္ခဏာဖြင့် ထိုင်ရာမှတစ်လှည့် ထိုလူရှိသော စားပွဲသို့ ချဉ်းကပ်ပြီးလျှင် ....





တိုက်။ ။'အဲဟမ်း ....အဟမ်း၊ တစ်ဆိတ်ကလေးဗျာ ကျွန်တော့်ကို ရိုင်းတယ်လို့ မအောက်မေ့ပါနဲ့။ ခုနင်က ခင်ဗျား နှုတ်ဆက်လိုက်တုန်းက ကျွန်တော်က ဝိုးတိုးဝါးတား ဖြစ်နေလို့ပါဗျာ။ သည်းခံပါ ဘဲရီး ဆောရီး'

ထိုလူသည် ထိုနေ့ မြင်းပွဲများအတွက် မြင်းတစ်များပါသော သတင်းစာကို ဖတ်လျက်ရှိရာမှ သတင်းစာကို ချထားကာ မော့ကြည့်လေ၏။

လူ။ ။'ဘယ့်နှယ် စိတ်ရှိရမှာလဲ ခင်ဗျာ၊ ကျွန်တော်က ခင်ဗျားတို့ စကားလက်ဆုံ ဝင်နေကြသို့မို့ ကျွန်တော့်ကို ဂရုမစိုက်အားလို့ဘဲလို့ အောက်မေ့မိတာပါပဲ။ စိတ်မရှိပါဘူး မေဂျာကြီး ခင်ဗျာ'

ဦးတိုက်စိုးမှာ ဂုဏ်ဒါအရာရှိကြီး တစ်ယောက်မျှသာ ဖြစ်ဖူးပါလျက် ရင်းနှီးသော မိတ်ဆွေများအနက်တွင် မေဂျာတည်းဟူသောဘွဲ့ဖြင့် ကျော်ကြားသည် မြောက်ပင့် ခေါ်ဝေါ်ကြခြင်းမျှသာ ဖြစ်ပေရကား ထိုလူက "မေဂျာ" ဟု ခေါ်လိုက်ခြင်းအားဖြင့် အတော်ပင် ရင်းနှီးခဲ့ဖူးသည့် အဖိပ္ပာယ်မျိုး သက်ရောက်လေတော့၏။ သို့ဖြစ်၍ မေဂျာတိုက်စိုးသည် သွားကိုဖြဲလျက် မော်ကြည့်နေသော ထိုလူ၏မျက်နှာကို သေချာစွာ ကြည့်ရှုပါသော်လည်း မည်သည့်နေရာ၌ တွေ့ဆုံမိကြဖူးသည်ဟု မမှတ်မိဘဲ ရှိနေလေ၏။ သို့ဖြစ်၍ ....

တိုက်။ ။'ဒမ်မစ် ခွကျလိုက်တာဗျာ၊ အသက်က တစ်ဆိတ်ကြီးလာပြီး တွေ့ဆုံရတဲ့ လူတွေက သိပ်များလေတော့ ခုထက်ထိ ဖော်လို့မရသေးအောင် ဖြစ်နေပါတယ်ဗျာ။ ဘဲရီး ဆောရီး မင်(န)၊ ဒါထက် နေစမ်းပါဦး၊ ကျုပ်တို့ ဘယ်နေရာမှာ နောက်ဆုံး တွေ့မိကြပါလိမ့်၊ ပလိစ်မင်(န)'

ထိုလူသည် အနည်းငယ် စဉ်းစားပြီးနောက်–

လူ။ ။'၁၉၃၄ ခုနှစ်က ဆာပဟာကုတ်ဘတ္တလာရဲ့ ဒါဘာပွဲမှာကော ခင်ဗျ'

တိုက်။ ။'အို ....အိုင်ဆီး၊ ဟုတ်မှာယ်ဗျို့' ဟု ဆိုကာ ထိုလူ၏



www.burmeseclassic.com

www.burmeseclassic.com



လက်ကို ဝမ်းသာအားရ ဆွဲကိုင်လှုပ်ယမ်းသော်လည်း စင်စစ်အားဖြင့် ဟာကုတ်ဘတ္တလာ၏ ဒါဘာပွဲသို့လည်းကောင်း၊ မည်သည့်ဘုရင်ခံ၏ ဒါဘာပွဲသို့မျှလည်းကောင်း ရောက်ဖူးခြင်း မရှိချေ။

တိုက်။ ။'သတိများ သိပ်ဆိုးကုန်ပြီဗျို့။ ကြည့်စမ်းပါဦးတော့၊ ဒီလောက် နီးနီးရင်းရင်း ပေါင်းသင်းလာခဲ့တဲ့ မိတ်ဆွေတစ်ယောက်ကိုတောင် ဖော်လို့ မရနိုင်ဘူးဗျ။ ဒဲ့ရှစ်တောလ်မင့်(န) အားကြီးခွကျတယ်'

လူ။ ။'တစ်ဆိတ် ကြီးလာတော့ ဒီလို ဖြစ်တတ်တာကို ကျွန်တော် နားလည်ပါတယ်ဗျာ'

တိုက်။ ။'ခင်ဗျားလို နားလည်တဲ့ လူနဲ့တော့ တော်ပါသေးရဲ့ဗျာ၊ ကြည့်စမ်းပါဦးတော့ ဒမ်မစ်၊ ခင်ဗျာ့နာမည်ကို ဖော်လို့ ရလု ရလု ဖြစ်ပြီးမှ ပျောက်ပျောက်သွားလိုက်တာ။ အို မိုင်ဂေါ့၊ ခံရခက်သဗျာ၊ နေဦးဗျ နေဦး၊ ကျုပ်ဘာသာကျုပ် ဖော်ယူမယ်။ ခင်ဗျား ဖော်မပေးနဲ့။ အို လော့ဒ်၊ ဘာတဲ့လေ၊ ဟိုဒင်း တဝမ်းပူနဲ့ စတဲ့ နာမည် မဟုတ်လားဗျ'

လူ။ ။'မဟုတ်သေးဘူးဗျ'

တိုက်။ ။'အဲလေ၊ မဟုတ်သေးဘူး နေဦး။ ခကွေးနဲ့ စရမယ်ဗျာ ဒမ်မစ်'

လူ။ ။'မဟုတ်သေးဘူးဗျ'

တိုက်။ ။'ဩော်-ဩော် .... သိပြီ သိပြီ။ ဒထွေးနဲ့ဗျာ၊ သဲ့စ် ရိုက်(တ)'

လူ။ ။'မဟုတ်သေးဘူးဗျ'

တိုက်။ ။'ဩော် .... ဟုတ်ပေသား၊ ဒဲ့ရှစ်တောလ်၊ ခုမှ သိတယ်၊ ထဆင်ထူးနဲ့ဗျာ'

လူ။ ။(ပြုံးရယ်လျက်) 'သိပ် အပန်းမခံပါနဲ့ ခင်ဗျာ၊ ဘကုံးနဲ့ စပါတယ်။ ကျွန်တော့်နာမည်က ဘ.....'





တိုက်။ ။'ဝိတ်တွန့် .... ဝိတ်တွန့် ....ဦးဘသန်း ဖြစ်ရမယ်ဗျာ၊ ဒမ်မစ်'

လူ။ ။'ဘကျော်လှပါတဲ့ ခင်ဗျာ၊ မိတ်ဆွေများက သူတော်စိန် လို့တဲ့ ခေါ်ကြတယ်'

တိုက်။ ။(နဖူးကို လက်ဝါးနှင့် ရိုက်လျက်) 'သဲ့စ် ရိုက်(တ)၊ မှန်တယ် မှန်တယ်၊ ကြည့်စမ်းပါဦး၊ ပြောတော့မယ် လုပ်ပြီးမှ ....အို လော့ဒ်၊ ဘဲရီးဘက်(ဒ) ဗျာ။ သိပ်ဆိုးတဲ့ သတိပဲ၊ တစ်နေ့နေ့တော့ ဒီသတိ အတွက်ကြောင့် ကျုပ် ကိစ္စများလိမ့်မယ်။ ထင်တော့ ထင်သားပဲဗျာ၊ ရခိုင် အမျိုးအနွယ် တစ်ယောက်ပဲ လို့။ ဦးမေအောင်တို့နဲ့ ဘယ့်နှယ်တော်သလဲ'

စိန်။ ။'သူ့အဖေနဲ့ ကျွန်တော့်ဘကြီးနဲ့ ယောကျ်ားချင်း ဆိုသလောက်ပါပဲ'

တိုက်။ ။'ဟဲ-ဟဲ-ဟဲ-ဟဲ .... ဘဲရီးဂျောလီးပဲကိုးဗျ။ ကျုပ်တို့က ပျော်တတ်တဲ့လူကိုမှ သဘောကျတယ်။ ကိုင်း .... လူချင်း ရင်းနှီးဖူးလျက်နဲ့ နာမည်ကိုတောင် မမှတ်မိဖူးဆိုတော့ ကျုပ်အပြစ်ပါပဲဗျာ၊ ရီးယဲလီး။ ကိုင်း- ဒီတော့ ကိုယ့်အပြစ် ကိုယ်အာပတ်ဖြေတဲ့ သဘောမျိုးနဲ့ တစ်ဆိတ်လောက် ဝတ်ပြုပါရစေလားဗျာ၊ ပလိစ်မင်(န)၊ မငြင်းလိုက်ပါနဲ့။ အားတယ် မဟုတ် လား မိတ်ဆွေ၊ ဂွတ်ဒ်ဘွိုင်'

စိန်။ ။'အားတော့ အားပါတယ်၊ သို့သော် ....'

တိုက်။ ။'တစ်ယောက်ယောက်ကို စောင့်နေတာများ ဖြစ်ရော လား။ ဘယ်သူ လာမှာလဲ၊ လာလည်း လာရောပေါ့ဗျာ။ သိမိုး သိမဲ့ရီးယား ပေါ့'

စိန်။ ။'ဘယ်သူ့မှလဲ စောင့်နေတာ မဟုတ်ပါဘူး'

တိုက်။ ။'အို ....စပလင်းဒိုးရှဲ့စ်။ အားကြီး နေရာကျတယ်။ ကိုင်း လာဗျာ၊ ကျုပ်မိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးပါရစေ' ဟု ပြော၍



www.burmeseclassic.com

www.burmeseclassic.com



သူတော်စိန်၏လက်ကို ကိုင်ဆွဲကာ အခြားစားပွဲသို့ ခေါ်သွားပြီးလျှင် 'အိုင်ဆေး ဂျိုးဇက်၊ အပျိုရှာ ကညာတွေ့ ဆိုတာလို အသိ လိုက်ရှာနေဘုန်း မိတ်ဆွေရင်းတစ်ယောက် တွေ့လာပြီဗျို့၊ ဦးဘလှကျော်လေ။ ကျုပ် ခဏ ခဏ ပြောနေတာ သူပဲဗျာ၊ ကျုပ်ရဲ့ ရှိုင်မိတ်ဆွေတွေထဲမှာ သူက နံပါတ် (၁) ပါပဲ။ ဖတ်(၈) ကလတ်(၈) မင်(၅)'

လူနှစ်ယောက်တို့သည် သူတော်စိန်အား စားပွဲတွင် ထိပ်ဆုံးမှ နေရာပေး၍ ဝီစကီကို တိုက်ကျွေးကြလေရာ ညနေခင်းအချိန်၌ ကွပ် တစ်ပုလင်းကို ကုန်ခြွေမပျက်ဘဲ သောက်နိုင်သော သူတော်စိန်အဖို့မှာ အရက် သုံးလေးခွက်မျှနှင့် ကိစ္စမရှိလှချေ။ မေဂျာတိုက်စိုးတို့၏ ကြံရွယ်ချက်မှာလည်း လူတစ်ဖက်သားကို အလွန်အမင်း မူးယစ်အောင်တိုက်ရန် မဟုတ်ဘဲ အာရွှင်၍ စကားပြောကောင်းရုံလောက်မျှသာ ရည်မှန်းကြလေသည်။ သို့ဖြစ်၍ သင့်တင့်ရုံမျှလောက်သာ သောက်ကြရင်း မေဂျာတိုက်စိုးသည် လူနှစ်ယောက်တို့ကို မိတ်ဆက်ပေး၍ မိတ်ဆက်ရသောလူ၏ ဝတ္တရားအတိုင်း စကားတို့ကို အလျဉ်မပြတ်ရအောင် ပြောဆိုလေ၏။

တိုက်။ ။'ခင်ဗျားနဲ့ ကျုပ်တို့နဲ့ တွေ့ရခြင်းဟာ အင်္ဂလိပ်လိုတော့ "ကိုအင်ဆီးဒင့်" ခေါ်မှာပေါ့ဗျာ၊ "ကိုအင်ဆီးဒင့်" ဆိုတာ ဖြစ်ခဲတာတွေ မတော်တဆဆုံပြီး ဖြစ်တာကို ဆိုလိုတာပေါ့။ "ကိုအင်ဆီးဒင့်"ဆိုလို့ ပြောရဦးမယ်။ မက်ဆိုပိုတေမီယာမှာ ကျုပ်ရှိတုန်းက ကျုပ်အထက်က ကာနယ်ရဲ့မယား နာမည်က မေရီတဲ့ဗျ။ ကက်ပတိန်တစ်ယောက်ရဲ့မယား နာမည်ကလည်း မေရီပဲဗျ။ တစ်နေ့သ၌တော့ ကာနယ်ရော ကက်ပတိန်ရော ကြေးနန်းတစ်စောင်စီ ရကြတယ်။ ကြေးနန်းကို အသီးသီး ဖွင့်ဖတ်လိုက်ကြတော့ ဘာအကြောင်းတွေပါသလဲ သိကြလား။ ကက်ပတိန်ရဲ့ ညီတစ်ယောက်က ကာနယ်ရဲ့မယား မေရီနဲ့ ထွက်ပြေးကြပြီး ...ကာနယ်ရဲ့ ညီတစ်ယောက်က ကက်ပတိန်ရဲ့မယား မေရီနဲ့ ထွက်ပြေးကြတယ်တဲ့။ ကြေးနန်းကို အသီးသီး





ဖတ်ကြလို့ တစ်ယောက်အကြောင်း တစ်ယောက် ပြောပြီး အပြန်အလှန် သိကြတာနဲ့ တစ်ပြိုင်နက် အင်္ဂလိပ်များ ဘယ်လောက် ဆန်းသလဲ သိကြရဲ့လား၊ ကာနယ်နဲ့ ကက်ပတိန်နဲ့ တစ်ယောက်ကို တစ်ယောက် လက်ဆွဲယမ်းလိုက်ကြတာဗျာ၊ ကျေကြရောဆိုတဲ့ သဘော ထင်ပါရဲ့'

သူတော်စိန်နှင့် ဂျိုးဇက်တို့လည်း အံ့အားသင့်လျက် ရယ်မောကြလေ၏။

စိန်။ ။'ထူးပေ ဆန်းပေ ခင်ဗျာ'

ဂျိုး။ ။'ဖြစ်ပုံလည်းဆန်း၊ အင်္ဂလိပ်များလည်း ဆန်းပေ့ဗျာ'

တိုက်။ ။'ဒီလောက် မကသေးဘူးဗျ။ ရုံးရောက်တော့လည်း စုံတွဲ နှစ်ခု တစ်နေ့တည်း ရောက်ကြပြီး ဒက်ရိုက်ခံရတော့လည်း အရာတူ။ မေရီနှစ်ယောက် မျက်နှာမြင်ကြတော့လည်း တစ်နေ့တည်းပဲတဲ့ဗျ'

စိန်။ ။'လာပဲ လာချေသေးခင်ဗျာ၊ ဆုံလည်း ဆုံစည်းတတ်ပါပေရဲ့'

ဂျိုး။ ။'အံ့သြပါရဲ့ဗျာ'

တိုက်။ ။'ဒါတွင် မကသေးဘူး။ စစ်ကြီးပြီးလို့ နောက်မိန်းမယူကြတော့လည်း ကာနယ်ရော–ကက်ပတိန်ရော တစ်နေ့တည်းတဲ့ဗျ'

စိန်။ ။'ဟာ ....လွန်လွန်းလှချေကလားဗျာ'

တိုက်။ ။'မလွန်လွန်းနဲ့လေ၊ သူတို့ စုံတွဲသစ်နှစ်ခုက ကလေးမွေးတော့ သားကလေးချည်း တစ်နေ့တည်း မွေးသတဲ့ဗျ'

စိန်။ ။'လာပဲ လာချေသေးဗျာ၊ ဒါဖြင့် အဲဒီသားကလေး နှစ်ယောက်နဲ့ ဟိုစုံတွဲက မွေးတဲ့ သမီးကလေးနှစ်ယောက်နဲ့ လက်ထပ်ကြလို့ ကလေးမွေးရင် သူတို့ချင်း ဘယ်လို ဆွေမျိုးစပ်ပါ့မလဲ ခင်ဗျာ'

ဂျိုး။ ။'အတော် ကြံစည်တဲ့ မိတ်ဆွေပဲဗျို့၊ အလို ဒါဆက် ဒွေနာရီတောင် ထိုးသွားပြီ။ မေဂျာ ကျွန်တော်တို့မှာ အလုပ်ရှိသေးတယ်ဗျ'

www.burmeseclassic.com



တိုက်။ ။'အို .... ဂိုးတူ ဟဲလ်မင်(န) အချိန်ရှိပါသေးတယ်'

စိန်။ ။'ကျွန်တော့်ကြောင့်တော့ အလုပ်ပျက်မခံကြပါနဲ့လေ၊ ကိစ္စရှိရင် သွားသာ သွားကြပါ'

တိုက်။ ။'ကိစ္စမကလို့ ဘာရှိရှိဗျာ၊ နှစ်ပေါင်းများစွာ ကွဲကွာနေကြတဲ့ မိတ်ဆွေချင်း ကံအားလျော်စွာ ပြန်တွေ့ကြရာမှာ ဒီလောက်နဲ့ ဘယ်ခွဲနိုင်ဦးမလဲဗျ။ မပူပါနဲ့ ဂျိုးဇက်၊ မီပါတယ်ဗျ'

ဂျိုး။ ။'ခင်ဗျားသဘောပါပဲဗျာ'

စိန်။ ။'မဟုတ်ဘူးလေ၊ ကျွန်တော့်အတွက်တော့ ....'

တိုက်။ ။'အို .... ဘလယ်ဒီ နွန်းဆင်း(စ)မင်(န) အရေးမလုပ်စမ်းပါနဲ့။ ကျုပ်က ဝတ်ပြုလို့ အားမရသေးပါဘူး။ ကိုင်း–ဦးဘကျော်လှ ဒါဖြင့် ကျုပ်တို့တိုက်ကို ခဏလောက် လိုက်ပါဦးဗျာ။ စားရင်းသောက်ရင်း ရှေးဟောင်း နှောင်းဖြစ်ကလေးတွေ ပြောကြစမ်းပါဦးစို့။ အားလပ်ရဲ့ မဟုတ်လားဗျ'

စိန်။ ။'ကျွန်တော်ကတော့ အားပါတယ်။ သို့သော် ....'

တိုက်။ ။'အိုကေ၊ ဒါဖြင့် နေရာကျပြီ။ အိမ်လိုက်ခဲ့ဦးဗျာ၊ ဟိုတယ်က လူရှုပ်လှပါတယ်၊ ကိုယ့်အိမ်မှာကိုယ် လွတ်လွတ်လပ်လပ်ကောင်းတာကိုးဗျာ'

သူတော်စိန်က လိုက်ဖို့ သဘောတူသဖြင့် ထိုင်ရာမှ ထကြရာတွင် ဂျိုးဇက်၏ မျက်နှာထားမှာ အလွန် အပြောရခက်သော မိတ်ဆွေဟာစ်ယောက်၏ အလိုသို့ လိုက်နေရခြင်းကဲ့သို့ စိတ်ရှုပ်သည့် အနေမျိုး ဖြစ်နေလေ၏။

ဂျိုးဇက်သည် သူတော်စိန်အား 'ခဏကလေး သည်းခံပါဦးဗျာ' ဟု ပြော၍ လူရှေ့တွင် သတိပေး၍ မဖြစ်သော စကားမျိုး ပြောလိုဟန်ဖြင့် မေဂျာ၏လက်ကို ဆွဲခေါ်သွားပြီးလျှင် တစ်နေရာသို့ ရောက်သောအခါ၌....





တိုက်။ ။(အပြင်းအထန် ငြင်းဆန်သော အမူအရာမျိုးဖြင့် ဦးခေါင်းကို ယမ်းခါလျက်) 'ကိုယ့်လူတော့ ပိုင်ပါပြီဗျ'

ဂျိုး။ ။(အပြောရ ခက်ဟန်ဖြင့် လက်ဖဝါးကို လက်သီးတစ်ဖက်ဖြင့် ထုလျက်) 'ကျုပ် နားလည်ပါတယ်၊ သို့သော် ခင်ဗျားက သိပ်သိပ်ပြီး လေမဖောလိုက်နဲ့ဗျ။ မက်ဆိုပိုတေးမီယားတွေ ဘာတွေ သိပ်မလုပ်နဲ့ဗျ၊ ဒါ့ထက် သူ ဘယ်သူလဲ၊ ခင်ဗျား သိပြီလား'

တိုက်။ ။'ဘယ်ကလာ သိလိမ့်မှာလဲ'

ဂျိုး။ ။'ခင်ဗျားကို သူက ဒီပြင့်လူတစ်ယောက်နဲ့ မှားများနေထင်ပါရဲ့'

တိုက်။ ။'မှားချင် မှားလေ၊ ဘာဖြစ်ဖြစ် ကျုပ် ပိုင်အောင် လုပ်တတ်ပါတယ်'

သူတော်စိန်လည်း ထိုလူနှစ်ယောက်တို့ကို အဝေးမှ လှမ်းမျှော်ကြည့်နေသဖြင့် မလိုက်ချင်သော မေဂျာကို အတင်းခေါ်နေရသော အမူအရာမျိုးဖြင့် ဟန်လုပ်နေကြခြင်း ဖြစ်လေသည်။ နောက်ဆုံး၌ မေဂျာက ရှေ့မှ လျှောက်လာ၍ ဂျိုးဇက်က မလိုက်ချင် လိုက်ချင် မျက်နှာထားမျိုးဖြင့် နောက်မှ လိုက်ပါလာလေရာ သူတော်စိန်အနီးသို့ ရောက်ကြသောအခါ–

တိုက်။ ။'သိပ်ရှော်တဲ့ လူဗျာ၊ လူကို ကလေးမှတ်နေ ထင်ပါရဲ့၊ သူ့အလုပ်က ဘာအရေးကြီးလို့လဲ။ ကိုင်း လာဗျာ၊ ဦးဘကျော်လှ ကျုပ်တို့ တိုက် သွားကြစို့'

*

လူသုံးယောက်တို့သည် တက္ကစီတစ်စီးပေါ်သို့ တက်ကြ၍ ကရိ (ဒိုလ်မြတ်ထွန်း) လမ်း၌ရှိသော ဦးတိုက်စိုး၏ တိုက်ခန်းသို့ မောင်းနှင်သွားကြလေ၏။ တိုက်ပေါ်သို့ တက်လာကြသည့်အခါ ဦးတိုက်စိုး၏ တိုက်ခန်းမှ ဆိုဖာကြီးများ၊ မှန်ဗီရိုကြီးများ၊ ခန်းပေါက် ကော်ဇောကြီးများ စသည်ဖြင့်

www.burmeseclassic.com



ခမ်းနားသိုက်မြိုက်စွာ ခင်းကျင်းထားသည်ဖြစ်၍ တောမှလူများ မြင်ရလျှင် အနည်းဆုံး ပင်စင်လခ ၅၀၀ိ ခန့် ရရှိသော လူတစ်ယောက်၏ အနေအထိုင်မျိုး ဖြစ်ရမည်ဟု ထင်မှတ်လောက်ပေ၏။ သူတော်စိန်ကမူ မည်ကဲ့သို့ မှတ်ထင်မည် မဆိုနိုင်သော်လည်း "တော်ပေသားပဲ" ဆိုသော မျက်နှာထားမျှလောက်သာ ပြပေ၏။

ထိုခေတ်က ရိမနီဟိုတယ်ရှင်သည် နံနက်စာ၊ နေ့စာ၊ ညစာတို့ကို အလိုရှိရာ မှာယူစားသုံးနိုင်သည့် လက်မှတ် ၁၀၀ ပါရှိသော စာတစ်အုပ်ကို ငွေ ၁၀၀ိ နှင့် ကြိုတင်ရောင်းချသောစနစ် တီထွင်ထားရာ မေဂျာတိုက်စိုးမှာ ထိုလက်မှတ်တစ်အုပ် ဝယ်ယူထားသည်ဖြစ်၍ တပည့်တစ်ယောက်ကို လက်ဆွဲသံချိုင့်တစ်ခုနှင့် လူ ၃ ယောက်တွက် တစ်ဖင် (နေ့လယ်စာ) ယူခဲ့ရန် စေလွှတ်လိုက်လေ၏။

ထိုနောက် မေဂျာနှင့် ဂျိုးဇက်တို့က အရင်းအနှီးသဘောဖြင့် ဝယ်ခြမ်းသိုလှောင်ထားသည့် အရက်အမျိုးမျိုးတို့ကို ပုလင်းလိုက် ထုတ်လာ၍ ဆိုဒါဆိုက်ဖုံးနှင့်တကွ စားပွဲပေါ်တွင် တည်ခင်းလေရာ၊ မြင်ရသူတို့မှာ ဘိလပ်သား အရာရှိကြီးတစ်ယောက်ထက် မနိမ့်ကျသော အနေအထိုင်ပေတည်းဟု ခန့်မှန်းလောက်ပေ၏။

မိတ်ဆွေသုံးယောက်တို့သည် စားပွဲတွင်ထိုင်ကြ၍ ဟိုတယ်မှ စားစရာ အမြည်းများနှင့် အရက်အမျိုးမျိုးတို့ကို သောက်ရင်း စကားပြောလျက်ရှိကြရာ နာရီပြန်တစ်ချက်ထိုးသည်နှင့် တစ်ပြိုင်နက် ဂျိုးဇက်သည် လေပန်းလျက်ရှိသော မေဂျာ၏မျက်နှာကို လှမ်းကြည့်လျက်–

ဂျိုး။ ။'ဘယ့်နှယ်လဲ မေဂျာ၊ အချိန်တန်နေပြီ ခင်ဗျ'

တိုက်။ ။'အဲလေ လုပ်စရာရှိတာ လုပ်ကြရုံပေါ့'

ဂျိုးဇက်သည် သူစိမ်းတစ်ရံဆံတစ်ယောက်၏ရှေ့တွင် လျှို့ဝှက်သော မိမိတို့၏ အလုပ်ကို လုပ်၍ ဖြစ်နိုင်ပါမည်လောဆိုသော သဘောမျိုးဖြင့် သူတော်စိန်ကို လှမ်းကြည့်လေ၏။





ထိုအခါ သူတော်စိန်သည် သောက်နေသော ဖန်ခွက်ကို ပြန်ချထား၍ 'ကိုင်း ကျွန်တော် ထိုင်တာလည်း တော်တော်ကြာသွားပေပြီဗျာ၊ ခင်ဗျားတို့ အလုပ်ပျက်နေပါတော့မယ်' ဟု ပြော၍ စကားမဆုံးသေးမီ မေဂျာတိုက်စိုးက ကြားဖြတ်လျက်–

တိုက်။ ။'ဒီလို မလုပ်ပါနဲ့ဗျ၊ ထိုင်သာ ထိုင်ပါ။ ဒမ်မစ်ဂျိုးဇက်၊ ခင်ဗျားဟာက လူတိုင်းကို မယုံကြည်နိုင်သလို ဖြစ်နေရောပေါ့။ ဒီက ဦးဘကျော်လှဆိုတာ ကျုပ်နဲ့ မိတ်ဟောင်းဆွေဟောင်းကြီး တစ်ယောက်ပါဗျ၊ စိတ်ချယုံကြည်ရပါတယ်။ ကျုပ်တို့ လုပ်ချင်တာ သူ့ရှေ့မှာ လုပ်သာလုပ်ပါ၊ နှုတ်လုံတဲ့ လူတစ်ယောက်ပါဗျ'

ဂျိုး။ ။(မကျေနပ်နိုင်သော အမူရာဖြင့်) 'စဉ်းစဉ်းစားစား လုပ်ပါ မေဂျာ၊ လူတွေသိကုန်ရင် မတော်ဘူး ထင်တယ်ဗျ။ ကြာရှည်မစားရဘဲ နေလိမ့်မယ်လေ'

တိုက်။ ။'အို ဒဲ့ရှစ်တောလ်မင်(နှ)၊ ဒီလူက ကျုပ်လူပါ ခင်ဗျ၊ ကိစ္စမရှိပါဘူး။ ခင်ဗျားက မသိစေချင်ပေမယ့် ကျုပ်က သူ့ကို မပြောဘဲနေကို မနေနိုင်ဘူးဗျာ၊ ရိုးယဲလီး'

ဂျိုးဇက်ဘဦးသည် သဘောမတူနိုင်သဖြင့် ကန့်ကွက်ဦးမည့် အမူအရာဖြင့် ပါးစပ်ကို ဟ လိုက်ပြီးမှ ပြောမည့်စကားကို မျိုချလိုက်သည့်ဟန်နှင့် ကုလားထိုင်တွင်မှီလျက် ထိုင်နေလိုက်လေ၏။ သူ၏ မျက်နှာထားမှာ 'ကျုပ် ဝတ္တရားတော့ ကုန်ပြီ၊ ခင်ဗျားသဘောအတိုင်းပဲ' ဟု ဆိုလိုက်သော အမူအရာမျိုး ဖော်ပြလျက် ရှိ၏။ နောက်ဆုံး၌ မေဂျာတိုက်စိုးသည် သူတော်စိန်၏ ကုလားထိုင်အနီးသို့ တိုးထိုင်လျက် ....

တိုက်။ ။'ဒီလိုဗျ ဦးဘကျော်လှရဲ့၊ ဂျိုးဇက် ကန့်ကွက်နေတာက တခြားမဟုတ်ဘူး၊ ကျုပ်တို့ မြင်းလောင်းတတ်တဲ့ ဝါသနာကို ခင်ဗျား မသိစေချင်ဘူးတဲ့ဗျ'



www.burmeseclassic.com

www.burmeseclassic.com



ဂျိုး။ ။ 'ဒီလောက်မကလို့ ကန့်ကွက်ရတာပါလေ'

သူတော်စိန်လည်း အံ့သြဟန်ဖြင့် တစ်လှည့်စီ ကြည့်နေလေ၏။

တိုက်။ ။ 'အကြောင်းက ဒီလိုကိုး ဦးဘကျော်လှရဲ့၊ ကျုပ်တို့နှစ်ယောက်က မြင်းပြိုင်ကွင်းနဲ့ ပတ်သက်ပြီး ‹ကို အောက်ဆုံးကျော်ကီကစပြီး ထရိန်နာရော၊ အံ့နာရော၊ ‹တူးဝပ် လူကြီးတွေရော၊ ဒိုင်လူကြီးရော ခဲပေး အရာရှိရော၊ ဂိတ်လွှတ် အရာရှိရော၊ နောက်ပိတ်ဆုံး ကွင်းကြမ်းပိုးအထိ တစ်ယောက်မကျန် သိနေကြလေတော့ ဒီကနေ့ ဘယ်ပွဲ ဘယ်ပွဲမှာ ဘယ်မြင်း ဘယ်မြင်းများ နိုင်ကြလိမ့်မယ်ဆိုတာကို တစ်သဝေမတိမ်းရအောင် သိနိုင်ကြတာကိုးဗျ။ ကျုပ်တို့အကြောင်းကို ဘုကီ ဒိုင်ကြီးတွေက ဘယ်လောက်များ သိနေကြလဲဆိုရင် ကျုပ်တို့ကို လုံးဝ အလောင်းမခံဝံ့သလောက် ဖြစ်နေကြတာပဲ။ ဒါကြောင့် ကျုပ်တို့ မြင်းပွဲမှာ မျက်နှာတောင် မပြဝံ့တော့ဘဲ လောင်းစရာရှိလျှင် အိမ်ကနေပြီး တယ်လီဖုန်းနဲ့ လောင်းနေကြရတယ်ဗျ။ ဒီကနေ့ နာရီပြန် ၂ ချက်မှာ ပြေးမယ့်ပွဲမှာ ဘယ်မြင်း နိုင်လိမ့်မယ်ဆိုတာ ကျုပ်တို့က တွက်ပြီး ချက်ပြီး ဖြစ်နေပြီဗျ။ အချိန်ကလည်း နည်းနည်းကျန်တော့တယ်၊ ဒါကြောင့် ဂျိုးဇက်က သိပ်လောနေတယ်ဗျ'

ဂျိုးဇက်ကလည်း အလုံးစုံ မပြောလိုက်ဖို့ မျက်စိမှိတ်၍ တားသေး၏။

စိန်။ ။ 'မြင်းလောင်းတာ လောင်းပေါ့ဗျ၊ ဘာဖြစ်တတ်သလဲ'

တိုက်။ ။ 'ဂျိုးဇက် ပူပန်နေတာက ကျုပ်တို့ အလုပ်လုပ်ပုံတွေကို အံ့နာတွေ၊ ထရိန်နာတွေ သိသွားကြလို့ရှိရင်၊ နောက်ပြီး သူတို့ဆီက မြင်းသတင်း မရဘဲ နေမှာ စိုးရတယ်ဗျ။ ကျုပ်တို့က သတင်းပေါင်းစုံရအောင် စုဆောင်းပြီးတဲ့နောက်မှ ကိုယ့်ဟာကိုယ် တွက်ယူကြရတာကိုးဗျ၊ သူတို့ဆီက သတင်းမရရင် ကျုပ်တို့ ဘယ့်နှယ်လုပ်ပြီး တွက်မလဲ၊ ကျုပ်တို့ လာဘ်ပိတ်သွားမှာပေါ့ဗျ'

စိန်။ ။ 'ကျွန်တော့်အတွက်တော့ မစိုးရိမ်ပါနဲ့၊ နှုတ်လုံပါတယ်ဗျာ စိတ်ချပါ'





တိုက်။ ။ (ဂျိုးဇက်ဘက်သို့ လှည့်လျက်) 'ကိုင်း .... ဘယ့်နှယ်ရှိစ ကျုပ် မပြောဘူးလား'

ဂျိုး။ ။ 'ဒါဖြင့်လည်း သဘောပေါ့ဗျာ'

တိုက်။ ။ 'ကျုပ်တို့က ယခု တယ်လီဖုန်းကနေပြီး မြင်းလောင်းကြမလို့ဗျ'

ဂျိုး။ ။ 'လုပ်မှာဖြင့်လုပ်တော့ မေဂျာ၊ ၂ ချက်ထိုးဖို့ ၁၀ မိနစ်လိုတော့တယ်၊ ဘုကီ ပိတ်သွားတော့မယ်။ ကျုပ်တို့ ဘယ်လောက် လောင်းမှာလဲ'

တိုက်။ ။ '၁၀၀၀ိ တော်ရော့ပေါ့ဗျာ'

နောက်တစ်ခါ ဂျိုးဇက်သည် အခန်းထောင့်၌ တပ်ဆင်ထားသော တယ်လီဖုန်းသို့ ထ သွား၍ နံပါတ်တစ်ခုသို့ ဆက်ပြီးလျှင်၊ ၂ နာရီပွဲ၌ လပ်ကီးဘွိုင်ဆိုသော မြင်းအတွက် ငွေ ၁၀၀၀ိ လောင်းရန် အမိန့်ပေးလိုက်လေ၏။ ဂျိုးဇက်က တယ်လီဖုန်းနံပါတ်ကို တိုးတိုးမျှသာ ပြောသော်လည်း သူတော်စိန်သည် နားစိုက်နေသဖြင့် ကြားမိအောင် ကြားလိုက်ရပေ၏။

ထိုနောက် ၁၀ မိနစ်ခန့် စောင့်ဆိုင်းရင်း အခြားစကားကို ပြောနေကြပြီးနောက် မြင်းပွဲ ပြေးပြီးလောက်သော အချိန်တွင် ဂျိုးဇက်သည် တယ်လီဖုန်းသို့ ထ သွားပြန်၍ ယခင် နံပါတ်အတိုင်း ဆက်စေပြီးလျှင် မြင်းပွဲသတင်းကို မေးမြန်းရာ 'လပ်ကီးဘွိုင် နိုင်တယ်၊ ၂ လေး အလျော်ရတယ်' ဟု ပြန်ပြောသံ ကြားရလေ၏။ ထိုအခါမှ ဂျိုးဇက်က 'ထပ်ပြောပါဦး' ဟု ပြော၍ သူတော်စိန်အား တယ်လီဖုန်းကို နားထောင်စေရာ 'လပ်ကီးဘွိုင် နိုင်တယ်၊ ၂ လေး အလျော်ရတယ်' ဟု ပြောသံ ကြားရလေ၏။

တိုက်။ ။ 'ကိုင်း နေရာမကျလား မိတ်ဆွေ၊ ကျုပ်တို့ ငွေ ၂၀၀၀ိ နိုင်လိုက်ရပြီဗျ'

စိန်။ ။ 'ဟန်ပေသားပဲ ခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



တိုက်။ ။ 'နေဦး၊ ခင်ဗျား ကြည့်နေ။ ၂ နာရီခွဲပွဲကျတော့ ကျုပ်တို့ လောင်းပြဦးမယ်'

အတန်ကြာ စောင့်ဆိုင်းနေပြီးနောက် ဦးတိုက်စိုး၏ နာရီကြီးမှ ၂ နာရီ မိနစ် ၂၀ အချိန် ရှိနေသောအခါ ဂျိုးဇက်သည် ရေးနည်းအတူ တယ်လီဖုန်းသို့ ထ သွား၍ ယခင်နံပါတ်အတိုင်း တီးတိုးဆက်စေပြီးလျှင် 'ဒီပွဲမှာ စပဲရီးဟောက်ကို ၁၀၀၀ိ လောင်းလိုက်ပါ' ဟု အော်ပြောပြီးမှ သူတော်စိန်ဘက် လှည့်၍ 'ခင်ဗျားကော ဘယ့်နှယ်လဲ' ဟု မေး၏။ သူတော်စိန်က 'ကျွန်တော့်မှာ ငွေ ၁၁ိ သာ ပါတယ်' ဟု ပြောရာတွင် ဂျိုးဇက်က 'ကိစ္စမရှိပါဘူး၊ နောက်မှ ရှင်းနိုင်တာပဲ' ဟု ပြော၍ တယ်လီဖုန်းသို့ တစ်ဖန် လှည့်ပြီးလျှင် 'စပဲရီးဟောက်ကို ငွေ ၂၀ိ ထပ်လောင်းလိုက်ပါဦး' ဟု အမိန့်ပေးလိုက်လေ၏။

၂ နာရီ မိနစ် ၄၀ ကျော်လွန်လာသောအခါ ဂျိုးဇက်သည် ရေးနည်းအတိုင်း တယ်လီဖုန်းဆက်စေပြီးနောက် မေးလိုက်ရာတွင် 'စပဲရီးဟောက် နိုင်တယ်၊ ၅ လေး လျော်တယ်' ဟု အဖြေရလေ၏။ ထိုအခါ ဂျိုးဇက်က 'ထပ်ပြောပါဦး' ဟု ပြော၍ သူတော်စိန်ကို နားထောင်စေရာ သူတော်စိန်မှာလည်း 'စပဲရီးဟောက် နိုင်တယ်၊ ၅ လေး လျော်တယ်' ဟူသော အသံကို ကြားရလေ၏။

တိုက်။ ။ 'ကိုင်း မိတ်ဆွေ၊ ခင်ဗျား ဘယ်လောက် ကော်သလဲ၊ ငွေ ၁၀၀ိ အချောင်ရနေပြီ မဟုတ်လား၊ နေရာမကျဘူးလားဗျ'

သူတော်စိန်လည်း မည်သို့မျှ ပြန်မပြောဘဲ စီးကရက်တစ်လိပ်ကို မီးညှိကာ သောက်နေရာမှ–

စိန်။ ။ 'ခင်ဗျားတို့ ဒီအလုပ် လုပ်ကြတာ ဘယ်လောက်ကြာပြီလဲ'

တိုက်။ ။ '၂ နှစ် ရှိသွားပြီဗျ၊ ကျုပ်တို့လောင်းသမျှ နိုင်တာလိုလို ချည်းပါပဲ၊ ဆယ်ကောင်မှ တစ်ကောင်လောက်သာ ကျုပ်တို့တွက်ကိန်း





မှားဖူးတယ်။ ခုနင်က ခင်ဗျား လောင်းလိုက်တာ နည်းသွားတယ်ဗျ၊ နောက် တစ်ပွဲ များများ လောင်းဗျို့'

စိန်။ ။ 'တော်လောက်ပါပြီဗျာ၊ ကျွန်တော်က နည်းနည်းပါးပါး အပျော်လောက် လောင်းချင်တာပါ'

တိုက်။ ။ (မျက်နှာပျက်လျက်) 'ဘယ့်နှာလဲ၊ ခင်ဗျား မလောင်းတော့ဘူးလား'

စိန်။ ။ 'ကျွန်တော်က သေချာပေါက်ဆိုမှ လောင်းချင်တာခင်ဗျ'

တိုက်။ ။ 'ဒီထက် ဘယ့်နှယ်လုပ် သေချာရဦးမှာလဲ၊ ခင်ဗျား မြင်တဲ့အတိုင်း ၂ ပွဲလောင်း ၂ ပွဲလုံး နိုင်တယ် မဟုတ်လား'

စိန်။ ။ (ဦးခေါင်းယမ်းလျက်) 'ခင်ဗျားတို့ဟာက မြင်းတွေရဲ့ ခြေကို တွက်ပြီး လောင်းယူရတာ မဟုတ်ဘူးလား။ မြင်းဆိုတာ အသက်နဲ့ သတ္တဝါဗျ၊ ပြေးတုန်း လဲသေနိုင်တယ်၊ ချာလိပ်သွားနိုင်တယ်၊ ဂျော်ကီ လိမ့်ကျနိုင်တယ်၊ ရှုံးလမ်းတွေ အများကြီး ရှိနိုင်တယ် ခင်ဗျာ။ ကျွန်တော်က ဒါထက် သေချာတဲ့နည်း ရှိသေးတယ်'

တိုက်နှင့် ဂျိုးတို့က တစ်ပြိုင်နက်တည်း 'အလို ခင်ဗျားကလေ' ဟု အော်လိုက်ကြ၏။

စိန်။ ။ 'ကျွန်တော်က ကမ္ဘဋ္ဌာန်းပေါက်ထားတဲ့လူ ခင်ဗျ၊ ၅ မိနစ်လောက် တစ်ယောက်တည်း ကမ္ဘဋ္ဌာန်းထိုင်လိုက်ရင် အနာဂတ် အဖြစ်အပျက်ကို ဒေဝီလတို့လို ရှေ့ကမ္ဘာ လေးဆယ်၊ နောက်ကမ္ဘာ လေးဆယ် တော့ မမြင်နိုင်ဘူး။ သို့သော် ၁၅ မိနစ်လောက်တော့ ကြိုတင်ပြီး သိမြင်နိုင်တယ်'

'အလို ဘုရားရေ၊ အို မိုင်ဂေါ့ဒ်' ဟု တစ်ပြိုင်နက်တည်း အော်လိုက်ကြပြီးနောက် တိုက်နှင့်ဂျိုးတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စိန်။ ။'ခင်ဗျားတို့က မကြုံဖူးတော့ မယုံနိုင်ဘူးပါလေ၊ သို့သော် ကျွန်တော် သက်သေပြပါမယ် ကြည့်ကြမလား'

တိုက်။ ။'ကြည့်ပါရစေဗျာ'

စိန်။ ။'ကျွန်တော် မြင်းမလောင်းဘူးလို့ အောက်မေ့တာ၊ ခင်ဗျားတို့က စ ပေးလို့ လောင်းလက်စနဲ့ လောင်းရတော့မှာပဲ။ ကိုင်း ခင်ဗျားတို့ တစ်ဆိတ်လောက် အပြင်ထွက်လိုက်ကြဗျာ'

တိုက်။ ။'ဘာလုပ်ဖို့လဲ မိတ်ဆွေ'

စိန်။ ။'ကျွန်တော် ကမ္ဘာ့ဌာန်း ထိုင်မယ်လေ၊ ပြီးတော့ ကျွန်တော့် အကြောင်း ခင်ဗျားတို့ သိကြမပေါ့'

လူနှစ်ယောက်တို့သည် မယုံတယုံ ရှိနေကြသော်လည်း စမ်းသပ်ရန် ခဲယဉ်းသောကိစ္စ မဟုတ်သောကြောင့် သူတော်စိန် အလိုရှိသည့်အတိုင်း အခန်းပြင်သို့ ထွက်နေကြလေ၏။ သူတော်စိန်သည် တံခါးကို လိုက်ပိတ်၍ နာရီကြီးဆီသို့ သွားပြီးလျှင် နာရီလက်တံကို ဆယ်မိနစ်ခန့် နောက်သို့ ရွှေ့ထားလိုက်ပြီးမှ ကုလားထိုင်ပေါ်၌ ပြုံးပြုံးကြီးထိုင်ကာ စီးကရက် သောက်နေလေ၏။

အတန်ကြာလတ်သော သူတော်စိန်သည် ထိုင်ရာမှထ၍ တယ်လီဖုန်းသို့ သွားပြီးလျှင် ဂျိုးဇက် ဆက်ဖူးသော နံပါတ်အတိုင်း ဆက်စေ၍ ဂျိုးဇက်၏ အသံသြကြီးအတိုင်း အတုခိုးလျက် မေးလိုက်သည်နှင့် တစ်ပြိုင်နက် 'လာရီ' ဟု တယ်လီဖုန်းမှ ပြောလိုက်သော အသံကို ကြားလိုက်ရလေ၏။ ထိုအခါ 'ခဏနေဦး' ဟု ပြောထားခဲ့၍ တံခါးကို ပြေးဖွင့်ပြီးလျှင် 'နေရာကျတယ်ဗျို့၊ ၃ နာရီပွဲမှာ နိုင်မြင်းကို ကျွန်တော် သိရပြီ' ဟု ပြောက သူတော်စိန် ရွှေ့ထားသော နာရီကြီး၌ ၃ နာရီထိုးဖို့ ဆယ်မိနစ်မျှ လိုတော့သည်ဖြစ်ရာ သူတော်စိန်သည် တယ်လီဖုန်းသို့ ပြေးသွား၍ 'လာရီကို ငွေ ၁၀၀၀ဝ လောင်းလိုက်ပါ' ဟု ပြောလိုက်လေ၏။





ထိုနောက် လူ ၃ ယောက်တို့သည် တိုက်ပေါ်မှ ဆင်းလာကြ၍ သတင်းစာတိုက်တစ်တိုက်သို့ သွားပြီးလျှင် မြင်းပွဲသတင်းကို တယ်လီဖုန်းနှင့် ယူနေသော အယ်ဒီတာထံ စုံစမ်းကြသောအခါ ၃ နာရီပွဲတွင် လာရီပင် နိုင်၍ သုံးလေးရာ လျော်ကြောင်း သိရှိရလေ၏။

မေဂျာတိုက်စိုးနှင့် ဂျိုးဇက်ဘဦးတို့သည် ထိုအကြောင်းကို သိရှိကြရသောအခါ လွန်စွာ အံ့သြလေ၏။ ဂျိုးဇက်ဘဦးမှာ ကမ္မဋ္ဌာန်းထိုင်သော နည်းဖြင့် အနာဂတ် အဖြစ်အပျက်များကို ၁၅ မိနစ်ခန့်ဖြစ်စေ ကြိုတင် သိရှိနိုင်ခဲ့လျှင် အလွန်နေရာကျ၍ မကြာမီအတွင်း သူဌေးဖြစ်နိုင်လိမ့်မည် တကားဟု မိမိကိုယ်တိုင် စိတ်ကူးယဉ်ခဲ့ဖူးသည် ဖြစ်သောကြောင့် ယခုအခါ၌ ထိုပညာကို တတ်နေသော လူတစ်ယောက်နဲ့ တွေ့ရချေပြီ ဆို၍ ဝမ်းမြောက် ဝမ်းသာ ဖြစ်နေလေ၏။

ဂျိုး။ ။'ခင်ဗျား ဒီလို နေ့တိုင်း လုပ်နိုင်ပါမလား'

စိန်။ ။'ဘာခက်လို့လဲဗျ၊ လုပ်နိုင်တာပေါ့။ ကျွန်တော့်အဖို့မှာ ရွှေဆိုတာ သိပ်အရေးမကြီးလို့ ဒီနည်းနဲ့ ငွေမရှာဘဲ နေခဲ့တာပေါ့ဗျာ'

မေဂျာတိုက်စိုးနှင့် ဂျိုးဇက်ဘဦးတို့ ရောမ သိုက်ကြီးတစ်ခု တွေ့ရ ချေပြီဟု ဝမ်းမြောက်ဝမ်းသာဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်မိကြလေ၏။

စိန်။ ။'ကိုင်း မိတ်ဆွေတို့ ...စကားကောင်းနေကြတာ အတော် ကြာသွားပြီ၊ ကျွန်တော် သွားလိုက်ဦးမယ်ဗျာ'

တိုက်။ ။'အရင်မလိုပါနဲ့ မိတ်ဆွေ။ ဖြည်းဖြည်းပေါ့ဗျာ၊ ကျွန်တော် တို့တိုက် ခဏလောက် လိုက်ခဲ့ပါဦး'

စိန်။ ။'ဘာကိစ္စလဲ ခင်ဗျာ'

တိုက်။ ။(မျက်နှာချိုသွေးလျက်) 'ခင်ဗျာ့ပညာကို အသုံးပြုပြီး ကျုပ်တို့ဖို့ ငွေကလေး နည်းနည်းပါးပါး ရအောင် လုပ်ပေးခဲ့ပါဦးဗျာ'

www.burmeseclassic.com



ဦးတိုက်စိုး၏ တိုက်ခန်းသို့ ရောက်သောအခါ ၄ နာရီ ထိုးလုပြီ ဖြစ်ရာ မိတ်ဆွေနှစ်ယောက်တို့က ကျန်သော မြင်းပွဲများအတွက် မိမိတို့ အဖို့ အနည်းငယ်မျှစီ လောင်းပေးဖို့ တိုက်တွန်းကြလေ၏။ ထိုအခါ သူတော်စိန်က ယင်းသို့ဆိုလျှင် စပဲရိုးဟောက် (က) အတွက် မိမိနာမည်နှင့် နိုင်ထားသော (ငွေ ၂၀ဝိ × ငါးလေး) ငွေ ၁၀၀ဝိ ကို ဦးတိုက်စိုးတို့က စိုက်ထုတ်ရှင်းလင်းပေးရမည်ဟု ပြောသဖြင့် မေဂျာတိုက်စိုးနှင့် ဂျိုးဇက်ဘဦးတို့သည် သူတော်စိန်ကို ငွေ ၁၀၀ဝိ စိုက်ထုတ်ရှင်းလင်း ပေးကြလေ၏။

ထိုနောက် ၄ နာရီခွဲပွဲ အတွက် တစ်ကြိမ်၊ ၅ နာရီပွဲ အတွက် တစ်ကြိမ် သူတော်စိန်သည် ရေးနည်းအတိုင်း ထိုလူနှစ်ယောက်တို့ကို တိုက်ပြင်ထုက်ကာ ကမ္ဘဋ္ဌာန်းထိုင်ချင် ပြုပြီးနောက် နိုင်မည်ထင်သော မြင်းများအတွက် (အစမ်းသဘောဖြင့်) ငွေ ၂၀ဝိ စီလောက် ပေးခဲ့ရသေး၏။

*

မြင်းပွဲ အားလုံးပြီး၍ သူတော်စိန် ပြန်သွားသောအခါ မေဂျာတိုက်စိုးနှင့် ဂျိုးဇက်ဘဦးတို့သည် မြင်းပြိုင်ကွင်းအနီးရှိ တိုက်ကလေးတစ်တိုက်သို့ တက္ကစီတစ်စီးနှင့် အလျင်အမြန် မောင်းနှင်သွားကြ၍ တိုက်ပေါ်သို့ ပြေးတက်သွားကြသောအခါ မိမိတို့၏ ကြံဖော်စည်ဖက် ဖြစ်သော တတိယပါတနာသည် တယ်လီဖုန်းတစ်ခုအနီးတွင် စီးကရက်အမြည်းဖြင့် ဘီယာတစ်ပုလင်း သောက်လျက် ရှိသည်ကို တွေ့ရလေ၏။ ထိုသူမှာ မျက်နှာတစ်ခုလုံး ဝက်ခြံပေါလှသဖြင့် လက်သန်းတစ်ချောင်း ထောက်လောက်အောင် ကွက်လပ် မရှိတော့ချေ။

တိုက်။ ။'ဟဲ့ ဘသောင်း၊ ငါတို့တော့ ကော်ပြီမောင်။ လူရှာကောင်းတဲ့ နေရာမှာတော့ ဖတ်(စ်)ကလပ်(စ)ပါကွ'

ဂျိုး။ ။'အသား မယူချင်ပါနဲ့၊ အတူတူ ရှာရတာပါ မေဂျာ'

သောင်း။ ။'ဘာများလဲ ခင်ဗျားကြီးတို့ရဲ့'





တိုက်။ ။'ဘာရမတုံးကွ၊ ကမ္ဘဋ္ဌာန်းပေါက်တဲ့ လူတစ်ယောက် ငါတို့ တွေ့ထားပြီကွ။ ဘယ်မြင်း နိုင်လိမ့်မယ် ဆိုတာကို သူက ၁၅ မိနစ်လောက် ကြိုတင်ပြီး သိတယ်ကွ၊ ငါတို့အတွက် သူက ၂ ပွဲ လောင်းပေးခဲ့သေးတယ်။ ငါတို့က ငွေ ၁၀၀ဝိ တော့ မျှောလိုက်ရတယ် မောင်၊ ဒါပေမယ့် သူလောင်းပေးတာနဲ့ ပြန်ရမှာပေါ့ကွ။ နောက်ကိုလည်း သူ လောင်းပေးဦးမှာတဲ့'

သောင်း။ ။'နေကြစမ်းပါဦး ဗျာတို့၊ ဒီလူက ဘယ်သူတဲ့လဲ'

တိုက်။ ။'နာမည်တော့ ဘကျော်လှတဲ့ကွ'

သောင်း။ ။'အလို ဘုရား ဘုရား။ အသားလတ်လတ်၊ ထောင်ထောင်မောင်းမောင်း၊ ဝတ်ကောင်းစားကောင်းနဲ့ ပထမတန်း ဂိုက်ဆိုက်ကောင်းတဲ့ လူတစ်ယောက် မဟုတ်လား'

တိုက်။ ။'အေး ဟုတ်တယ်'

သောင်း။ ။(နဖူးကို လက်ဝါးဖြင့် ရိုက်လျက်)'အောင်မယ်လေး၊ ဒါကြောင့်ကိုးဗျ'

တိုက်။ ။'ဟကောင် ဘာဖြစ်တာလဲ ဒမ်မစ်'

သောင်း။ ။'ကျွန်တော်က တယ်လီဖုန်းနဲ့ ဒီကနေပြီး နိုင်မြင်းတွေ ပြောပြတော့ ဆရာကြီးဂျိုးဇက်က ဟိုကနေပြီး လောင်းလိုက်တာ ရှုံးမြင်းတစ်ကောင်မှ မပါဘူး၊ အားလုံး နိုင်မြင်းတွေချည်း ဖြစ်နေတာကိုး'

ဂျိုး။ ။'ဟေ့လူ ငါက တစ်ခါတည်း ပြောပါကလားကွ'

သောင်း။ ။'ခင်ဗျားက တစ်ခါတည်းပြောပေမယ့် ကျွန်တော့်ဆီမှာ ငါးခါတောင် အမိန့်ရတယ် ခင်ဗျ၊ လက်စသတ်တော့ ဘကျော်လှရဲ့ အသံကိုးဗျ၊ ဆရာကြီးတို့က ရေးကျလို့ မသိကြပဲဟာကိုး၊ သူတော်စိန် ဆိုတာ သူပေါ့ခင်ဗျ'

မေဂျာတိုက်စိုးနှင့် ဂျိုးဇက်ဘဦးတို့ စကားမပြောနိုင်ကြဘဲ အစိ

www.burmeseclassic.com



ယောက်၏မျက်နှာကို တစ်ယောက် အတန်ကြာအောင် ငေးကြည့်နေကြပြီးမှ ဂျိုးဇက်လည်း နဖူးကို လက်ဝါးနှင့် ရိုက်လိုက်ရာ၊ မေဂျာ နှုတ်မှမူကား 'ဂေါဒမ် ဘလယ်ဒီ ဟဲလ် အို ဒွဲရှစ်တောလ် ဒမ်မစ်' စသော ကျိန်စကားတို့ဖြင့် ကရားရေသွန် ပေါ်ထွက်လာလေတော့၏။

မေဂျာနှင့် ဂျိုးဇက်တို့၏ လိမ်နည်းမှာ တိုက်ခန်းအတွင်းရှိ နာရီကြီးကို မြင်းပွဲနာရီထက် ဆယ်မိနစ်ခန့် နောက်ဆုတ်ထား၍ မြင်းပွဲ ပြေးပြီးသည်နှင့် တစ်ပြိုင်နက် ဘသောင်းက နိုင်ပြီးသော မြင်းအမည်ကို တယ်လီဖုန်းနှင့် သတင်းပေးလိုက်၏။ ဤတွင် နိုင်မြင်းကို သိလေဟန်ဖြင့် မနူးနပ်သော လူများကို လှည့်စား၏။ ထိုလူက အဟုတ်တကယ် ယုံကြည်လာ၍ ငွေ အမြောက်အမြားပုံ၍ လောင်းသည့်အခါ ရှုံးသောမြင်းကို တစ်ပေး၍ မတော်တဆ ခြေချော်လက်ချော် ရှုံးရသည်ဆိုကာ လောင်းကြေးကို ထိုလူထံမှ တောင်းယူကြခြင်း ဖြစ်လေသည်။

သူတော်စိန်မှုကား ထိုအကြောင်းကို ရိပ်မိသည်ဖြစ်၍ ပရိယာယ်ဖြင့် ထိုလူလိမ်နှစ်ယောက်ကို တိုက်ပြင်သို့ ထုတ်ထားပြီးလျှင် နာရီကြီးကို ၁၀ မိနစ်ခန့် နောက်သို့ ကပ်၍ ဆုတ်ထားခြင်း ဖြစ်၏။ သို့ဖြစ်၍ ဂျိုးဇက်နှင့် မေဂျာတို့၏ အမြင်အတိုင်းမှာ သူတော်စိန်သည် မြင်းပွဲမပြေးမီ ၁၀ မိနစ်ခန့် ကြိုတင်၍ နိုင်မြင်းကို ပြောနိုင်သည်ဟု မှတ်ထင်ကြရခြင်း ဖြစ်လေသည်။

တိုက်။ ။'နို့ကွာ သူက ၁၀ မိနစ် ကြိုတင်ပြီး သိနေပါကလားကွ'

သောင်း။ ။'နာရီကြီးကို သူက ၁၀ မိနစ် ထပ်ပြီး နောက်ဆုတ်ထားလိုက်လို့ဟာပေါ့ဗျ။ သူတော်စိန်ပဲ ခင်ဗျာ၊ သူများ မှတ်လို့'

တိုက်။ ။'ဂေါဒမ် ဘယ်လယ်ဒီ ရှစ်ဒမ်မစ်တောလ်ဂိုးတူဟဲလ်'

# ကျွန်းသစ် စိုက်ပျိုးရေးကုမ္ပဏီ လီမိတက်

အမေရိကန်၊ အင်္ဂလန် အစရှိသော တိုင်းကြီးပြည်ကြီးများ၌ ကုဋေကုဋာ ကြွယ်ဝ ချမ်းသာသော သူဌေးကြီးများ ရှိကြစေကာမူ အလုပ်ကြီး အကိုင်ကြီးဟူသည် လူတစ်ဦးတည်း၊ တစ်ယောက်တည်း မတတ်နိုင်ရလောက်အောင် ငွေကြေး အရင်းအနှီးလိုသည် ဖြစ်သောကြောင့် တစ်ပြည်ထောင်လုံးမှ အစုရှယ်ယာများ ခေါ်ယူ၍ ကုမ္ပဏီကြီးများ ဖွဲ့စည်းတည်ထောင် ကြရလေသည်။ တစ်ခါတစ်ရံ အများနှင့်သက်ဆိုင်သော ကုမ္ပဏီကြီးတစ်ခုတွင် မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာဘုတ်အဖွဲ့ဝင် လူကြီးများက လိမ်လည်တတ်ကြသည် ဖြစ်သောကြောင့် အစိုးရက ကုမ္ပဏီစည်းကမ်း ဥပဒေများ ပြုလုပ်ထားပါလျက်နှင့်ပင် ငွေရင်းအားလုံး ကုန်ဆုံးရုံမျှမက အကြွေးများပင် တင်တတ်သေး၏။ ရှေးခေတ်ကမူ ကုမ္ပဏီတစ်ခုပျက်၍ အကြွေးတင်သည့်အခါ ထိုအကြွေးကို ရှယ်ယာသမားများက ပေးဆပ်ကြရ၏။ တစ်ခါတစ်ရံ ရှယ်ယာရှင် တစ်ယောက်သည် ၁၀ဝိ တန် အစုရှယ်ယာ သုံးစု ဝယ်၍ ၎င်းကုမ္ပဏီ ပျက်သွားသောအခါ၌ မိမိ၏ငွေ ၃၀ဝိ ဆုံးရှုံးရုံသာမက အကြွေးများအတွက် ဆို၍ နောက်ထပ် အိတ်ထဲမှ ငွေကုန်ခံရဖူးသည်ကိုပင် ကြားရဖူး၏။ ၁၀ဝိ တန် အစု တစ်ခုအတွက် နောက်ထပ် ၁၀ဝဝိ လိုက်ရသည် ဟူ၍ပင် ကြားရဖူး၏။ ယင်းသို့ ဖြစ်ရခြင်းမှာ အစုရှင်များအဖို့ လွန်စွာနစ်နာပေရကား ကုမ္ပဏီ လီမိတက်ဟူသော စကား၏ အဓိပ္ပာယ်မှာ (Limited Liability) ပေးရန်ရှိသော အကြွေးကို တိုင်းဖြတ်ထားသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုလို၏။ မိမိတို့ ပါဝင်ထားသော အစုရှယ်ယာငွေ ဆုံးရသည်ထက် အိတ်ထဲမှ နောက်ထပ် မလိုက်ရ ဟု ဆိုလိုခြင်း ဖြစ်လေသည်။

မြန်မာပြည်၌လည်း ယခင်တစ်ခေတ်က အနောက်တိုင်းပြည်များ၏ စနစ်အတိုင်း အစုစပ်ကုမ္ပဏီများ ဖွဲ့စည်းကာ အလုပ်လုပ်မှ ကြီးပွားနိုင်သည် ဆို၍ ဘာကုမ္ပဏီ၊ ညာကုမ္ပဏီ၊ ဟိုဝါ ကုမ္ပဏီ၊ ဟိုဒင်း ကုမ္ပဏီ စသည်ဖြင့် ကုမ္ပဏီများ ပေါ်ပေါက်ခဲ့ဖူးရာ လူလိမ်လူညာများသည် တိုင်းသူပြည်သားလူအများတို့၌ အစုရှယ်ယာများ ဝယ်ယူလိုသော စိတ်ဆန္ဒ ဖြစ်ပေါ်လာခြင်းကို အလွဲသုံးစား ပြုလုပ်ချင်ကြ၏။ အချို့မှာ ကုမ္ပဏီ တစ်ခုပြီးတစ်ခု တည်ထောင်၍ လူထုက ပေးသွင်းကြသော ရှယ်ယာငွေများကို မတော်တရော် ပြုလုပ်ကြပြီးလျှင် ယောင်ကျခံကြ၏။ ထောင်သုံးနှစ် အကျခံ၍ လွတ်လာသောအခါ၌ ငွေလေးငါးသောင်း လက်ကိုင်ပြုရလျှင် ထောင်ကျခံပုံသော လူလိမ်များပင် ရှိခဲ့ဖူးလေသည်။ အစုစပ်ကုမ္ပဏီလုပ်ငန်းသည် သူဌေးခေါ်လောက်အောင် ကြွယ်ဝသူ အလွန်နည်းပါးလှသော မြန်မာပြည်ကဲ့သို့သော လူမွဲတိုင်းပြည်ကလေးအတွက် အလွန်သင့်လျော်လှသည် ဖြစ်ပါလျက် ခေတ်မီသော လူညစ်များက လူထုကို စိတ်ဓာတ်ပျက်အောင် လုပ်ခဲ့ကြခြင်းအတွက် ဝမ်းနည်းဖို့ ကောင်းလှပေသည်။

ယခု ရေးသား ဖော်ပြလတ္တံ့သော အဖြစ်အပျက်များမှာ ထိုခေတ်က ဖြစ်၍ ခေါင်းတုံးပေါ်၌ ထိပ်ကွက်တတ်သော ဝါသနာရှိသည့် သူတော်စိန်သည် လူညစ်တစ်ယောက်ကို ညစ်လိုက်သော အခြင်းအရာများပင် ဖြစ်လေသည်။

သူတော်စိန်မှာ စုံထောက်အရာရှိများ၏ မှတ်တမ်းစာအုပ်များတွင် မကြာခဏ ထည့်သွင်းရေးသားခြင်း ခံရသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သော်လည်း သူ၏ အပြုအမူများမှာ လူကောင်း သူကောင်းကို ထိသည်ထက် လူလိမ်များနှင့် လူဆိုးများကို ထိသည်က များသည့်ပြင် ဥပဒေနှင့် မငြိတငြိ မလွတ်





တလွတ် ဆိုရလောက်အောင် ပွတ်ခါသပ်ခါ အလုပ်လုပ်တတ်သည် ဖြစ်သောကြောင့် စုံထောက်အရာရှိများနှင့် ဌာနာမှ ပုလိပ်အရာရှိများသည် ထိုသူကို အမြဲသတိပြု၍ စောင့်ကြည့်နေရစေကာမူ စိတ်ထဲ၌မူကား ထိုသူ၏ ရက်ရောခြင်းများ၊ လက်ဖွာခြင်းများ၊ သဘောထားကြီးခြင်းများအတွက် ချီးမွမ်းကြရမလောက် ဖြစ်နေပေတော့သည်။ လခ ၁၀၀ိ ကျော်၊ ၂၀၀ိ မျှသာ ရရှာသော အလုပ်သမားများဆို၍ သူတော်စိန်သည် ထိုသူတို့နှင့် တွေ့သည့်အခါတိုင်း ထမင်းတစ်နပ်ဖြစ်စေ၊ အရက်တစ်ခွက်ဖြစ်စေ၊ ယုတ်စွအဆုံး ဆေးပြင်းလိပ် တစ်လိပ်ဖြစ်စေ ဝတ်ပြုလေ့ရှိ၏။ စင်စစ်မှာ သူတော်စိန်သည် ထိုလူစုကို ကျေးဇူးပြုရာ၌ လာဘ်ထိုးခြင်းကား မဟုတ်။ မိမိကဲ့သို့ မသုံးနိုင် မစွဲနိုင်ရှာသော လူများဆို၍ တိုက်ကျွေးခြင်းမျှသာ ဖြစ်လေသည်။

*

တစ်နေ့သည်၌ သူတော်စိန်နှင့် စုံထောက်အင်စပိတ်တော် ဦးအုန်းဖေတို့သည် လူမပ်ရှင်းရှင်းနှင့် ဈေးခပ်ချောင်ချောင် စားသောက်လိုသော လူများ သွားတတ်ကြသော ရိမာနီဟိုတယ်၌ သူတော်စိန် တိုက်ကျွေးသော ဆိုက်ဒစ်နှင့် ဘီယာတို့ကို အတူတကွ စားသောက်ကြပြီးနောက် ဟိုတယ်မှ ထွက်လာကြ၍ ခွဲခါနီးတွင် လှေကားထစ်ပေါ်၌ နောက်ဆုံး နှုတ်ဆက်စကားပြောလျက် ရှိကြ၏။

စိန်။ ။'ခင်ဗျားတို့ ပုလိပ်ဘက်က လူတွေဆိုတာ ဒီကနေ့ အတူတူ စားသောက်နေပေမယ့် နက်ဖြန်ကျတော့ လက်ထိပ်နဲ့ ခတ်ချင် ခတ်တတ်တဲ့ လူစုပါပဲဗျာ'

ဖေ။ ။'ဒါကတော့ ဝတ္တရားကိုး ဆရာကြီး၊ အတူတူ စားသောက်ဖက် မဆိုထားနဲ့၊ ခေါင်းနှင်းဆင်းတဲ့ ညီအစ်ကိုတောင် ချမ်းသာမပေးနိုင်ဘူး ဆရာရေ'

ထိုခဏ၌ နက်ပြာရောင် သက္ကလပ်ဝတ်စုံ၊ နက္ကတိုင်၊ ရှူးဖိနပ်အနက်၊



www.burmeseclassic.com

www.burmeseclassic.com



ဝိတ်စကုတ် စသည်တို့ဖြင့် ဥရောပတိုက်သားတစ်ယောက်သဖွယ် ဂိုက်ပြည့် ဆိုက်ပြည့် ဝတ်ဆင်ထားသော မြန်မာလူမျိုးတစ်ယောက်သည် ထိုလမ်းတစ်လျှောက် လျှောက်လာလေရာ သူတော်စိန်သည် ပထမ၌ ထိုလူကို စိတ်ဝင်စားခြင်း မရှိဘဲ သာမန် ခရီးသည်တစ်ယောက်က အခြားခရီးသည် တစ်ယောက်ကို လှမ်းကြည့်လိုက်သော အနေမျိုးဖြင့် အမှတ်မဲ့ ကြည့်လိုက်မိလေ၏။ ထိုသူ၏ အထက်နှုတ်ခမ်း၌ အနက်မှတ်ကလေးတစ်ခု ပါသည်ဟု အဝေးမှ ထင်လိုက်ရပြီးနောက် တဖြည်းဖြည်း နီးကပ်လာသော အခါ၌ အနက်မှတ်သည် မည်းသည်ထက် မည်းလာ၍ မင်စွန်းပေခြင်းပေလောဟု ယုံမှားသံသယ ဖြစ်မိ၏။ ထိုမှမက နီးကပ်၍ သူတော်စိန်တို့ ရပ်လျက်ရှိသော နေရာနှင့် သုံးဂိုက်ကွာလောက်သို့ ရောက်လာသော အခါတွင်မှ ထိုသူသည် ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးသော နှုတ်ခမ်းမွေးပိုင်ရှင် တစ်ဦးပေတကားဟု အံ့သြစွာဖြင့် သူတော်စိန် ငေးကြည့်နေမိလေတော့သည်။

နာမည်ကျော် ဘိုင်စကုပ် လူရွှင်တော် ချာလီ ချက်ပလင်သည် ပရိသတ် ရယ်မောစေရန်ဆို၍ နှာခေါင်းအောက် တည့်တည့်တွင် အလွန်သေးငယ်သော နှုတ်ခမ်းမွေးကလေး ထားခဲ့၏။ ချာလီချက်ပလင်၏ နှုတ်ခမ်းမွေးသည် ထိုသူ၏ နှုတ်ခမ်းမွေးနှင့် နှိုင်းစာလျှင် မြေးနှင့် အဘိုးလောက် ကြီးနေသေး၏။ အရေအတွက်အားဖြင့် တစ်ဖက်လျှင် ဆယ်ပင်ထက် မများသော နှုတ်ခမ်းမွေးမှင်ကလေးများကို အလယ်ဗဟိုတည့်တည့်တွင် ဘိုကေသဘောမျိုး ခွဲထားလျက် ဖယောင်းချက်ဖြင့် ကျကျနန သပ်ထားပြီးလျှင် နံဘေးသို့ ကားထွက်သွားပြီးမှ အထက်သို့ထောင်လျက် ရှိပေရကား မြင်ရသူအပေါင်းတို့မှာ ပထမ၌ ရယ်ချင်သောစိတ်မျိုး ဖြစ်ပေါ်လာကောင်း လာမည်ဖြစ်သော်လည်း၊ ပိုင်ရှင်၏ ဂရုတစိုက် မွေးထားပုံနှင့် ကျနသေချာစွာ ပွတ်သပ်ထူထောင်ထားပုံတို့ကို စဉ်းစားမိခြင်းအားဖြင့် ရယ်ချင်စိတ်ပျောက်၍ အံ့သြသောစိတ်ပင် ပေါ်ပေါက်လာဖွယ်ရာ ရှိပေ၏။





သူတော်စိန်မှာ ဘိုင်စကယ်[ ]က်ကိုင် ဘားတန်းနှင့်တူသော နှုတ်ခမ်းမွေး၊ ကိုင်ဇာဘုရင်ကဲ့သို့ ထူထူတုတ်တုတ်နှင့် အဖျားကော့သော နှုတ်ခမ်းမွေး၊ ဗဟိုတွင် ကွက်လပ်ထား၍ အဖျားတစ်ဖက်တစ်ချက်တွင်မှ မမျှော်လင့်ဘဲနှင့် အလန့်တကြား ပေါ်သော နှုတ်ခမ်းမွေးမှစ၍ စိတ်ကူးရှိတိုင်း ပြုပြင်ထားသော နှုတ်ခမ်းမွေး အမျိုးမျိုးတို့ကို မြင်ခဲ့ရဖူးသော်လည်း ဤမျှလောက် သေးသေးငယ်ငယ်နှင့် တပင်တပန်း ပွတ်သပ် ပြုပြင်ထားသော နှုတ်ခမ်းမွေးကို မမြင်ဖူးသည်နှင့် တအံ့တသြ ငေးစိုက်၍ ကြည့်မိသည်တွင် နှုတ်ခမ်းမွေးပိုင်ရှင်ကလည်း သူတော်စိန်နှင့် စုံထောက် ဦးအုန်းဖေတို့ကို ဂရုတစိုက် ပြန်ကြည့်သွားလေ၏။

ကျွန်ုပ်တို့ ရေးသား ဖော်ပြလတ္တံ့သော အကြောင်းအရာများနှင့် ဤနှုတ်ခမ်းမွေးသည် မည်သို့မျှ မသက်ဆိုင်သော်လည်း နှုတ်ခမ်းမွေးကို သူတော်စိန် စိတ်ဝင်စားခြင်း မရှိခဲ့လျှင် ထိုလူကို သူတော်စိန်က ဂရုတစိုက် ကြည့်မိလိမ့်မည် မဟုတ်၊ ယင်းသို့ဆိုလျှင် ဖော်ပြလတ္တံ့သော အဖြစ်အပျက်များလည်း ဖြစ်ပွားနိုင်ခွင့် ရှိတော့မည် မဟုတ်ချေ။ သို့ဖြစ်သောကြောင့် နှုတ်ခမ်းမွေးကို ကျွန်ုပ်တို့ အကျယ်တဝင့် ဖော်ပြရခြင်း ဖြစ်ပေ၏။

သူတော်စိန်က နှုတ်ခမ်းမွေးပိုင်ရှင်ကို စိတ်ဝင်စားသော အမူအရာဖြင့် လှမ်းကြည့်နေသည်ကို ဦးအုန်းဖေ မြင်လိုက်ရသောအခါ ....

ဖေ။ ။'ဘာကြောင့် ဒီလောက်ကြည့်ရတာလဲဗျ၊ ဒီလူကို ခင်ဗျား မသိလို့ဟာလား'

စိန်။ ။'မသိရပေါင်ဗျာ၊ ခင်ဗျားကော သိလို့လား'

ဖေ။ ။'ကျုပ်တို့က စုံထောက်ဆိုတော့ ရန်ကုန်မြို့ပေါ်မှာ သိသင့်သိထိုက်တဲ့ လူတွေကို အားလုံး သိရတာပေါ့ဗျ။ ဒီတော့မှ အရေးရှိလျှင် ကောက်ကာငင်ကာ အသုံးချနိုင်မှာကိုး'

စိန်။ ။'မှန်ပါပေ့ဗျာ၊ နို့ ဒါဖြင့် ဘယ်သူတဲ့လဲဗျာ'



www.burmeseclassic.com

www.burmeseclassic.com



မေ။ ။ 'ပီတာမြမောင်ဆိုတာ ဘာလူပေါ်ဗျ၊ ရန်ကုန်မြို့ပေါ်မှာ သိပ်မွတ်တဲ့ လူတစ်ယောက်ပဲ'

စိန်။ ။ 'ဘာ အလုပ်အကိုင်ဆဲကလဲဗျ၊ ဒီနှုတ်ခမ်းမွေးမျိုး ထားတဲ့ လူဟာ သာမန်အလုပ်အကိုင်မျိုးတော့ မဟုတ်သေဘူး ထင်တယ်'

ဖေ။ ။ 'မှန်တယ် ခင်ဗျားတွေးတာ။ ဒီလူက ဟာ...မသိချင်ပါနဲ့လေ၊ ခင်ဗျားပြောလို့ မဖြစ်ဘူး။ ကိုင်း .... မိတ်ဆွေ ကျွေးမွေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျုပ်မှာ ပန်ကြီးနဲ့တွေ့ဖို့ ကိစ္စကလေး ရှိပါသေးတယ် တာ့တာ'

ယင်းသို့ ပြောဆိုနှုတ်ဆက်ပြီးနောက် ဦးအုန်းဖေလည်း ထွက်သွားလေရာ သူတော်စိန်သည် ဦးအုန်းဖေ၏ ကျယ်ပြန့်တုတ်ခိုင်သော ကျောပြင်ကြီးကို ငေးကြည့်လျက် ကျန်ရစ်နေလေ၏။ ဦးအုန်းဖေက စကားကို အဆုံးမသတ်ဘဲ ထွက်သွားရခြင်း၏ အကြောင်းရင်းမှာ ပီတာမြမောင်ဆိုသူသည် ရာဇဝတ်ဥပဒေနှင့် မလွတ်သော အလုပ်မျိုးကို လုပ်ကိုင်သူဖြစ်၍ ခေါင်းတုံးပေါ်၌ ထိပ်ကွက်တတ်သော ဝါသနာရှိသည့် သူတော်စိန်သည် ထိုသူအကြောင်းကို သိရလျှင် "ထိပ်ကွက်" ချေဦးမည်ကို စိုးရိမ်မိသောကြောင့် ဖြစ်ပေ၏။ တစ်ဦးတစ်ယောက်သောသူသည် ဥပဒေနှင့် မလွတ်သော အလုပ်မျိုး လုပ်ခဲ့လျှင် မိမိတို့ ပုလိပ်ကသာလျှင် ဖမ်းသင့်ကဖမ်း၍ တရားစွဲသင့်ကစွဲဖို့ ရှိ၏။ သူတော်စိန်က ကြားဖြတ်၍ "ထိပ်ကွက်" နေခဲ့လျှင် မိမိတို့ ပုလိပ်များအဖို့၌ အလုပ်တစ်ခုပေါ်တစ်ခု ဆင့်တက်လာဖို့သာ ရှိ၏။ အပြစ်ရှိသူကို အပြစ်အလျောက် ဒဏ်ပေးသည်ဆိုသော်လည်း တရားရုံးတော်ကသာလျှင် စီရင်ပိုင်ခွင့်ရှိသည်၊ အရပ်သား တစ်ဦးတစ်ယောက်က ကြားဖြတ်၍ ဆုံးမနိုင်ခွင့် မရှိချေ။ ဤကဲ့သို့ စဉ်းစားမိသောကြောင့် ဦးအုန်းဖေသည် သူတော်စိန်အား ပီတာမြမောင်အကြောင်းကို ပြောမပြဘဲ ထွက်သွားခဲ့ခြင်း ဖြစ်လေသည်။





အလွန်ပါးနပ်သော သူတော်စိန်သည် ဦးအုန်းဖေ နှုတ်ဆိတ်ခြင်းကို တွေ့ရသည်နှင့် တစ်ပြိုင်နက် ပီတာမြမောင်ဆိုသူ အပေါ်၌ သင်္ကာမကင်း ဖြစ်လာ၍ စုံစမ်းထောက်လှမ်းလေရာ ကံအားလျော်စွာပင် အောက်ပါနည်းအတိုင်း ခြေရာခံမိလေ၏။

*

တစ်နေ့သ၌ သူတော်စိန်သည် သူနှင့် ကြံဖော်စည်ဖက်ဖြစ်ဖူးသော ဝီလီမောင်သန့်၏ နေအိမ်သို့ အလည်အပတ် သွားရောက်စဉ် မောင်သန့်က 'ကိုဘကျော်လှ ဒီကြော်ငြာနဲ့ စာအုပ်ကလေး တွေ့ပြီးပြီလားဗျို့' ဟု ဆိုကာ သူရိယ သတင်းစာတစ်စောင်နှင့် စာအုပ်ငယ်တစ်အုပ်ကို သူတော်စိန်အား ပြလေ၏။ သူတော်စိန်သည် ရှေးဦးစွာ သတင်းစာကို ကောက်ယူ၍ မောင်သန့် ညွှန်ပြသော စာမျက်နှာကို ကြည့်လိုက်ရာတွင် တစ်မျက်နှာလုံး အပြည့်ထည့်သွင်းထားသော ကြော်ငြာကြီးတစ်ခုကို တွေ့မြင်ရလေ၏။ ကြော်ငြာ၏ ထိပ်၌ ၆-လိုင်း စာလုံးများဖြင့် "ကျွန်းသစ် စိုက်ပျိုးရေး ကုမ္ပဏီ" ဟူ၍ ရိုက်နှိပ်ပါရှိလေရာ စာသားများမှာမူ ....

"မြန်မာပြည်သည် အခြားသော တိုင်းကြီးပြည်ကြီးများကဲ့သို့ အမျိုးသားပိုင် ကုမ္ပဏီများ လုံလောက်စွာ မရှိသေးသည့် အတွက်ကြောင့် စီးပွားရေးတွင်သာမက အစစ အရာရာတွင် အောက်ကျနောက်ကျ ဖြစ်နေရကြောင်း၊ ဤပြည်၌ ဆန်စပါး၊ ကျွန်းသစ်နှင့် ရေနံအလုပ်များသည် အကြီးကျယ်ဆုံးဖြစ်၍ ဆန်စပါးမှာ နှစ်စဉ် စိုက်ပျိုးနိုင်သော ဝတ္ထုပစ္စည်း ဖြစ်ကြောင်း၊ ရေနံမှာ သဘာဝပစ္စည်းဖြစ်၍ ကုန်ခန်းသွားသော တစ်နေ့တွင် ရေနံတွင်းအလုပ် ပိတ်ထားရမည် ဖြစ်ကြောင်း၊ ကျွန်းသစ်မှာ အလိုအလျောက် ပေါက်ရောက်သော ကျွန်းပင်များ တစ်နေ့တခြား ပြုန်းတီးကုန်ခန်းလျက်ရှိရာ၊ ယခုနှုန်းအတိုင်းဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်ပေါင်း ၁၀၀ တွင် ကျွန်းပင်များ ကုန်ခန်းသွားလိမ့်မည် မဟုတ်ဟူ၍ မည်သူကမျှ အာမခံနိုင်မည် မဟုတ်ကြောင်း၊ စတုရန်း မိုင်ပေါင်း ထောင်သောင်းမက ကျယ်ဝန်းသော မြန်မာပြည် တောကြီးများတွင် ကျွန်းပင်များ စိုက်ပျိုးမည်ဆိုပါက စိုက်ပျိုးသူများအဖို့ ချက်ချင်းလက်ငင်း အကျိုးများနိုင်မည့်ပြင်၊ မြန်မာပြည်သည် အမြဲထာဝစဉ် ကျွန်းသစ်ထွက်သော တိုင်းပြည် ဖြစ်နိုင်သည့်အတွက်ကြောင့် သားစဉ်မြေးဆက် ကောင်းစားနိုင်ဖို့ ရှိကြောင်း၊ ကျွန်ပင်မှာ နှစ်ပေါင်း ၈၀ ကြာသောအခါမှ လူတို့ သုံးစွဲနိုင်သော ကျွန်းသစ်အဖြစ်သို့ ရောက်နိုင်သည် ဆိုသော်လည်း ယခု နောက်ဆုံး စမ်းသပ်တွေ့ရှိထားသော လောကဓာတ်နည်း အရမှာ ယနေ့ ကျွန်းစိုက်ပြီးနောက် ၁၀ နှစ် စေ့ကုန်သောအချိန် တွင် အသုံးဝင်သော ကျွန်းပင် ဖြစ်လာနိုင်ကြောင်း”

စသည်ဖြင့် လွှမ်းလောက်အောင် ရေးသားဖော်ပြထားလေ၏။

ကြော်ငြာအောက်ပိုင်း၌ စက်ပိုင် မည်သူမည်ဝါ၊ မြေပိုင်ရှင် သူဌေး ဦးဟာဝါ၊ ဘုရားလူကြီး ဦးဟိုဒင်း၊ ဝတ်လုံတော်ရ မစ္စတာအေဘီစီ စသော နာမည်များကို ဒါရိုက်တာ ဘုတ်အဖွဲ့ လူကြီးများအဖြစ်နှင့် ဖော်ပြထား၍ နောက်ဆုံး၌ကား မန်နေဂျင်း ဒါရိုက်တာ မစ္စတာ ပီတာမြမောင် ဘီအေ၊ ဘီအက်စီ၊ အက်(ဖ)အာ(ရ)ဂျီအက်(စ) စသည့် ဘွဲ့ထူးများ အပြည့်အစုံနှင့် ပါရှိလေ၏။ ကြော်ငြာအဆုံးတွင် မှတ်ချက်ဆို၍ ကွင်းပိတ်လျက် ဖော်ပြထားသည်မှာကား (ဤကုမ္ပဏီအကြောင်းကို စုံလင်စွာ သိလိုသူများသည် ဆူးလေဘုရားလမ်း၊ တိုက်နံပါတ် ၆၃ သို့ လာရောက်၍ လုပ်ငန်းနှင့်ဆိုင်ရာ စာရွက်စာတမ်းများကို ကောက်ယူကြည့်ရှုနိုင်ပါကြောင်း) ဟူ၍ ပါရှိလေသည်။

သူတော်စိန်သည် ထိုကြော်ငြာတွင် ပီတာမြမောင်၏ အမည်ကို





မြင်လိုက်ရသဖြင့် အံ့အားသင့်လျက် ရှိရာမှ၊ ဝီလီမောင်သန့် ပြသော စာအုပ်ငယ်ကို ကြည့်လိုက်ပြန်ရာ အလွန် ချောမွေ့လှပသော “အတ်ပေပါ” ခေါ် အရောင် ဖိတ်ဖိတ်တောက်သည့် စက္ကူပေါ်၌ မင်နီ၊ မင်နက်၊ ရွှေမင် စသည့်တို့ဖြင့် အကွက်ကျကျ ရိုက်နှိပ်ထား၍ အလွန်သပ်ရပ်စွာ ချုပ်လုပ်ထားသော စာအုပ်ကလေးဖြစ်ကြောင်း တွေ့မြင်ရလေ၏။

စာအုပ်ငယ်အတွင်း၌ကား သတင်းစာ၌ ထည့်သွင်းဖော်ပြခဲ့သော အကြောင်းအရာများ အပြင် ရှယ်ယာဝင်သူများအဖို့ အကျိုးကျေးဇူး ခံစားနိုင်ခွင့် ရှိပုံများကို ဂဏန်းသင်္ချာနှင့်တကွ တွက်ချက်ဖော်ပြထား၏။ ဖော်ပြပုံကား လူတစ်ယောက်သည် ထိုကုမ္ပဏီ၌ တစ်စုကို ငွေ ၁၀၀ိ နှင့် ဝယ်ယူသည်ဟု ဆိုကြားအံ့၊ ၎င်းအတွက် ကျွန်းမျိုးစေ့များ စိုက်ပျိုးထားသော မြေတစ်ဧက ရရှိပေလိမ့်မည်။ မြေ တစ်ဧကလျှင် ကျွန်းပင်ပေါင်း ၂၅ ပင်မျှ စိုက်ပျိုးနိုင်၍ ၁၀ နှစ်ကြာသော အချိန်တွင် ထိုကျွန်းပင်များသည် ခုတ်လှဲရောင်းချနိုင်သော အရွယ်သို့ ရောက်လာကြမည် ဖြစ်သောကြောင့် ထိုသူသည် ကျွန်းသစ် ၂၅ လုံး ရရှိပေလိမ့်မည်။ ထိုကျွန်းသားများမှာ အလေ့ပေါက် မဟုတ်ဘဲ အမြဲစောင့်ကြပ် ပြုပြင်ပေးသော သစ်ပင်များ ဖြစ်သောကြောင့် ကောက်ကောက်ကွေ့ကွေ့ အုန္နာ ခေါင်းပွ မဖြစ်စေရဘဲ၊ ဖယောင်းတိုင်များ (မန္တလေး နန်းတော်တိုင်များ) ကဲ့သို့ ဖြူးဖြူးဖြောင့်ဖြောင့် ဖြစ်ရပေလိမ့်မည်။ သစ်ခုတ်ခ၊ ဖောင်တွဲခ၊ ဖောင်စုန်ခ အစရှိသည့် အရပ်ရပ် စရိတ်များ အတွက် နှုတ်ချင်တိုင်း နှုတ်စေကာမူ ကျွန်းသစ်တစ်လုံးအတွက် ၄၀ိ အသားတင် ကျန်ရပေလိမ့်မည်။ တစ်လုံးလျှင် ၄၀ိ နှုန်းနှင့် သစ်လုံးရေ ၂၅ လုံး ရောင်းရသော် ငွေ ၁၀၀၀ိ ရရှိပေလိမ့်မည်။ ဆိုလိုရင်းမှာ ယနေ့ ငွေ ၁၀၀ိ ရင်းနှီးလိုက်လျှင် ၁၀ နှစ်ကြာသောအချိန်၌ ငွေ ၁၀၀၀ိ ဖြစ်လာဖို့ ရှိ၏။ အကယ်၍ လူတစ်ယောက်သည် တစ်နှစ်လျှင် အစုရှယ်ယာ တစ်စုကျနှင့် ၁၀ နှစ်တိုင်တိုင် ဆက်လက် ဝယ်ယူကြားအံ့၊ ၁၀ နှစ် ကျော်လွန်သော



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွင် နှစ်စဉ် ငွေ ၁၀၀၀ိ ဝင်လမ်း ရှိပေလိမ့်မည်။ ခုတ်လှဲ ရောင်းချပြီးသော မြေယာလပ်၌ ကျွန်းမျိုးစေ့များ ထပ်မံ စိုက်ပျိုးနိုင်မည် ဖြစ်သောကြောင့် ထိုသူသည် တစ်နှစ်လျှင် ဝင်ငွေ ၁၀၀၀ိ မျှ မသေမချင်း ရနိုင်ရုံသာမက သားစဉ်မြေးဆက်ပင် ဆက်လက်၍ အကျိုးခံစားနိုင်ဖို့ ရှိပေလိမ့်မည်။ ထိုကုမ္ပဏီသည် လခစားသမားများအားလည်း ရှယ်ယာဝယ်ယူနိုင်ကြစေခြင်းငှာ ရှယ်ယာတန်ဖိုးကို တစ်လုံးတည်း မပေးရဘဲ လစဉ် အရစ်ကျ ပေးသွင်းနိုင်စေရန်လည်း စီမံထားကြောင်း၊ သို့ဖြစ်၍ ရှယ်ယာတစ်စု ဝယ်ယူလိုသော သူတစ်ယောက်သည် တစ်လလျှင် ၈ိ ခြောက်ပဲမျှ ပေးသွင်းနိုင်ကြောင်း။ အကျိုးကျေးဇူး ရှိပုံကို ရေလည်အောင် ဖော်ပြရသော်၊ တစ်လလျှင် ၈ိ ခြောက်ပဲနှုန်းဖြင့် ၁၀ နှစ် မှန်မှန် ပေးသွင်းသွားသော လူတစ်ယောက်သည် ၁၀ နှစ် စေ့ရောက်သောအချိန်၌ တစ်နှစ်လျှင် ငွေ ၁၀၀၀ိ ကို တစ်သက်ပတ်လုံး ဝင်ငွေရှိရမည် ဖြစ်ပေရကား၊ အသက်ကြီးရင့်သောအခါ၌ ဒူးနှံ့၍ ကိုင်စားလိုခဲ့လျှင် ဤကုမ္ပဏီတွင် အစုဝင်ခြင်းထက် သေချာကောင်းမွန်သော အလုပ်သည် အဘယ်မှာ ရှိနိုင်ပါအံ့နည်း စသည်ဖြင့် ရေးသားဖော်ပြ ပါရှိလေ၏။

သူတော်စိန်ဘွဲ့ရ ဘကျော်လှသည် သတင်းစာ ကြော်ငြာနှင့် စာအုပ်ငယ်ကို ဖတ်ပြီးသောအခါ ဝီလီမောင်သန့်က 'ဘယ့်နှယ်လဲ ဆရာကြီး၊ ခင်ဗျားကော အစုကလေးများ မဝယ်တော့ဘူးလား၊ အိုစာမင်းစာကလေး ရအောင် ၁၀ စုလောက် ဝယ်ထားဦးမှပေါ့ဗျ' ဟု ပြုံးရယ်ကာ ပြောလိုက်သဖြင့်၊ သူတော်စိန်က 'ကျုပ်က အဝယ်သမား မဟုတ်ဘူး ဆရာရေ့၊ အရောင်းသမားတစ်ယောက်ပဲ။ ပီတာမြမောင်ဆီ ဘာများ ရောင်းစားရမလဲ လို့ စဉ်းစားရဦးမယ်' ဟု သွားဖြီကာ ပြန်ပြောလိုက်လေ၏။ ထိုနောက်–

သန့်။ ။'တော်တော် အကြံပိုင်တဲ့ လူတစ်ယောက်ပဲဗျ၊ သူ စီစဉ်ထားပုံက ကြည့်တော့လေ။ ဒီကနေ့ ငွေထည့်ထားတဲ့ လူတစ်ယောက်ဟာ ၁၀ နှစ်အတွင်းမှာ အမြတ်အစွန်း ခံစားဖို့ မမျှော်လင့်ရသေးဘူးဆိုကော





ဒီ ၁၀ နှစ်အတွင်းမှာ သူလုပ်ချင်တာ လုပ်နေနိုင်တော့တာပေါ့ဗျ။ ဒီကုမ္ပဏီ ပေါ်ပေါက်လာတာ ၂ နှစ်လောက် ရှိသွားပြီ ပြောတယ်။ ဒီတော့ နောက် ရှစ်နှစ်လုံးလုံး အစုရှင်များက သူ့ကို မေးလား မြန်းလား မလုပ်နိုင်သေးဘူးဗျ။ အစိုးရဆီမှာ တောထဲက မြေရိုင်း ဧက တစ်သောင်းဆိုလား ပတ္တာ ခံထားတယ်လို့တော့ ကြားရတယ်။ ၁၀ နှစ်စေ့တော့ ကျွန်းဥယျာဉ်ကြီးပဲ တွေ့ကြရမလား၊ ဆင်ရိုင်းများ၊ ကြံ့များ၊ ကျားများနဲ့ တရားတွေ့ပြီး နယ်လုံကြရမလားတော့ မပြောတတ်ဘူး'

စိန်။ ။(စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်ရင်း စဉ်းစားလျက်) 'ခင်ဗျားလူက ငွေရပေါက် တီထွင်တတ်တာတော့ မှန်ပါတယ်။ သို့သော် ဒီငွေကို သူ့လက်ထဲမှာ တည်မြဲအောင် အလုပ်လုပ်ဖို့က ရှိသေးတယ်ဗျ။ မတရားသဖြင့် ရထားတဲ့ ငွေဟာ လက်ထဲမှာ တည်မြဲတယ်လို့ လူ ၁၀၀ မှာ တစ်ယောက်လောက် ရှိနိုင်ပါလိမ့် မှတ်တယ်'

ပီတာမြမောင်သည် သူတော်စိန်၏ စကားကို ကြားရပါမူ ဤအတွက်ကိုလည်း မိမိ စိတ်ကူးပြီး ဖြစ်သည်ဟု ဖြေဆိုပေလိမ့်မည်။ သူ၏အကြံမှာ ခန့်မှန်းခြေကိုက်သော အချိန်တွင် ၁၀ နှစ်စေ့ကုန်အောင် မစောင့်ဘဲ ယိုးဒယားပြည် (ထိုင်း) အစရှိသော ပြည်နယ်များသို့ တိမ်းရှောင်နေထိုင်ရန် ဖြစ်လေရာ၊ ငွေကို ရေလိုသုံးနိုင်သော လူတစ်ယောက်သည် တစ်ကိုယ်ရေ တစ်ကာယ အတွက်တာ မဆိုထားဘိ၊ တစ်အိမ်ထောင်လုံး ပြောင်းရွှေ့နေထိုင်ရန်ပင် စီမံနိုင်မည် ဖြစ်လေသည်။ သူတော်စိန်ကလည်း တစ်ဖက် ဆယ်ပင်မျှသော နှုတ်ခမ်းမွှေးကို တပင်တပန်း မွေးထား၍ ဆေးဖယောင်းချက်တိုဖြင့် ဤမျှလောက် ကြောင့်ကျစိုက်ထားသော လူတစ်ယောက်သည် လာမည့်ဘေးအတွက် ကာကွယ်ရန် ကြိုတင်စီမံထားဖို့ မေ့လျော့လိမ့်မည် မဟုတ်ကြောင်းကို အကဲခတ်မိပြီး ဖြစ်လေရာ သူတော်စိန် ဆိုလိုသော အဓိပ္ပာယ်မှာ တစ်နည်းတစ်ဖုံ ဖြစ်၏။ သို့သော် ဤအကြောင်းမှာ သက်ဆိုင်ရာ နေရာ၌ ပေါ်ထွက်လာပေလိမ့်မည်။



www.burmeseclassic.com

စာအုပ်ကလေး အဆုံး၌ မြန်မာပြည်၏ သစ်တော မြေပုံတစ်ချပ်တွင် မြစ်များ၊ ချောင်းများ တည်နေပုံနှင့်တကွ ဖော်ပြပါရှိရာ၊ သစ်များ ခုတ်လှဲပြီးနောက် ဆိပ်ကမ်းသို့ရောက်အောင် ဆင်များ၊ ကျွဲများနှင့် ဆွဲချရန် အလိုက်သင့် တော့ကပ်လျက်ရှိသော ချောင်းထဲသို့ လှိမ့်ချရန်မျှသာ လိုတော့သည့် အကြောင်းကို မှတ်ချက်နှင့်တကွ ပါရှိလေရကား၊ သူတော်စိန်က နှုတ်ခမ်းမွေးပိုင်ရှင်နှင့် လိုက်အောင် အသေးစိတ်၍ စိတ်ကူးတတ်ပါပေသည်ဟု စိတ်ထဲ၌ ချီးကျူးမိသေး၏။

*

ပီတာမြမောင်သည် ကုမ္ပဏီအလုပ် ကိုတွင်လာခဲ့သည်မှာ ၂ နှစ်ခန့်ရှိပြီ ဖြစ်သောကြောင့် သူတော်စိန်နှင့် ဆုံမိသော အချိန်၌ ရှယ်ယာဝယ်သူတို့ထံမှ ကြေ"ဇာ အတော်အတန် ရရှိနေပြီ ဖြစ်သော်လည်း အကန့်အသတ် မထားနိုင်သော လူတို့၏ လောဘအတိုင်း ရှစ်နှစ် ကိုးနှစ်ခန့်တိုင်အောင် ရနိုင်သမျှ စုယူပြီးမှ သုတ်ခြေတင်ရန် ကြံရွယ်ထားသောကြောင့် အချိန်လိုသေးသည် ဆို၍ အေးအေးဆေးဆေးပင် နေခဲ့သေး၏။ သို့သော် မဖြူစင်သော အကြံအစည်ရှိသူတို့၏ ထုံးစံအတိုင်း ပုလိပ်ဂိုက်ဆိုက်ရှိသော လူတစ်ယောက်က မိမိအား စေ့စေ့ကြည့်လိုက်သည့် အခါများတွင် ရင်ထဲ၌ ဒိတ်ခနဲ ဖြစ်သွားခြင်းကိုမူကား မလွန်ဆန်နိုင်ချေ။

သို့ဖြစ်၍ ဆူးလေဘုရားလမ်း၊ နံပါတ် ၆၃ ၌ ကြေးဝါ ဆိုင်းဘုတ်ကြီး ဆွဲချိတ်ထားသည့် ကျွန်းသစ် စိုက်ပျိုးရေး ကုမ္ပဏီ အလုပ်တိုက်ကြီးအတွင်း၊ လက်နှိပ်စက်၊ တယ်လီဖုန်း၊ ပန်ကာ၊ ဆိုဖာ၊ မှန်ဗီရို အစရှိသည့် ခမ်းနားသိုက်မြိုက်သော အိမ်ထောင်ပရိဘောဂများနှင့်တကွ တဖိတ်ဖိတ် အရောင်တောက်လျက်ရှိသော စားပွဲကြီးတွင် ထိုင်လျက်ရှိသော ပီတာမြမောင်သည် ဗီဇစ်တင်းကတ်ခေါ် ကားချပ်ကလေးတစ်ခုကို ဒရဝမ်၏လက်မှ ယူကြည့်လိုက်သဖြင့် "ဘကျော်လှ စီအိုင်ဒီ အရာရှိ" ဟူသော စာလုံးများကို ဖ





လိုက်ရသည့်အခါ၊ သူ၏ နှလုံးအိမ်သည် တစ်ချက်မျှ ဆတ်ခနဲ ငြိမ်သွားပြီးနောက် ဆထက်ထမ်းပိုး တိုး၍ လှုပ်ခုန်လာလေတော့၏။ သို့သော် မျက်နှာမပျက်စေမူ၍ ဒရမ်ဝမ်အား 'ဝင်ခဲ့ပါစေ' ဟု အမိန့်ပေးလိုက်ရာ၊ နောက်တစ်ခဏတွင် အရပ်အမောင်း ထွားကြိုင်း၍ အလုံးအဖန်ချောချော၊ နှာတံပေါ်ပေါ်၊ အသားလတ်လတ်နှင့် ကာကီယူနီဖောင်း ဝတ်ဆင်ထားသော သူတော်စိန်သည် အလုပ်ခန်း တံခါးကလေးကိုဖွင့်၍ ပီတာမြမောင်၏ အခန်းကလေးထဲသို့ ဝင်လာလေ၏။

ပီတာမြမောင်သည် သူတော်စိန်၏ မျက်နှာကို သေချာစွာ ကြည့်ပြီးနောက် ....

မောင်။ ။'စုံထောက် အင်စပိတ်တော် ဦးဘကျော်လှတဲ့လား၊ ခင်ဗျား ကျွန်တော်နဲ့ တွေ့ဖူးတယ် မှတ်တယ်'

စိန်။ ။'မြင်ချင် မြင်ဖူးမှာပေါ့၊ ကျွန်တော်က ရန်ကုန် အလယ်ပိုင်းအတွက် ဆောင်ရွက်ရတဲ့ စုံထောက် အင်စပိတ်တော်ပဲ'

ထိုအခါ ပီတာမြမောင်သည် ရိုမာနီဟိုတယ်ရှေ့၌ စုံထောက် ဦးအုန်းဖေနှင့် မတ်တပ်ရပ်လျက် စကားပြောနေကြသည်ကို မြင်ခဲ့ဖူးကြောင်း သတိရမိလေ၏။ ထိုအချိန်၌ကား သူတော်စိန်မှာ မြန်မာအရပ်သားတစ်ယောက် အနေဖြင့် ဝတ်ဆင်ထားသည်အတွက်ကြောင့် မိမိက ရုတ်တရက် သတိမရဘဲ ဖြစ်နေသည်ဟူ၍လည်း ပီတာမြမောင် စဉ်းစားမိ၏။ ပီတာမြမောင်၏ ထူးခြားသော အရည်အချင်းတစ်ခုမှာ လူတစ်ယောက်ကို တစ်ကြိမ် တွေ့ဖူးရုံမျှနှင့် မှတ်မိတတ်ခြင်းပင် ဖြစ်လေရာ၊ စုံထောက် ဦးအုန်းဖေကိုလည်း မိတ်ဆွေတစ်ယောက်က အဝေးမှ ညွှန်ပြဖူးသဖြင့် စကားမပြောဘူးဘဲလျက်နှင့် သိနေခြင်း ဖြစ်လေသည်။ ပီတာမြမောင် ကဲ့သို့သော လူရှုပ်များသည် စုံထောက်နှင့် ပုလိပ်တို့ကို တစ်ကြိမ်မြင်ဖူးလျှင် မှတ်မိနိုင်ခြင်း ဆိုသည်မှာလည်း အံ့သြဖွယ်ရာ မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ပီတာမြမောင်သည် သူတော်စိန်အား ဓနရာထိုင်ခင်း ပေးပြီးနောက် ဆွဲအံထဲမှ ၅ သုံးလုံး စီးကရက်သံဘူးကိုထုတ်၍ သူတော်စိန်ရှေ့သို့ ထိုးပေးလေရာ၊ သူတော်စိန်သည် တစ်လိပ်ကို ညှိသောက်ပြီးနောက် မိမိ၏ စီးကရက်ဘူးကို အိတ်ထဲမှထုတ်၍ သံဘူးထဲမှ စီးကရက်တစ်ဆုပ်ကို နှိုက်ယူပြီးလျှင် မိမိ၏ ဘူးထဲသို့ အေးအေးဆေးဆေး ပြောင်းထည့်လေရကား ပီတာမြမောင်လည်း မျက်လုံးပြူးသွားလေ၏။ သူတော်စိန်မှုကား လောဘကြီးသူ တစ်ယောက် မဟုတ်ချေကာမူ သဏ္ဍာန်လုပ် သရုပ်နှင့် တူစေရမည်ဆိုသော စကားအတိုင်း ပြုမူခြင်းမျှသာ ဖြစ်လေသည်။

မောင်။ ။'တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ၊ သို့သော် ဘယ်လိုကိစ္စပါလိမ့်'

စိန်။ ။'ကိစ္စကတော့ တခြားဟုတ်ရိုးလားဗျာ။ ငွေလိုချင်လို့ပေါ့'

ထိုစကားကို ကြားလိုက်ရသော ပီတာမြမောင်မှာ ရင်ထဲ၌ ခုန်လှုပ်ခြင်း ငြိမ်တော့မည်ပြုရာမှ တိုး၍ ခုန်လှုပ်လာပြန်လေ၏။ သို့သော် စကားဖာသော သဘောမျိုးနှင့်–

မောင်။ ။'သြော် အလှူငွေအတွက် ထင်ပါရဲ့၊ မိဘမဲ့ကလေးများအတွက် ပညာသင်ကြားရေး ရန်ပုံငွေ မှတ်တယ်။ ကျွန်တော်က လှူတန်းတဲ့နေရာမှာ မတွန့်တိုတတ် ...'

စိန်။ ။(ဦးခေါင်းယမ်းလျက်) 'ဘယ်ရန်ပုံငွေ အတွက်မှ မဟုတ်ဘူးဗျ၊ ကျွန်တော့်အတွက်ပဲ။ သို့သော် ဘကျော်လှ ရန်ပုံငွေလို့ ခေါ်ချင်ခေါ်တာပေါ့ဗျာ။ ဒီလိုဗျ၊ ကျွန်တော်တို့ ဝန်မင်းက ခင်ဗျားကို သတိထားပြီး စောင့်ကြည့်ဖို့ အမိန့်ပေးထားတယ်။ ကျွန်တော်က သွယ်သွယ်ဝိုက်ဝိုက် ပြောမနေတတ်ဘူးဗျာ၊ ခင်ဗျားမှာ အကူအညီလိုတယ်။ ငွေရလျှင် ကျွန်တော် ကူညီမယ်၊ မရလျှင် မကူညီဘူး၊ အဲဒါပဲ'

ထိုအခါ ပီတာမြမောင်သည် မည်သို့မျှ ပြန်မပြောဘဲ စီးကရက်ကို





ဖွာရင်း သူတော်စိန်၏ မျက်နှာကို စေ့စေ့ကြည့်လျက် ရှိ၏။ ဤလူကား မိမိညာဖြန်း၍ ရမည့်လူတစ်ယောက် မဟုတ်ဟူ၍ အကဲခတ်မိ၏။ ပုလိပ်ဘက်က မိမိအပေါ်၌ သက်သေမကောင်း ဖြစ်နေသည်ဆိုခဲ့လျှင် ဤသို့သောလူမျိုး ရောက်လာသည့်အတွက် ကျေးဇူးတင်ဖို့ ရှိသည်ဟု အောက်မေ့မိ၏။ ဆိုလိုရင်းမှာ လာဘ်ထိုးလျှင် လာဘ်စားမည့် အရာရှိမျိုး ဖြစ်နေသည့်အတွက် ဝမ်းမြောက်ရတော့သည် ဟူလို။

မောင်။ ။'ဒွဲဒိုး ပြောတတ်တဲ့လူချင်း တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ၊ ခင်ဗျား ဘယ်လောက် လိုချင်သလဲ'

စိန်။ ။'၁၀၀၀ိ ဗျို့၊ နှမ်းရင် မယူဘူး'

ပီတာမြမောင်သည် လက်ျာဘက် အထက်နှုတ်ခမ်းတွင် "လက်သပ်မွေး" ထားသော အမွေးကလေး ၁၀ ပင်တို့ကို လက်မနှင့် လက်ညှိုးတို့ဖြင့် လိမ်ကျစ်ပေးရင်း သူတော်စိန်၏ မျက်နှာကို စိုက်ကြည့်ပြီးမှ–

မောင်။ ။'ငွေ ၁၀၀၀ိ ဆိုတော့ မများဘူးလား ခင်ဗျာ'

စိန်။ ။'ဟုတ်ကဲ့၊ ငွေ ၁၀၀၀ိ ဆိုတာ မနည်းလှပေဘူးပေါ့။ သို့သော် ကျွန်တော် ပြောစရာရှိတဲ့ စကားကလေးတစ်လုံးက ခင်ဗျားအဖို့ ၁၀၀၀ိ မက တန်ပါတယ်'

မောင်။ ။'ပြောပြီးမှ ပေးလို့ မဖြစ်နိုင်ဘူးလား'

စိန်။ ။'မဖြစ်ဘူး၊ ပြောပြီးတော့ ခင်ဗျားက မပေးဘဲနေလျှင် ဘယ့်နှယ်လုပ်မလဲ'

မောင်။ ။'ခင်ဗျား ပြောတဲ့စကားက ၁၀၀၀ိ မတန်တော့ကော ဘယ့်နှယ်လုပ်မလဲ'

စိန်။ ။'ဒီလောက်တော့ ခင်ဗျား စွန့်စားရမှာပဲ၊ ကျွန်တော်တော့ဖြင့် လက်ထဲကို ငွေမရောက်ဘဲ မပြောနိုင်ဘူး၊ ကျွန်တော့်ကို မယုံလျှင် ခင်ဗျားသဘောပဲ'



www.burmeseclassic.com

www.burmeseclassic.com



ပီတာမြမောင်သည် အနည်းငယ် အချိန်ယူ၍ စဉ်းစားပါသော်လည်း မရိုးသားသောအလုပ်ကို လုပ်မိသောသူတို့ မည်သည်မှာ ပုလိပ်ဆိုလျှင် ဒူးတုန်တတ်မြဲ ဖြစ်သည့်အလျောက် ဤမျှလောက်သောငွေကို စွန့်စားပါတော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။ သို့ဖြစ်၍ ပီတာမြမောင်သည် မီးခံသေတ္တာသို့ ထသွား၍ ငွေစက္ကူ ၁၀၀ဝိ ကို ယူခဲ့ပြီးလျှင် စားပွဲသို့ ပြန်ထိုင်လျက် သူတော်စိန်သို့ လှမ်းပေးလေ၏။ သူတော်စိန်သည် ငွေစက္ကူများ ရေတွက်၍ ဘောင်းဘီအိတ်ထဲသို့ ထည့်နေစဉ် ပီတာမြမောင်၏ စိတ်ထဲ၌ ပုလိပ်ဘက်မှ လာသော စကားဆိုလျှင် အကောင်းမဖြစ်နိုင်၊ အဆိုးသာ ဖြစ်ရမည် ဖြစ်သောကြောင့် အချိန်မစေ့ရောက်မီ ကုမ္ပဏီပိတ်ရဖို့ အကြံများ ပေးမည်လောဟု တွေးတွေး ဖြစ်နေလေ၏။ နောက်ဆုံး၌ .....

မောင်။ ။'ကိုင်၊ ခင်ဗျား ဘာစကားများ ပြောဖို့ပါလဲ၊ အမိန့်ရှိစမ်းပါဦး'

စိန်။ ။'ကျွန်တော် ပြောဖို့ စကားကတော့ ခင်ဗျားအလုပ်ဟာ အချိန်စေ့နေပြီ၊ ရသမျှနဲ့ တင်းတိမ်ပြီး ပြေးပေတော့'

ပီတာမြမောင်မှာ ထိုကဲ့သို့သော စကားမျိုး ပြောလိမ့်မည် ထင်လျက်နှင့်ပင် မျက်နှာ၌ သွေးမရှိတော့ဘဲ ဖြူဖပ်ဖြူရော် ဖြစ်သွားသေး၏။

မောင်။ ။'ခင် ....ခင် ....ခင်ဗျာ'

စိန်။ ။'၂ နှစ် ဆိုတာလည်း မနည်းပါဘူးလေ၊ ခင်ဗျာ့ တော်တော် ရလောက်ပါပြီ။ စုံထောက်ဘက်က ခင်ဗျာ့ကို လိုက်ကြည့်နေရတာ တော်တော်ကြာပြီဗျ။ ကိုင်း ကျွန်တော်ပြောမည့်စကားဟာက ခင်ဗျာ့အလုပ်အကိုင်ကို ဝန်လေးကိုယ်တိုင် ဒီကနေ့ညနေ လာဖမ်းမယ်လို့ စီမံပြီးပြီဗျ၊ အဲဒါပဲ။ ကိုင်း ကျွန်တော့်စကား ငွေ ၁၀၀ဝိ တန်တယ် မဟုတ်ဘူးလားဗျာ'

ပီတာမြမောင်၏ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်ရာမှ ရုတ်တရက် နီမြန်းလာပြီးလျှင် နောက်တစ်ခဏတွင်မူကား လူသေကောင်ကဲ့သို့ အလျှင်း သွေးမရှိသော အဖြစ်သို့ ရောက်သွားလေတော့၏။





ထိုအခါ သူတော်စိန်သည် ထိုင်ရာမှထလျက် 'သို့သော် ကျွန်တော် တတ်နိုင်သမျှတော့ အချိန်ဆွဲထားပါဦးမယ်၊ ဒီအတောအတွင်း ဘဏ်တိုက်မှာ အပ်ထားတဲ့ ငွေရှိသမျှကို အားလုံးထုတ်ယူပြီး အမြန်ဆုံး လစ်ပေတော့ဗျား'

သူတော်စိန် ထွက်သွားပြီးသည့်နောက်၌ပင် ပီတာမြမောင်မှာ ကုလားထိုင်ပေါ်တွင်ထိုင်လျက် ကြက်သေသေသကဲ့သို့ ကြောင်တောင်ငေး ကျန်ရစ်ခဲ့လေ၏။ တစ်နေ့သည်၌ ဤကဲ့သို့ ဖြစ်ချင်ဖြစ်လိမ့်မည်ဟု စဉ်းစားပြီး ဖြစ်သော်လည်း ပီတာမြမောင်သည် ဥပဒေစည်းကမ်းနှင့် ကိုက်ညီစေခြင်းငှာ ဝတ်လုံတော်ရများကို ငှားရမ်း၍ စာချုပ်စာတမ်းများနှင့်တကွ ကျကျနန စီမံထားပြီး ဖြစ်သောကြောင့် သတ်မှတ်ထားသောအချိန် ၁၀ နှစ် မစေ့ကုန်မချင်း ရှယ်ယာများကို ဖွဲ့သမျှ ရောင်းနိုင်ခွင့် ရှိလိမ့်မည်ဟု မျှော်လင့်ခဲ့၏။ ယခုမှာမူ အချိန်မစေ့ရောက်သေးမီ အစိုးရ စုံထောက်တစ်ယောက် ကိုယ်တိုင်က လာရောက် သတိပေးနေပြီ ဖြစ်ရကား ပီတာမြမောင် စိတ်ထဲ၌ လက်ထိပ်များ၊ သံတိုင်ကာသော အချုပ်ထောင်များ၊ တရားရုံးတော်များ စသည်တို့သည် သေခါနီးဆဲဆဲ လူများ၏ စိတ်အာရုံတွင် နိမိတ်ထင်သကဲ့သို့ ကွင်းကွင်းကွက်ကွက် ထင်မိမြင်မိတော့လေ၏။ ပီတာမြမောင်သည် ကုလားထိုင်ပေါ်မှ ထ မည်ပြုသော်လည်း ဒူးများ ဆတ်ဆတ်တုန်လျက် ရှိသဖြင့် ရုတ်တရက် မထနိုင်သေးဘဲ၊ လက်ရန်းနှစ်ဖက်ပေါ်တွင် လက်တစ်ဖက်စီ ထောက်လျက် ကုန်းပေါ်သို့ တင်ထားသော ငါးသတ္တဝါကဲ့သို့ ပါးစပ်မှ ဟပ်ပုံ့ ဟပ်ပုံ့ ဖြစ်နေလေ၏။

တစ်နေ့သောအခါဝယ် ရန်ကုန်မြို့မှ ထွက်ခွာရလိမ့်မည်ဟု စိတ်ထဲ၌ ပြင်ဆင်ထားပြီး ဖြစ်သော်လည်း သူ၏ စိတ်ကူးအရမှာ သားရော မယားပါ လေယာဉ်ပျံနှင့် တင်လိုတင်၊ ပင်လယ်ကူးသင်္ဘောပေါ်တွင် ပစ္စည်းအစုံအလင်နှင့် သားသားနားနား သွားလိုသွား၊ မီးရထား ဆိုလျှင်လည်း ပထမတန်း



www.burmeseclassic.com

www.burmeseclassic.com



တွဲဖြူကြီးကြီးကို စီးလိုစီး အနည်းနည်း ဖန်တီးထားခဲ့ရာ ယခုမှာ အစီအစဉ်များသည် မှန်တိုင်းတိုက်လွင့်သော ဖွဲပြာကဲ့သို့ ဖရိုဖရဲ ပြန့်ကြဲကုန်လေတော့၏။

သို့သော် ဤကဲ့သို့ ငေးမှိုင်နေ၍ မဖြစ်သေး၊ ထွက်ပြေးရမည် ဖြစ်လျှင်လည်း မပြေးမီ စီစဉ်ရန် အလုပ်များစွာ ရှိသေးသည်ဟု ကိုယ့်ကိုယ်ကိုယ် သတိပေးလျက် ပီတာမြမောင်သည် စားပွဲပေါ်၌ထားသော ခေါင်းလောင်းကလေးကို နှိပ်လိုက်ရာ၊ ချာပရာစီကုလားလည်း ဝင်လာလေ၏။ 'ဘာရား ကရာနီဘိုလောင်း' ဟု ပီတာက အမိန့်ပေးလိုက်သဖြင့် စာရေးကြီးလည်း ရှေ့သို့ ရောက်လာလေရာ၊ ကုမ္ပဏီနှင့် ပတ်သက်သော ငွေစာရင်းစာအုပ်အားလုံးကို ယူခဲ့စေပြီးနောက်၊ မီးခံသေတ္တာထဲမှ ငွေရှိသမျှကို ထုတ်လေ၏။ စာရေးကြီးကိုမူ အော်ဒစ်တာ အရာရှိနှင့် တိုင်ပင်ရန် ရှိသောကြောင့် စာရင်းစာအုပ်များကို ယူသွားရမည်ဟု ပြောသော်လည်း ပီတာမြမောင်အကြံမှာ မိမိ ထွက်ပြေးသောအခါ၌ တရားစွဲဖို့ အခက်အခဲဖြစ်စေရန် စာအုပ်အားလုံးကို ဖျောက်ဖျက်ပစ်ဖို့ ဖြစ်လေသည်။

ပီတာသည် တက္ကစီတစ်စီး ခေါ်ခဲ့စေ၍ စာအုပ်များနှင့်တကွ ကားပေါ်သို့ တက်ပြီးလျှင် အင်ပီရီရယ် ဘဏ်တိုက်သို့ မောင်းစေ၏။ ဘဏ်တိုက်စာရေးသည် ပီတာ တင်ပြသော ချက်လက်မှတ်ကို မြင်ရသောအခါ 'ဒီလောက်ထုတ်ယူလျှင် ခင်ဗျားငွေ ဘဏ်တိုက်မှာ ဘယ်ကျန်တော့မှာလဲ' ဟု ပြော၏။ ထိုအခါ ပီတာက 'ကိစ္စမရှိပါဘူး၊ ငွေလက်ငင်းချေပြီး လုပ်ရမည့် ကိစ္စကလေး ရှိလို့ပါ။ တစ်ရက် နှစ်ရက်အတွင်း ပြန်အပ်ဦးမှာပါ' ဟု ဆင်ခြေပေးရ၏။ စင်စစ်သော်ကား ပီတာသည် ဘဏ်၌အပ်ထားသော ငွေအားလုံးကို ထုတ်ယူခဲ့လျှင် လူများ တွေးစရာ ဖြစ်မည်စိုးသောကြောင့် ခေတ္တသုံးသည့် အနေမျိုးဖြင့် ငွေ ၁၀ဝ ခန့်လောက်သာ လက်ကျန်ထားပြီးလျှင် အပ်နှံထားသော ငွေ ၅ သောင်းကို ကုန်စင်အောင် ထုတ်ယူခြင်း





ဖြစ်လေသည်။ ထိုနောက် ပီတာသည် အခြားဘဏ်တိုက် တစ်တိုက်သို့ သွားပြီးလျှင် ဤနည်းအတူ ငွေ ၂ သောင်း ထုတ်ယူပြန်လေသည်။

နောက်ဆုံး၌ ပီတာသည် ငွေများကို အလုပ်တိုက်မှ ဆောင်ယူခဲ့သော လက်ဆွဲသားရေအိတ်တစ်လုံးထဲသို့ ထိုးသွင်းပြီးလျှင် နာရီကို ကြည့်လိုက်ရာ ၁၁ နာရီခွဲ လျက်ရှိသည်ကို တွေ့ရ၏။ ထိုခေတ်အခါက ရန်ကုန်–မန္တလေး အဆန်နံပါတ် (၁) မီးရထားမှာ ၁၂ နာရီတိတိတွင် ထွက်သည်ဖြစ်သောကြောင့် နာရီတစ်ဝက်မျှ အချိန် ရှိသေး၏။ ထိုမီးရထားဖြင့် လိုက်ဖို့ကြံစည်ထားသော ပီတာသည် အိပ်ရာလိပ်နှင့် အဝတ်သေတ္တာကို ယူအံ့ဟု ကရိ (ဗိုလ်မြတ်ထွန်း) လမ်း၌ ရှိသော မိမိနေအိမ်သို့ မောင်းနှင်စေ၏။

'မြန်မြန်လုပ်ဟေ့ ငါလူ၊ အချိန်မရှိဘူး၊ မန္တလေးရထား မီအောင်မောင်းရမှာကွ၊ မီလျှင် ငွေ ၁ဝ ပိုပေးမယ်ကွာ၊ မြန်မြန်မောင်း' ဟု ပီတာက အမိန့်ပေးလိုက်သည်တွင် တက္ကစီသမားသည် လမ်းထောင့်များ၌ လက်ပြသော လမ်းစောင့်ပုလိပ်မှတစ်ပါး မည်သည့်လန်ချား၊ မည်သည့်ကား၊ မည်သည့်မြင်းရထား၊ မည်သည် ခရီးသည်ကိုမျှ ဂရုမစိုက်ဘဲ တရကြမ်းမောင်းနှင်သဖြင့် များစွာသော ကားသမား၊ ရထားသမားများနှင့် ခြေကျင်ခရီးသည်တို့ ကျိန်ဆဲခြင်းကို ခံကြရလေ၏။ လန်ချားသမားများမှကား 'အဘား အဘား' နှင့် မော့ကြည့်လျက် ကျန်ရစ်ရာကြလေတော့သည်။

ကရိ (ဗိုလ်မြတ်ထွန်း)လမ်းသို့ ရောက်၍ ပီတာ၏တိုက်ရှေ့၌ ကားဆိုက်လိုက်သည်နှင့် တစ်ပြိုင်နက် ပီတာသည် တံခါးကိုဖွင့်၍ သားရေအိတ်တစ်ဖက်နှင့် ဆင်းမည်ပြုဆဲတွင် လူတစ်ယောက်သည် ပီတာ၏ ရင်ဘတ်ကို တွန်းလျက် ကားထဲသို့ ပြန်သွင်းလိုက်သဖြင့် ပီတာက ထိတ်လန့်စွာဖြင့် မော့ကြည့်လိုက်သည်တွင် သူ့ဇွတ်စိန်၏ မျက်နှာကို မြင်လိုက်ရလေ၏။

'ဘာဖြစ်တာလဲဗျ၊ လန့်လိုက်တာဗျာ .... ဘယ်သူများပါလိမ့်လို့'

'တိုက်ထဲ ခင်ဗျားဝင်လို့ မဖြစ်ဘူး၊ ဝန်ကလေး လာနေပြီ။ ညနေမှ



www.burmeseclassic.com

www.burmeseclassic.com



ရာဖို့ဟာ အချိန်ပြောင်းပြီး ချက်ချင်း ရှာနေကုန်ကြပြီ။ ခင်ဗျား အလုပ်တိုက်မှာလည်း ပုလိပ်တွေ ဝိုင်းထားလေရဲ့၊ အိမ်ကိုလည်း တော်တော်ကြာ ရောက်လာကြလိမ့်မယ်။ ခင်ဗျား ဝင်လို့ မဖြစ်ဘူး၊ မိသွားလိမ့်မယ်'

'နို့ ဘယ့်နှယ် လုပ်ရမလဲ ဗျာ .... အဝတ်အစားကလေးများမှ မယူရတော့ဘူးလား'

'မယူချင်ပါနဲ့တော့၊ ဖြစ်သမျှကို စိမ်ပေတော့ ....ဟော့ ဒရိုင်ဘာ ဗိုလ်တထောင်ဘက်ကို မြန်မြန်မောင်းစမ်းကွာ'

သူတော်စိန်သည် ကားပေါ်သို့တက်၍ ပီတာအနီး၌ ထိုင်လေရာ ဒရိုင်ဘာလည်း အမိန့်အတိုင်း ဗိုလ်တထောင်ဘက်သို့ မောင်းလေ၏။ ပီတာသည် ကားပေါ်မှလှည့်၍ အိမ်ဘက်သို့ မျှော်ကြည့်လိုက်ရာ လမ်းစောင့်တာဝန်ပြီး၍ ဌာနာသို့ ပြန်လာသော ပုလိပ်တစ်ယောက်ကို မြင်လိုက်ရသဖြင့် 'ခက်တော့တာပဲ' ဟု ညည်းညူကာ တက္ကစီပေါ်တွင် ပက်လက်လှန်ချလိုက်လေ၏။

'ကျွန်တော် ဘယ့်နှယ် လုပ်ရမှာလဲဗျာ၊ ၁၂ နာရီ စာပို့ရထားနဲ့ လိုက်ချင်တယ်ဗျာ'

'မဖြစ်ဘူး ဆရာကြီး၊ ဘူတာရုံမှာ ပုလိပ်တွေလွှတ်ပြီး စောင့်ခိုင်းထားကုန်ပြီးပြီ'

'ဒါဖြင့် ဘယ့်နှယ် လုပ်ရပါမလဲဗျာ'

သူတော်စိန်သည် အဖြေမပေးသေးမီ ပီတာ၏ မျက်နှာကို စီးကရက်မီးခိုးများ၏ အကြားထဲမှ ချောင်းကြည့်နေသေး၏။ ထိုနောက်မှ ....

'ခင်ဗျားမှာ ငွေရှိရဲ့လား'

'ဟုတ်ကဲ့ ရှိပါတယ်' ဟု ပြောပြီးမှ လက်ဆွဲသားရေအိတ်ကို စိုက်ကြည့်နေသော သူတော်စိန်ကို မြင်လိုက်ရသဖြင့် 'နည်းနည်းပါးပါးတော့ ရှိပါတယ်ဗျာ' ဟု ဝိသေသနပုဒ်ဖြင့် စွက်လိုက်လေ၏။





'နည်းနည်းပါးပါးတော့ မဖြစ်ပေဘူး ဆရာကြီးရေ့။ ခင်ဗျား တိုက်ရှေ့က ကျွန်တော်စောင့်နေပြီး သတိပေးတာကို အထက်က သိသွားရင် ကျွန်တော် အလုပ်ပြုတ်ရမှာဗျ၊ ဘယ်လောက် စွန့်ပြီး အလုပ်လုပ်ခဲ့ရတယ်ဆိုတာ ခင်ဗျား စဉ်းစားသာ ကြည့်ပေတော့။ ကိုင်း ....ခင်ဗျား နားထောင်စမ်း၊ ကျွန်တော် ပြောပြမယ်။ ကျွန်တော့် မိတ်ဆွေတစ်ယောက်မှာ ဆလွန်းကားကြီး တစ်စီး ရှိတယ်။ ခင်ဗျား သွားချင်တဲ့ နေရာရောက်အောင် လိုက်ပို့မယ်'

'မန္တလေး သွားချင်တယ်ဗျ၊ စာပို့ရထားကို ပဲခူးကနေပြီး စီးချင်တယ်၊ မီအောင် ပို့မပေးနိုင်ဘူးလား'

'ပို့ပေးနိုင်တာပေါ့၊ ခင်ဗျား ဘယ်လောက်ပေးမလဲ'

'ခင်ဗျား ပြောပါဗျာ'

'၅၀ဝ ပေးရလိမ့်မယ်'

'မများဘူးလားဗျာ'

'မများဘူးလေ .... ပဲခူးမှာ မမီလိုက်လျှင် ညောင်လေးပင် ရောက်အောင် လိုက်ချင် လိုက်ရပစေ ပို့ပေးမယ်၊ ဘယ့်နှယ်လဲ'

'ကိုင်း ပေးပါတော့မယ်ဗျာ'

ထိုအခိုက်၌ တက္ကစီသည် ဗိုလ်တထောင်ရပ်ကွက်သို့ ရောက်လာပြီဖြစ်သောကြောင့် သူတော်စိန်သည် တက္ကစီကို ရပ်စေ၍ အခကို ရှင်းပေးစေပြီးနောက် လွှတ်လိုက်လေ၏။

ထိုနောက် သူတော်စိန်သည် ပီတာကို ခေါ်သွား၍ ကားရုံတစ်ခုသို့ရောက်သောအခါ ရုံတံခါးကို သော့နှင့် ဖွင့်ပြီးနောက်၊ အသစ်ကျပ်ချွတ် ခေါ်ရမတတ် သစ်လွင်တောက်ပြောင်သော ဝီလစ္စနိုက် ကားကြီးတစ်စီးကို ရုံထဲမှ ထုတ်လေ၏။ ထိုနောက် သူတော်စိန်သည် ဒရိုင်ဘာထိုင်သော နေရာသို့တက်၍ ပီတာအားလည်း ကားပေါ်သို့တက်ရန် ခေါ်င်းညိတ်ပြပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှင် ပြည်လမ်းကြီးဘက်သို့ မောင်းနှင်လေ၏။ ထိုအချိန်ကား ၁၂ နာရီ ထိုးပြီးပြီဖြစ်၍ စာပို့ရထား ထွက်ပြီဖြစ်သောကြောင့် မီးရထားကိုမီအောင် လိုက်ရမည် ဖြစ်ပေရကား သူတော်စိန်သည် မြို့ပြင်သို့ရောက်၍ လူရှင်းသည်နှင့် တစ်ပြိုင်နက် ပထရို လီဗာကို နင်းလိုက်ရာ ကားပေါ်၌ လိုက်ပါလာသော ပီတာမှာ မျက်လုံးများ ပြာခနဲ ပြာခနဲ ဖြစ်သွားလေတော့၏။

ပီတာမြမောင်သည် မိမိ၏ လွတ်လပ်ခြင်းကို စွန့်စား၍ အပတ်တကုတ် အလုပ်လုပ်ခြင်းအားဖြင့် ရရှိခဲ့သော သားရေအိတ်ကို လက်တစ်ဖက်တွင် စိစိပါအောင် ကိုင်ဆုပ်၍ အခြား လက်တစ်ဖက်ဖြင့် လေမလွင့်စေရအောင် ဦးထုပ်ကိုကိုင်လျက် လိုက်ပါလာစဉ် ပဲခူးတွင် မီးရထားကို မီမှမီပါမည်လော၊ အကယ်၍ မီစေကာမူလည်း ပဲခူးဘူတာမှ မိမိကိုစောင့်၍ ဖမ်းရန် ပဲခူးပုလိပ်များထံသို့ တယ်လီဖုန်းဆက်၍ အကြောင်းကြားထားနှင့်နေမည်လော အစရှိသော စိတ်ကူးများဖြင့် တအုံနွေးနွေး လိုက်ပါလာခဲ့ရလေ၏။

ထောက်ကြံ့ကိုကျော်လွန်၍ လမ်းတစ်ဖက်တစ်ချက်တွင် လယ်ကွင်းများမှတစ်ပါး မည်သည့် တဲအုံကနားမှ မရှိသော နေရာသို့ ရောက်လာကြသောအခါ သူတော်စိန်သည် ကားကို လမ်းနံဘေး၌ ဆိုက်ကာ ရတ်တရက် ရပ်လိုက်ပြီးနောက် တန်ဆာပလာများ ထည့်သောအိတ်ကို ဆွဲထုတ်လေ၏။

'ဘာဖြစ်တာလဲ မိတ်ဆွေ'

'ချေးပိတ်သွားတယ် ထင်တယ်၊ လီဗာ နင်းလို့ မရတော့ဘူး'

'ခုနင်က ကောင်းလာပြီး ချက်ချင်း ဒီလိုဖြစ်ရသလားဗျာ'

'စက်ကိရိယာ ဆိုတာမျိုးက တယ်ခက်တာပဲဗျာ၊ ခု ကောင်းပေမယ့် တော်တော်ကြာ ပျက်ချင်ပျက်တာမျိုးပဲ'

သူတော်စိန်သည် ကိရိယာ တန်ဆာများဖြင့် ဤနေရာ၊ ထိုနေရာတို့၌ စမ်းသပ်ပြီးနောက် ဦးခေါင်းကို ယမ်းလေ၏။





'ကိုင်း .... မိတ်ဆွေ ခဏလောက် ဆင်းပေဦးတော့'

'ဘာကြောင့်လဲဗျာ'

'ဆင်းဆို ဆင်းစမ်းပါလေ'

လေသံပြင်းလာသည်နှင့် ပီတာမြမောင်လည်း သားရေအိတ်ကိုင်ကာ ကားပေါ်မှ ဆင်းလာလေ၏။

'ကိုင်း .... ဆရာကြီး၊ ဒီထက်တော့ မပို့နိုင်တော့ဘူး၊ ပိုက်ဆံ ပေးပေတော့'

'ဒီလိုဆိုရင် ....'

'ပေးဆို ပေးပါလေ'

ပီတာမြမောင်သည် အလွန်အံ့သြစွာဖြင့် သားရေအိတ်ကို ဖွင့်မည်ပြုဆဲ ....

'ထုတ်မနေပါနဲ့တော့၊ အိတ်ပေးပါ'

ပီတာလည်း သူတော်စိန်ကို မော့ကြည့်လိုက်သည်တွင် သူ၏မျက်နှာကို မမြင်ရသေးမီ ရှေ့မှဆီးကာ၍ မိမိဘက်သို့ လှည့်၍ရှိသော ခြောက်လုံးပြူးသေနတ်ပြောင်းဝကို မြင်လိုက်ရလေ၏။ ထိုအခါမှ ပီတာမှာ မျက်လုံးမျက်ဆန်ပြူးလျက် ပါးစပ်ကို ဟ ပြီးလျှင် ကြောင်တောင်ကြီး ခေါကြည့်နေလေရာ သူတော်စိန်က သားရေအိတ်ကို ဆတ်ခနဲ ဆွဲယူလိုက်သည်တွင်မှ ....

'မလုပ်ပါနဲ့ ဆရာကြီးရယ်၊ အကုန်လုံးတော့ မယူလိုက်ပါနဲ့ ဆရာကြီးရယ်' ဟု တတွတ်တွတ် ရေရွတ်ကာ သားရေအိတ်ကို လုဖို့ ကြိုးစားပါသေး၏။ သို့သော်လည်း ပီတာမြမောင်မှာ ဂရစ်ဒမ်ဘဲလ် စသော ကိရိယာများဖြင့် နှစ်ပေါင်းများစွာ လေ့ကျင့်လာခဲ့သဖြင့် သံမဏိကဲ့သို့ မာချာသော ကြွက်သားများ ရှိသည့် သူတော်စိန်၏ လက်ထဲတွင် ကလေးနှင့် လူကြီး၊ ကြွက်နှင့် ကြောင်၊ ဒရယ်နှင့် ကျားကဲ့သို့ဖြစ်နေပေရကား သူတော်စိန်က...



www.burmeseclassic.com

www.burmeseclassic.com



'ဟင်း .... နာသွားမနော်၊ ဒါတွေ လုပ်မနေစမ်းနဲ့' ဟု ဆိုကာ ရင်ဘတ်ကို လက်ဖြင့် တွန်းဖယ်လိုက်သည်တွင် နောက်သို့ ဒယီးဒယိုင် ဆုတ်သွားလေတော့၏။

'ချမ်းသာပေးပါ ခင်ဗျာ၊ အကုန်လုံးတော့ မယူပါနဲ့၊ နည်းနည်း ပါးပါး ပေးခဲ့ပါဦး ခင်ဗျာ။ ကျွန်တော် ၂ နှစ်လုံးလုံး အပင်ပန်းခံပြီး အလုပ် လုပ်ထားရတာပါ ခင်ဗျာ'

'အားမငယ်ပါနဲ့ မိတ်ဆွေ၊ နောက်တစ်နည်း ထွင်ပြီး လိမ်ပြန် သေးတာပေါ့'

'ပြေးဖို့ စရိတ်ကလေးတော့ ပေးခဲ့ပါဦး ခင်ဗျာ၊ ရှိကြီးခိုးပါရဲ့ဗျာ'

သူတော်စိန်လည်း ကားပေါ်သို့တက်၍ စက်နှိုးပြီးနောက် သားရေ အိတ်ကို ဖွင့်၍ ငွေစက္ကူတစ်လိပ်ကို ပစ်ပေးရင်း .... 'ရော့ ....သားစာ မယား စာကလေး' ဟု ဆိုကာ ရန်ကုန်ဘက်သို့ လှည့်ပြန်သွားလေတော့သတည်း။

# ကိုယ်ချင်းမစာတတ်သူကို ဆုံးမခြင်း

သူတော်စိန် အကြောင်းကို ဖတ်ရှုခဲ့ကြသော စာဖတ်ပရိသတ်အချို့က ဤလူ သည်ကား ကိုယ်ကျိုးရှာသမား သက်သက် ဖြစ်သည်ဟု ယူဆကောင်း ယူဆကြပေလိမ့်မည်။ စင်စစ်မှာ သူတော်စိန်သည် အပျော်သက်သက် ဆိုး မိုက်နေသည် မဟုတ်ဘဲ သူ၏ နှိပ်စက်ခြင်းများအတွက်ကြောင့် အကျိုး ခံစားရသော အလှည့်အပတ်များ ပါရှိဖူးသည့် မှန်သော်လည်း တစ်ခါတစ်ရံ တွင် သူ့အဖို့၌ ပင်ပန်းကျိုး မနပ်ရုံသာမက အိတ်ထဲမှ စိုက်ထုတ်ကုန်ကျ ရခြင်းများလည်း ကြုံရဖူးလေသည်။ ဤလူသည်ကား လူအများတို့ အသိ အမှတ် ပြုကြသော စံချိန်အရ လူကောင်းတစ်ယောက်ဟူ၍ မခေါ်နိုင်သည် မှန်၏။ သို့ရာတွင် သူ၏ အပြုအမူများမှာ တစ်ခါတစ်ရံတွင် ကလောင်ဖြင့် ဆုံးမကြသော သတင်းစာဆရာများထက် လည်းကောင်း၊ နှုတ်ဖြင့် ဟောပြ သွန်သင်ကြသော ဓမ္မကထိကများထက် လည်းကောင်း အရာရောက်သည် ကို တွေ့ရသည် ဖြစ်သောကြောင့် ဆင်းရဲသား လူတန်းစား၏ ကျေးဇူးရှင် ခေါ်နိုင်စေကာမူ ရှေ့နေလိုက်ပေးဖော် ရသည်ဟု ဆိုထိုက်ပါပေသည်။

စုံထောက် ဦးစံရှားသည် တစ်ခါတစ်ရံတွင် သတင်းစာများမှ စုံထောက်ဖို့ အမှုအခင်း တွေ့ရတတ်သည့်နည်းတူ သူတော်စိန်မှာလည်း ဤနည်းအတူ သတင်းစာ၏ အကူအညီဖြင့် အလုပ်သမား ဆင်းရဲသား၏ အကျိုးကို သည်ပိုးနိုင်ခဲ့၏။ သို့ရာတွင် ဤလူသည် ငွေရမှုအတွက်



www.burmeseclassic.com

www.burmeseclassic.com



သက်သက် စွန့်စားသည်ဆိုက မှားသည့်နည်းတူ ဖိနှိပ်ခြင်း ခံရသူများ၏ အကျိုးအတွက် ရည်မှန်းဆောင်ရွက်သည်ဆိုလျှင်လည်း မှန်လိမ့်မည် မဟုတ်ချေ။ အကြောင်းမူကား သူတော်စိန်သည် ကိုယ်ချင်းစာတရား မကပ်သော လူများကို ရွံရှာစက်ဆုပ်တတ်သော သဘာဝရှိ၍ ထိုသို့သော လူများကို ညှဉ်းဆဲရခြင်း တည်းဟူသော အလုပ်တွင် အရသာ ခံစားလိုသဖြင့် ဆောင်ရွက်ခဲ့ခြင်း မျှသာ ဖြစ်ပေသောကြောင့်တည်း။

တစ်နေ့သ၌ သူတော်စိန်သည် ရန်ကုန်ဂေဇက် အင်္ဂလိပ်သတင်းစာကို ဖတ်လျက်ရှိစဉ် ထူးဆန်းသော အမှုများကို စီရင်ချက်နှင့်တကွ ထည့်သွင်းဖော်ပြလေ့ရှိသော ထိုသတင်းစာ၏ ထုံးစံအတိုင်း သယ်ယူပို့ဆောင်ရေး ကုမ္ပဏီတစ်ခုနှင့် ပတ်သက်သည့် အမှုတစ်ခုအကြောင်းကို အောက်ပါအတိုင်း တွေ့ရှိရလေ၏။

## တရားသူကြီးက သယ်ယူပို့ဆောင်ရေး ကုမ္ပဏီကို အပြစ်ဆိုခြင်း။

## တစ်နေ့ ၃ နာရီသာ အိပ်ရသော ဒရိုင်ဘာ။

## ငွေဝယ်ကျွန်နှင့် တူသည် ဆိုခြင်း။

မော်ဒင် ထရန်စပို့ ကုမ္ပဏီမှ ဒရိုင်ဘာ မောင်သန်း အမှုကို စီရင်ချက် ချမှတ်ရာတွင် တရားသူကြီးက ဒရိုင်ဘာများအား ကုမ္ပဏီ၏ ညှဉ်းပန်းပုံများကို ရှုတ်ချပြစ်တင်ထားကြောင်း။

အမှုဖြစ်ပွားပုံမှာ တရားခံ ဒရိုင်ဘာ မောင်သန်းသည် လွန်ခဲ့သော မတ်လ ၂၈ ရက်နေ့က ပြည်လမ်းမကြီးပေါ်၌ လော်ရီတစ်စီး မောင်းသွားစဉ် စက်ဘီးစီးသွားသော ခရီးသည် မောင်ထွန်းကို တိုက်မိသဖြင့် ဒဏ်ရာအပြင်းအထန်ရ၍ ဆေးရုံကြီး၌ သေဆုံးသွားကြောင်း။ ဒရိုင်ဘာ မောင်သန်းက ခရီးသည်များ အား





အန္တရာယ် ဖြစ်စေလောက်အောင် မောင်းနှင်မိခြင်းကို မငြင်းဆိုသော်လည်း မလွှဲမရှောင်သာသော အခြင်းအရာများကြောင့် ထိုကဲ့သို့ ဖြစ်ရပါသည်ဟု ထုချေကြောင်း။

တရားလိုပြ သက်သေများက မောင်သန်းသည် ၎င်းလမ်းမပေါ်၌ မိုင် ၃၀ နှုန်းခန့်ဖြင့် လော်ရီမောင်းသွားစဉ် စက်ဘီးစီး ခရီးသည် တစ်ယောက်ကို ကျော်တက်ခိုက်၌ ရင်ဆိုင်လာသော ကားတစ်စီးနှင့် ဆုံမိကြောင်း။ မောင်သန်းသည် ကားကို ရှောင်တိမ်းလိုက်သည်တွင် အတိမ်းလွန်သွားသောကြောင့် စက်ဘီးစီး ခရီးသည်ကို တိုက်မိခြင်း ဖြစ်ကြောင်းနှင့် ထွက်ဆိုကြလေသည်။

ဒရိုင်ဘာ မောင်သန်းကို စစ်ဆေးသော ပုလိပ်အရာရှိက 'မူးယစ်ဟန် တူသည်' ဟု ဆိုထားသော်လည်း အရက်နံ့ ထွက်သည်ကို မတွေ့ရဆိုကြောင်း။ တရားခံ မောင်သန်းက 'ကျွန်တော်မျိုး မမူးယစ်ပါ၊ အလွန် ပင်ပန်းနေခြင်းမျှသာ ဖြစ်ပါသည်။ ကျွန်တော်မျိုးအား ကုမ္ပဏီက ခရီးရှည် မောင်းစေသောအခါ စားချိန်နှင့် နားချိန်ပါထည့်၍ တစ်နာရီ မိုင် ၃၀ နှုန်း ရောက်အောင် မောင်းစေပါသည်။ ဥပမာ မိုင် ၃၀၀ ခရီး မောင်းရလျှင် ၁၀ နာရီနှင့် ရောက်အောင် မောင်းရပါသည်။ အများအားဖြင့် ညဉ့်အချိန်များတွင် မောင်းရသော်လည်း အရေးကြီးသည့်အခါ နေ့ရော ညဉ့်ပါ မောင်းရပါသည်။

'မတော်တဆ တိုက်မိသောနေ့က (မတ်လ ၂၅ ရက်နေ့က ၂၈ ရက်နေ့အထိ) ၄ ရက်အတွင်း ၁၂ နာရီသာ အိပ်ခဲ့ရပါသည်။ နားချိန်နည်းသည်ဟု ညည်းတွားမိလျှင် အလုပ်လက်မဲ့ ဖြစ်နေသော ဒရိုင်ဘာများက ဝင်၍လုပ်ကြမည် ဖြစ်သောကြောင့် မညည်းဝံ့ကြပါ' ဟူ၍ အစစ်ခံကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



ငင်းကုမ္ပဏီက အခြား ဒရိုင်ဘာ တစ်ယောက်ကို စစ်ဆေးကြည့်ရာ ဤနည်းအတူ ထွက်ဆိုသည်ကို တွေ့ရကြောင်း။

တရားသူကြီးက တရားခံ မောင်သန်းအား အပြစ်မရှိကြောင်း စီရင်ချက် ချမှတ်ရာတွင် ၎င်း စီရင်ချက်၌ 'ငွေဝယ်ကျွန်ခေတ် ကုန်လွန်ခဲ့ပြီဟု ယူဆခဲ့ရာ ယခုမှ မကုန်သေးသည်ကို တွေ့နေရကြောင်း။ ဤအမှုတွင် ဒရိုင်ဘာ မောင်သန်းကို တရားစွဲမည့်အစား မော်ဒင် ထရန်စပို့ ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ မစ္စတာ အိုဟာရာကို တရားခံအဖြစ်နှင့် တရားစွဲသင့်ကြောင်း။ တစ်နေ့ သုံးနာရီမျှသာ အိပ်၍ ၄ ရက်တိုင်တိုင် လေးလံသော လော်ရီကားကြီးကို မောင်းကြည့်လျှင် မည်သူမဆို ဒရိုင်ဘာ မောင်သန်း၏ ပေါ့လျော့မှုကြောင့် တိုက်မိခိုက်ရခြင်း မဟုတ်ဟူ၍ ကျေနပ်မည် ဖြစ်ကြောင်း။ အလုပ်သမားများကို ဤမျှလောက် မညှာမတာ ကိုယ်ချင်းစာတရား ကင်းမဲ့စွာနှင့် ခိုင်းစေသော အလုပ်ရှင်များအား ထောင်ဒဏ်ပေးနိုင်သည့် ဥပဒေမျိုး ပြုလုပ်ထားဖို့ လိုကြောင်း'

မော်ဒင် ထရန်စပို့ ကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ မစ္စတာ အိုဟာရာသည် အထက်ပါ စီရင်ချက်ကို ဖတ်ရှုရသောအခါ စိတ်ဆိုးမည် မှန်သော်လည်း၊ အကယ်၍ သူတော်စိန် အကြောင်းကို သိပါက ထိုသတင်းစာကို ဖတ်ရှုရသော အချိန်၌ သူတော်စိန်၏ မျက်နှာထားကို မြင်ရပါမူ စိုးရိမ်မကင်း ဖြစ်ချေမည် ဧကန် ဖြစ်၏။

သူတော်စိန်မှာ ညှာညှာတာတာ စဉ်းစားတတ်သော လူတစ်ယောက် မဟုတ်သဖြင့် သတင်းစာကို ဖတ်ပြီးလျှင်ပြီးချင်း 'ဒီလို အလုပ်ရှင်မျိုးတော့ ဆီပူထဲထည့်ပြီး ကြော်တာ အကောင်းဆုံးပါပဲကွာ' ဟု တပည့်ကျော် မိုက်ခဲအား လှမ်း၍ ပြောလိုက်၏။ တပည့်ကျော် မိုက်ခဲက 'ဆရာက ဒီလိုလုပ်တော့





အစိုးရဥပဒေက ဆရာ့ကို ညှာမှာ မဟုတ်ဘူး ဆရာ' ဟု ပြောသောအခါ၊ သူတော်စိန်က 'ဥပဒေနဲ့ ငါနဲ့တော့ တစ်ဖက်တစ်လမ်းပ ငါ့လူရာ၊ လူလုပ်တဲ့ ဥပဒေမျိုးတော့ ငါက လုံးဝ ဂရုမစိုက်ဘူး မောင်။ အင်မတန် မျက်နှာလိုက်တဲ့ ဥပဒေလားကွာ။ ဓနရှင်ဖို့ချည်း သက်သက်ပဲ၊ ဆင်းရဲသားဖို့ တစ်ခုမှ မပါဘူး။ အလုပ်ရှုံ ဥပဒေတဲ့၊ ဘာတဲ့ ညာတဲ့၊ လုပ်တော့ထားပါရဲ့၊ နို့ပေမယ့် ငါတို့ပြည်မှာ တစ်ခုမှ လိုက်နာတယ်လို့ မကြားဖူးသေးဘူး။ ကိုင်း လေကွာ ဒါတွေပြောနေလို့ အပိုပါပဲ။ ငါ့ကို တစ်ခုလောက် ကူညီစမ်းကွာ'

ခဲ။ ။'ဘာလဲ ဆရာ'

စိန်။ ။'အထဲမှာ လုပ်ချင်တာလုပ်၊ ဆူချင်သလိုဆူ၊ အော်ချင်သလို အော်ပေမယ့် အိမ်နီးချင်းများ မကြားနိုင်တဲ့ မော်တော်ကားရုံတစ်ခုလောက် ရအောင် ရှာငှားပေးစမ်းကွာ'

ခဲ။ ။'ဆရာ လိုချင်တယ်ဆို ယုံချို၊ လိမ်မွေးတောင် ရအောင် ရှာပေးနိုင်ပါတယ် ဆရာ။ ဘယ်တော့လောက် လိုချင်သလဲ'

စိန်။ ။'သန်ဘက်ခါလောက်ပကွာ'

ခဲ။ ။'ဆရာကတော့ ဘာအလုပ် ရှိလို့လဲ'

စိန်။ ။'ငါကတော့ ဒရိုင်ဘာလိုင်စင် လျှောက်တဲ့အခါမှာ ကောင်းကောင်း မောင်းတတ် မမောင်းတတ် စုံစမ်းဖို့ ကိရိယာတစ်ခု ရောက်လာတယ်ဆိုလို့ သွားကြည့်စမ်း မလို့ကွ။ သူ့ဟာ တယ်နေရာကျ ဆိုပါကလား၊ မော်တော်ကားမှာ တပ်ပြီး မောင်းရင် တကယ့် လမ်းပေါ်သွားပြီး မမောင်းရဘဲနဲ့ ကားရုံထဲတွင် မောင်းတာနဲ့ မောင်းတတ်တယ်၊ မမောင်းတတ်ဘူး ဆိုတာကို သိနိုင်သတဲ့ ကွ'

ခဲ ။ ။'ဟုတ်လှပါကလား ဆရာ'

စိန်။ ။'အေးလေ၊ အဲဒါ ငါ သွားကြည့်ပြီး ဟုတ်ခဲ့လို့ရှိရင် နှစ်ရက်လောက် ငှားချင်လို့ကွာ။ ဘယ်လောက် ပေးရ ပေးရ'



www.burmeseclassic.com

www.burmeseclassic.com



ခဲ။ ။'သန်ဘက်ခါတော့ သကြန်ပဲ ဆရာ၊ ရုံးပိတ်ရက်အတွင်းတော့ ရနိုင်မှာပေါ့'

စိန်။ ။'ဒါကြောင့် ငါလည်း စိတ်ကူးတာပဲ၊ မင်းက ကားရုံရအောင် ရှာကွာ၊ ငါက အဲဒီ ကိရိယာ ရအောင် ငှားမယ်'

ခဲ။ ။'ဘယ်အတွက်လဲ ဆရာ'

စိန်။ ။'မမေးနဲ့လေကွာ၊ နောက်တော့ သိလိမ့်မပေါ့'

ခဲ။ ။'သိချင်လို့ မေးမိတာပါ ဆရာ၊ ကန့်တော့ပါရဲ့'

မိုက်ခဲ ဆိုသူမှာ စိန်ပေါကျောင်းထွက် တစ်ယောက်ဖြစ်၍ ဘိုနာမည် (Michael) မှ မြန်မာလို မိုက်ခဲ တွင်လာသူဖြစ်ရာ၊ သူတော်စိန်၏ တပည့်များအနက်တွင် တစ်ယောက် အပါအဝင် ဖြစ်လျက် အလွန်တရာ နှံ့စပ်သူ ဖြစ်သည့်အတိုင်း သူတော်စိန် လိုသမျှကို ရအောင် ရှာပေးနိုင်သူ ဖြစ်ပေ၏။ သူတော်စိန်သည် လက်ရုံးရည် တပည့်၊ နှလုံးရည် တပည့်၊ လိုရာကို ရှာပေးနိုင်သော တပည့်၊ လူတစ်ယောက်အသက်ကို သတ်ရဲသော တပည့် စသည်ဖြင့် အဆင်သင့်သလို အသုံးချနိုင်စေရန် အမျိုးမျိုး မွေးမြူထားသည့်ပြင် မိန်းမ လူစွမ်းကောင်းများပင် ရှိချေသေး၏။

ဧပြီလ ၁၂ ရက်နေ့ (သကြန်အကြိုနေ့) ၌ သူတော်စိန်သည် အလိုရှိသော ကားရုံနှင့် ကားမောင်းခြင်း စမ်းသပ်သော ကိရိယာတို့ကို အပြည့်အစုံရရှိပြီ ဖြစ်၍ မိမိစိတ်ကူးထားသော ကိစ္စအတွက် ပြင်ဆင်လျက် ရှိလေ၏။

*

တိုင်းရေးပြည်ရေး၌ အပါးဝသောလူများက မန်နေဂျင်း ဒါရိုက်တာ မစ္စတာ အိုဟာရာမှာ ပုလိပ်ရုံး တရားသူကြီး၏ စီရင်ချက်တွင် ရှုတ်ချ ရေးသားခြင်းခံရသည် အတွက်ကြောင့် ရှက်လှသည်နှင့် မျက်နှာကိုမျှ မဖော်ဝံ့အောင် ပုန်းလျှိုးနေရလိမ့်မည်ဟု မှတ်ထင်ကောင်း မှတ်ထင်ကြပေလိမ့်မည်။ စင်စစ်





သော်ကား ဂျင်မခါနာကလပ်၌ ဘိလပ်သား အရာရှိများက ခေါင်းမာသော တရားသူကြီး တစ်ယောက်ဟူ၍ ပြက်ရယ် ပြောဆိုကြသည်မှတစ်ပါး မည်သို့မျှ ထူးခြားခြင်း မရှိသည်ဖြစ်၍ ထိုဧပြီလ တစ်ရက်နေ့၌ မစ္စတာ အိုဟာရာသည် အင်္ဂလိပ် ကုမ္ပဏီကြီးများမှ မျက်နှာဖြူ သူဌေးကိုယ်စားလှယ် လင်စုံမယားစုံတို့ကို မိမိနေအိမ်၌ (ဒင်းနား ပါတီ) တည်ခင်းကျွေးမွေးပြီးနောက် ဂလုပ် ဘိုင်စကုပ်ရုံ နောက်ဆုံးပွဲသို့ ဧည့်သည်အားလုံးတို့အား ဖျော်ဖြေလျက် ရှိလေ၏။

အဆိုပါ မျက်နှာဖြူဧည့်သည် အပေါင်းတို့ကလည်း အိုဟာရာ၏ ဒင်းနားပါတီ၌ ရှမ်ပိန်အရက်ကို သောက်ကြ၍ ဘိုင်စကုပ် အထူးတန်းမှ ကြည့်ကြရသမျှ ကာလပတ်လုံး ဒရိုင်ဘာများကို အနားမပေးဘဲ ညှဉ်းဆဲခြင်းအားဖြင့် မြတ်စွန်းသောငွေနှင့် မိမိတို့အား ဖျော်ဖြေခြင်း ဖြစ်သည်ဟူ၍ နှိုက်နှိုက်ချွတ်ချွတ် ပေါက်ပေါက်ရှာရှာ စဉ်းစားတတ်သော လူစု မဟုတ်ချေ။ ထိုသူတို့ကမူ မျက်နှာဖြူအချင်းချင်း ရှုတ်ချရဲသော မျိုးဖျက်တရားသူကြီးဟူ၍ပင် မှတ်ထင်ကြပေဦးမည်။

မစ္စတာ အိုဟာရာသည် မိမိ၏ ဧည့်သည်များနှင့်အတူ ဂလုပ် စိနီမာ ရုံကြီးတွင် ချက်လီချက်ပလင်၏ "ဂရိတ်ဒစ်တေတာ" ဓာတ်ကား၌ တဟားဟား တဝေါဝေါ ရယ်မောလျက်ရှိကြစဉ်၊ တံခါးပေါက်စောင့်သော ကုလားကလေးတစ်ယောက်သည် ၎င်း၏လက်သို့ စာကလေးတစ်စောင် ပေးလာသည်နှင့် ဖွင့်၍ ဖတ်လေ၏။

"ကျွန်တော်တို့ ကုမ္ပဏီမှ လော်ရီတစ်စင်းသည် ပရိုတ်ဗိတ်ကား တစ်စီးနှင့် တိုက်မိသဖြင့်၊ ခရီးသည် နှစ်ယောက် ပွဲချင်းပြီး သေဆုံးသွားပါသည်။ ဒရိုင်ဘာ မောင်သန်းအမူနှင့် ဆက်၍ ဖြစ်ပွားသည်အတွက် အလွန် ဆိုးရွားနေပါသည်။ အားလပ်ချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား၏ ကားထဲမှ ကျွန်တော် စောင့်နေပါမည်၊
တွေ့ရမှ ဖြစ်ပါလိမ့်မည်။"

ထိုစာကလေး၏ အောက်တွင် ကုမ္ပဏီမန်နေဂျာ၏ လက်မှတ် ရေးထိုးပါရှိလေရာ၊ အိုဟာရာသည် စာရွက်ကို အပိုင်းပိုင်းဆုတ်လိုက်၍ နာရီကို ကြည့်လိုက်သောအခါ အားလပ်ချိန်ရောက်ဖို့ ၅ မိနစ်ခန့်မျှသာ လိုတော့သည်နှင့် အောင့်အည်း စောင့်ဆိုင်းနေလေ၏။ သို့ရာတွင် အိုဟာရာ အဖို့မှာ ထိုအချိန်မှစ၍ ချာလီချက်ပလင်၏ မျက်လုံးများသည် ခြောက်ကပ် ကပ် ရှိနေသဖြင့်၊ တစ်ယောက်တည်း မ"ကြောင်" စေခြင်းငှာသာလျှင် အခြားလူများနှင့် ရောယောင် ရယ်မောလိုက်ရသည်။

အားလပ်ချိန် ရောက်သည်နှင့် တစ်ပြိုင်နက် အိုဟာရာသည် မိတ်ဆွေများကို သင့်လျော်အောင် ပြောခဲ့၍ ရုံပေါ်မှ ဆင်းလာပြီးလျှင် တသီ တတန်းကြီး ဆိုက်ထားသော ကားများအနက် မိမိ၏ကားကို ရှာ၍ 'တွန် မဆင်လား' ဟု မေးလိုက်ရာ၊ 'ရဲ့ဆား' ဟု ပြန်ပြောသံ ကြားသည်နှင့် တံခါးကိုဖွင့်၍ ကားပေါ်သို့ တက်လေ၏။ ကားပေါ်၌ကား ခပ်မှောင်မှောင် ရှိနေလေရာ မိမိအား ထိုင်၍စောင့်နေသော မန်နေဂျာ တွန်မဆင်၏ မျက်နှာ ကို သဲကွဲစွာ မမြင်နိုင်ဘဲ ပုံပန်းသဏ္ဍာန်မျှလောက်သာ မြင်နိုင်ပေ၏။

အို။ ။(ကားပေါ်သို့ တက်၍ထိုင်ရင်း) 'ဘာဖြစ်တာလဲ၊ ဒီကောင် တွေ ခဏခဏ မလိုချင်ဘူး၊ အားလုံး ထုတ်ပစ်မယ်။ ကားမောင်းဖို့ ကျွန်ုပ် လခ ပေးတယ်။ သူတို့က ကားပေါ်မှာ အိပ်လိုက်တယ် ထင်တယ်၊ အားကြီး ခွကျတဲ့ ကောင်တွေပဲ'

'သူတို့ ခွကျတာ ဘာဟုတ်သေးလဲ၊ ခင်ဗျားအတွက် သာပြီး ခွကျဖို့ မြင်နေသေးတယ်' ဟု ပြန်ပြောလိုက်သော အသံမှာ မန်နေဂျာ တွန်မဆင်၏ အသံလည်း မဟုတ်၊ သုံးနှုန်းနေကျ လေမျိုးလည်း မဟုတ်ပေရကား အိုဟာ ရာမှာ အလွန်တရာ အံ့သြလှသဖြင့် ကြက်သေသေလျက် ရှိရာမှ မိမိ၏





နံဘေး၌ ထိုင်လျက်ရှိသော လူကို သေချာစွာ ကြည့်လိုက်သည်တွင် ထိုသူသည် ဦးထုပ်အစွန်းမှ လည်ပင်းဆီသို့ရောက်အောင် ပါးလွှာသော ဇာမျက်နှာဖုံးတစ်ခု ကာကွယ်လျက်ရှိသည်ကို အလန့်တကြား တွေ့မြင် ရလေ၏။

'အို ဟဲလ်၊ မင်း ဘယ်သူလဲ'

'လူကိုသိဖို့ လို မထင်ပေါင်လေ၊ ကိစ္စလောက် သိလျှင် တော်ရော ပေါ့'

ထိုအတောအတွင်း၌ ဒရိုင်ဘာနေရာ၌ ထိုင်လျက်ရှိသော လူသည် ကားကြီးကို စက်နှိုးပြီးသဖြင့် တဖြည်းဖြည်း ထွက်စ ပြုနေလေရာ၊ အိုဟာရာ သည် ထိုလူကို လှမ်းကြည့်လိုက်သောအခါတွင် မိမိ၏ ဒရိုင်ဘာ မဟုတ်သည့် အဖြစ်ကို သိရလေ၏။ ထိုအချိန်၌ကား အိုဟာရာ၏ ဝိလစ္စနိုက် ကားကြီး သည် ကားတန်းကြီးအထဲမှ လမ်းပေါ်သို့ ရောက်နေပြီဖြစ်ရာ၊ အိုဟာရာသည် ထိုလူများ၏ ရည်ရွယ်ချက်ကို နားမလည်သော်လည်း ကောင်းသော အကြံ အစည် မဟုတ်နိုင်ခြင်းကို ရိပ်မိသည်နှင့် 'မင်းတို့က ငါ့ကို ဒီလိုလုပ်လို့ ရရိုးလားကွ' ဟု ဆိုကာ မိမိ၏ နံဘေး၌ ထိုင်လျက်ရှိသော လူ၏ မျက်နှာကို လက်သီးဖြင့် ထိုးလိုက်လေ၏။ သို့ရာတွင် ဤကဲ့သို့ ပြုလုပ်လိမ့်မည်ဟု သိသဖြင့် ကြိုတင်ပြင်ဆင်ပြီးဖြစ်သော သူတော်စိန်သည် လက်သီးလာမည့် လမ်းမှ မိမိ၏မျက်နှာကို ဖယ်ရှား၍၊ အဆင်သင့် ဆုပ်ထားပြီးဖြစ်သော လက်သီးနှင့် အိုဟာရာ၏ ပါးချိတ်ကို ကော်သတ်လိုက်ရာ အိုဟာရာ၏ ပါးစပ်မှ အဆုံးစွန်သော အသံပြုခြင်းဖြင့် 'အင့်' ခနဲ မြည်လိုက်သောအသံ နှင့် ပါးချိတ်နှင့် လက်သီး ထိတွေ့သဖြင့် 'ဂွပ်' ခနဲ မြည်သွားသော အသံ တို့မှာ မရှေးမနှောင်း ရှိနေသောကြောင့် တစ်သံတည်းကဲ့သို့ မှတ်ထင်ဖွယ် ရှိပေတော့သည်။ ထိုလက်သီးနောက်မှ ထောက်ခံထားသော ခွန်အားမှာ ဂန်းဘုတ်ဂျက်ခေါ် ကပ္ပလီ လက်ဝှေ့သမားကို ဖင်ထိုင်လျက်ကျအောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ် ထိုးလှဲခဲ့ဖူးသော ခွန်အား ဖြစ်ပေရကား အိုဟာရာမှာ ၁ မှ ၁၀ အထိသာမက ၁၀၀ ထိအောင် ရေတွက်သော်လည်း ထ ဖို့ မဆိုထားဘိ လှုပ်ရှားရန်ပင် မတတ်နိုင်တော့ချေ။

*

အိုဟာရာသည် အိပ်မက် မက်ခြင်း မရှိသော အိပ်ပျော်ခြင်းမှ နိုးလာသဖြင့် ခပ်ကျိန်းကျိန်းရှိနေသော ပါးချိတ်ကို လက်ဖြင့် စမ်းသပ်မည်ဟု လကျာ်လက်ကို မြှောက်လိုက်သောအခါ မိမိ၏လက်ကို လက်ကောက်ဝတ်ဆီမှ တစ်ရံတစ်ခုသော အရာဖြင့် ချုပ်ချယ်ဆီးတားထားသည်ကို တွေ့ရသည်နှင့် မျက်လုံးများကို ဖွင့်ကြည့်လိုက်ရာတွင် မော်တော်ကား စတီယာရင်ဘီး၌ ချည်တုပ်ထားသည့် အဖြစ်ကို တွေ့ရလေ၏။

ထိုနောက် အိုဟာရာသည် လွန်ခဲ့သော အဖြစ်အပျက်များကို စိတ်ထဲတွင် ပြန်လည် သတိရလာသည်နှင့် ခွန်အား ရှိသလောက် ကန်ကျောက်ရုန်းဖယ်လိုက်သည့်တွင်၊ မိမိ၏ လက်ကိုသာမက ခါးကိုလည်း သားရေကြိုးတစ်ချောင်းနှင့်စည်းလျက် ထိုင်ခုံတွင် ချည်တုပ်ထားသည့် အဖြစ်ကို တွေ့ရလေ၏။ ဤတွင်မှ အိုဟာရာသည် ဝဲယာနှင့် ခြေရင်း၊ ခေါင်းရင်းတို့ကို လှမ်းမျှော် ကြည့်ရှုပြန်ရာ မိမိတစ်ကိုယ်လုံးမှာ လော်ရီတစ်စင်း၏ ရှေ့ပိုင်းဒရိုင်ဘာ ထိုင်သော ထိုင်ခုံပေါ်တွင် မြဲခိုင်စွာ တုပ်နှောင်ထားခြင်း ဖြစ်ကြောင်း သိရှိရလေ၏။ ရှေ့သို့ မျှော်ကြည့်သောအခါ မိုတာကား စက်ခေါင်းကို မြင်ရ၍ ထိုမှ ကျော်လွန်သောအခါ ဘိုင်စကုပ် "စကရီး(န)" နှင့်တူသော အဝတ်ဖြူတစ်ခု ဖြန့်ကြက်ထားသည်ကို တွေ့ရလေ၏။

ထိုအခါ အိုဟာရာသည် သတ္တိကောင်းသော လူတစ်ယောက် မဟုတ်သည်နှင့် ထိုအဝတ်ဖြူသည်ပင်လျှင် မိမိအား ညှဉ်းဆဲနှိပ်စက်မည့် လက်နက်ကိရိယာတစ်ခု ဖြစ်ချေတော့သည်ဟု တွေးထင်ကာ လန့်အော် အော်လိုက်လေရာ၊ 'ခင်ဗျား အော်လို့ လည်ချောင်း ကွဲရင်သာ ကွဲမယ်၊ ဘယ်သူကမှ





လာမကယ်နိုင်ဘူးဗျ' ဟု အင်္ဂလိပ်ဘာသာဖြင့် ခပ်အေးအေးလေသံဖြင့် ပြောသံ ကြားလိုက်ရလေ၏။ အိုဟာရာလည်း အသံကြားရာသို့ လှည့်၍ ကြည့်လိုက်သည့်တွင် ယခင်က မိမိ၏ နံဘေး၌ ထိုင်၍လိုက်သော မျက်နှာဖုံးနှင့် လူပင် ဖြစ်ကြောင်း တွေ့ရလေ၏။ အသံမှာ ဘိုသံမဟုတ်ဘဲ မြန်မာအသံ ဖြစ်ကြောင်း သိသည်နှင့် အိုဟာရာက 'ခွေးမသား၊ မောင်မင်း ကျွန်ုပ်ကို ဘာလုပ်တာလဲ' ဟု မေးလိုက်၏။

အိုဟာရာ၏ မျက်နှာမှာ အသားတွေ အလွန်ပေါများသဖြင့် ပါးစုံကြီး ထွက်နေသည့်ပြင် နီမြန်းသော အသွေးအရောင်လည်း ရှိလေရာ၊ ပါးစုထွက်၍ နီမြန်းသော မျက်နှာမျိုးကို မုန်းတတ်သော သူတော်စိန်၏ စိတ်ထဲ၌ တစ်သက်လုံး မုန်းခဲ့သမျှ ဤတစ်ခါမှ ဝ အောင် တွယ်ရချေတော့မည်ဟု စဉ်းစားမိလေ၏။ သို့ဖြစ်၍–

စိန်။ ။'အခုတော့ ဘာမှ မလုပ်ရသေးပါဘူး၊ လုပ်ချိန်တန်တော့ အများကြီး လုပ်ရလိမ့်မယ်။ စောင့်သာ ကြည့်နေ'

အိုဟာရာသည် လေသံခပ်အေးအေးဖြင့် ပြောနေသော လူကို ဝမ်းထဲမှ စိမ့်၍ ကြောက်လာသည်နှင့် မိမိကိုယ်ကို ငုံ့ကြည့်မိရာ မိမိ၏ကိုယ်တွင် အောက်ပိုင်း၌သာ ဘောင်းဘီရှိ၍ အထက်ပိုင်း၌ကား ကုတ်အင်္ကျီ၊ ရှပ်အင်္ကျီနှင့် အတွင်းခံ စွပ်ကျယ်အင်္ကျီတို့ကိုပါ ချွတ်ခွာထားသည် ဖြစ်သောကြောင့် ကိုယ်တုံးလုံး ဖြစ်နေသည်ကို တွေ့ရှိလေ၏။

စိန်။ ။'ဟော့ မိုက်ခဲ၊ စက်နှိုးပေတော့ဟေ့'

ပထမ၌ အိုဟာရာသည် ဓာတ်မီးတစ်ပွင့် ထွန်းထားသော မော်တော်ကားရုံ တစ်ရုံအတွင်းသို့ မိမိရောက်နေကြောင်းကို သိရလေရာ၊ ထိုကဲ့သို့ အမိန့်ပေးသံ ကြားလိုက်ရသောအခါ၌ ခလုတ်တစ်ခုကို တောက်ခနဲ နှိပ်လိုက်သံ ကြားရ၍ တစ်ပွင့်တည်းသော မီးလည်း ငြိမ်းသွားသဖြင့် မှောင်လျက် ရှိလေ၏။ နောက်တစ်ကြိမ် တောက်ခနဲ ကြားရပြန်သော အခါတွင်



www.burmeseclassic.com

www.burmeseclassic.com



မူကား မော်တော်ကား စက်ခေါင်းရှေ့၌ရှိသော အဝတ်ဖြူပေါ်တွင် အလင်းရောင် ထိုးလာ၍ နောက်တစ်ခဏတွင်မူကား ဘိုင်စကုပ်ရုပ်ရှင် ပြသည့်အတိုင်း လှုပ်ရှားသောအရုပ်များ ပေါ်ထွက်လာလေ၏။

ရှေ့၌ ပေါ်ထွက်လာသော အရုပ်မှာ ညဉ့်အချိန်တွင် လမ်းကြီးတစ်လမ်း၏ ပုံသဏ္ဌာန် ဖြစ်လေရာ၊ လျှင်မြန်စွာ မောင်းနှင်လျက်ရှိသော မော်တော်ကားတစ်စီး၏ရှေ့တွင် မီးလုံးနောက်မှ ရိုက်ကူးထားသော ရုပ်ရှင်ကား ဖြစ်သောကြောင့် လမ်းကြီးသည် အိုဟာရာဘက်သို့ လျှင်မြန်စွာ ပြေးလာသကဲ့သို့ မြင်ရပေတော့၏။ အိုဟာရာမှာ ညဉ့်အချိန်တွင် လမ်းကြီးတစ်လမ်းပေါ်၌ မော်တော်ကားဖြင့် လျှင်မြန်စွာ စီးနင်းလိုက်ပါသွားရဘိသကဲ့သို့ မှတ်ထင်ရပေ၏။ ဤသို့သော ရုပ်ရှင်ကားမျိုးကို ရံဖန်ရံခါ စာဖတ်သူတို့ မြင်ဖူးကြမည်ဖြစ်ရာ၊ ကြည့်ရသော ပရိသတ်ကိုယ်တိုင် လျှင်မြန်စွာ ရွေ့လျက်ရှိသကဲ့သို့ မှတ်ထင်ကြရသောကြောင့်၊ အချို့လူများက "မူး" သည် ပြောတတ်ကြလေသည်။ မူးမည်ဆိုလျှင်လည်း မူးထိုက်၏။ အဘယ်ကြောင့်ဆိုသော် ထိုရုပ်ရှင်ကို ကြည့်ရသောသူသည် မိမိနေရာမှ တစ်လက်မမျှ မရွေ့ပါဘဲလျက်နှင့် အလွန်လျှင်မြန်စွာ ရွေ့လျားသွားလာလျက် ရှိသည်ဟု မှတ်ထင်ရသောကြောင့် ပေတည်း။

အို။ ။'ဒီဟာ ဘာအတွက်လဲ'

စိန်။ ။'ခင်ဗျားတို့ ကုမ္ပဏီက ဒရိုင်ဘာတစ်ယောက်ရဲ့ အလုပ်ကို လုပ်နိုင်းမလို့ဘဲ။ လမ်းပေါ်မှာ ခင်ဗျားကို တကယ်ခေါ်သွားပြီး တကယ် မောင်းနိုင်းချင်တာပဲ။ နို့ပေမယ့် ခင်ဗျားက တိတ်တိတ်ဆိတ်ဆိတ် လိုက်မှာ မဟုတ်လို့ ယခုလို အတုနဲ့ပဲ တော်လောက်ပါပြီ။ ဒီဟာ ဘာအဓိပ္ပာယ်လဲ၊ ခင်ဗျား နားလည်လား'

အို။ ။'နားမလည်ဘူး၊ နားလည်း မလည်ချင်ဘူး'

စိန်။ ။'ခွေးမသား ဒီမှာကြည့်စမ်း၊ ဒီဟာက မော်တော်ကား





ကောင်းကောင်း မောင်းတတ် မမောင်းတတ် စုံစမ်းတဲ့ ကိရိယာ ဖြစ်တယ်။ ကျုပ်က ဟောဒီက ခလုတ်တစ်ခု နှိပ်လိုက်တဲ့အခါမှာ ခင်ဗျားရှေ့မှာ ရှိတဲ့ စတီယာရင်ဘီးနဲ့ ရုပ်ရှင်ကားနဲ့ တစ်ဆက်တည်း ဖြစ်သွားလိမ့်မယ်။ ဒီအခါမှာ ခင်ဗျားက ဒီလမ်းပေါ်မှာ မော်တော်ကား မောင်းနေတာနဲ့ အတူတူပဲ၊ ဘာမှ မထူးဘူး။ ဖြောင့်ဖြောင့် မောင်းနိုင်လျှင် ကောင်းကောင်းသွားမှာပဲ၊ သို့မဟုတ် တစ်ခုခုနဲ့ တိုက်မိ ခိုက်မိတယ်ဆိုရင် ရုပ်ရှင်ကားဟာ ခဏလောက် ရပ်သွားပြီး အဝတ်ပေါ်မှာ မီးနီလေးတစ်ခု ပေါ်ထွက်လာလိမ့်မယ်။ အဲဒီလို ဖြစ်သွားတဲ့အခါမှာ ကျုပ်က ခင်ဗျားကို ဟောဒီလို သတိပေးရလိမ့်မယ်'

ထိုခဏ၌ "ရှီ" ခနဲ အသံတစ်ခု ဖြစ်သွား၍ "ဘတ်" ခနဲ အသံတစ်ခု ပေါ်ထွက်လာပြီးလျှင် အိုဟာရာ၏ ပါးစပ်မှ 'အိုဟဲလ်' ဟု ညည်းတွားသံ တစ်ခု ထွက်သွားလေရာ သူတော်စိန်လည်း နှစ်ခြိုက်စွာ ရယ်မောလိုက်လေ၏။ ထိုနောက် ....

စိန်။ ။'ကိုင်း မစ္စတာ ပြင်ပေတော့၊ ကားထွက်တော့မယ်နော်။ ဖြောင့်ဖြောင့်တန်းတန်း သွားအောင် မောင်းလျှင်မောင်း၊ မမောင်းလျှင် ကျောပေါ်မှာ ဟောဒီက သားရေခါးပတ် လာလိမ့်မည်။ နားလည်ပြီ မဟုတ်လား၊ ကိုင်း ထွက်ကြစို့ဗျား'

ဤတွင် ခလုတ်သံတစ်ခု ပေါ်ထွက်လာလေရာ အိုဟာရာလည်း စတီယာရင် ဘီးကို ကိုင်ရလေတော့၏။ ပထမ၌ အိုဟာရာသည် လမ်းဖြောင့်အောင် မောင်းနိုင်သဖြင့် ချောမောစွာ ရှိနေရာ အတန်ငယ်ကြာသောအခါတွင်မူကား၊ အမောင်းမှားသဖြင့် မီးနီတစ်ခု ပေါ်လာသည်တွင် 'ရှီ' ခနဲ ရိုက်၍ 'ဘတ်' ခနဲ ထိပြီးလျှင် 'အိုဟဲလ်' တည်းဟူသော ညည်းတွားသံလည်း တစ်ဆက်တည်း ပေါ်လာလေတော့၏။

အို။ ။'ဘာကြောင့် ကျွန်ုပ်ကို ဒီလို လုပ်တာလဲ'

စိန်။ ။'ဆုံးမနေတာလေ၊ ဟေး သတိထားနော်။ ရှေ့က ကားကို



www.burmeseclassic.com

www.burmeseclassic.com



တိုက်လိမ့်မယ်' ပြောရင်းဆိုရင်းပင် တိုက်မိသည်နှင့် မီးနိုပေါ်လာလေရာ၊ 'ရှို' 'ဘတ်' 'အိုဟဲလ်' ဆိုသော အသံများလည်း အစဉ်အတိုင်း ပေါ်ထွက်လာလေတော့၏။ အိုဟာရာ၏ ညည်းတွားသံများသည် သူတော်စိန်အဖို့ အလွန်တရာ နားဝင်ချိုလှသည့် လင်္ကာဏာရှိ၏။ ထိုနောက်-

စိန်။ ။'ကောင်းကောင်းလုပ်နော်၊ ဟိုဘက်မှာ မြောင်းကြီး မမြင်ဘူးလား၊ ဟော ဟော အဲဒါက ထောင့်ချိုးဗျ၊ သတိထားနော်။ အဲ ဟုတ်ပြီ၊ ကြည့်လုပ်နော် ကြည့်လုပ်ဗျ၊ လှည်းကြီး ဝင်တိုးမိဦးမယ်။ ဟိုဘက်မှာ အကျယ်ကြီး မဟုတ်လား၊ ဟုတ်ပြီ၊ ဖြောင့်ဖြောင့်ဗျ။ ရှေ့က စက်ဘီးသမားနော် တိုက်မိမယ်၊ ဟိုဘက်မှာ ဝင်းထရံဗျ တိုးမိမနော်၊ တိုးမိတော့မယ်၊ ဟော တိုးနေကုန်ပြီ'

'ရှို' 'ဘတ်' 'အိုဟဲလ်'

သားရေခါးပတ်မှာ အလွန်မာချော၍ ကိုင်ထားသော လက်မှာလည်း ခွန်အား မနည်းလေရကား၊ အိုဟာရာ၏ ပခုံးနှင့် ကျောပြင်တို့မှာ မသက်သာလှချေ။

အို။ ။'ကျွန်ုပ်ကို ဘယ်လောက်ကြာအောင် ညှဉ်းဆဲကြမလို့လဲ'

စိန်။ ။'တနင်္လာနေ့ မနက်ထိအောင် ဘား.ရမယ်။ ကျွန်ုပ်သဘောအတိုင်းဆိုလျှင် တစ်လလောက် ထားချင်တယ်။ ဟေးလူ .... ဟိုဘက်က လန့်ချား တိုက်လိမ့်ဦးမနော်'

အို။ ။'ခင်ဗျားစက်က သိပ်မြန်လွန်းပါတယ်ဗျာ၊ ဒီထက် နည်းနည်းပါးပါး နှေးပေးလို့ မရဘူးလား'

စိန်။ ။'မောင်သန်းတို့လည်း ပျမ်းမျှခြင်း တစ်နာရီ မိုင် ၃၀ မောင်းရတယ်၊ ခင်ဗျားလည်း ဒီထက် လျှော့မောင်းလို့ မဖြစ်ဘူး။ ဟောလုပ်ပြီ၊ သတိထားနော်'

အိုဟာရာမှာ ဗိလစ္ဆနိုက် ကားကြီးကို ကိုယ်တိုင် မောင်းဖူးသော်လည်း





ယခု မောင်းနှင်ရသော ကိရိယာမှာ အလွန်တရာ လေးလံလှသည် ဖြစ်၍ မိမိ၏ ပရိက်ဗိတ် ကားကဲ့သို့ ဖော့ရုံ တို့ရုံနှင့် မကွေ့ဘဲ စတီယာရင်ကို အတော်ကြိုးစား၍ လှည့်ပါမှ လိုရာသို့ ကွေ့နိုင်သဖြင့် ပင်ပန်းလှပေ၏။ သူတော်စိန်သည် ဤအကြောင်းကို သိသော်လည်း အမှားမခံဘဲ မီးနီမြင်ရသောအခါတိုင်း အိုဟာရာ၏ ကျောကိုဖြစ်စေ၊ ပခုံးကိုဖြစ်စေ သားရေခါးပတ်နှင့် ရိုက်လေဟော့သည်။ ရိုက်လိုက်သည့် အခါတိုင်းလည်း 'အိုဟဲလ်' 'အိုဂေါ့ဒ်' 'ဒယ်မနေရှင်း' စသော ကျိန်ဆဲညည်းတွားသံများ ပေါ်ထွက်လာတိုင်းလည်း တခစ်ခစ် ရယ်မောလေ၏။

အတန်ကြာ မောင်းနှင်မိသောအခါ အိုဟာရာသည် ကျင့်သားရလာသည်ဖြစ်၍ မီးနီ မထွက်လာဘဲ အချိန်အတန်ကြာအောင် ချောမောစွာ မောင်းနှင်နိုင်လေ၏။ ထိုအခါ အိုဟာရာမှာ မနာမကျင် မောင်းနှင်ရတော့သည် ဖြစ်၍ ထွေရာလေးပါး စဉ်းစားစိတ်ကူးမိရာ ဤလူစု၏ လက်မှ လွတ်မြောက်သောအချိန်၌ သူတို့အပေါ်တွင် ဘယ်ကဲ့သို့ လက်စားချေမည်ဟူသော အကြံအစည်များလည်း ပါရှိ၏။ ဤလူစု ကျူးလွန်လျက်ရှိသော ပြစ်မှုမှာ ဥပဒေအရ ကြိမ်ဒဏ်ပေးရမည့် ပြစ်မှုမျိုးဖြစ်၍ ကြိမ်ရိုက်သမားအား ငွေများများထိုးပြီးလျှင် နာနာကြီးရိုက်ဖို့ စီမံဦးမည်ဟူ၍လည်း စဉ်းစားမိ၏။

'ရှို .... ဘတ် .... ဟဲလ်'

စတီယာရင်ဘီးသည် အိုဟာရာ၏ လက်ထဲတွင် ခပ်ချောင်ချောင်ဖြစ်သွား၍ ကားသည် မြင်းရထားတစ်စီးနှင့် ဝင်တိုက်မိသည်တွင် မီးနီပေါ်ထွက်လာသဖြင့် အရိုက်ခံရခြင်း ဖြစ်၏။ စင်စစ်မှာ အိုဟာရာသည် အတန်ငယ် ကျင်လည်လာသည်ဆို၍ ရောက်တတ်ရာရာ စိတ်ကူးမိသည်တွင် အိပ်ငိုက်သွားသဖြင့် မြင်းရထားကို တိုက်မိခြင်း ဖြစ်လေသည်။ ယင်းသို့ဆိုလျှင် ကျင်လည်သည်ဆိုသော်လည်း ထင်သလောက် ချောင်မည် မဟုတ်ချေ။ ခက်ခဲစွာ မောင်းနှင်ရသောအခါ၌ အိပ်ချင်ဖို့ သတိမရသော်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လည်း လွယ်ကူသည်ဟု ထင်သည်နှင့် တစ်ပြိုင်နက် အိပ်ချင်စိတ် ဝင်လာ၍ တိုက်မိခိုက်မိမည်ကို စိုးရိမ်ရပြန်လေတော့သည်။ ဤအချိန်တွင်မူကား အိုဟာရာမှာ ပင်ပန်းလာပြီဖြစ်၍ ညောင်းညာစ ပြုနေလေပြီ။ သူတော်စိန်သည် နာရီတစ်ဝက်ခန့် ပြလော့ကျက်သောကားကို ထပ်ခါတလဲလဲ လှည့်၍သွင်းထားသည် ဖြစ်သောကြောင့် လမ်းပေါ်၌ တွေ့ရသော မြင်း ရထားများ၊ လှည်းများ၊ လန်ချားများ၊ ကားများနှင့် စက်ဘီးသမားများမှာ ထပ်ခါတလဲလဲ ပေါ်လာရလေရကား ပျင်းရိဖွယ်ကောင်းလှသော ထိုအလုပ်မှာ သာ၍ ပျင်းရိဖွယ် ကောင်းလှပေတော့သည်။ ပျင်းရိခြင်းသည် ငိုက်မျဉ်းခြင်းကို ဖြစ်စေရာ ပင်ပန်းခြင်းနှင့် ပေါင်းဆုံမိသောအခါတွင် မထိန်းသိမ်းနိုင်အောင်ဖြစ်၍ လစ်ခနဲ၊ မှေးခနဲ ဖြစ်သွားရမည်သာ ဖြစ်၏။ ထိုကဲ့သို့ လစ်တိုင်း၊ မှေးတိုင်းသားရေခါးပတ်သည် ကျောပြင်သို့ တစ်ချက် တစ်ချက် မှန်မှန်ကြီး ကျလာလေတော့သည်။

သူတော်စိန်ကမူ 'ဒီဘက်ကို သိပ်မတိုးနဲ့၊ မြောင်းထဲ ကျတော့မယ်နော်။ ဟော လုပ်ပြန်ပါပြီ သတိထားမှပေါ့' စသည်ဖြင့် သတိလစ်ခြင်းမရှိဘဲ အမြဲပင် စောင့်၍ သတိပေးနေလေတော့၏။

လမ်းမကြီးသည် ဆုံးနိုင်သည်မရှိဘဲ ကားရှေ့တွင် အမြဲပေါ်ထွက်လျက်၊ အခြားသော ယာဉ်များ၏ မီးရောင်ကလေးများသည်လည်း ဤနေရာထိုနေရာတို့မှ ကွက်ခနဲ၊ ကွက်ခနဲ ပေါ်ထွက်လာကြလေရာ၊ အိုဟာရာမှာလွန်မင်းစွာ ငြီးငွေ့လာသည်ဖြစ်၍ သူ၏ ဦးနှောက်သည် ဦးခွံထဲတွင် ဂျင်ကဲ့သို့ ချာလပတ်လည်လျက် ရှိသည်ဟု ထင်ရလေတော့၏။ ထိုအခါတွင်မှ ရုပ်ရှင်ကား ပေါ်ထင်သော အဝတ်သည် ရုတ်တရက် မည်းမှောင်သွား၍ ကားရုံထဲတွင် အခြားသော မီးကလေးတစ်ပွင့် ပေါ်လာသဖြင့် လင်းသွားလေ၏။

စိန်။ ။'ကိုင်း၊ အိပ်ချင် အိပ်နိုင်တယ်'





အလွန် ပင်ပန်းနေပြီဖြစ်သော အိုဟာရာသည် သူတော်စိန်၏ စကားမဆုံးသေးမီကပင် အိပ်ပျော်သွားလေတော့၏။ သို့ရာတွင် သူ၏စိတ်ထဲ၌ တစ်မိနစ်မျှ ကြာသည်ဟု မထင်လိုက်ရမီ ပခုံးကို လှုပ်နှိုးနေသဖြင့် အိုဟာရာသည် မျက်စိကို ဖွင့်ကြည့်လိုက်သောအခါ သူတော်စိန်က 'စနေနေ့ နံနက်လင်းနေပြီ။ ထ ပေတော့၊ မောင်းဖို့ ခရီးမိုင်ပေါင်း အများကြီး လိုသေးတယ်။ ကိုင်း လုပ်ပေတော့'

ယင်းသို့ ပြောတွင်း ဆိုတွင်းမှာပင် ရုံမီးငြိမ်းသွား၍ ပိတ်ဖြူပေါ်၌ လမ်းမကြီး ပေါ်လာတော့၏။

အို။ ။'အိပ်ချင် အိပ်နိုင်တယ်ဆို'

စိန်။ ။'ဟုတ်တယ်လေ၊ အိပ်ပြီးပြီကော။ မောင်သန်းတို့လည်း တစ်ည သုံးနာရီ အိပ်ရတယ်။ ခင်ဗျားလည်း သုံးနာရီ အိပ်ပြီးပြီ၊ ထ ပေတော့။ ဟော ကြည့်လုပ်နော်၊ ရှေ့က မြင်းလှည်း လာနေတယ် မမြင်ဘူးလား'

ဤနည်းအားဖြင့် အိုဟာရာမှာ တစ်ကြိမ်လျှင် ၃ နာရီမျှ နှစ်ကြိမ်တိုင် အိပ်ခွင့် ရလေ၏။ အိုဟာရာကို စောင့်ကြပ်ရသော သူတော်စိန်နှင့် မိုက်ခဲတို့လည်း တစ်လှည့်စီ စောင့်ကြရ၍ အိပ်ရသော အလှည့်တွင် လော်ရီပေါ်၌ ကျနစွာ အိပ်ရခင်းလျက် အိပ်ကြသော်လည်း အိုဟာရာမှုကား ဒရိုင်ဘာထိုင်သော နေရာ၌ပင် မှေးရလေတော့သည်။ သုံးနာရီ မောင်းပြီးသောအခါတိုင်း ၅ မိနစ် တိတိ အနားရ၍ ရေတစ်ခွက် သောက်ရလေရာ၊ ၆ နာရီစေ့သောအခါ၌ ၁၀ မိနစ် နားရ၍ ကော်ဖီတစ်ခွက်နှင့် ပေါင်မုန့်ထောပတ်သုတ် နှစ်ခု စား၏။ အချိန်စေ့သည်နှင့် တစ်ပြိုင်နက် ကားရုံမီးပွင့်ကို ပိတ်၍ ပိတ်ဖြူပေါ်၌ ရုပ်ရှင်ကား ပေါ်လာပြီးလျှင် မောင်းနှင်သောအလုပ်ကို လုပ်ရလေတော့သည်။

အိုဟာရာအဖို့မှာ အချိန်ဟူသည် အဓိပ္ပာယ် မရှိတော့ချေ။ ပထမအကြိမ် အိပ်ခွင့်ရ၍ စနေနေ့နံနက် လင်းပြီဟု ပြောသည်ကို ကြားရသော



www.burmeseclassic.com

www.burmeseclassic.com



အခါ၌ အိုဟာရာ၏ စိတ်ထဲတွင် တနင်္ဂနွေတစ်ပတ်ထက်မနည်း ကားမောင်းနေခဲ့ရသည်ဟု ထင်၏။ ဒုတိယအကြိမ် နားခွင့်ရသော အခါ၌မူကား မောင်းနေခဲ့ရသည်မှာ ၇ နှစ်ခန့် ကြာလောက်ပြီဟု ခန့်မှန်းမိ၏။ စနေနေ့ညဉ့်ကား အိုဟာရာမှာ ရူးတော့မတတ် ဖြစ်နေခဲ့လေပြီ။ တနင်္ဂနွေ နံနက်၌မူ သေရတော့မည်ဟု ထင်မိရာ ထိုညဉ့်တွင်မူကား အိုဟာရာ၏ ခန္ဓာကိုယ်သည် စက်ပျက်ကြီးသဖွယ် ဖြစ်လာ၍ လက်ခြေတို့ကိုပင် လှုပ်ရှားရန် မတတ်နိုင်တော့ချေ။ နောက်ဆုံး အချိန်များ၌ အမှားများလာသည် ဖြစ်သောကြောင့် သားရေကြိုးသည် သူ၏ ကျောပေါ်သို့ အချက်ပေါင်းများစွာ ကျလာတတ်သော်လည်း 'အိုဟဲလ်' ဟု ကျိန်ဆိုရန်ပင် မတတ်နိုင်တော့သဖြင့် အရုပ်ကြီး[illegible]ယ် ခံနေရလေတော့သည်။

ချိန်းဆိုထားသည့် တနင်္လာနေ့ နံနက် မိုးလင်းသောအခါတွင်မူကား အိုဟာရာမှာ နှစ်ပေါင်း တစ်ရာကျော် ငရဲခံခဲ့ပြီးသကဲ့သို့ အောက်မေ့မိရာ၊ သူတော်စိန်သည် ကားရုံပြင်ဘက်၌ အလင်းရောင် ပေါ်လာသည်ကို မြင်သည်နှင့် နာရီကိုကြည့်၍ စက်ကိုရပ်လျက် 'ကိုင်း ....အိပ်ချင် အိပ်နိုင်ပြီ' ဟု ပြောလိုက်၏။ အိုဟာရာမှုကား "ကိုင်း" ဆိုသော စကားကို ကြားလိုက်ရကတည်းက အိပ်ပျော်နှင့်လေပြီ။

ထိုအခါ၌မူကား အိုဟာရာမှာ ထုတ်ဖော်ရေးသားခြင်းငှာ မတတ်နိုင်လောက်အောင် မချိမဆန့် ပင်ပန်းနေပြီ ဖြစ်သောကြောင့် ၎င်းအား ချည်နှောင်ထားသော ကြိုးများကို ဖြေခြင်း၊ အဝတ်များ ပေးခြင်း၊ သူ၏ ကားကြီးပေါ်သို့ မွေ့တင်ခြင်း စသော အခြင်းအရာများကို လုံးဝ မသိတော့ဘဲ အသေကောင်ကြီးသဖွယ် မတုန်မလှုပ် လိုက်ပါသွားလေတော့၏။

နောက်ဆုံး၌ အိုဟာရာသည် တစ်စုံတစ်ယောက်သော သူက ပခုံးကို ကိုင်လှုပ်သဖြင့် စတီယာရင် ဘီးကို လက်ဖြင့် စမ်းကြည့်ရာ မတွေ့ဘဲ ရှိဆဲတွင် ပခုံးကို ဆက်လက်ကိုင်လှုပ်ခြင်း ခံရလေတော့၏။





'ကောင်းပါပြီဗျာ ....ကောင်းပါပြီ ....မောင်းပါမယ်ဗျာ၊ ခဏကလေး စောင့်ပါဦး၊ ခဏဆိုမှ ခဏကလေး သည်းခံကြပါဗျာ။ မောင်းပါ့မယ်၊ ခဏလောက်ကလေး အိပ်ပါရစေဦးဗျာ'

'ဆာဟိ(ဘ)၊ ဆာဟိ(ဘ)၊ အိုဟားရား ဆာဟိ(ဘ)၊ မျက်စိ ဖွင့်ကြည့်ပါ၊ ဆာဟိ(ဘ) ကျွန်တော်မျိုးကြီးပါ ဆာဟိ(ဘ)'

အိုဟာရာသည် သွေးခဲတုံးကြီးများကဲ့သို့ ရှိနေသော မျက်စိနှစ်လုံးကို ဖွင့်ကြည့်လိုက်ရာတွင် မိမိ၏တိုက်ရှေ့၌ ရပ်လျက်ရှိသော မိမိ၏ ဝိလစ္စနိုက် ကားကြီးပေါ်တွင် အိပ်ပျော်လျက် ရှိသည်ကို မိမိ၏ ဘတ္တလာက နှိုးနေခြင်းမျှသာ ဖြစ်ကြောင်း သိရှိရလေသည်။

'အိုဟာရာ ဆာဟိ(ဘ)၊ နိုးလာပြီလား ဆာဟိ(ဘ)၊ ဘယ်သွားနေတာလဲ ဆာဟိ(ဘ)၊ မကျန်းမာလို့လား ဆာဟိ(ဘ)'

'ကျန်းမာပါတယ်၊ ကျွန်ုပ် အိပ်ချင်တယ်'

BURMESE CLASSIC .com

အိုဟာရာလည်း မျက်လုံးများကို တစ်ဖန် ပြန်မှိတ်၍ ဦးခေါင်းကို ကားထောင့်ထဲသို့ အတင်း ထိုးသွင်းလိုက်လေ၏။

နောက်တစ်ကြိမ် မျက်လုံး ဖွင့်ကြည့်လိုက်သောအခါ၌ကား အိုဟာရာမှာ မိမိ၏ အိပ်ခန်းအတွင်း အိပ်နေကျ အိပ်ရာပေါ်သို့ ရောက်နေကြောင်း တွေ့ရလေရာ၊ မျက်လုံးများကို ပွတ်လျက် လွန်ခဲ့သော အဖြစ်အပျက်များကို တွေးတော စဉ်းစားပါသော်လည်း ရုတ်တရက် ဖော်၍ မရနိုင်ဘဲ နူးညံ့ပျော့ပျောင်းလှ၍ အလွန်မွေ့လှသော အိပ်ရာနှင့် ခေါင်းအုံးများအပေါ်တွင် ဖောဋ္ဌဗ္ဗ စည်းစိမ်ကို အပြည့်အစုံ လူးလိမ့် ခံစားနေလေသေး၏။

'ဟော .... သတိရလာပြီ၊ ကြည့်ကြ'

အိုဟာရာသည် ခုတင် နံဘေးဆီမှ တီးတိုးပြောလိုက်သော အသံကို ကြားသည်နှင့် အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်သည်တွင် သူ၏ ဘတ္တလာ၊ မန်နေဂျာ၊ ဆရာဝန်၊ သူနာပြု ဆရာမနှင့် ပုလိပ် အရာရှိ



www.burmeseclassic.com

www.burmeseclassic.com



တည်းဟူသော ပုဂ္ဂိုလ်များသည် ခုတင်ပတ်ဝန်းကျင် ဝိုင်းရံလျက် ရှိကြသည်ကို တွေ့မြင်ရလေ၏။ ထိုအခါ ဆရာဝန်က 'စကားများများ မပြောပါနဲ့ မစ္စတာ အိုဟာရာ၊ သတိထားပါ၊ ဟောဒီမှာ ပုလိပ်မင်းကြီးဆီက အရာရှိတစ်ယောက် လွှတ်လိုက်တယ်။ နည်းနည်းပါးပါး မေးချင်လို့တဲ့၊ များများကြီး မမေးပါနဲ့ နော်'

ထိုအခါ ကာကီ ဘောင်းဘီတိုနှင့် ကပြား တစ်ယောက်သည် အနီးသို့ ချဉ်းကပ်လာလေ၏။

ပုလိပ်။ ။'ဘယ်လိုဖြစ်တာလဲ မစ္စတာ အိုဟာရာ'

အိုဟာရာသည် ထိုလူကို မော့ကြည့်၍ စကားပြောတော့မည် လုပ်ပြီးမှ ပြောလိုသော စကားကို မပြောတော့ဘဲ စိတ်ကူးတစ်မျိုး ပေါ်လာသည့် လက္ခဏာဖြင့်–

အို။ ။'ဘာမှ မဖြစ်ဘူး၊ ကျွန်ုပ် သွားချင်ရာ သွားလည်တယ်၊ ဘာကြောင့် ကျွန်ုပ်ကိုလာပြီး နှောင့်ယှက်ကြတာလဲ'

ဆရာဝန်။ ။'ခင်ဗျား ကျောမှာ ဘာဖြစ်တာလဲ၊ အရိုက်ခံထားရတယ်နဲ့ တူတယ်'

အို။ ။'နည်းနည်းပါးပါး ခိုက်မိသွားတာပေါ့ဗျာ၊ ခင်ဗျားတို့အလုပ် မဟုတ်ပါဘူး၊ ခင်ဗျားတို့ကို ဘယ်သူက ခေါ်လို့လဲ'

ဘတ္တလာ။ ။'ကျွန်တော်မျိုးက တိုင်ခိုင်းပါတယ်၊ ဆာဟိ(ဘ) ဘယ်သူ့မှမပြော၊ ဘယ်သွားမှန်းမသိ၊ ၂ ရက်လုံးလုံး ပျောက်သွားပါတယ်။ ကားကြီးနဲ့ အိမ်ရှေ့ ပြန်ရောက်လာတော့ ခေါ်လို့မထူး၊ နှိုးလို့မရ၊ စိုးရိမ်တာနဲ့'

အို။ ။'ငါ့သဘောအတိုင်း ငါသွားတယ်၊ ၂ ရက် မကဘူး ရက် ၂၀ သွားလျှင်ကော မသွားနိုင်ဘူးလား။ ငါ အိပ်ချင်လျှင် ကားပေါ်မှာ အိပ်နိုင်တယ်၊ အခန်းထဲမှာ အိပ်နိုင်တယ်၊ အိပ်ချင်တဲ့နေရာမှာ အိပ်နိုင်တယ်



BURMESE CLASSIC .com



မဟုတ်ဘူးလား။ သွားကြ၊ အားလုံးထွက်သွားကြ၊ ဘယ်က ဆရာဝန်၊ ဘယ်က ပုလိပ်၊ ဘယ်က ဘာကောင်မှ ငါ မလိုချင်ဘူး။ မြန်မြန် သွားလိုက်ကြ'

ဘတ္တလာသည် အခန်းတံခါးကို ဖွင့်ပေးသည်နှင့် လူအားလုံးသည် အခန်းထဲမှ ထွက်ကြလေရာ အိုဟာရာသည် သူ့တို့ကို ကြည့်နေရာမှ နောက်ဆုံးတွင် ကျန်ရစ်သော ဘတ္တလာကို ခေါ်လိုက်သဖြင့် ဘတ္တလာလည်း ခုတင်အနီးသို့ ချဉ်းကပ်လာလေ၏။

'တွန်မဆင်ကို တယ်လီဖုန်း ဆက်လိုက်စမ်းပါ၊ ငါကိုယ်တိုင် စကားပြောမယ်'

ဘတ္တလာသည် အိပ်ရာပေါ်မှ အလွယ်တကူ စကားပြောနိုင်ရန် ခုတင်အနီး၌ ဆက်သွယ်ထားသော တယ်လီဖုန်းကိုယူ၍ မန်နေဂျာ တွန်မဆင်နှင့် ဆက်သွယ်ပေးပြီးနောက် တယ်လီဖုန်းကို အိုဟာရာ လက်သို့ လှမ်းပေးလိုက်၏။

အို။ ။'တွန်မဆင်လား၊ ပဲ့ရှူး၊ ညောင်လေးပင်၊ တောင်ငူမှာရှိတဲ့ ကုမ္ပဏီရုံးခွဲတွေကို အားလုံး အကြောင်းကြားလိုက်။ ဒီနေ့ကစပြီး ကုမ္ပဏီရဲ့ လော်ရီကားမောင်းတဲ့ ဒရိုင်ဘာအားလုံးကို တစ်နေ့ ၆ နာရီထက်ပိုပြီး အလုပ် မလုပ်စေနဲ့လို့ ပြောလိုက်။ သူတို့လခကို ဒီနေ့ကစပြီး ရာခိုင်နှုန်း ၂၅ တိုးပေးလိုက်။ အလုပ်ချိန် လျှော့လိုက်တဲ့အတွက် တာဝန်ခံထားတဲ့ အလုပ်တွေ မပြီးဘဲ ကျန်နေလိမ့်မယ်။ အလုပ် အားလုံးပြီးအောင် ဒရိုင်ဘာ လိုသလောက် ထပ်ငှားဖို့ စီမံကြပစေ၊ နားလည်လား'

မန်နေဂျာ တွန်မဆင်မှာ စရိတ်ကျဉ်းဖို့အတွက်သာ အမြဲကြိုးစားခဲ့သော မန်နေဂျင်း ဒါရိုက်တာ တစ်ဦးထံမှ ငွေပိုကုန်ကျမည့် အမိန့်မျိုး ထုတ်နေသည်ကို မယုံကြည်နိုင်အောင် ဖြစ်နေသဖြင့်–

'ဘာတဲ့ မစ္စတာ အိုဟာရာ၊ ဒရိုင်ဘာတွေ ထပ်ပြီး ငှားဖို့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် တွန်မဆင်၊ ကျွန်ုပ် ပြောတဲ့အတိုင်း အမိန့် ထုတ်လိုက်ပါ'

'ကောင်းပါပြီ၊ အမိန့်စာရေးပြီး လက်မှတ်ထိုးဖို့ ကျွန်တော် ပို့လိုက်ပါမယ်'

'အေးလေ၊ ဒါဖြင့် မြန်မြန်လုပ်ပါ။ ချက်ချင်းရေး၊ ချက်ချင်း ပို့လိုက်စမ်း၊ ပြီးတော့ တစ်ခု ရှိသေးတယ်။ ဟိုတစ်နေ့က ဒရိုင်ဘာ မောင်သန်းက စက်ဘီးသမားတစ်ယောက်ကို လော်ရီနဲ့ တိုက်မိလို့ သေသွားတယ် မဟုတ်လား'

'ရုံးမှာ တင်ထားတဲ့ အမှုဟာလား ခင်ဗျာ'

'ဟုတ်ပါတယ်၊ ဒီပြင် ဘယ်ဟာ ရှိသေးလို့လဲ။ အဲဒီ လော်ရီကား တိုက်လို့ သေသွားတဲ့လူမှာ သားသမီး၊ သားမယားများ ကျန်ရစ်သလား လို့ စုံစမ်းလိုက်စမ်း'

'ကောင်းပါပြီ ခင်ဗျာ'

အနီး၌ စောင့်ကြည့်လျက်ရှိသော ဘဏ္ဍာလာသည် မစ္စတာ အိုဟာရာ နှုတ်ဆိတ်သွားသည်နှင့် ကိစ္စပြီးစီးလောက်ပြီ ဆို၍၊ အိုဟာရာ၏ လက်မှ တယ်လီဖုန်းကို ယူမည်ပြုသည်တွင် တယ်လီဖုန်းမှာ အိုဟာရာ၏ လက်မှ လွတ်ကျသွားသဖြင့် ဖမ်းယူလိုက်ရသည် အတွင်း၌ပင် 'ဂရူး ရူး ရူး ရူး ရူး .... ဂရူး ရူး ရူး ရူး ရူး' ဟူသော အသံများ ကြား၍ အိုဟာရာမှာ အိပ်ပျော်ခြင်းသို့ ရောက်သွားလေတော့သတည်း။

ဥစ္စာဓန၊ တန်ခိုးအာဏာ၊ ကျန်းမာပျော်ရွှင်မှုနှင့်
ရာသက်ပန် ကြီးပွားချမ်းသာရေးတို့သည်
ပုဂ္ဂိုလ်တစ်ဦးတည်းပေါ်တွင်သာ တည်မှီသည်။
ထိုသူမှာ
သင်ကိုယ်တိုင်ပင် ဖြစ်သည်။
အိပ်မက် မက်ရကောင်းမှန်းပင် မသိသော
အသီးအပွင့်များကို ရိတ်သိမ်းရန်အတွက်
တစ်နည်းသာ ရှိ၏။
ယင်းမှာ
ကန့်သတ်မဲ့ အောင်မြင်ရေးနည်း
သို့မဟုတ်
တစ်ပတ် တစ်ပတ်လျှင် မိနစ်အနည်းငယ်မျှစီ
ကျင့်သုံးခြင်းဖြင့်
တစ်နှစ်နှင့် ကြီးပွားချမ်းသာနည်းပင် ဖြစ်၏။

ကောင်းသာ (မြန်မာပြန်)

ကန့်သတ်မဲ့ အောင်မြင်ရေး

(တစ်နှစ်နှင့် ကြီးပွားချမ်းသာနည်း)

NAPOLEON HILL'S
UNLIMITED SUCCESS
(Napoleon Hill's A Year of Growing Rich)

www.burmeseclassic.com